www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ယကပုဇ

မိန်းကလေးအချစ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သူရဲ့အချစ်ကို ရဖို့အတွက်

ကျွန်မဟာ ...

တရား ... သည်ဖြစ်စေ

မတရား ... သည်ဖြစ်စေ

တိုက်ပွဲဝင်ရမှာပဲ။

အဲ့ဒါဟာ ကျွန်မရဲ့အချစ်ပဲ ဖြစ်တယ်။



ညသင်းပြုံ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မပဲဟာ

အရာရာတိုင်းကို စိတ်နှလုံး ပျော့ပျောင်းစွာ

ခေါင်းငုံ့ခံ အရှုံးပေးခဲ့ပါတယ်။

ဒါပေမဲ့ ... အချစ်နဲ့ ပတ်သက်လာခဲ့ရင်တော့

ကျွန်မ ဘယ်တော့မှ အရှုံးပေးမှာ မဟုတ်ဘူး။

သံစဉ်ဇိုးဇီး

ကျွန်တော် ... ကတော့ တစ်ခုပဲ ပြောစရာရှိတယ်။

အချစ်ဆိုတာ ... လှယူလို့ မရနိုင်တဲ့ အရာပါ။

ပြုရသ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အတွက်ကတော့ ...

အချစ်ဆိုတာ ...

ပေးဆပ်ဖြည့်ဆည်းပေးခြင်း သက်သက်ပါပဲ။

သူက ဖေစိုင်းခဲ့ရင် ...

လုသက်ဆိုလည်း ...

ကျွန်တော် သတ်ပေးရမှာပဲ။

စန္ဒသူ

## အခန်း (၁)

ဟာက်ပီး ဘာ့သိဒေး တူး ယူ ...

ဝေး ...

ဟေး ...

သံပြိုင်တစ်ခဲနက် အော်လိုက်သံနှင့်အတူ ကြည်နူးပျော်မွေ့စွာ ရယ်မောစကားပြောသံတွေက ညံစီသွားသည်။

"အရမ်းမိုက်တယ်ကွာ **"ခရစ်"** မွေးနေ့က ဒီဇင်ဘာနှစ်ဆယ့်ငါးရက်"

"အေးလေ ... ခရစ္စမတ်နေ့"

"ခရစ်တော်ရဲ့မွေးနေ့နဲ့ တစ်ရက်တည်း"

အပေါင်းအသင်းတွေက အားကျချီးကျူးဆဲ။

ခရစ်က ကြည်နူးပြုံးဖြင့် ပြန်ပြုံးသည်။

"အဲ့ဒါကြောင့် ... ငါ့နာမည်ကို ခရစ်ပါအောင် **"ခရစ္စတိုဖာ"** ... လို့ ဒယ်ဒီက ပေးထားတာပေါ့"

"နင့်ဒက်ဒီက သိပ်စိတ်ကူးကောင်းတာပဲ"

**"သံစဉ်"** အပြုံးကလေးဖြင့် ပါဝင်ချီးကျူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... သိုင်းခယူ"

ကျောဘက်ဆီမှ ထွက်ပေါ်လာသော ကျေးဇူးတင်သံကြောင့် သံစဉ် ကပျာကယာ လှည့်ကြည့်လိုက်သည်။

မိန့်မိန့်ကြီး ပြုံးနေသူက ခရစ်ရဲ့ဒက်ဒီ ဦးစောသောမတ်စ်။

"အိုး ... အန်ကယ်လ်"

"ခရစ်ရဲ့နာမည်အတွက် အန်ကယ့်လ်ကို ဘယ်သူကမှ မချီးကျူးဖူးဘူး။ သမီးဆီက ပထမဆုံး ချီးကျူးစကားကြားရဖူးတာပဲ"

သဘောကောင်းပုံရသော အန်ကယ်လ် ဦးစောသောမတ်စ်ရဲ့ ပြောပုံကြောင့် သံစဉ် သဘောတကျ ပြုံးနေမိပါသည်။

"ဒါနဲ့ ... သမီးနာမည်ကရော ဘယ်လိုခေါ်ပါသလဲ"

"အန်ကယ်လ် ဦးစောသောမတ်စ်က သူမရဲ့နာမည်ကို ပြန်မေးသည်မို့ သံစဉ် ခေါင်းလေးညွှတ်လျက် ပြန်ဖြေလိုက်ပါသည်။

**"သံစဉ်ချိုချို"**ပါ အန်ကယ်လ်"

"အိုး ... အရမ်းချစ်စရာကောင်းတဲ့နာမည်ပဲ"

"သိုင်းခယူးပါ အန်ကယ်လ်"

"ဒါနဲ့ ... သမီးနာမည်ကရော ဘယ်သူပေးထားတာပါလိမ့်"

အန်ကယ်လ်ဦးသောမတ်စ်က ထပ်မေးလာခဲ့လျှင် ...

"သမီးနာမည်က ... ဟို ... ဟိုလေ ... ဘယ်သူကပေးထားတာလဲဆိုတာ ... အဲ ..."





သံစဉ်မှာ ရုတ်တရက် ဘယ်လိုဖြေလို့ ဖြေရမှန်းမသိအောင် အိုးတိုးအမ်းတမ်းဖြစ်သွားရကာ ...

ကိုယ့်အဖြစ်ကိုယ် ဝမ်းလည်းနည်းသွားရသည်။

ဖေဖေ့နာမည်က ဦးလင်းဇော်၊ မေမေ့နာမည်က ဒေါ်စောကြည်ဖြူ။

သို့သော် **"သံစဉ်ချို"** ဆိုသည့် သံစဉ့်နာမည်မှာ ဖေဖေနှင့်မေမေရဲ့နာမည် အဖျားဆွတ်တစ်လုံးမှမပါ။ သီခြားဖြစ်တည်နေသလောက်။

မမရဲ့နာမည်မှာတော့ ဖေဖေ့နာမည်ရော၊ မေမေ့နာမည်ရော ရောဆွတ် ပေါင်းစပ်လို့နေသည်လေ။

အတွေးက မမဆီ ရောက်သွားပြန်လျှင် အပြုံးနှင့်လှပလန်းဆန်းနေသော သံစဉ့်မျက်နှာလေးက ညှိုးဖျော့သွားရသည်။

ဘာရယ်မဟုတ်ဘဲ စကားစပ်မိကာ မေးလိုက်မိသည့် ဦးစောသောမတ်စ်မှာလည်း ကိုယ့်မေးခွန်းကြောင့် သံစဉ်ချိုချိုဆိုသည့် ကလေးမလေး မျက်နှာပျက်ယွင်းသွားရတာမြင်လျှင် အားတုံ့အားနာဖြစ်သွားရလျက် ...

"ကဲ ... သမီး ပျော်ပျော်ရွှင်ရွှင်ပေါ့၊ အေးအေးဆေးဆေးနေဦးနော်၊ အန်ကယ်လ်ရှိရင် လူငယ်တွေ မလွတ်လပ်မှာစိုးလို့ အိမ်ပေါ်တက်တော့မယ်"

ဦးစောသောမတ်စ်မှာ စကားလမ်းကြောင်းပြောင်း နှုတ်ဆက်လျက် ထွက်ခွာသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်မှာတော့ ဘာမဟုတ်သည့်ကိစ္စကလေးနှင့် ဝမ်းနည်းအားငယ်လျက် ကျန်ရစ်ခဲ့ရသည်။ ထို့နောက် . . .

အချိုရည်ဘူးလေးကိုင်လျက် လူရှင်းရာဆီ တစ်ယောက်တည်း သွားထိုင်နေမိသည်။

သူစိမ်းဆန်ကာ ပြတ်သားအေးစက်မာကျောလွန်းလှသည့် မမရဲ့အကြောင်းတွေကို တွေးမိတိုင်း သံစဉ့်ရင်ထဲ ထိန်းမရအောင် ဝမ်းနည်းရတတ်မြဲ။

သံစဉ်သည် ဘယ်လောက်ကြာအောင် အတွေးထဲ နစ်မျောနေမိသည်မသိ။

တီခနဲ နာရီမှ အသံကလေး ကြားလိုက်ရတော့မှ အလန့်တကြား ငုံ့ကြည့်လိုက်မိလျှင် နာရီလက်တံကလေးနှစ်ခုက ကိုးနာရီတိတိ။

သံစဉ်အတွေးတွေကို တီခနဲဖြတ်ကာ ကမန်းကတန်း ထ,လိုက်မိတော့သည်။

အိမ်မှာ မေမေတစ်ယောက်တည်း။

ခရစ်တို့အိမ်နှင့် သံစဉ်နေသည့် ကန်ထရိုက်တိုက်ခန်းမှာ မဝေးလှပေမယ့် မေမေက ခုတလော ကျန်းမာရေးက သိပ်မကောင်းချင်သည်မို့ သံစဉ် ချက်ချင်းပင် ပြန်ဖို့ ဆုံးဖြတ်လိုက်ရခြင်းပါ။

မွေးနေ့ရှင် ခရစ်ကို နှုတ်ဆက်ဖို့ကြည့်လိုက်တော့ ရှုပ်ယှက်ခတ်နေသည့် လူစုကြားမှာ ပွဲကောင်းနေပြီမို့ သံစဉ် အသာကလေးပဲ တိတ်ဆိတ်ကာ ထွက်လာခဲ့ပါသည်။





လမ်းပေါ်မှာ ဖြတ်သွားဖြတ်လာ ကားတစ်စီးစ နှစ်စီးစ ကလွဲပြီး ရှင်းလှသည်။ ဒီဇင်ဘာလ ဆောင်းညချမ်းကို ကာကွယ်ဖို့ ဂျင်းဂျာကင်နှင့်ဂျင်းဘောင်းဘီဝမ်းဆက် ဝတ်လာပြီး ဘွတ်ရှူးလေး ဝတ်လာ၍တော်သေးသည်။ ခရစ္စမတ်ညချမ်းက စောစောလေး အေးသည်။ သံစဉ်က ဂျင်းဂျာကင်ရဲ့ဘေးအိတ်ထဲ လက်နှစ်ဖက်ထည့်၍ . . . မေမေ့ကိုလည်း စိတ်မချသည်မို့ သံစဉ်သည် ခြေလှမ်းတွေကို အမြန်ဆုံး တက်သုတ်ရိုက်ကာ လျှောက်ဆဲ။

အရှိန်ပြင်းပြင်းမောင်းနှင်လာသည့် ကား‌ဟွန်းသံကို ကြားလိုက်ရလျှင် သံစဉ် အလန့်တကြားဖြစ်ကာ လှည့်ကြည့်လိုက်မိသည်။ ဘုရားရေ . . .

သူမထံ တည့်တည့်တိုးဝင်လာသည့် အနက်ရောင်ပြောင်လက်နေသည့် ပရာဒိုကားကြီးတစ်စီး။

လမ်းဘေးကပ်လျှောက်နေသည့် သူမဆီကိုမှ ဦးတည်လာတော့လည်း . . .

"ဘုရား . . . ဘုရား"

သံစဉ် ဘုရားတ,မိလျက် ကြောက်အားလန့်အားဖြင့် ရှောင်ပြေးမိသည်။ သို့သော် . . . ရှောင်ပြေးရာဆီ ကားက ထပ်လိုက်လာပြန်သည်။

ခေါင်းနားပန်းကြီးကာ ရင်ထဲ တဒိန်းဒိန်း ဖြစ်သွားမိတော့သည်။ ဒါ မတော်တဆ မဟုတ်တော့။

သံစဉ်ကို အငြိုးတကြီးနဲ့ တမင်လိုက်တိုက်နေတာ။

သံစဉ်မှာ ဘယ်လိုရန်သူတွေ ရှိနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်သည် ဘာမှမတွေးအားတော့ဘဲ ကားနှင့်လွတ်ရာ လမ်းဘေးမြောင်းထဲသို့သာ ခုန်ချလိုက်ရသည်။

"ဟာ ... ကားနဲ့တိုက်မိသွားပြီ"

"လာ လာ ... အမြန်သွားကြည့်ရအောင်"

စကားပြောသံသဲ့သဲ့ကြားရတော့မှ သံစဉ် အားရှိသွားရတော့သည်။

ထိတ်လန့်ကြောက်မက်လွန်းစွာ အခုန်မြန်နေသော ရင်ကို လက်ဖဝါးလေးဖြင့် ဖိထားရသည်။

ပြေးလာသောခြေသံများ ကြားရချိန်တွင် အနက်ရောင်ပရာဒိုကားကြီးမှာ မီးများပိတ်ကာ မောင်းပြေးပြီဖြစ်သည်။

"မောင်းပြေးပြီ၊ တောက် ... မိုက်ရိုင်းလိုက်တာ"

"ဟာ ... လူက မြောင်းထဲမှာ"

"ဆွဲတင်ပေးကြပါဦး"

သံစဉ်ကို မြောင်းထဲမှ ဝိုင်းပြီးဆွဲတင်ပေးကြသည်။

မြောင်းထဲမှအမှိုက်တွေနှင့် တစ်ကိုယ်လုံး ပေပွသွားပြီဖြစ်သည့် သံစဉ်မှာ စိတ်လည်းညစ်၊ ကြောက်လည်းကြောက်နှင့် ရင်တုန်ပန်းတုန်ဖြစ်နေမိသည်။

"ဘယ်နာသွားသေးလဲ"

"တိုက်မိသွားသေးလား"

"ဟင့်အင်း ... မတိုက်မိပါဘူး၊ နာလည်း မနာပါဘူး"

စိုးရိမ်တကြီး မေးလာသူတွေကို အလိုက်သင့်ပြန်ဖြေမိသော်လည်း ... ဒါဟာ မတော်တဆမဟုတ်ဘဲ တမင်ကို ကြို





တင်ကြံစည်ပြီး တိုက်သတ်ခြင်းဖြစ်သည်ဆိုတာ ... သံစဉ် သေချာနေခဲ့သည်။

သူမကို ကားနှင့်တိုက်သတ်ချင်လောက်အောင် ဘယ်လိုလူမျိုးကများ အငြိုးတကြီးနှင့် မုန်းတီးနေပါလိမ့်။

အဖြေရှာမရသည့်စိတ်က စိုးရိမ်ထိတ်လန့်ခြင်းဖြင့် ရင်သည် မောလျှသွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

# သူရိန်ခ

မြန်မာပြည်၏ အကြီးဆုံး စီးပွားရေးအင်အားစုကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ 'သူရိန်ခ' ကုမ္ပဏီကြီး၏ပေါ်တီကိုအောက်သို့ ခံ့ညားဝင့်ထည်စွာ လက်လက်ထ တောက်ပြောင်နေသည့် နို့နှစ်ရောင် မာစီးဒီးကားကြီးတစ်စီး ဝင်ရောက်လာခဲ့လျှင် ...

ယူနီဖောင်းဆင်တူဝတ် အစောင့်ဝန်ထမ်းလေးများမှာ ချက်ချင်း ပျာယာခတ်သွားကြပြီး ...

ကားနောက်ခန်းတံခါးဆွဲဖွင့်ပေးကာ လက်နှစ်ဖက်နောက်ပစ်၊ ဦးခေါင်းညွှတ်ပြီး ကြိုဆိုကြလေသည်။

ကားပေါ်မှ သွယ်ပျောင်းဝင်းမွတ်နေသည့် ခြေသလုံးသားလှလှလေးများနှင့် ပန်ဆယ်ဟီး အနက်ရောင်စိုကြွကြွလေး စီးထားသည့် ခြေထောက်လှလှလေးတစ်စုံမှာ အရင်ဆုံး ကား





အောက်ကြမ်းပြင်ဆီသို့ ကျလာခဲ့သည်။

ထို့နောက် ...

ဒူးအောက်ဖုံးရုံ အနားစမညီသော ကျွန်းသူစကဒ်။

လိုက်ဖက်ညီစွာ တက်တင်းနှင့်ဖာ ရောစပ်ထားသည့် ကြိုးတစ်ချောင်းထဲ ကိုယ်ကျပ်အင်္ကျီ။

ဖွံ့ထွားရုန်းကြွနေသော ခန္ဓာကိုယ်အလှအပများက မြင်ရသူ ရင်ဖိုမောလျစေသည်။

ထိုအလှအပများ၏ ပိုင်ရှင်သည်ကား ...

သူရိန်ခ စီးပွားရေးအင်အားစုကုမ္ပဏီကြီး၏ပိုင်ရှင်သူဌေးကြီးဦးသူရိန်ခ၏တစ်ဦးတည်းသော မြေးမလေးဖြစ်သူ သူရိန်ခမျိုးဆက်သစ်။ **"သလင်းဖြူခ"** ဖြစ်သည်။

သလင်းဖြူ ကားပေါ်မှ ဆင်းလိုက်သည်နှင့် လက်တွင်းမှ ဟန်းဖုန်းနှင့် ဖိုင်တွဲများက ချက်ချင်း လက်လွှဲပြောင်းယူခြင်း ခံလိုက်ရသည်။

"အသက်ရှူတောင် မှားသွားတယ်"

ပခုံးသားဝင်းဝင်းအိအိကလေးများကို မျက်လုံးမှေးစင်းကြည့်ရင်း ပြောတာခံလိုက်ရတော့ သလင်းဖြူ ကျေနပ်စွာ ဟက်ခနဲရယ်လိုက်မိသည်။

"ရယ်စရာလား၊ တကယ်ပြောနေတာ၊ နေ့တိုင်းမြင်နေရတာတောင် သလင်းအလှက တစ်ခါမှ ရိုးမသွားဘူး"

ပြောပုံက နှစ်ကိုယ်ကြား။ ထူစိပ်စိပ်မျက်တောင်ရှည်တွေက ကော့ကော့ကြီးမဟုတ်ဘဲ စင်းကျနေသည့်ကြားထဲ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စင်းချလိုက်တော့ လှိုက်ဖိုစရာ ကောင်းလွန်းနေသည်။

**"နန္ဒ"** ရယ် သိပ်မြှောက်တတ်တာပဲ"

သလင်းဖြူ ကျေနပ်စွာ အပြုံးတွေဝေရင်း နန္ဒသူရဲ့ပခုံးကို ဖျတ်ခနဲ ပုတ်လိုက်သည်။

နန္ဒ မနာပါဘဲ အကဲပိုပိုလေးနှင့် နှာခေါင်းရှုံ့ကာ ပခုံးတစ်ဖက်ကို နှိမ့်ပြလိုက်သည်။

"တွေ့လား ... အိုဗာတင်းတွေ ဖျော်ပြန်ပြီ"

"မနာပါဘူး"

"ဒါဆို ... ဘာလို့"

"ခံစားသွားရတာ"

"အိုး"

ဒီတစ်ခါတော့ သလင်းဖြူ သဘောတကျ ရယ်လိုက်မိတော့သည်။ အဲ့ဒီလို အပြောလေးတွေနဲ့ပဲ နန္ဒသူဟာ **"သလင်းဖြူ"** ရဲ့ နှလုံးသားကို အပိုင်သိမ်းပိုက်ထားတော့တာ ဖြစ်သည်။

"ဒီလောက်လှနေတဲ့ သလင်းရဲ့အနားမှာ ဘယ်သူမှ ရှိမနေစေချင်ဘူးကွာ"

နန္ဒအကြည့်က ဒရိုင်ဘာ ဦးစောဆီ ဝေ့ခနဲ။

သလင်းဖြူ ချက်ချင်း နောက်ပြန်လှည့်လိုက်သည်။

"ဦးစော"

"ဝေ ... တူမကြီး"

သလင်းဖြူရဲ့ခေါ်သံမာမာကြောင့် ဒရိုင်ဘာဦးစော ထိတ်ထိတ်ပျာပျာ ထူးရာ၏။





"ကားသော့"

"ခင်ဗျာ"

"အိမ်ပြန်လို့ရပြီ"

"တူမကြီး"

"ဒေါ်ကြီးသက်ဆီက သုံးလစာ ကြိုထုတ်သွားလိုက်ပါ"

"တူမကြီးရယ်"

ဦးစောအသံက စိတ်မကောင်းခြင်းကြီးစွာ။

အိမ်ထိန်းဖြစ်သူ ဒေါ်ကြီးသက်ဆီက သုံးလစာကြိုထုတ်နိုင်းလိုက်ပြီဆိုကတည်းက အလုပ်က ဖြုတ်ပစ်လိုက်ပြီဆိုတာ နားလည်လိုက်ရတော့သည်။

ကိုယ့်မှာ ဘာပြစ်ချက်၊ ချို့ယွင်းချက်မှမရှိဘဲ အလုပ်က အထုတ်ခံလိုက်ရသည့်အတွက် တောင်းပန်အသနားခံလို့လည်း မရတော့မည့်အတူတူ ခေါင်းငိုက်စိုက်ချကာ ဦးစောစိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရတော့သည်။

သလင်းဖြူကတော့ ယတိပြတ် အမိန့်ထုတ်ပြန်ပြီးသည်နှင့် မျက်နှာကို ချာခနဲပြန်လှည့်သည်။

စောင့်နေသည့် နန္ဒသူကို မိန့်မိန့်ကလေး ပြုံးပြလိုက်ကာ ...

"ကဲ နန္ဒ ... ဒီနေ့ကစပြီး သလင်းရဲ့စက္ကူထရီရာထူးအပြင် အပါးတော်မြဲ ဒရိုင်ဘာရာထူးကိုပါ ခန့်အပ်မယ်၊ ဘယ်လိုလဲ"

"အကောင်းတကာ့ အကောင်းဆုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကြည်နူးကျေနပ်စွာ ရယ်လိုက်ကြသည်။

ထို့နောက် . . . ကုမ္ပဏီရုံးခန်းတွင်းသို့ နှစ်ယောက်သား ယှဉ်တွဲဝင်ရောက်လာကြလျှင် . . .

တွေ့ကြသူအားလုံးက စတိုင်လည်းကျ၊ ချောမောလွန်းလှသော သူတို့နှစ်ယောက်ကို လည်ပြန်ငေးမောမိစမြဲ။

တစ်ယောက်ကလည်း ကုမ္ပဏီပိုင်ရှင် သူဌေးကြီး၏မြေး။

တစ်ယောက်ကလည်း ကုမ္ပဏီပိုင်ရှင်သူဌေးကြီး၏မြေး ဖြစ်သူကိုယ်တိုင်က စိတ်တိုင်းကျ ရွေးချယ်ခန့်အပ်ထားသည့် အတွင်းရေးမှူး။

နှစ်ယောက်စလုံးက အပေးအယူဆန်စွာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အသုံးချနေကြခြင်းပင်။

နန္ဒသူက သလင်းဖြူခရဲ့ချမ်းသာကြွယ်ဝမှုနှင့် သွေးဆူရင်ဖိုစေသည့် အလှတရားများကို တပ်မက်ပြီး ချဉ်းကပ်နေခြင်း ဖြစ်သည်။

သလင်းဖြူခရဲ့ ဖမ်းစားညှို့ငင်မှုတွင် ငြိတွယ်ကာ သလင်းဖြူ လက်ညှိုးညွှန်သမျှ ဖြည့်ဆည်းပေးနေသူဖြစ်သလို၊

သလင်းဖြူကတော့ သူမရဲ့ရမ္မက်ဆန္ဒနှင့် သူမ,စေလိုရာကို ကြိုးကိုင်ခိုင်းစေ၍ရသော နန္ဒသူကို အခွင့်အရေးများပေးပြီး အသုံးချနေခြင်းသာ။



## အခန်း (၄)

ခုနက ပွစိ ပွစိ ဆူညံပွက်လောရိုက်နေကြသော စကားသံများမှာ . . .

"ဟိတ် ရှူး . . . ဒေါ်သလင်းဖြူခ လာနေပြီနော်"

ဆိုသည့် သတိပေးစကား ကြားလိုက်ရသည်နှင့် မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို ချက်ချင်း ငြိမ်ကျသွားခဲ့သည်။

အားလုံး တိတ်ဆိတ်ငြိမ်သက်သွားခဲ့ရပေမယ့် သံစဉ်ကတော့ ခန္ဓာကိုယ်လေး တောင့်မတ်သွားခဲ့ရသည်။

ရာထူးအရ 'ဒေါ်'တပ် ခေါ်ရပေမယ့် ဘယ်တုန်းကမှ ထိုအခေါ်အဝေါ်နှင့် လိုက်ဖက်ညီ သင့်တော်အောင် ဝတ်စားနေထိုင်တတ်ခြင်းမရှိသော သလင်းဖြူကတော့ ဒူးဖုံးရုံ ပခုံးပလာ ရင်စည်းဂါဝန်အကျပ်ဖြင့် မျက်နှာကို မော့ချီလျက်က တစ်စားပွဲစီ ကြည့်ရှုစစ်ဆေးနေဆဲ။

သံစဉ်မှာ မသိမသာ မျက်လုံးကလေးစွေကြည့်လိုက်လျှင် ကိုယ့်စားပွဲနှင့် ဒေါ်သလင်းဖြူခ နီးကပ်လာနေပြီမှန်း သိလိုက်ရသည်နှင့် ခေါင်းမှ ဝင်းဝင်းချိုကို . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှုတ် ... ဝင်းချို အမ်ဒီလာရင် တို့ကို ဘာပြောသွားလဲ တစ်ဆိတ်နားထောင်ပေးစမ်းပါ၊ တို့ ... တို့ငြင်းလက်သွားချင်လို့"

"သွား သွား ... ယူကတော့နော် အမ်ဒီဆိုတာနဲ့ ကြောက်သေးပါပြီ"

"အိုး ... ဒါ့တီး (dirty)"

ဝင်းဝင်းချိုကို နှာခေါင်းလေးရှုံ့ပြရင်းက သံစဉ် မသိမသာနှင့် သန့်စင်ခန်းဆီ ထွက်လာခဲ့၏။

သို့သော် ... သံစဉ်ကသာ မသိမသာထွက်လာခဲ့သော်လည်း သံစဉ် ရှောင်ထွက်သွားတာကို သလင်းဖြူခက သတိထားလိုက်မိပါသည်။

တစ်ချက် မျက်နှာပျက်သွားရသော်လည်း ရာထူးဂုဏ်ဒြပ်နှင့် အထက်တန်းလွှာမှာနေသူပီပီ ချက်ချင်း မသိဟန်ဆောင်လိုက်ပါသည်။ သို့သော် ... ဌာနမှူး ဒေါ်ထက်သန္တာကိုတော့

"ဌာနမှူးရေ လချုပ်စာရင်းတွေအားလုံး ပြန်ကြည့်ချင်တယ်၊ အဲ့ဒါလေး လုပ်ထားပေးပါ"

"ဟို ... ဘတ်ဂျက်က လိုနေသေးသလားလို့၊ ခုမှ ဒီဇင်ဘာ ဆိုတော့လေ"

"ဘတ်ဂျက်အတွက် မဟုတ်ပါဘူး၊ နည်းနည်းပြန်စစ်ကြည့်ချင်လို့ပါ"

သင့်လျော်သော အကြောင်းပြခြင်းကို ဘယ်တုန်းကမှ လက်မခံခဲ့ဖူးသော သလင်းဖြူခကတော့ သူမ ဖြစ်စေချင်တာကို ပြောပြီးသည်နှင့် မျက်နှာကိုမော့ချီလျက် ထွက်သွားပါသည်။





အကွယ်ကလေးမှာ ရပ်နေခဲ့သော သံစဉ်တစ်ယောက် အားလုံးကို ကြားလိုက်ရပါသည်။

တမင် ကိုယ့်ကို မတန်တဆနိုင်းသွားခဲ့တာ ... လို့ မထင်ချင်ပေမယ့်လည်း ...

စာရင်းကိုင်တစ်ယောက်ရဲ့ တာဝန်ကိုမှရွေးပြီး တနင့်တပိုး တာဝန်ပေးခဲ့သည်ကတော့ ...

သံစဉ် ဆက်မတွေးမိအောင် ထိန်းချုပ်ရင်း သက်ပြင်းသာချလိုက်မိသည်။

တကယ်တော့ ဟော့ဒီစာရင်းကိုင်ရာထူးရဖို့ သံစဉ် L.C.C.I (Level-3) ကိုအောင်မြင်တဲ့အထိ တက်ခဲ့တာကတော့ မုဆိုးမမေမေ့ကို လုပ်ကျွေးချင်လို့သာ ဖြစ်တယ်ဆိုတာ ဘယ်သူက သိမှာတဲ့လဲ။

ဘာပဲဖြစ်ဖြစ် ... ကိုယ်က သူ့လက်အောက်က ဝန်ထမ်းသာဖို့ သူခိုင်းတော့လည်း လုပ်ပေးရုံကလွဲပြီး ဘာတတ်နိုင်မှာမို့လဲလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အော်း စက် သင်းပျံ့သော မှန်ပျပျဆိုင်ကလေး ထဲမှာ ပြင်းရှခါးသက်သော ကော်ဖီရဲ့အရသာကို ဖိမ်ခံဆွဲသောက် ရင်းက နန္ဒ သလင်းဖြူကို မျက်တောင်မခတ်စတမ်း ငေးနေမိ သည်။

"မတွေ့ဖူးဘူးလား"

သလင်း မျက်စောင်းဝင့်ပြီး စူဆောင့်ဆောင့်ပြောသည်။

"ရင်ထဲ လုံးဝစွဲငြိသွားအောင်လို့"

နန္ဒ ပြန်ပြောပုံက တိုးရှရှ။

သလင်းရင်ထဲ လှိုက်ခနဲ ဖိုသွားရသည်။

"ဘာလို့ ဒီလောက်တောင် ကြည့်နေရတာလဲ၊ ဘာတွေ ထူးခြားနေလို့လဲ"

သလင်း မလုံမလဲကလေး ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့် သည်။

ရွှေရောင်အသားနှင့် ဟပ်နေသော မိုးပြာရောင်ရင်တွန့်





လက်တစ်လုံးခန့် ကြိုးတစ်ချောင်းဂါဝန်မှာ ကျောဒ္ဓ ကြိုးနှစ်ချောင်း ကို ကြက်ခြေခတ်သဏ္ဍာန် သိုင်းထားရုံမှတစ်ပါး ရွှေရောင်ကျော ပြင်ကလေးမှာ ရှင်းလင်းစွာ။

"ကိုယ့်အတွက်တော့ သလင်းက အချိန်တိုင်း ထူးခြား နေတာလေ၊ ကြည့်လို့မှ မဝ,နိုင်တာ"

သလင်း မျက်စောင်းလှဲ့လှဲ့လေး ထိုးမိပြန်သည်။ အဲ့ဒီ စကားလုံးလေးတွေနဲ့ပဲ သလင်းဖြူခရဲ့နှလုံးသားက ကြွေဆင်း နေရတာ။

ပိုပိုကဲကဲလေး ပြောတတ်မှန်း သိ,သိကြီးနဲ့ကို ကြွေနေ ရတော့သည်။

ပြာလဲ့မှုန်ပျသော အလင်းနှင့်အတူ နန္ဒရဲ့ရီဝေမှေးစင်း သော မျက်လုံးတွေက သလင်းရဲ့ရှင်းလင်းကျစ်လစ်သော အလှ တရားများကို လွှမ်းခြုံဖြန့်ကြက်လာလေလျှင် ...

သလင်းမှာ အနေခက်သလို ကိုယ်လေး ဟိုတွန့် သည် တွန့်လုပ်ရင်းက ...

"ပျင်းလိုက်တာ"

လို့ စကားလမ်းကြောင်း ပြောင်းသည်။

"ကိုယ့်နတ်သမီးလေးက ပျင်းတယ်ဆိုရင်"

ညို့ငင်သောအကြည့်ကို ပို့လွှတ်ရင်းက နန္ဒ တမင်ပင် စကားမဆက်။

"ဘာလဲ နန္ဒနော်"

သလင်း နှုတ်ခမ်းစူလေးနှင့် မူနွဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျော်အောင် ဖန်တီးပေးမှာပေါ့"

တိုးရှသော စကားအဆုံး မညီမညာချထားသော နဖူးပေါ်က ဆံစလေးများကို လေပူဖြင့် ဖွဖွမှုတ်သည်။

ပူနွေးသောလေက သလင်းရဲ့နဖူးပြင်မှသည် ရင်ထဲထိ နွေးခနဲ သက်ဆင်းသည်။

နန္ဒ ထ,ရပ်ရင်း သလင်းကို လက်ကမ်းပေးသည်။

"ဘယ်လဲ"

မေးသာမေးသော်လည်း နူးညံ့သောလက်အစုံက ကမ်းလင့်လက်ဖဝါးထဲ နစ်မြုပ်ပြီးသား။

"ချစ်စံအိမ်ကလေးဆီ"

နန္ဒ အဖြေစကားအဆုံးမှာ ရင်ထဲ တလှိုက်လှိုက်ဖိုသွားရသူက သလင်း။

တကယ်ပဲ နန္ဒ တင်စားသလို ငြိမ်းချမ်းတိတ်ဆိတ် ချိုမြိန်သင်းပျံ့သော ချစ်စံအိမ်ကလေး။

သူတို့နှစ်ယောက်ရဲ့ဘဝ အစိတ်အပိုင်းတစ်ခုဖြစ်သော နေရာကလေး။

သလင်းရဲ့ဆယ့်ရှစ်ပြည့်မွေးနေ့မှာ ဘိုးဘိုးလက်ဆောင်ပေးခဲ့သော ကွန်ဒိုတိုက်ခန်း။

သည်အခန်းကို နန္ဒမပါဘဲ သလင်း ဘယ်တုန်းကမှ တစ်ယောက်တည်း လာခဲ့ဖူးခြင်းမရှိ။

အခန်းထဲ ဝင်လိုက်သည်နှင့် နန္ဒက အဲကွန်းကို ဖွင့်လိုက်သည်။





အေးမြသော လေညင်းထဲမှ ချိုမြသောသင်းရနံ့က နှလုံးသားကို ယစ်မူးဖွယ်ရာ။

"လင်း"

နားစည်ထဲ တိုးဖျော့ အေးရှစွာခေါ်လိုက်သံက သလင်းရဲ့နှလုံးသားတစ်ခုလုံးကို တလှပ်လှပ်အေးသွားစေသည်။

"ဟင်"

နှုတ်ခမ်းလွှာတို့ကို မဖွင့်ဘဲ လည်ချောင်းသံလေးနှင့် သလင်း ပြန်ထူးလိုက်မိသည်။

"အရမ်းချစ်တယ် · လင်းရယ်၊ အရမ်းချစ်တယ်ကွာ"

ပူနွေးသော ပင့်သက်လေက နားရွက်ဖျားလေးကို ကလူကျည်စယ်သွားသည်။

"အိုး"

ထို့နောက် ...

နားရွက်ဖျားကလေးမှတစ်ဆင့် မွေးညင်းစိမ်းတို့ယိမ်းနွဲ့သော လည်တိုင်တစ်လျှောက်။

သလင်းရင်တွေ လှိုက်ဖိုရှိုန်းမြသွားရသည်။

မျက်လုံးလေး စုံမှိတ်ကာ ခေါင်းကို အသာမှီချလိုက်လျှင် နွေးထွေးကျယ်ပြန့်သော ရင်ခွင်တစ်ခုက အသင့်ဆီးကြိုလို့နေသည်။

ပင့်သက်နွေးကလေးများက မိုးကောင်းကင်ယံဆီ နွေးမြစွာ သင်းချိုစွာ လွင့်ပျံတက်သွားတော့သည်။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



ပြာလဲ့ငြိမ်သက်သော သီးခြားကမ္ဘာလေးတစ်ခုထဲ နှစ်ယောက်သား အလည်ရောက်သွားတော့လျက် ...

ဘာကိုမှ မသိတော့ပြီတည့်။

"အား ... မခွဲချင်တော့ဘူးကွာ သလင်းရယ်"

ကားပေါ်မှ ဆင်းရန်ဟန်ပြင်နေသည့် သလင်းကို နန္ဒ ချွဲသည်။

သလင်း မကြားချင်ယောင်ဆောင်သည်။

ဗိုလ်ချုပ် ယစ်မူးသော ခံစားချက်များအားလုံးကို ချစ်စံအိမ်မှာ ထားရစ်ခဲ့ပြီဖြစ်သည်။

ဒါက ... ဘိုးဘိုး သူရိန်ခရဲ့ သူရိန်ခစံအိမ်လေ။

"ကားကို ဂိုဒေါင်ထဲ တစ်ခါတည်း ထည့်ခဲ့ပါ"

ပုံမှန်လေသံဖြင့် ပြောလျက် တစ်ချက်မှ နှုတ်မဆက်ဘဲ ထွက်သွားသော သလင်းရဲ့ကျောပြင်ကို ကြည့်ပြီး နန္ဒ အောင့်သက်သက်ဖြင့် ကျန်ရစ်သည်။

တစ်လောကလုံးမှာ သလင်းဖြူခ ဂရုစိုက်တတ်တာဆိုလို့ ဘိုးဘိုးဦးသူရိန်ခတစ်ယောက်သာ ရှိသည်။

"သလင်း ... ဘိုးဘိုးက ပြန်ရောက်ရင် အခန်းထဲ လာခဲ့ဦးတဲ့"





ဒေါ်ကြီးသက်က ဆီးပြောသည်။

သလင်း ပျာပျာသလဲ ဖြစ်သွားရသည်။

ဘိုးဘိုးက အရေးတကြီးကိစ္စမရှိဘဲ၊ ကိစ္စအထွေးအထူးမရှိဘဲ စကားပြော၍ မမှာတတ်။

"ဘိုးကို သလင်း ခုချက်ချင်း ရေချိုးပြီးတာနဲ့ လာခဲ့မယ်လို့ ပြောထားပေးပါ"

"ထမင်း မစားသေးဘူးလား"

"ဘိုး ... စားပြီးသွားပြီလား"

"သလင်းကို စောင့်နေသေးတာ၊ ဒေါ်ကြီးက အတင်းစားခိုင်းမှ စားတာ"

"ဒါဆို သလင်းလည်း နောက်မှပဲ စားတော့မယ်၊ ဘိုးကို သွားပြောတော့ချေ၊ သလင်း ရေမြန်မြန် ချိုးလိုက်မယ်"

သလင်း ရေတစ်ဖန်ခွက် ကမန်းကတန်းသောက်ကာ ရေချိုးခန်းထဲ အပြေးဝင်သည်။

စိမ်ပြေနပြေလေး ချိုးချင်လှသော်လည်း ဘိုး စောင့်နေရတာ ကြာမှာစိုးတာကြောင့် ခပ်မြန်မြန်သာ ချိုးရသည်။

ရေချိုးပြီးတာနှင့် ကိုယ်ကျပ်တီရှပ်ကလေးနှင့် ချည်ထဘီလေး လဲလိုက်သည်။

ဘိုးနှင့်စကားအေးအေးဆေးဆေးပြောဖို့ တွေ့ရမယ်ဆိုလျှင်တော့ သလင်းက ဘိုးမျက်စိတွေ့အောင် ထဘီသာ ဝတ်တတ်သည်။

သလင်း ဘိုးအခန်းဆီ မြန်မြန်ကလေးသွားကာ ခပ်ဖွ



www.burmeseclassic.com

www.burmeseclassic.com



တံခါးသုံးချက် ခေါက်လိုက်သည်။

'ဒေါက် ..ဒေါက် ..ဒေါက်'

"ဝင်ခဲ့မြေး"

သလင်း တံခါးကို အသံမမြည်အောင် သတိထားဖွင့်ကာ ဘိုးရှေ့ ရို့ရို့ကျိုးကျိုးဝင်သည်။

"လာ ...မြေး"

ဘိုးက တရားစာအုပ်ကို ဘေးချလိုက်သော်လည်း အိပ်ရာထဲ၌ လဲလျောင်းလျက်ပင် ...

အသက်ရှစ်ဆယ်နားနီးပြီဖြစ်သည့် ဘိုးက ခါးမကြာခဏ နာတတ်သည်မို့ လဲလျောင်းနေရတာမို့ အဆင်ပြေသည်လေ။

သလင်း ဘိုးခြေရင်းနားမှာထိုင်လျက် ဘိုးခြေသလုံးလေးများကို မနာအောင်သတိထားလျက် ဆုပ်နယ်ပေးမိသည်။

"အို ...ရပါတယ် မြေးရဲ့ နားပါ၊ တစ်နေ့လုံး ပင်ပန်းထားတာ"

"မပင်ပန်းပါဘူး ဘိုးရဲ့၊ ဘိုးဝန်ထမ်းတွေက အားလုံးတော်ပြီးသားဆိုတော့ သလင်းက အေးအေးသက်သာလေး စီမံအုပ်ချုပ်ရုံတင်ပဲ"

"ငါ့မြေးက တော်ပါတယ်လေ"

ဘိုးရဲ့ချီးကျူးစကားကြောင့် သလင်း ကျေနပ်စွာ ပြုံးသည်။

"သြော် ...ဘိုးဘိုးကို ဦးမြင့်ဦး ခါးဆေးလိမ်းပေးပြီးသွားပြီလား၊ ဆေးရော သောက်ပြီးသွားပြီလား၊ မလိမ်းရသေးရင် သလင်း လိမ်းပေးမယ်နော် ဘိုး"





သလင်းရဲ့ဂရုတစိုက်လေး ပြောပုံကိုဆို မိန့်မိန့်ကြီး ပြုံးကာ သဘောကျလျက် ...

"ဆေးလည်း သောက်ပြီးပါပြီ၊ လိမ်းလည်း လိမ်းပြီးပါပြီ မြေးရယ်၊ ငါ့မြေး အဲ့လို လိမ္မာသိတတ်လို့လည်း ဘိုးက ငါ့မြေးမလေးကို အချစ်ပိုနေရတာ"

"ငါ့မြေးလေး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ကြီးပွားတိုးတက်ပါစေ"

ဘိုးက ဆုတွေတစ်လှေကြီးပေးဆဲ။ သလင်းကတော့ သူရိန်ခကုမ္ပဏီပိုင်ရှင်သူဌေးကြီးရဲ့ တစ်ဦးတည်းသောမြေး ဖြစ်ရသော စည်းစိမ်ချမ်းသာတွေဟာ ဘိုးရဲ့ဆုပေးစကားတွေနှင့် တစ်ထပ်တည်းပါပဲလား ...လို့ ကျေနပ်စွာ တွေးနေမိခဲ့သည်။

"အေး ...ငါ့မြေးလေးက အလုပ်,လုပ်တဲ့နေရာမှာလည်း တော်ပါတယ်၊ အောက်လက်ငယ်သားတွေကိုလည်း စီမံအုပ်ချုပ်နိုင်ပါတယ်၊ အဲ ...ဒါပေမဲ့လေ"

ဘိုးက စကားကို ချက်ချင်းမဆက်ဘဲ ခဏနားသည်။ သလင်းရဲ့ခန္ဓာကိုယ် မသိမသာတောင့်မတ်သွားရသည်။ ဘိုးရဲ့ ဒါပေမဲ့လေ ...က အဓိပ္ပာယ်အများကြီး ကျယ်ဝန်းနက်ရှိုင်းသည်လေ။

"အေး ...ငါ့မြေးကို ပြောရဦးမယ်၊ **"ဩရသ"** ပြန်ရောက်တော့မယ် မြေးရဲ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မွေ့ထားခဲ့မိသည့် နာမည်တစ်ခုက သူမရင်ကို ဒိန်းခနဲ ဖြစ်သွားစေသည်။

ဩရသ ...

ဘိုးဘိုးရဲ့ ...

"ဩရသ ...ဟာ ဘိုးရဲ့မွေးစားသားဆိုပေမယ့် သား အရင်းတစ်ယောက်လို ချစ်ခင်အားကိုးရတဲ့သူပဲ၊ ဘိုးရဲ့စကားကို အမြဲ မြေဝယ်မကျနားထောင်ခဲ့တယ် ...၊

နိုင်ငံခြားကို ပညာတော်သင်ဖို့ ဘိုး နှစ်ရှည်လများ စေလွှတ်ခဲ့တော့လည်း သူ့ခမျာ သွားခဲ့တာပဲ"

ဘိုးက လေအေးအေးဖြင့် မွေးစားသားဖြစ်သူကို အမွှမ်း တင်နေသည်။

ထိုဩရသဆိုသော ဘိုးရဲ့မွေးစားသားကို သလင်း တစ်ခါမှ မတွေ့ဘူး။

ကိုယ်ကမြေး။ သူက မွေးစားသား ဆိုပေမယ့် ကိုယ်က သူရိန်ခစံအိမ်ကို နောက်မှ ရောက်ခဲ့ရသူဖြစ်သည်။

"ဘိုး အခု အနားယူချိန်မှာ သူရိန်ခကုမ္ပဏီကြီးကို မြေးနဲ့ဩရသတို့နှစ်ယောက် အတူလက်တွဲပြီး ဘိုးလက်ထက်က ထက် ပိုပြီးတိုးတက်အောင်၊ အောင်မြင်အောင် ကြိုးစားကြစေ ချင်တယ် ...၊

အဓိက ဘိုးပြောချင်တာက ဘိုးရဲ့သူရိန်ခကုမ္ပဏီကြီးကို ပိုင်းခြားခွဲဝေရတာမျိုး မဖြစ်စေဘဲ မြေးတို့နှစ်ယောက်ကို အတူ တကွ လက်တွဲပြီး ပိုင်ဆိုင်စေချင်တယ်"





"ဘိုးဆိုလိုချင်တာ မြေး နားလည်တယ် မဟုတ်လား"

ရုတ်တရက်မို့ ဘိုးကို ဘာမှပြန်မဖြေဖြစ်ပေမယ့် အတူ တကွ လက်တွဲပြီး ပိုင်ဆိုင်စေချင်တယ် ...ဆိုတဲ့စကားဟာ ဘိုးရဲ့မွေးစားသား လူလတ်ပိုင်း လူပျိုကြီး ဩရသကို ကိုယ်နဲ့ လက်ထပ်စေချင်သည့်သဘောဆိုတာ ခေတ်လူငယ်ဖြစ်သော သလင်းက ချက်ချင်းနားလည်လိုက်ပါသည်။

သလင်းမှာ မြေးအရင်းဖြစ်သော ကိုယ်က ကုမ္ပဏီကို ဦးဆောင်သင့်ပါလျက် ...

မွေးစားသားဖြစ်သော ဩရသကို ကိုယ်နှင့်တန်းတူနေ ရာပေးဖို့ ဘိုး ဆုံးဖြတ်ထားသည်ကို စိတ်ထဲ၌ နည်းနည်းအောင့် သက်သွားရသည်။

သလင်းဘက်က ဒီလိုခံစားရသလို ...

ဦးသူရိန်ခ,ရင်ထဲ၌လည်း မြေးကို မပြောရက်သော အတွေးများက ရှိနေပြန်သည်။

မြေးမလေး သလင်းဖြူခရဲ့ဖေဖေ ကိုယ့်ရဲ့တစ်ဦးတည်း သောသားဖြစ်သော နေဝန်းခတစ်ယောက် မလိမ္မာ၍သာ ဒီလို တွေ ဖြစ်လာခဲ့ရတာပင်။

ကိုယ်က လိုလေးသေးမရှိသော နတ်စည်စိမ်မျိုးနှင့် ထားပါလျက် ဒင်းက ကိုယ့်လက်အောက်ငယ်သား ဘာမှမဟုတ် သည့် အသိုင်းအဝိုင်းမရှိ၊ ဂုဏ်ဒြပ်မရှိသည့် မိန်းမမျိုးကို မိမိ သဘောမတူ၊ တင်းတင်းကျပ်ကျပ်တားမြစ်ထားသည့်ကြားက ယူဖြစ်အောင် ယူသွားခဲ့တော့ ဦးသူရိန်ခတစ်ယောက် လှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်စတမ်း အမွေဖြတ်စွန့်ပစ်ခဲ့သည်။

သို့သော် ...

သားဖြစ်သူရော၊ မတော်ချင်သည့် ချွေးမဖြစ်သူရော အသေဆိုးနှင့် သေဆုံးခဲ့ရသည့်သတင်း ကြားခဲ့ရသည့်အခါမှာတော့ ...

တစ်ဦးတည်း ကျန်ရစ်ခဲ့သည့်မြေးမလေးဖြစ်သူကို သတင်းကြားချင်း ရှာဖွေရင်း ...

တစ်ဖက်မှ ကိုယ့်တပည့်လူယုံရဲ့သား ဆွေမဲ့မျိုးမဲ့ကလေးကို အတူနေ အနေနီးစပ်ရာမှ သနားစိတ်ပိုကဲပြီး မွေးစားခဲ့မိခြင်းပင်။

ဩရသလေးဟာ မွေးစားသားလို့ မပြောရက်လောက်အောင် လိမ္မာရေးခြားရှိခဲ့သည်။

သွက်လက်ထက်မြက်သည်မို့ အားကိုးအားထားပြုခဲ့ပြီး နိုင်ငံရပ်ခြားသို့ပင် ပညာတော်သင်လွှတ်ခဲ့သည်။

အဲ့ဒီအချိန်ကျမှ အရွယ်ရောက်နေပြီဖြစ်သည့် မြေးဖြစ်သူကို ပြန်ရှာတွေ့ပြီး ခေါ်ယူခဲ့ရတာ။

သလင်းဖြူ ... ဆိုတဲ့ နာမည်ကလေးရဲ့နောက်မှ ကိုယ့်မျိုးဆက်မှန်း အများသိရအောင် 'ခ'တစ်လုံး ထပ်ဖြည့်ပေးခဲ့ရတာ။

အတွေးဆုံးတော့ ဦးသူရိန်ခ မသိမသာ သက်ပြင်းရှိုက်ပြီး မြေးဖြစ်သူကို စကားဆက်သည်။

"အေး ... အေး ... အဲ့ဒါ မြေးရယ် ဩရသပြန်ရောက်





မယ့်နေ့ကျရင် ကုမ္ပဏီမှာ သူ့အတွက် ကြိုဆိုပွဲလုပ်ပေးပြီး ဝန်ထမ်းတွေနဲ့ မိတ်ဆက်ပေးလိုက်ပါ ...၊

ပြီးရင် ကုမ္ပဏီကို မြေးတို့နှစ်ယောက် တွဲပြီး တိုင်တိုင်ပင်ပင် ညီညီနှိုင်းနှိုင်းနဲ့ အုပ်ချုပ်ကြပေတော့ ...ကြားလားမြေး"

သလင်း တံတွေးတစ်ချက် မျိုချလိုက်မိရင်း ...

"ဟုတ်ကဲ့ပါ ဘိုး ... ဦးဩရသကို ကြိုဆိုပွဲအတွက်လည်း သလင်း ပြင်ဆင်ထားလိုက်ပါ့မယ်"

သလင်း ခါတိုင်းလိုမဟုတ်ဘဲ သွက်လက်မှုနည်းပါးစွာ တုံ့နှေးနှေး ကတိပေးလိုက်မိသည်။

တကယ်တော့ ...

ဘိုးစကားကို မပယ်ရှားခဲ့လို့သာ ဩရသ ဆိုသည့်လူအတွက် ကြိုဆိုပွဲကို စီစဉ်ပေးရမှာ ... စိတ်ထဲကတော့ လုံးဝမလိုလား စိတ်လည်းမပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သလင်း သည် ဩရသ . . ဆိုသည့် လူတစ်ယောက်ကို စိတ်ထဲမှ လုံးဝမလိုလားသည့်တိုင် . . .

ဘိုးဘိုးကို ကတိပေးခဲ့သည့်အတိုင်း သူ့အတွက် ကြိုဆိုပွဲကို ကုမ္ပဏီမှာ အကြီးကျယ်ဆုံး အခမ်းနားဆုံးဖြစ်အောင် စီစဉ်ပေးခဲ့ပါသည်။

နာမည်ကြားခဲ့ရစဉ်မှာ သူ့ကို လုံးဝစိတ်မဝင်စားခဲ့သော သလင်းသည် တကယ်တမ်း မျက်နှာချင်းဆိုင်တွေ့လိုက်ရလျှင် –

စိမ်းညို့နေသည့် မျက်ခုံးတန်းများအောက်က စူးရှထက်မြက်သော မျက်ဝန်းတောက်တောက်များနှင့် ပိရိသပ်ရပ်ကာ စိုသန့်နေသည့် နှုတ်ခမ်းလွှာများကို ပိုင်ဆိုင်သည့် ယောကျ်ားပီသလွန်းသော လူချောကြီးတစ်ယောက်မှန်း သိလိုက်ရသောအခါ သလင်းရင်ထဲ ဩရသ . . . ဆိုသည့် လူကြီးဟာ မြန်ဆန်စွာ တိုးဝင်လာခဲ့တော့သည်။

သူ အင်္ဂလန်မှ ရယူခဲ့သည့် စီးပွားရေးနှင့်ပတ်သက်သောဘွဲ့ဟာ မြင့်မားသလောက် . . .





သူ့ရုပ်ရည်ပုံပန်းသဏ္ဌာန်ဟာလည်း ပညာတတ် အဆင့်အတန်းမြင့်သူတစ်ယောက်ပီသစွာ အရှိန်အဝါတစ်မျိုး ဖြာလင်းလျက် ဝင့်ထည်လို့နေသည်။

သူဟာ နန္ဒထက်ပင် အဆပေါင်းများစွာ သာသူဖြစ်ကြောင်း နှိုင်းယှဉ်မိလျက် မြင်မြင်ချင်းပင် သလင်း သူ့ကို ခိုက်သွားမိတော့သည်။

''မင်္ဂလာပါ ဦးဩရသ''

''မင်္ဂလာပါ သလင်းဖြူ''

လက်ချင်းထိခတ် ဆုပ်ကိုင်ကာ နှုတ်ဆက်လိုက်သော်လည်း သလင်းနာမည်ကို 'ခ'' တစ်လုံး တမင်ချန်လျက် ပြန်နှုတ်ဆက်လျှင် နည်းနည်းတော့ အောင့်သွားရသည်။ သူက နောက်မှပေါ်လာသည့် ဦးသူရိန်ခရဲ့မြေးအဖြစ် သလင်းကို အသိအမှတ်မပြုချင်သည့်သဘောလား။

သို့သော် . . . ကိစ္စမရှိပါ။

သလင်းက မသိချင်ယောင်ဆောင်လိုက်ပါသည်။

သလင်းဘက်က အတွေးစကလေးတွေ ဖြန့်ကြက်မိသလို ဩရသဘက်ကလည်း . . .

မွေးစားဖေဖေ ဦးသူရိန်ခနဲ့ မြေးမလေးမှာ လုပသလောက် ထက်မြက်မည့်ပုံပေါ်တာကို ခဏတွင်းချင်း အကဲခတ်လိုက်မိသည်။

''ဘိုးက . . . ကုမ္ပဏီကို ဦးဩရသနှင့် သလင်းတို့အတူ စီမံအုပ်ချုပ်ဖို့ ပြောထားပါတယ်၊ အဲ့ဒါပြီးရင် သလင်း လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



သဘောကို အကျဉ်းချုံးရှင်းပြပါ့မယ် ...၊

လောလောဆယ်တော့ ဝန်ထမ်းတွေနဲ့ အရင်မိတ်ဆက်ပေးပါ့မယ်''

''ကောင်းပါပြီ''

သလင်းက လူကြီးပိုင်းဆိုင်ရာတွေကစပြီး ဩရသနှင့် တစ်ယောက်ချင်းစီ မိတ်ဆက်ပေးသည်။

မိတ်ဆက်ပေးပြီးတော့မှ စားရင်းသောက်ရင်းဖြင့် အထက်လူကြီးပိုင်းတွေနှင့်အတူ ဝိုင်းဖွဲ့လိုက်ကာ လုပ်ငန်းသဘောကို အတိုချုံးရှင်းပြလိုက်သည်။

အပေါ်ယံ ပြောပြရုံမျှဖြင့် နားလည်လွယ်သော သူ့ရဲ့ ထက်မြက်မှုကို သလင်း အသိအမှတ်မပြုဘဲ မနေနိုင်ပါ။

လုပ်ငန်းကိစ္စကို စိတ်ဝင်တစားရှိလှသော်လည်း ...

ယောကျ်ားတကာက ငိုက်ခနဲဖြစ်ခဲ့ရသည့် ညို့ငင်စွမ်းကြီးလှသော ကိုယ့်ရဲ့အလှအပတွေကို တခြားယောကျ်ားတွေလို လုံးဝတိမ်းညွတ်ခြင်းမရှိဘဲ ...

ပုံမှန်သာ ဆက်ဆံနေသည့်အတွက်တော့ ဩရသဆိုသည့် လူကြီးကို သလင်း မကျေမနပ်ဖြစ်မိသည်။

သလင်းကို သူ လုံးဝစိတ်မဝင်စားသည့်အပြင် ကင်းကင်းရှင်းရှင်းလည်း နေချင်သေးသည်ကို သူ့အတွက် ကြိုဆိုပွဲပြီးသည့်အချိန်မှာ သလင်း သိခဲ့ရလေသည်။

ပွဲပြီးလျှင် ... သူက လူကြီးတချို့နှင့် စကားပြောဆဲ..

''ဦးဩရသ ပြန်တော့မယ်ဆိုရင် ပြောနော် ... အတူတူ





ပြန်ရအောင်''

တစ်အိမ်တည်း ပြန်ကြမယ့်သူချင်းမို့ အကယ်၍ သူ စကားစမပြတ်နိုင်သေးလျှင်လည်း သလင်းဘက်က စောင့်နေမည့်သဘော ပြောမိလျှင် ...

''ပြန်နှင့်ပါ သလင်းဖြူ ... ကျွန်တော်တို့ချင်း လမ်းကြုံမှာမှ မဟုတ်ဘဲ''

''ဟင် ... ဦးဩရသက ဘယ်ကိုဝင်ဦးမှာမို့လဲ''

''ဘယ်မှမဝင်ပါဘူး၊ ကျွန်တော် အိမ်ပဲ တန်းပြန်မှာပါ၊ ဒါပေမဲ့ ... ကျွန်တော် ဖေဖေ့အိမ်ကို ပြန်မှာမဟုတ်ဘူး''

သလင်း မျက်မှောင်လေးကြုတ်သွားရသည်။

''ဦးဩရသက ဘိုးအိမ်မှာ နေမှာမဟုတ်ဘူးလား''

''ကျွန်တော် ဖေဖေဝယ်ပေးထားတဲ့ ကွန်ဒိုမှာ သီးသန့်နေမှာပါ''

သူက ခပ်တိုတိုသာပြန်ဖြေလျက် သလင်းကို မျက်နှာလွှဲကာ လူကြီးတွေနှင့် စကားပြန်ဆက်ပြောနေလေတော့သည်။

သလင်းရင်ထဲမှာတော့ နည်းနည်းအထစ်အငေါ့လေး ဖြစ်သွားမိသည်။

အရင်က ဘိုးနှင့် သူရိန်ခ စံအိမ်မှာ နေပါလျက် ...

သူက ခုမှ သလင်းရောက်လာတော့မှ ကွန်ဒိုမှာ သီးသန့်နေတော့မည်ဆိုတော့ ဘာသဘောလဲ။

သလင်းနှင့် အတူမနေချင်သည့်သဘောပေါ့။

သူ့ဘာသာ လွတ်လပ်စွာ နေချင်သည့်သဘောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သလင်းသည် စကတည်းက ယဉ်သကို ဆိုသလို ကြီးကြီးကျယ်ကျယ် ကိန်းကြီးခန်းကြီး ဝင်လာသည့် ဦးသြရသကို ကြည့်ပြီး အသည်းထဲ တယားယားဖြစ်လာမိသည်။

စိတ်ထဲကတော့ အောင့်သက်သက်ဖြင့် ပြုံးမိလျက်–

နေနှင့်ဦးပေါ့ ဦးသြရသရယ် ...

ဟု ကြိမ်းဝါးမိသည်။

သလင်းဖြူခတို့က မရနိုင်ဘူးဆိုတာကိုမှ ပို၍လိုချင်တတ်သူလေ။

သလင်းဖြူခဘဝမှာ မရနိုင်ဘူးဆိုတာ တစ်ခါမှ မရှိခဲ့ဖူးဘူး။ ရှင်နဲ့ကျွန်မ တွေ့ကြသေးတာပေါ့ ဦးသြရသ။



## အခန်း (၆)

### “ပူး”

မျက်လုံးလေးစုံမှိတ်ကာ လေပူများ မှုတ်ထုတ်ရင်း သံစဉ်ဖက်ကို ဘယ်ညာ ချိုးလိုက်မိသည်။

ဖျောက်ခနဲ ဖျောက်ခနဲ မြည်သံနှင့်အတူ ပခုံးတွေပါ တောင့်တင်းနေသည်ကို ခံစားလိုက်ရတော့မှ ကွန်ပျူတာခလုတ်များပေါ်မှ လက်ကို ရုပ်လိုက်မိတော့သည်။

လချုပ်တွေ တင်ဖို့အတွက် ရုံးဆင်းချိန်ကျော်သည်အထိ ရုံးခန်းထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရသည့်အပြင် ...

ဒေါ်သလင်းဖြူခ ကိုယ့်ကို တမင်နှိပ်ကွပ်မှန်းသိပေမယ့် သံစဉ်ကတော့ ကိုယ့်ဘက်က တာဝန်ကျေချင်သည်လေ။

စိတ်က အလုပ်ထဲမှာ နစ်မြုပ်နေခဲ့တာကြောင့် အချိန်ကိုတောင် သတိမရမိတော့တဲ့အထိ။

ဗိုက်ထဲလည်း အဆာလွန်ခဲ့လေပြီလားမသိ။

ထိုအချိန်တွင် ...

ရုတ်တရက် ဖျတ်ခနဲ မီးပျက်သွားလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျွတ်"

သံစဉ် စိတ်ပျက်လက်ပျက် ညည်းညူမိလျက် ...

အခန်းထဲကို အလင်းရောင်လေး ဝင်လိုဝင်ငြား ပြတင်းမှန်တွင်တပ်ထားသည့် လိုက်ကာစကို အသာဖယ်ကြည့်လိုက်သည်။

"ဘုရားရေ ... မိုးတော်တော်ချုပ်နေပြီပဲ"

လမ်းမီးတွေ ထွန်းထားပြီဖြစ်သည့် ကားလမ်းမကြီးကို မြင်လိုက်ရလျှင် သံစဉ် ထိတ်ခနဲဖြစ်သွားရတော့သည်။

မိုးကလည်းချုပ် ... မီးကလည်းပျက်။

သံစဉ် တစ်နေကုန်ပင်ပန်းထားခဲ့သည့်အရှိန်ဖြင့် စိတ်တွေ အရမ်းကိုညစ်နေမိတော့သည်။

ခါတိုင်းဆိုလျှင် မီးပျက်တာနှင့် အစောင့်ဝန်ထမ်းများက မီးစက်ဖွင့်ပေးတတ်သည်။

အခု အချိန်အတော်ကြာတဲ့အထိ မီးစက်နှိုးသံလည်း မကြားရသောအခါ အစောင့်တွေများ ပြန်သွားပြီလား စိုးရိမ်တကြီး တွေးမိတော့သည်။

ဒါ ... ဒါဆို ...

သူမ တစ်ယောက်တည်း အခန်းထဲတွင် ပိတ်မိနေခဲ့ပြီပေါ့။

စိုးရိမ်စိတ်နှင့်အတူ ထိတ်လန့်ခြင်းပါ ရောယှက်ပြီး ရင်တွေ တဒုန်းဒုန်းခုန်ကာ သံစဉ် ငိုပင်ငိုချင်လာရတော့သည်။

ဟင့်အင်း ...





ရုံးခန်းထဲမှာတော့ အပိတ်မခံနိုင်။

သံစဉ်သည် ချက်ချင်း ထိုင်ရာမှထ,ကာ ထွက်ပေါက်ရှိရာဆီ စမ်း၍လျှောက်မိသည်။

'ဒုန်း'

ခနဲ အသံနှင့်အတူ အမှောင်ထဲမှာ စားပွဲခြေတစောင်းတစ်ခုနှင့်တိုက်မိပြီး ဒူးခေါင်းက အတော်လေး နာသွားရတော့သည်။

"အား ... ကျွတ် ကျွတ်"

သံစဉ် နာကျင်သွားသော ဒူးခေါင်းလေးကိုအုပ်ကိုင်ကာ ရှုံ့မဲ့ညည်းညူရင်း ထိုင်အချ ...

ဘေးက ပစ္စည်းတွေ, အထုပ်တွေကိုပါ တစ်ခုပြီးတစ်ခု ဆက်တိုက် ကံဆိုးစွာ တိုက်မိပြီး တဝုန်းဝုန်း တဒိုင်းဒိုင်းမြည်ကာ လဲပြိုကုန်ပြီး ...

သံစဉ်ကိုယ်တိုင်လည်း ခုံတွေနှင့်တိုက်မိပြီး ထိုင်ခုံတွေကြားထဲ ပုံလျက်သားလေး လဲကျသွားရတော့သည်။

သံစဉ်သည် ငိုချင်စိတ်ကို မထိန်းနိုင်တော့လောက်အောင် ဖြစ်သွားရဆဲ ...

"ဟေ့ ... ဘယ်သူလဲ"

ကျယ်လောင်သော မေးသံနှင့်အတူ စူးရှလင်းထိန်သော မီးအလင်းတန်းက သူမဆီ ထိုးကျလာခဲ့လျှင် သံစဉ်မှာ အမှောင်ထဲ အကြာကြီးနေခဲ့ရတာမို့ မျက်လုံးတွေ ကျိန်းစပ်သွားရပြီး လက်ဝါးကလေးဖြင့် ကမန်းကတန်း ကာလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်မလေး ... မင်း တစ်ယောက်တည်း ဘာလုပ်နေတာလဲ ပြောစမ်း"

မျက်လုံးတွေ ကျင့်သားရသွားတော့မှ ကိုယ့်ကို ဟော့ကောင်မလေးလို့ခေါ်ပြီး မေးလာသူကို သံစဉ် သေသေချာချာ ကြည့်မိတော့သည်။

"ဦးသြရသ"

ကိုယ်က သူ့ကိုသိနေပေမယ့် သူက ကိုယ့်ကို မသိတာမို့ ...

"ကျွန်မ ... သံစဉ်ချိုချိုပါ၊ လချုပ်စာရင်းတွေ မပြတ်သေးလို့ ကျန်နေခဲ့တာ"

"ဒီအချိန်ကြီးထိ မင်းတစ်ယောက်တည်း ဟုတ်လား"

"အရင်လည်း အလုပ်တွေမပြီးသေးရင် ကျွန်မ ကျန်နေတတ်တာပါပဲ၊ မီးကလည်း ပျက်၊ မီးစက်ဖွင့်ပေးမယ့် အစောင့်တွေလည်း ပြန်ကုန်ပြီဆိုတော့ ..."

ပြောရင်းက သံစဉ် စိတ်ညစ်ညူးစွာ စကားမဆက်ဖြစ်တော့ ...

လက်ရှိ ကိုယ့်အခြေအနေက ထိုင်ခုံတွေကြားထဲမှာ ပုံလျက်သားကလေး မဟုတ်လား။

"အေး ... အစောင့်တွေ ထမင်းထွက်စားကြတယ်ထင်တယ်၊ ကဲ ... လာ"

သူ ခုံတွေကို ကျော်လွှားဝင်လာကာ သံစဉ်ကို ထူပေးပါသည်။





ယောကျ်ားတစ်ယောက်ရဲ့ ပူနွေးရှိန်းမြသော လက်ဖဝါးကို ဆုပ်ကိုင်အားပြုကာ ထ,ရပ်လိုက်ရသည်မို့ သံစဉ်ရင်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။

ဘုရားရှူး ...

သံစဉ်က ယောကျ်ားလေးဟူ၍နှင့်ပတ်သက်လာလျှင် အတွေ့အကြုံ လုံးဝမရှိခဲ့သူဖြစ်သည်။

သံစဉ်သည် အမှောင်ထဲမှာ သူနှင့်သံစဉ် နှစ်ယောက်တည်း ... ဟူသော အတွေးဝင်လာချိန်မှာပင ...

ကံကောင်းထောက်မစွာ မီးတွေပြန်လင်းလာခဲ့ပါသည်။

"ဟော ... မီးပြန်လာပြီ"

သံစဉ် ဝမ်းသာအားရ ဖြစ်သွားရသည်။

ခုနက တိုက်မိပြိုလဲသွားသော ပစ္စည်းတွေကို ရှင်းရန် ပြင်လိုက်စဉ်မှာပင် ...

နာကျင်ထားသော ဒူးက မဟန်နိုင်ဘဲ ယိုင်ခနဲ ဖြစ်သွားရသည်။

"အို"

သံစဉ့်ကိုယ်လေး ဟန်ချက်ပျက်သွားရလျှင် သြရသမှာ အမြန်ဖေးမ ဆွဲယူလိုက်ရသည်။

သို့သော် ... သံစဉ်မှာ အရှိန်ပျက်ပြီး သူ့ရင်ခွင်ထဲသို့ တစ်ကိုယ်လုံး ပစ်ကျသွားရသည်။

ရှက်လိုက်ရသည်မှာ ပြောမနေနှင့်တော့။

မျက်နှာတစ်ပြင်လုံး ရှိန်းခနဲ ပူထူသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေးထွေး ကျယ်ပြန့်လှသော သူ့ရင်ခွင်ကြီးထဲမှ သံစဉ် အတင်းရုန်းကန်ထွက်စဉ် ...

"ဆောရီး"

သူကပဲ အသံသြကြီးဖြင့် တောင်းပန်လျက် သံစဉ့်ကို ပြန်လွှတ်ပေးလေသည်။

သူ့အသံသြကြီးမှာ မသိမသာ တုန်ယင်လို့နေတာ သံစဉ် သတိပြုလိုက်မိပါရဲ့။

ရသမှာလည်း အရမ်းကိုရှက်သွားသော ကောင်မလေးရဲ့ ကလေးဆန်ပြီး အပြစ်ကင်းစင်လှသောအလှကလေးကို ချက်ချင်း သတိပြုလိုက်မိသည်။

ကလေးဆန်လှသော မျက်နှာနုနုကလေးမှာ ကြည်လင် ငြိမ်းချမ်းလှသည်။

မိုးဦးကျ စံပယ်ပန်းလေးတစ်ပွင့်ရဲ့ အလှမျိုးပါလား ... လို့ တွေးမိဆဲမှာပင် ...

ကောင်မလေးက ထော့နင်း ထော့နင်းကလေးဖြင့် သူမ ကြောင့်လည်း လဲပြိုသွားသောထိုင်ခုံများကို ရှင်းရန် ပြင်နေသည့် အခါ ...

ရသ မနေနိုင် မထိုင်နိုင်ဖြင့် ကမန်းကတန်း လှမ်းပြော လိုက်မိသည်။

"ဟော့ ... အဲ့ဒါတွေထားလိုက်၊ ကိုယ်လုပ်လိုက်မယ်၊ သွား ... မင်းကိစ္စတွေသာ ပြီးအောင်သွားလုပ်"

"ဟုတ်"





သံစဉ်လည်း အသံမှိန်ကလေးဖြင့် ပြန်ပြောခေါင်းညိတ် ရင်း လုပ်လက်စများကို ကမန်းကတန်း လက်စသတ်ကာ ကွန် ပျူတာပိတ်လိုက်မိတော့သည်။

ခုနေသာ စာရင်းတွေ ဆက်လုပ်ရရင် ရင်ခုန်သံတွေ နှင့် နပန်းလုံးပြီး အားလုံး အလွဲလွဲအမှားမှားတွေ ဖြစ်ကုန်မှာ သေချာပါသည်။

ကွန်ပျူတာပိတ်ခဲ့ပြီးတာနှင့် အိတ်ကို ချက်ချင်းကောက် လွယ်ကာ သံစဉ် အိမ်ပြန်ဖို့ ထွက်လာခဲ့မိသည်။

ရှက်တာရော၊ ရင်ထဲလည်း တစ်မျိုးကြီး ဖြစ်နေရတာ ရောမို့ ဦးသြရသကိုပင် သံစဉ် နှုတ်မဆက်မိတော့။

လမ်းလျှောက်လိုက်တိုင်း ဒူးက ဖျတ်ခနဲ ဖျတ်ခနဲ နာနေ သည်မို့ ဖြည်းဖြည်းချင်းပင် ထော့နင်းထော့နင်း လျှောက်နေမိဆဲ။

နံဘေးနားကို ကားတစ်စီး ကျွီခနဲ ကပ်ရပ်လာခဲ့လျှင် သံစဉ်မှာ အလန့်တကြား လှည့်ကြည့်လိုက်မိသည်။

"အံမယ်လေး"

သံစဉ် မျက်လုံးကလေးများ ဝိုင်းကာ ရင်ဘတ်ကို လက် ဖြင့် ဖိလိုက်မိဆဲ။

အနက်ရောင်လက်လက်ထနေသည့် မာစီးဒီးကားကြီး၏ မှန်ချပ်မှာ လျှောခနဲပွင့်သွားခဲ့ပြီး ...

သံစဉ် မြင်လိုက်ရသည်မှာ ရှင်းသန့်တည်ကြည်လွန်းလှ သည့်မျက်နှာ ခန့်ချောကြီးတစ်ခု။

"ဦးသြရသ"



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းခေါ်နေကျနာမည်ကိုပဲ ထိုကောင်မလေးရဲ့မရွံ့မရဲ အသံတိမ်တိမ်ကလေးကိုကျ ဟောဒီရင်ဘတ်ကြီးက ဘာလို့တစ်မျိုးကြီးဖြစ်ရတာပါလိမ့်။

"လာ ... တက် ... ကားပေါ်"

တရင်းတနှီးကြီး ပြောချလိုက်မိတော့ ဝိုင်းနေသည့် မျက်ဝန်းကလေးများကို ကာရံထားသည့် မျက်တောင်ကလေးများက တဆတ်ဆတ်ပုတ်ခတ်သွားသည်။

ဒီတော့မှ စကားပြော ဝေလာကြီးသွားမိသည့် ကိုယ့်ကိုယ်ကိုယ် သတိနှင့်ပြန်ထိန်းကာ တံတွေးမျိုချလိုက်မိပြီး ...

"မိုးချုပ်နေပြီ ... အိမ်လိုက်ပို့ပေးမယ်"

"အို ... ရ ... ရတယ် ... မ ... မလိုက်ပို့"

သံစဉ် လက်ကလေးတကာကာဖြင့် ငြင်းရန်ဟန်ပြင်ဆဲမှာပင် ...

"မငြင်းနဲ့ တက် ... မိုးတော်တော်ချုပ်နေပြီ၊ မင်းအိမ်က မိဘတွေ စိတ်ပူပြီး မျှော်နေတော့မယ်"

သူ လူကြီးဆန်စွာ ပြောတော့မှ သံစဉ် ခေါင်းကလေးငုံ့ပြီး မဝံ့မရဲဖြင့် ကားပေါ်တက်သည်။

သို့သော် ...

ကားပေါ်မှာ နှစ်ယောက်သား စကားတစ်ခွန်းမှ မပြောဖြစ်ကြ။

ဘေးက ဒရိုင်ဘာကိုသာ သူ တစ်ချက်,တစ်ချက် လှည့်ပြောသည်။





သို့သော် ဒရိုင်ဘာကို စကားလှည့်ပြောတိုင်း နောက်ကြည့်မှန်ကနေတစ်ဆင့် ခိုး,ခိုးကြည့်တတ်တာကို သံစဉ်က မသိဟန်ဆောင်နေမိသည်။

အိမ်ရှေ့ရောက်တော့ ကားရပ်လျှင် ...

"ကျေးဇူးတင်ပါတယ်နော်"

လို့သာ မျက်လုံးချင်းတော့မဆုံဘဲ ပြောပြီးတာနှင့် အိမ်ထဲပြေးဝင်ခဲ့မိတော့သည်။

အိမ်ထဲဝင်ပါဦးလို့တောင် သူ့ကို ညှိဝတ်မပြုမိ။

ခြေဖျား လက်ဖျားတွေ အေး။

မျက်နှာကတော့ ပူရှိန်းနေသည့် ဆန့်ကျင်ဘက်ခံစားချက်နှင့်။

ရင်တွေ တဆတ်ဆတ်တုန်ပြီး မျက်လုံးမှိတ်ထားလျှင်တောင် သူ့ရင်ခွင်ကျယ်ကြီးကို ဘာလို့မြင်ယောင်နေမိပါလိမ့်။

သံစဉ့်ဘက်က ခံစားနေရသလို ...

ဩရသ,ဘက်မှာလည်း ...

'ဦးဩရသ' ဆိုသည့် ခေါ်သံတိမ်တိမ်ကလေးကိုပဲ နားထဲစွဲမိလျက် ...

ဟန်ဆောင်ခြင်းကင်းသော၊ မိန်းမဆန်လှသည့် မာယာအရောင်များ လုံးဝမရှိသော၊ ရိုးသားဖြူစင်လှသည့် ကောင်မလေးကို အာရုံထဲ တရစ်ဝဲဝဲ မြင်ယောင်လို့သာနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သံစဉ်မှာ ဦးသြရသ ရုံးခန်းထဲဝင်လာတာ တွေ့လိုက်ရသည်နှင့် ခေါင်းကို ကမန်းကတန်း ငုံ့ချကာ ရှောင်လွှဲလိုက်သည်။

“သံစဉ်ချိုချို”

ကိုယ့်နာမည်ကိုခေါ်လိုက်သော အသံသြကြီးနှင့်အတူ တန်းတန်းမတ်မတ်ကြီး လျှောက်လာတာ မြင်လိုက်ရလျှင် သံစဉ်ရင်တွေ တဆတ်ဆတ်ခုန်သွားရသည်။

“ဟုတ်ကဲ့ပါ”

သံစဉ် ကယောင်ကတမ်းနှင့် ခေါင်းညိတ်ပြလိုက်မိသည်။

“ဟဲ့ ... ဆရာက နင့်ကို ဘာမှမပြောရသေးဘဲနဲ့”

အိန္ဒြေက မသိမသာ လှမ်းဆိတ်ပြီး သတိပေးသည်။

“ရှင် ... ဟိုလေ ဦးသြရသ”

သံစဉ် အယောင်ယောင် အမှားမှားတွေ ဖြစ်နေမိသည်။

သူကလည်း သံစဉ်ဖြစ်သွားပုံကိုကြည့်ကာ ပြုံးတုံ့တုံ့ကြီးနှင့် ...





“ဒီမှာ မနေ့က ကားပေါ်မှာ ကျန်ခဲ့တာ”

မျက်နှာရှေ့ကို နာမည်ကဒ်ပြား ထိုးပေးလျှင် သံစဉ်မှာ ကပျာကယာ ဆွဲယူလိုက်ရသည်။

သူ့မျက်နှာကိုတော့ စေ့စေ့မကြည့်ရဲ၊ ခေါင်းကြီးကို ငုံ့စိုက်ထားမိသည်။

“ခြေထောက်ရော ဘယ်လိုနေသေးလဲ”

မေးပုံမှာ တိုပြတ်သော်လည်း လှိုက်လှိုက်လှဲလှဲ ဂရုတစိုက်ကြီးမို့ သံစဉ်မှာ ကျေလည်းကျေနပ်၊ ရှက်လည်း ရှက်သွားရသည်။

“ခြေထောက်က ... ဟို ... သက်သာပါတယ်”

“သက်သာတယ်ဆိုပေမယ့်လည်း ဆေးခန်းတော့သွားပြလိုက်ဦး၊ ဒီမှာ ... သောက်ဆေးရော၊ လိမ်းဆေးရော ယူလာတယ် ... ရော့”

ဆေးထုပ်ကြီး လှမ်းပေးပြန်လျှင် သံစဉ်မှာ ယူရအခက်၊ မယူရအခက်နှင့် ရှက်သလိုလို, အားနာသလိုလိုကြီးနှင့် ဘေးလူတွေ ဘယ်လိုထင်ကုန်ကြမလဲဆိုတာကိုလည်း တွေးမိကာ မလုံမလဲကြီးဖြစ်နေမိသည်။

“အင့် ... ရော့လေ ... ယူ”

မယူမချင်း ပေးမည့်ပုံမျိုးနှင့် အတင်းကြီး ထိုးပေးပြန်တော့ သံစဉ်မှာ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့။

“ဟဲ့ ... ယူလိုက်လေ၊ နင်ကလည်း ဆရာက ပေးနေတာကို”



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြေးက သံစဉ်ပေါင်ကို ကြိတ်ဆိတ်ရင်းက တိုးတိုး ပြောသည်။ အဲ့ဒီတော့မှ သံစဉ်လည်း မျက်နှာလေး အိုးတိုးအမ်း တမ်းနှင့် လှမ်းယူလိုက်မိသည်။

"လိမ်းလည်းလိမ်း၊ သောက်လည်းသောက်နော်"

စိတ်မချသလိုကြီး ထပ်မှာပြီးမှထွက်သွားသော ဦးသြရသ ရဲ့ကျောပြင်ကို သံစဉ်မှာ နားမလည်စွာ လိုက်ငေးမိသည်။

"သံစဉ် နင်နဲ့ဆရာက ..."

အိန္ဒြေး တအံ့တသြမေးသည်။

"ရှူး"

သံစဉ် ကပျာကယာ ဟန့်တားလိုက်မိသည်။

ထို့နောက် ... တစ်စုံတစ်ယောက်ကို သတိရလိုက်မိပြီး သံစဉ် သက်ပြင်းလေး မသိမသာ ချလိုက်မိသည်။

သို့သော် ... ဗိုင်တွဲတွေသိမ်းရာ ဗီရိုရဲ့နောက်ကို ဖျတ် ခနဲ ကွယ်လိုက်သော အရိပ်တစ်ခုကိုတော့ သံစဉ် သတိမပြု လိုက်မိပါ။ ထိုအရိပ်ပိုင်ရှင်သည်ကား ...

ခက်ထန်လှသော မျက်နှာထားနှင့် အံတင်းတင်းကြိတ် ထားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ဒင်းတို့နှစ်ယောက်က ဒီအထိအောင် ရင်းနှီးနေခဲ့ပြီကိုး။

သြရသ ... ဆိုတဲ့လူက ပြန်လာတာဖြင့် မကြာသေး ကိုယ်နှင့်တောင် စကား လေးခွန်းပြည့်အောင် မပြောဖူးဘဲနဲ့ သံစဉ်ချိုချို ... ဆိုသည့် ဘာမဟုတ်သည့် မိန်းကလေးကိုကျမှ ဒီလောက် ဂရုစိုက်နေရအောင် ဘယ်လိုများ ပတ်သက်နေကြ





လို့လဲ။

ကားပေါ်မှာ နာမည်ကဒ် ကျန်ခဲ့တဲ့ ကိစ္စကရော ...

သံစဉ်ချိုချိုဟာ ဘယ်အချိန်ကများ ဦးသြသရဲ့ကားကို အတူစီးခွင့်ရသွားခဲ့တာလဲ ...

ကိုယ့်ကိုကျတော့ ... ကိုယ်ရောက်လာမှ သူရိန်ခစံအိမ် ကြီးပေါ်ကနေ ကွန်ဒိုမှာ တစ်ယောက်တည်း သီးသန့်သွားနေတာ ဘာသဘောလဲ။

ဒီအတိုင်းဆို ... သြရသဆိုတဲ့လူဟာ ဘိုးမရှိတော့တဲ့ အခါ သြရသရဲ့ လက်ထဲကို သူရိန်ခကုမ္ပဏီကြီးကိုရော မြေးကိုပါ အပ်ခဲ့ချင်တယ် ... ဆိုတဲ့ ဘိုးဘိုးရဲ့စကားကို နာခံပါ့မလား။

တောက် ... သံစဉ်ချိုချို ဒင်းကြောင့်။ ဟင့်အင်း ... ဘာမဟုတ်ဘဲ ဒင်းလို မိန်းကလေးတစ်ယောက်ကြောင့်တော့ ငါ့ရဲ့မျှော်လင့်ချက်တွေ အပျက်စီးမခံနိုင်ဘူး။

ရင်သည် စိုးရိမ်စိတ်ဖြင့် လောင်ကျွမ်းလာတော့သည်။ သလင်းဖြူ ချာခနဲ လှည့်ထွက်လာခဲ့သည်။

နောက်မှ ကပ်လျက်ပါလာသော ခြေသံတရှပ်ရှပ်ကို ကြားရသည်။ လှည့်မကြည့်။

"သလင်း ... ဘယ်သွားမလို့လဲ"

"ကားသော့ပေး"

သူမ လှည့်မကြည့်ဘဲ နန္ဒရှေ့ လက်ဝါးသာ ဖြန့်တောင်း သည်။

"ဟင့်အင်း ... သလင်း ဘယ်သွားချင်လဲပြော၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လာတယ်ဆိုတာပြော''

''ကျွတ်''

သလင်းဖြူ စိတ်ပျက်လက်ပျက် စုတ်သပ်လိုက်မိသည်။

နန္ဒကို ပထမဆုံးအကြိမ်အဖြစ် ကိုယ်သွားရာလမ်းမှာ ရှုပ်နေသော ကန့်လန့်ဖြတ်နေသော အမှိုက်တစ်ခုလို ခလုတ်တစ်ခုလို မြင်လိုက်မိသည်။

ကုမ္ပဏီရှေ့မှာမို့ ... စကားအပြန်အလှန် မပြောချင်ဘဲ နန္ဒ အသင့်ဖွင့်ပေးသော ကားပေါ်တက်လိုက်ရသည်။

''ဘာဖြစ်လို့လဲဟင် ... လင်း ကိုယ့်ကိုပြော''

နန္ဒက ယပ်ဟာပေါ်လွင်၍နေလေသော ပခုံးသားဝန်းဝန်းပေါ် လက်တစ်ဖက်တင်၍ စကားစ,သည်။

''နန္ဒနဲ့မဆိုင်တဲ့ကိစ္စကို မသိချင်စမ်းပါနဲ့''

ပခုံးပေါ်က လက်ကို ခပ်ကြမ်းကြမ်းပယ်ချလိုက်သည်။

နန္ဒမျက်နှာ ဖျတ်ခနဲ ပျက်သွားသည်။

''သလင်းနဲ့ကိုယ့်ရဲ့ကြားမှာ မဆိုင်ဘူးဆိုတာ ရှိသေးလား''

နန္ဒမေးပုံက ခပ်ရှရှ။ သလင်း မဲ့ပြုံးဖြင့် အေးစက်စက် လှည့်ကြည့်လိုက်သည်။

''ယူ့,က ဘာလဲ၊ နန္ဒ ယူ့နေရာ ယူသိစမ်းပါ''

''သလင်းဖြူ ... မင်း''

နန္ဒ ကြိတ်မနိုင် ခဲမရ ဖြစ်သွားပြီးမှ လက်သီးတင်းတင်းဆုပ်ကာ ဒေါသကို သတိဖြင့် ပြန်ထိန်းလိုက်ပုံရသည်။





နန္ဒ အတော်လေး အထိနာသွားမှာ သေချာသည်။

ဟုတ်တယ်လေ။ သူ့,လောက် အဆင့်မျိုးကို သလင်းဖြူက အမိုက်မဲခံပြီး စဉ်းစားပါ့မလား။ နန္ဒကို တဖြည်းဖြည်းနှင့် အနားမှခွာထွက်ဖို့ သလင်း စဉ်းစားသည်။ လောလောဆယ်မှာ ... သလင်း အရှုံးအမူးမက်မောပိုင်ဆိုင်လိုသည်က ...

''ဦးဩရသ'' ပဲဖြစ်သည်။

ဦးဩရသ ... ရှင် ကျွန်မရင်ခွင်ထဲ မရောက်,ရောက်အောင် ကျွန်မ အစွမ်းကုန်ကြိုးစားပြမယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

**တင်း** – တောင်။

တင်း – တောင်။

ဘဲလ်မြည်သံကြောင့် ဩရသ အံ့ဩသွားရသည်။

ဒီလောက် မနက်စောစောစီးစီး သူ့ဆီ ဘယ်သူ့သည် လာပါလိမ့်။

ချောင်းကြည့်ပေါက်ကလေးမှ ကြည့်လိုက်လျှင် ပန်းစည်းတစ်စည်းကိုင်ပြီး သူ ချောင်းကြည့်နေသည့် တံခါးပေါက်ကလေးဆီ ခပ်ပြုံးပြုံး ပြန်စိုက်ကြည့်နေသည်။ သလင်းဖြူကို တွေ့လိုက်ရလျှင် သူ ပိုပြီးအံ့ဩသွားရတော့သည်။

သူ့ဆီ ဘာကိစ္စ စောစောစီးစီး လာပါလိမ့်။

လက်ထဲမှာလည်း ပန်းစည်းတစ်စည်းနှင့်။

သူ ညဝတ်အကျီနှင့်ဘောင်းဘီတိုကို အနည်းငယ် သပ်ရပ်သွားအောင် ဆွဲဆန့်ပြီး တံခါးဖွင့်ပေးလိုက်သည်။

"မောနင်းပါ ဦးဩရသ"

"ဟုတ်ကဲ့"





"ဦးဩရသအတွက်"

ပန်းစည်းကို ထိုးပေးလေလျှင် ဩရသမှာ အူကြောင်ကြောင်ဖြင့် လှမ်းယူလိုက်ရသည်။

"ဘာကိစ္စရှိလို့လဲ"

"အထဲကိုတောင် ဝင်မထိုင်ခိုင်းတော့ဘူးလား"

ဩရသ သူ့ကို စူးရှစွာစိုက်ကြည့်ပြီး မေးလာသော မိန်းကလေးကို ပင့်သက်ခိုးရှိုက်မိလျက် ...

"ဟုတ်ကဲ့ ...ဝင်ပါ"

လို့ ဖိတ်ခေါ်လိုက်ရတော့သည်။

သလင်းဖြူ ဝင်ဖို့ ကိုယ်ကို အနောက်ဆုတ်ပေးလျက်။ ပခုံးချင်း မသိမသာတိုက်ပြီး ဝင်လာသောအခါ သင်းပျံ့သော ကိုယ်သင်းရနံ့က ကလူးကျည်စယ်သွားသေးသည်။

"ကိစ္စ ...အရေးတကြီးရှိလို့လား၊ ဟို ...ဖေဖေများ တစ်ခုခု"

"ဘိုး ...ဘာမှမဖြစ်ပါဘူး"

"ဒါဆို"

"ဘာမှမဆိုနဲ့ ...မျက်နှာအရင်သွားသစ်ချေ၊ ပြီးမှ အေးအေးဆေးဆေး ပြောတာပေါ့"

ပြုံးပြနေသည့် မျက်နှာကြောင့် အရေးတကြီးကိစ္စတော့ မရှိလောက်ဘူး ...ဟု ခန့်မှန်းမိကာ ဩရသ အခန်းထဲ ပြန်ဝင်ခဲ့သည်။

အခန်းက အိပ်ခန်းနှင့်ရေချိုးခန်းတွဲလျက် မြင်သည့်



www.burmeseclassic.com

www.burmeseclassic.com



သလင်းဖြူပုံစံက အရေးတကြီး ကိစ္စရှိသည့်ပုံစံမျိုး မဟုတ်သည်မို့ မျက်နှာသစ်ရင်း ရေပါ တစ်ခါတည်း ချိုးလိုက်မိသည်။

ပြီးရင် တစ်ခါတည်း ဝတ်စားပြင်ဆင်ပြီး အပြင်ထွက်မည်ဟု စိတ်ကူးသည်။

ကိုယ်တစ်ယောက်တည်းနေသည့်အခန်းမှာ ဘာပဲဖြစ်ဖြစ် ဒီကောင့်မလေးနှင့် နှစ်ယောက်တည်း မနေသင့်ဟုတွေးကာ ရေချိုးခန်းတံခါးကို ဖွင့်လိုက်လေလျှင် . . .

"ဟင်"

အံ့ဩစိတ်ဖြင့် ဩရသရဲ့မျက်လုံးများ ပြူးသွားရသည်။

ကိုယ့်အခန်းထဲဝင်ကာ ဗီရိုဖွင့်ပြီး ကိုယ့်အဝတ်အစားများကို ကျကျနန ဖွ,နေသူက သလင်းဖြူ။

"ဟို . . . ဟို"

သူ ဘယ်ကဘယ်လို စကားစ,ရမှန်းမသိ။

သလင်းဖြူကတော့ အေးအေးဆေးဆေးပင် သူ့ကို လှည့်ကြည့်ကာ . . .

"ကိုကြီးအတွက် အဝတ်အစားရွေးပေးနေတာ"

ရှားညို လက်ရှည်လေးဝတ်မယ် မဟုတ်လား ကိုကြီး။

"ကိုကြီးက အသားအရေလှတော့ အရမ်းလန်းသွားမယ်"

"ဘောင်းဘီကတော့"

"ဟို . . . ဟို . . . ရတယ်၊ ဘာပဲဖြစ်ဖြစ် ရတယ်"





သူ သလင်းဖြူခုတင်ပေါ်ပုံထားသည့် ဝတ်စုံတစ်စုံကို အမြန်ဆွဲယူပြီး ရေချိုးခန်းထဲ ပြန်ဝင်ရန်ပြင်လိုက်သည်။

သူစိမ်းမိန်းကလေးတစ်ယောက်ရဲ့ရှေ့မှာ ပဝါပတ်ပြီး ကြာကြာမနေရဲ။

မျက်နှာကြီးရဲနေသည့် သူ့ကို ပြုံးတုံ့တုံ့စိုက်ကြည့်လေသူက သလင်းဖြူ။

"အံမယ်လေး ဒီလောက်လည်း အရှက်သည်းပြမနေပါနဲ့၊ အပြင်ထွက်ပေးပါ့မယ်၊ လွတ်လွတ်လပ်လပ် လဲချေပါ . . . ဟွန်း"

နှုတ်ခမ်းစူ၊ မျက်စောင်းခဲခြင်းအမူကို တစ်ပြိုင်တည်းပြုပြီး သလင်းဖြူ အခန်းပြင်ထွက်သွားတော့မှ သူ့မှာ 'ဟင်း'ခနဲ သက်ပြင်းချမိတော့သည်။

ရဲတင်းလွန်းလှသော ကောင်မလေးပါလား။

စူးတောက်လှသည့် မျက်ဝန်းများကို သူ ရင်မဆိုင်ရဲသည်မှာ အမှန်ပင် ဖြစ်သည်။

အခန်းတံခါးကို လော့ချပြီးတော့မှ သူ စိတ်ချလက်ချ အဝတ်အစားလဲရဲသည်။

အဝတ်အစားလဲပြီး၍ အခန်းပြင်ထွက်လိုက်လျှင် လက်ပိုက်လျက် အသင့်စောင့်နေသည့် သူမကို တွေ့လိုက်ရသည်။

"ဟား . . . အရမ်းကို လန်းသွားပြီ၊ ဒါပဲနော် . . . တွေ့တဲ့လူတွေက ဦးဩရသ ဒီနေ့ အရမ်းကိုကြည့်ကောင်းနေတာပဲ . . . လို့ ချီးကျူးရင် သလင်းဆင်ပေးတာ . . . လို့ ဂုဏ်ဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



မမေ့နဲ့''

တရင်းတနှီးပြောပုံကို ဩရသက တမင် မကြားဟန် ဆောင်ရသည်။

''အပြင်မှာ ဘရိတ်ဖတ်စ်စားရင်း အေးအေးဆေးဆေး စကားပြောရအောင်''

''အိုကေ ...ကိုကြီး ကျွေးရမှာနော်''

''ရပါတယ်''

''ဟွန့် ...ပြောပုံကြီးက စေတနာမပါလိုက်တာ၊ ကပ်စီးနဲကြီး''

မှုန့်နေသော မျက်နှာလုလုကလေးက စူးရဲတောက်ပသောအလှနှင့် ဆွဲဆောင်မှုရှိလွန်းလို့နေသည်။

ဩရသ အတတ်နိုင်ဆုံး မမြင်ဟန် မကြားဟန်ဆောင်ရင်း ဖိနပ်စီးဖို့ပြင်သည်။

ဖိနပ်စင်မှ ဖိနပ်တစ်ရံနှင့်ခြေအိတ်ကိုဆွဲယူပြီး ဆိုဖာခုံပုကလေးပေါ် ဖိနပ်စီးရန် ထိုင်ချလိုက်လျှင် ...

''ပေး ...ဖိနပ် သလင်းတိုက်ပေးမယ်''

''ဟာ ...နေပါစေ ရပါတယ်''

သူ ပျာပျာသလဲ ငြင်းဆန်သော်လည်း မမီတော့။

သလင်းဖြူက သူ့လက်ထဲမှ ဖိနပ်ကို အတင်းဆွဲယူကာ ကြမ်းပြင်ပါကေးပေါ်မှာ ဒူးထောက်ထိုင်ချပြီး ဖိနပ်ကို တိုက်ပေးတော့သည်။

သူ အားနာနေမိစဉ် ...





''အားမနာပါနဲ့ ကိုကြီးရယ် ...သူစိမ်းတွေမှ မဟုတ်ဘဲ''

သူစိမ်းတွေမှ မဟုတ်ဘဲ။

ဘယ်လောက် အဓိပ္ပာယ်ထိရောက်လိုက်တဲ့စကားလဲ။

သူ သတိအနေအထားနှင့် ဖောင့်မတ်သွားမိစဉ်မှာပင် သလင်းဖြူက သူ့ခြေထောက်များကို မ,ကာ သူမရဲ့သွယ်တန်းသော ပေါင်တံကလေးပေါ် တင်လိုက်သည်။

နူးညံ့ညင်သာလှသော အထိအတွေ့ကြောင့် သူ ရှိန်းခနဲဖြစ်သွားရသည်။ သူက ခုံပေါ်မှာ သလင်းဖြူက အောက်မှာထိုင်ပြီး သူ့ကို ကျကျနန ဖိနပ်စီးပေးသည်။

''သလင်းဖြူ ...ဟို ...ဟို''

''ဟင့်အင်း ...ကိုကြီးကို သလင်းကိုယ်တိုင် ဖိနပ်စီးပေးချင်လို့''

''ဟာ ...မလိုဘူး ...မလိုဘူး၊ ကျွန်တော်ဘာသာ ...''

''ဟာကွာ ...မရဘူး မငြင်းနဲ့၊ ကိုကြီး အေးအေးဆေးဆေးလေး ငြိမ်နေ''

ဩရသ သူမရဲ့အမိန့်အတိုင်း မလှုပ်ရဲတော့။ ရင်ထဲမှာတော့ တရှိန်းရှိန်း တဖိန်းဖိန်း။

သူက ထိုင်ခုံပေါ်မှာ၊

သလင်းဖြူက ကြမ်းပေါ်မှာ။

သလင်းဖြူရဲ့ကိုယ်ကျပ်တီရှပ်က လည်ပင်း ဗွီပုံစံမို့ ဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဖန့်သော ရင်ညွန့်သားကလေးများကို . . . သူ့မှာ အကြည့်များလွှဲထားရသည်။

ယောကျ်ားတစ်ယောက်အဖို့ နူးညံ့သောယုယမှုများကို စိတ်လှုပ်ရှားရသည့်တိုင် . . .

သလင်းဖြူရဲ့ ပူပြင်းတောက်လောင်လှသော အလှနှင့် သံစဉ်ချိုချို . . . ဆိုသည့် ကောင်မလေးရဲ့ ကလေးဆန် ရိုးသားဖြူစင်လှသော အလှကို သူ အလိုလို နှိုင်းယှဉ်လိုက်မိလျှင် . .

သလင်းဖြူ ဖိနပ်စီးပေးပြီးတာနှင့် အခန်းပြင် ချက်ချင်းထွက်မိတော့သည်။

ဘာဖြစ်လို့များ မဆီမဆိုင် သံစဉ်ချိုချိုရဲ့ ဖြူစင် ငြိမ်းချမ်းလှသော မျက်နှာကလေးကို မြင်ယောင် သတိရလိုက်မိပါလိမ့်။



**အခန်း (၉)**

# "ဟာယ်"

အိန္ဒြေးဆီက အံ့ဩဘနန်းအသံလေးကြောင့် သံစဉ် မျက်မှောင်လေး ကြုတ်လိုက်မိသည်။

"ဘာလဲ"

"ဟိုမှာ . . . ဟိုမှာ . . . ကြည့်စမ်း"

အိန္ဒြေး မျက်လုံးပြူးကလေးနှင့် ညွှန်ပြရာဆီသို့ သံစဉ် ဘာရယ်မဟုတ်ဘဲ ကြည့်လိုက်မိသည်။

"ဟင်"

မျက်လုံးကလေးများ ဝိုင်းစက်သွားရသည်။

သလင်းဖြူခရဲ့ သခွားရောင်လွှင်လွှင် ကိုယ်ကျပ်ရှပ်အင်္ကျီကို သံစဉ် ငေးခနဲဖြစ်သွားမိသည်။

ခုနက ဦးဩရသ ရှေ့မှဖြတ်လျှောက်သွားတော့ အမှတ်တမဲ့ကြည့်လိုက်မိစဉ် တွေ့လိုက်ရသည်မှာ ထိုအရောင် ရှပ်အင်္ကျီ။

အပွင့်နုတ်စိပ်စိပ်ကလေးတွေကအစ ဆင်တူ။

အခုခေတ်မှာ ချစ်သူစုံတွဲတွေ အဲ့လို ဆင်တူလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တတ်ကြတာ တွေ့ဖူးသည်။

ဒါဆို ...

ဦးသြရသနှင့်သလင်းဖြူခ,ကရော ...

"ဟော့ သံစဥ် ... ဆရာနဲ့သလင်းဖြူခက ဟိုလိုကြီး တွေ ထင်ပါရဲ့နော်"

"မထင်နေနဲ့ ... အသေအချာပဲ"

အိန္ဒြေရဲ့မှတ်ချက်ကို ဆွိတီက ပိုင်နိုင်စွာ ဝင်ပြောသည်။

"ဟဲ့ ... ရှင်ကလည်း သေချာနေလိုက်တာ"

"ဟ ... သေချာတာပေါ့၊ ရှင်တို့ပဲ စဉ်းစားကြည့်ပါလား၊ ဆရာက သူဌေးရဲ့မွေးစားသား၊ အမ်ဒီက သူဌေးရဲ့မြေး၊ ဖိတ်ချင်း ဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်တော့မှာပေါ့၊ ဒီသူရိန်ခကုမ္ပဏီကို အပြင်လူလက်ထဲ အရောက်ခံပါ့မလား"

"အေး ... ဟုတ်တယ်နော်"

အိန္ဒြေတို့တစ်တွေရဲ့မှတ်ချက်စကားတွေကို ဆက်နားမ ထောင်တော့ဘဲ သံစဥ် အသာထ,ထွက်လာခဲ့မိသည်။

ဘာဖြစ်လို့ မကြားချင်မိရတာပါလိမ့်။

ရင်ထဲ ဝမ်းနည်းသလိုလို ခံစားချက်တစ်မျိုးကလည်း ဘာဖြစ်လို့များ ဖြစ်ပေါ်နေမိပါလိမ့်။

ကြည့်စမ်း ...

သံစဥ် သူ့ကို ... ဦးသြရသကိုများ စိတ်ဝင်စားမိနေတာ လား။

သံစဥ်သည် ကိုယ့်အဖြစ်ကိုယ် အံ့သြနေမိဆဲ။





"ကိုကြီးက ထိုင်းဖုဒ်(ထ်) ကြိုက်တယ်ဆို၊ ဒီမှာ သလင်း ကိုယ်တိုင် လုပ်လာတာ၊ ကွေ့တီယိုနဲ့ သဘော်သီးထောင်း၊ ကိုကြီး အကြိုက် စပ်စပ်ကလေး"

"အာ ... ရပါတယ်၊ ဘာလို့ တကူးတက လုပ်လာခဲ့ ရတာလဲ၊ ကျွန်တော်က စားချင်ရင် တစ်ခါတလေ ဆိုင်သွားစား လိုက်လည်း ဖြစ်ပါတယ်"

"အံမယ် ... သလင်းလက်ရာက ဆိုင်ထက် သာပါ တယ်နော်၊ စားကြည့်ပါဦး လျှာလည်ပြီး ဆွေမျိုးအကုန်မေ့သွား စေရမယ် ... ဟင်း ဟင်း"

ဩော် ...

မကြားချင်လို့ ထွက်လာခဲ့ကာမှ ...

'ကိုကြီး' တဲ့လား။

လွင်မြူးနေသော ဒေါ်သလင်းဖြူခရဲ့အသံကလေးက ဦးသြရသရဲ့နှလုံးသားကို ဆွဲဆောင်မှုအပြည့်နဲ့ လှုပ်ခတ်စေမှာပါ။

အို ...

သံစဥ်နဲ့ ဘာဆိုင်လို့လဲ။

သံစဥ်သည် နှုတ်ခမ်းကလေးကိုက်ကာ အားလုံးရဲ့မျက်စိ ကွယ်ရာ၊ နားကွယ်ရာကို ခြေလှမ်းကျဲကလေးများဖြင့် ထွက်လာခဲ့ မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကျဲဖြင့် ထွက်သွားသော ကျောပြင်ကလေးကို မြင်ဖြစ်အောင် မြင်လိုက်မိသော ဩရသမှာ အင်မတန်ကြိုက်နှစ်သက်လှသော ကွေ့တီယိုကိုပင် ခံတွင်းမတွေ့နိုင်တော့။

သံစဉ် ... သူတို့နှစ်ယောက်ကို ဘယ်လိုများ ထင်သွားပြီလဲ။

အင်္ကျီဆင်တူကလည်း ဝတ်ထားသေးသည်။

တကယ်တော့ ... တမင် ဝတ်ခဲ့မိခြင်းမဟုတ်။ အဆင်သင့်တွေ့သော အင်္ကျီတစ်ထည်ကို ဝတ်ခဲ့မိခြင်းသာ။

ဒီအင်္ကျီက သူဝယ်ထားတာလည်းမဟုတ်။ ဗီရိုထဲ ဘယ်လိုများရောက်နေပါလိမ့်။

ပြန်စဉ်းစားကြည့်တော့ ဟိုတစ်နေ့က မနက်အစောကြီး လာတုန်းကများ သလင်းဖြူ ဒီအင်္ကျီကို သူ့ဗီရိုထဲ ထည့်ခဲ့တာလား။

ဒီမနက် သူဝတ်ထားတာကိုတွေ့တော့မှ သူမလည်း ဆင်တူဖြစ်အောင် လိုက်ဝတ်လာခဲ့ရင်ရော ...

အင်မတန် ဉာဏ်နီဉာဏ်နက် ဆင်နိုင်တဲ့မိန်းမ။

သံစဉ်တော့ အထင်လွဲသွားပြီ။

သူ စားလက်စ ကွေ့တီယိုပန်းကန်ကို တွန်းပစ်လိုက်ကာ သတိလက်လွတ်ဖြင့် ထ,ရပ်လိုက်မိသည်။

"ဟင် ... ကိုကြီး စားလက်စကြီး ဘယ်သွားမလို့လဲ"

"သံစဉ်ချိုချို"





သူ အယောင်ယောင်အမှားမှားဖြင့် လက်ညှိုးထိုးပြီး ပြောလိုက်မိသည်။

သလင်းဖြူက သူ လက်ညှိုးညွှန်ပြရာဆီ လိုက်ကြည့်ပြီး မျက်မှောင်ကြုတ်ကာ ...

"သံစဉ်ချိုချို ... ဟုတ်လား၊ သူနဲ့ ဘာကိစ္စရှိလို့လဲ"

ဩရသ ယောင်ပြီး ပြောလိုက်မိပြီးမှ ကျစ်ခနဲ စိတ်ပျက်လက်ပျက် စုတ်သပ်လိုက်ပြီး ...

"လချုပ်စာရင်းတွေ ကိစ္စပါ၊ ရောနေတာလေးတွေ ပြန်မေးချင်လို့"

ခေါင်းထဲထွက်သော အကြံဉာဏ်အတိုင်း အမြန်ပြောလိုက်ရတော့သည်။

"ဩော် ... လချုပ်ကိစ္စလား၊ သလင်း စစ်ပြီးပါပြီ၊ ကိုကြီးက ဘာသိချင်လို့လဲ၊ သလင်း ပြောပြမယ်လေ"

ကျွတ် ... သွားပါပြီ။

သလင်းဖြူဆိုတဲ့ အမျိုးသမီးဟာ သူနဲ့ သံစဉ်ချိုချိုရဲ့ကြားမှာ အနှောင့်အယှက်ပေးမယ့် ခလုတ်တစ်ခုပဲ။

"ဒါဆိုလည်း နေပါစေတော့၊ သလင်းဖြူ စစ်ပြီးပြီဆိုရင် ပြီးတာပဲ"

သူ ပြန်ထိုင်လိုက်ရတော့သည်။

"ကိုကြီး ကွေ့တီယို ဆက်စားဦးလေ"

"တော်ပြီ"

"စားပါဦး ကိုကြီးရဲ့ မကောင်းလို့လား၊ ဒီမှာ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ စားရသေးတာ''

''စားချင်စိတ် မရှိတော့ဘူး''

သူ ခပ်ပြတ်ပြတ်ပြောခဲ့လျက် ထမင်းစားပွဲမှ ထ,ထွက်လာခဲ့သည်။

သံစဉ်ချိုချို ... မင်းလေး အထင်လွဲသွားမှာကို ဘာလို့စိုးရိမ်နေရတာလဲ။

သူ လေပူများကို ..

''ဟူး'' ခနဲ မှုတ်ထုတ်လိုက်မိသည်။



## အခန်း (၁၀)

''အား ... နှစ်နာရီတောင် ထိုးပြီကွ''

မင်းမင်းက နံရံကပ်နာရီကိုလှမ်းကြည့်ပြီး ပျင်းကြောဆန့်ရင်းက ဆော်သြသည်။

အားလုံး အလုပ်ထဲ ခေါင်းနှစ်နေကြရာမှ ခေါင်းထောင်ထ,လာတော့သည်။

''နှစ်နာရီတောင် ထိုးပြီလား''

''တီး,တိုင်း ရောက်ပြီ''

''ကော်ဖီတိုင်းပါ''

''ဘယ်သူ့အလှည့်လဲ''

''သံစဉ့်အလှည့် ... သံစဉ် ထ၊ မသိခြင်ထောင်, ထောင် မလုပ်နဲ့''

တကယ့်ကို မသိချင်ယောင်ဆောင်နေသည့် သံစဉ့်ကို ဆွိတီက အတင်းဆွဲထူသည်။

''အာ ... ဒီမှာ အလုပ်က လက်စကြီး''

သံစဉ် ပျင်းကြောထူဖို့ ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်စကြီးဆိုလည်း သပ်လိုက်တော့၊ သံစဥ်နော် ... ကိုယ့်အလှည့်နဲ့ကိုယ်ပဲ၊ အရင်နေ့ သူများတွေ ဖျော်ခဲ့တုန်းက တော့ ဇိမ်လေးနဲ့ သောက်ခဲ့ပြီးတော့"

"အံမယ်လေး ဖျော်ပေးပါ့မယ်, ဖျော်ပေးပါ့မယ်၊ တကတဲ အပျင်းထူရတာနဲ့တောင် မကာမိပါဘူး၊ နားပူလိုက်တာ"

သံစဥ် မျက်နှာကလေး ရှုံ့မဲ့ရင်းက ထ,ရတော့သည်။

သံစဥ်တို့ကုမ္ပဏီမှာက နေ့လယ် ကော်ဖီသောက်ချိန်မှာ အလှည့်ကျ ကော်ဖီဖျော်ရသော စနစ်ကလေးဖြစ်သည်။

သံစဥ် ကော်ဖီမစ်ထုပ်များ ယူပြီးသည်နှင့် ရေနွေးတည်၍ ရေနွေးအိုးထဲကို မချဲ့ဖြည့်ပြီး ပလပ်ပေါက်ထဲ ပလပ်ကြိုးကို အထည့် ...

"အား"

စူးရှစွာ အော်ဟစ်လိုက်မိသည်။

မျက်လုံးများ ပြာဝေသွားခဲ့ပြီးသည့်နောက် သံစဥ် ဘာဆို ဘာကိုမှမသိတော့။

"သံစဥ် ... သံစဥ်"

"ဟေ့ ... ဘာဖြစ်လို့လဲ"

အလန့်တကြား ဝိုင်းအုံနေသည့် လူအုပ်စုကို ဩရသ လှမ်းမေးလိုက်မိသည်။

"သံစဥ် ... သံစဥ်လေ ... ဆရာ"

"ဟင် ... သံစဥ် ဘာဖြစ်လို့လဲ"

သံစဥ်ဆိုသည့်နာမည် ကြားလိုက်ရသည်နှင့် ဩရသ





စိုးရိမ်တကြီး လူအုပ်ကြားထဲ တိုးဝင်လိုက်သည်။

ပျော့ခွေကာ သတိလစ်လဲကျနေသည့် သံစဥ်ကို တွေ့ လိုက်ရလျှင် ရင်ထဲဆို့သွားရသည်။

"သံစဥ် ... သံစဥ် ဘယ်လိုဖြစ်ရတာလဲ၊ ဟင် ... ပြောကြစမ်းပါဦး"

မေးလည်း မေးရင်း ဩရသ သတိလစ်နေသည့် သံစဥ် ကိုယ်လုံးလေးကို စိုးရိမ်ပူပန်စွာ ပြေးပွေ့လိုက်မိသည်။

"ဓာတ်လိုက်လို့ဆရာ"

"ဘာ ... ဘယ်လိုဖြစ်ပြီး ဓာတ်လိုက်ရတာလဲ"

"ရေနွေးအိုးတည်ရင်းက ဖြစ်တာပဲ ဆရာ"

"မင်းမင်း ... သွား ပလပ်ကြိုးသွားစမ်းလိုက်စမ်း"

"ဟုတ်ကဲ့ ... ဆရာ"

မင်းမင်း ပလပ်ကြိုးကို ပြေးကြည့်သည်။

"ဟာ ... ကြိုးပေါက်နေတယ် ဆရာ"

"ဘာ"

ဩရသ ဒေါသတကြီး ထ,အော်သည်။

"တောက် ... ပလပ်ကြိုး ပေါက်နေတာတောင် မသိကြဘူးလား၊ မနေ့က ဘယ်သူ ကော်ဖီဖျော်လဲဟင်၊ မနေ့က ရေနွေး ဘယ်သူတည်လဲ"

"ကျွန်တော်ပါ"

နန္ဒသူ ထ,ပြောသည်။

ဩရသရဲ့ဒေါသမျက်လုံးတွေက နန္ဒသူအပေါ်မှာ စူးရဲစွာ



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်သွားတော့သည်။

"ကျွန်တော် ... မနေ့က ရေချိုးတည်တော့ ဘာမှမဖြစ်ဘူး၊ ကြိုးလည်း အကောင်းပဲ"

နန္ဒသူ ပြောပုံကို ဘဝင်မကျချင်ပေမယ့် ဩရသ ခွန်းကြီးခွန်းငယ် မပြောချင်တော့သဖြင့် ...

"ကဲ ထားလိုက်တော့၊ အခု ... ဆရာဝန်ကို ဖုန်းဆက်ခေါ်၊ ကောင်မလေးက သတိလစ်နေတာ အန္တရာယ်ရှိတယ်"

သံစဉ်ရဲ့သူငယ်ချင်းတစ်ယောက်က ဆရာဝန်ဆီ ဖုန်းလှမ်းဆက်သည်။

ဩရသ,ကတော့ ရင်ခွင်ထဲမှာ ပျော့ခွေနေသော ကောင်မလေးကိုကြည့်ကာ စိုးရိမ်စိတ်တွေနှင့်အတူ သနားလိုက်ရသည်မှာ ရင်တစ်ခုလုံး ဆို့နေမိသည်အထိ။

ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်တောင် ပျာယာခတ်နေမိသလဲဆိုတာ မသိပေမယ့် ... သိတဲ့လူကတော့ ဟန်မပျက်အောင် ဟန်ဆောင်နေ,နေရတာကို ဩရသတစ်ယောက် မရိပ်မိ။

စိုးရိမ်တကြီး ဖြစ်နေသော ဩရသကိုကြည့်ပြီး တနုံ့နုံ့နှင့် ဒေါသထွက်နေရသူမှာ သလင်းဖြူပဲဖြစ်သည်။

သူမကိုဆိုလျှင် စကားပင် ရင်းရင်းနှီးနှီး မပြောချင်သလို ရှောင်ဖယ်ဖယ်လုပ်တတ်သော ဩရသ,က အခု သံစဉ်ချိုချိုကိုကျသည်းသည်းလှုပ်နေသော မြင်ကွင်းကို တွေ့နေရသည်မှာ သူမအတွက်တော့ နာကြည်းစရာအကောင်းဆုံး မြင်ကွင်းပင်။

သံစဉ်ချိုချို ...





နင် ငါ့ဘဝကို အနှောင့်အယှက်ပေးပြီး ဖျက်ဆီးမှာလား။

သူ့ရင်ခွင်ထဲရောက်နေသော ကိုယ်မဟုတ်သည့်မိန်းမတစ်ယောက်ကို ကြည့်ရင်းက မုန်းတီးစိတ်က တဖွားဖွားဆူဝေလာသည်။

ထိုမုန်းတီးစိတ်နှင့်အတူ ဩရသဆိုသည့် ယောက်ျားတစ်ယောက်ရဲ့ချစ်ခြင်းကို အရှုံးအမှူး ရယူပိုင်ဆိုင်လိုစိတ်ကပါ ရင်ထဲလောင်ကျွမ်းလာတော့သည်။

သလင်းဖြူခဟာ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို အရှုံးပေးလိုက်ရတော့မှာလား။

မဖြစ်နိုင်လိုက်တာ။

ဒါဟာ သလင်းဖြူခရဲ့အတ္တနှင့်မာနကို ရိုက်ချိုးဖို့ ကြံစည်ခံလိုက်ရတာပဲ။

သလင်းဖြူခရဲ့ဘဝမှာ အရှုံးဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။

ဦးဩရသ ... ကျွန်မ ရှင့်ရဲ့ သံစဉ်ချိုချိုအပေါ် တိမ်းညွတ်နေတဲ့အချစ်ကို မရ,ရအောင် ယူပြမယ်။

စောင့်ကြည့်လိုက် ...

အဲဒါ ... ကျွန်မရဲ့ ကျိန်စာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် သတိပြန်ရခဲ့ချိန်တွင် ပထမဆုံး တွေ့လိုက်ရသည်မှာ ဦးသြရသရဲ့ စိုးရိမ်တကြီးဖြစ်နေသော မျက်နှာပဲ ဖြစ်သည်။

"ဟင် . . . သံစဉ် . . . သံစဉ် ဘာဖြစ်"

"ဘာဖြစ်ရမှာလဲ . . . မင်း နမော်နမဲ့နဲ့ ပလပ်ကြိုး ပေါက်နေတာကို ဂရုမစိုက်ဘဲ ပလပ်ပေါက်ထဲ ထိုးထည့်လိုက်လို့ ဓာတ်လိုက်ပြီး သတိမေ့သွားခဲ့တာလေ"

သတိပြန်ရ,ရချင်း ဆီးပြီး အဆူခံလိုက်ရတာမို့ သံစဉ် မျက်နှာလေးငယ်သွားရသည်။

ရှောင်နေမိသည့်ကြားမှ တည့်တည့်တိုးရသောအဖြစ်ကြောင့် ရှက်လည်း ရှက်သွားမိသည်။

"ကိုကြီးကလည်း သူ့ခမျာ ခုမှ သတိပြန်ရတဲ့ဟာကို ဆူဖို့က အရင်ပဲ၊ သူလည်း ဘယ်မှာဓာတ်လိုက်ချင်မှာလဲ၊ ပလပ်ကြိုး ပေါက်နေတာကို သတိမထားမိလို့ပေါ့"

အပြုံးကလေးဖြင့် ကိုယ့်အတွက် စိတ်မကောင်းဖြစ်နေသယောင် ကာကွယ်ပြောပေးနေသော မမသလင်းဖြူကို သံစဉ် အံ့သြစွာပင် မော့ကြည့်လိုက်မိသည်။

ကိုယ့်ကို ကရုဏာသက်နေလေသယောင် မျက်နှာပေါ်က အပြုံးဟာ ဟန်ဆောင်ပြုံးမှန်း ကိုယ်နှင့်သူ နှစ်ယောက်တည်းသာ သိသည်မို့ သံစဉ် မျက်နှာချင်းမဆိုင်လိုဘဲ ချက်ချင်း ခေါင်းပြန်ငုံ့လိုက်မိသည်။

"နောက်ဆို . . . အစစအရာရာ သတိရှိပါ သံစဉ်ရဲ့ချို ဓာတ်လိုက်တယ်ဆိုတာ ပေါ့သေးသေးပြဿနာမဟုတ်ဘူး"





"မင်းအတွက် ဘယ်လောက် စိတ်ပူရတယ်မှတ်သလဲ၊ ပေါ့ဆတဲ့အကျင့်ကို ဖျောက်စမ်းပါ"

သူ့ဆီမှ ခပ်မာမာလေသံနှင့်ဆူပူသံကို ဆက်ကြားလိုက်ရလျှင် သံစဉ် ရင်ထဲမှ ကြိတ်ပြုံးလိုက်မိသည်။

အဲ့ဒီ ဆူသံကြီးထဲမှာ ဂရုစိုက်ကြင်နာရိပ်တွေ ပြည့်နှက်နေသည်လေ။

သံစဉ်သည် ဦးသြရသရဲ့ ကြင်နာမှုကို နားလည်ခံစားရသည့်အတွက် ကြည်နူးမိသော်လည်း . . .

မမသလင်းဖြူရဲ့ အငြိုးတကြီးနိုင်လှသော အတ္တနှင့် ဒေါသကိုလည်း သိနှင့်ထားသည့်အတွက် စိုးရိမ်စိတ်က ရင်ထဲ တောက်လောင်လာမိသည်။

သူကတော့ ဘာကိုမှ မရိပ်မိနိုင်ဘဲ . . .

"အေး . . . မင်း နောက်ဆို ဘာကိုမဆို သတိထားပါ့ မယ်လို့ ကိုယ့်ကို ကတိပေးစမ်းပါ"

"ရှင်"

"ပေးလေ"

"ဟို . . . ဟုတ် . . . ဟုတ် . . . သံစဉ် ကတိပေးပါတယ်၊ နောက်ဆို . . . သံစဉ် အမြဲ သတိထားပါ့မယ်"

သံစဉ်သည် ပြုံးတုံ့တုံ့ဖြစ်နေသည့် လူအများကြားထဲမှာ မျက်နှာနီနီကလေးနှင့် ခေါင်းကလေးငုံ့ကာ သူ့ကို ကတိပေးလိုက်ရတော့သည်။

ထိုအချိန်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဆက်ဟန်မဆောင်နိုင်တော့သလို နေရာမှ ချာခနဲ ကျောခိုင်းလှည့်ထွက်သွားသူမှာ သလင်းဖြူခ,ပဲဖြစ်သည်။

စိတ်ထဲမှ ကြိတ်မနိုင်ခဲမရဖြင့် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်မိသည်။

ခံရခက်သောဝေဒနာက ရင်ညွန့်ထက်မှာ တသိမ့်သိမ့် တုန်ခါစေပြီး ပူပန်ရသော ခံစားမှုက ဦးနှောက်တစ်ပြင်လုံးဝယ် တစိမ့်စိမ့်ကိုက်ခဲကာ နာကျင်စေပါသည်။

ရောဂါအမြစ်စွဲကာမှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးကုသခြင်း ဖြစ်ပါလိမ့်မည်။

သလင်းဖြူခရဲ့မာနကို ဒီလိုဖြင့် အကျဆုံးမခံနိုင်ပါဘူး။ အစွယ်ဆိုသည်မှာ ရန်သူကို လက်ဦးအောင် ထိုးစိုက်တိုက်ခိုက်ဖို့ပဲ ဖြစ်သည်။

အင်တာကွန်ခလုတ်ကို ဖွင့်ကာ အပြင်သို့ အမိန့်ပေးလိုက်သည်။

"အိန္ဒွေး ...သံစဥ်ချိုချိုကို ငါ့အခန်းထဲ လွှတ်လိုက်စမ်း"

"ဟုတ်ကဲ့ရှင့် ...အခုပဲ လွှတ်လိုက်ပါ့မယ် အမ်ဒီ"

အိန္ဒွေးက သုတ်သုတ်ပျာပျာလေးဖြင့် သံစဥ်ရဲ့တေ





ဘယ်လ်ဆီ ပြေးလာခဲ့သည်။

"ဟဲ့ ...သံစဥ် အမ်ဒီက နင့်ကိုခေါ်နေတယ် အမြန်သွား၊ လေသံက နည်းနည်းပြင်းတယ်ဟဲ့၊ နင်တော့ ကွိုင်အရှာခံရတော့မယ်"

အိန္ဒွေးစကားကြောင့် သံစဥ် စိုးထိတ်သွားမိရသည်။

ကိုယ် ဘာအမှားများ လုပ်မိသလဲလို့ အမြန်ပြန်စဉ်းစားကြည့်ရသည်။ ဘာမှမှားယွင်းခဲ့တာ မရှိ။

"ဟဲ့ ...ဘာငိုင်နေတာလဲ အမြန်သွားလေ၊ မနက်တည်းက အမ်ဒီရဲ့မျက်နှာက ရာသီဥတု သာယာတာမဟုတ်ဘူး"

"အင်း ...အင်း ...သွားပြီ"

အမ်ဒီရုံးခန်းကို သံစဥ် အမြန်လာခဲ့ရပါတော့သည်။

အခန်းရှေ့တံခါးဝမှာ ခဏရပ်ပြီး စိတ်ကိုတည်ငြိမ်စေရအောင် အသက်ရှူသွင်းခြင်းကို အာရုံစိုက်၍ လုပ်လိုက်ရသည်။

စိတ်ကလေး အေးငြိမ်းသွားတော့မှ အခန်းတံခါးကို ဖွင့်၍ အထဲဝင်ခဲ့သည်။

ဆုံလည်ကုလားထိုင်နှင့် ကျောပေးထိုင်နေသော သလင်းဖြူခဆီကို ရိုသေစွာ အသံပြုလိုက်ရသည်။

"သံစဥ်ကို ခေါ်တယ်ဆို မမ"

"နင် ငါ့ကို မမလို့မခေါ်နဲ့၊ ဒီကုမ္ပဏီမှာ ငါက ဘာလဲဆိုတာ နင်သိတယ်မို့လား၊ အများခေါ်သလို အမ်ဒီလို့ပဲ ခေါ်"

ချာခနဲလှည့်လာပြီး ပြောလိုက်သောလေသံက မျက်နှာထားတော်နှင့် ထပ်တူထပ်မျှ ပြင်းထန်မာကျောလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်မှာ ကိုယ်ခန္ဓာလေးကို ယို့၍ ပြင်ခေါ်လိုက်ပါသည်။

"ဟုတ်ကဲ့ အမ်ဒီ"

သလင်းဖြူခေါ်မျက်ဝန်းအကြည့်က သံစဉ်တစ်ကိုယ်လုံးမှာ ထွင်းဖောက်မတတ် စူးစူးရဲရဲ။

"ဒီမယ် ငါပြောမယ့်စကားကို နင် သေသေချာချာ နားထောင်"

"ဟုတ် ... ပြောပါ အမ်ဒီ"

"ခု ... ငါပြောမယ့်စကားက နင့်ဘဝကို နင်းချေပစ်နိုင်တယ်၊ ဒါကြောင့် နင့်အသည်းထဲစွဲသွားအောင်အထိ နားထောင်"

ဘဝနှင့်ပတ်သက်ကာ ပြောလာပြီမို့ သံစဉ် ရင်ထိတ်စွာ နားထောင်ရပါတော့မည်။

"နင် ... ဒီကုမ္ပဏီမှာ သိပ်အလုပ်လုပ်ချင်တယ်မို့လား"

"ဟုတ်"

သံစဉ် အမြန်ခေါင်းညိတ်ပြမိသည်။

သည်ကုမ္ပဏီမှာ အလုပ်ဝင်နိုင်ရအောင် ဘယ်လောက်တောင်ကြိုးစားခဲ့ရတယ်ဆိုတာ သံစဉ်ထက် ဘယ်သူမှ ပိုသိကြမှာ မဟုတ်ပါဘူး။

"နင် ဒီကုမ္ပဏီမှာ ဆက်အလုပ်,လုပ်ချင်ရင် ကိုကြီးသြရသနဲ့ လုံးဝမပတ်သက်ပါနဲ့"

"ရှင်"

"မရှင်နဲ့၊ နင့်အဆင့်နဲ့ ကိုကြီးသြရသရဲ့အဆင့်က တူလို့





လား၊ နင့်ဘဝ, နင့်အဆင့်အတန်းကို နင်နားလည်သင့်တယ်"

အလုပ်ကိစ္စနှင့် လုံးဝမပတ်သက်ဘဲ အထင်လွဲမှားမှု တစ်ခုအဖြစ် မမသလင်းဖြူ အစိုးရိမ်ပိုနေတာကို သံစဉ် သိလိုက်ရပါပြီ။

အထင်လွဲမှားမှုအတွက် အမြန်ဖြေရှင်းရပါမည်။

"မဟုတ်ပါဘူး အမ်ဒီ၊ ကိုသြရသနဲ့သံစဉ်က ဘာမှမပတ်သက်ပါဘူး၊ သူ့အပေါ်ကို သံစဉ် ဘာခံစားချက်, ဘာစိတ်ကူးမှ မရှိပါဘူး၊ ယုံပါ အမ်ဒီ"

သူမရဲ့ဖြေရှင်းချက်ကို သလင်းဖြူက ယုံကြည်ပုံမပေါ်။

"ငါ ယုံရမယ် ဟုတ်လား၊ ဒီရက်ပိုင်းတွေအတွင်း နင်နဲ့ ကိုကြီးသြရသတို့ ပြောတာဆိုတာတွေက ဘာတွေလဲ"

"အဲဒါ ... အဲဒါ ... သူ့ဘက်က ..."

"ဖျန်း"

သံစဉ်စကားမဆုံးခင် သလင်းဖြူက လယ်ဂျာစာအုပ်နှင့် စားပွဲခုံကို ရိုက်ပစ်လိုက်ပြီး ...

"မလိုချင်ဘူး၊ သူ့ဘက်တွေ, နင့်ဘက်တွေဆိုပြီး ငါ့ကို လာမပြောနဲ့၊ နင်နဲ့ ကိုကြီးသြရသ လုံးဝမပတ်သက်ရဘူး"

သံစဉ်ဘက်ကို ဖြေရှင်းခွင့်ပေးတော့မည်မဟုတ်မှန်း သံစဉ် သိလိုက်ရသည်။

မမသလင်းဖြူက အချစ်နတ်ဖမ်းစားမှုကြောင့် အမှန်တရားကို လက်ခံနိုင်မည်မဟုတ်ပါ။

အချစ်ဆိပ်သင့်နေသော မိန်းကလေးတစ်ဦးအတွက်



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းမိန်းကလေးတိုင်းကို ရန်သူအဖြစ် မြင်နေမည်ကို သံစဉ် နားလည်စွာ လက်ခံပေးရပါမည်။

"ဟုတ်ကဲ့ပါ အမ်ဒီ၊ ကိုသြရသနဲ့ မပတ်သက်ရအောင် သံစဉ် နေထိုင်ပေးပါ့မယ်"

"အေး ... နင် အလုပ်မပြုတ်ချင်ရင်တော့ အဲဒီအတိုင်းပဲ နေထိုင်၊ ငါပြောတာ ရှင်းတယ်နော်၊ နင်ကလည်း မပတ်သက်အောင်နေ၊ သူ့ဘက်က ပတ်သက်လာရင်လည်း လုံးဝလက်မခံဘဲ အဝေးဆုံးရောက်အောင် ရှောင်ပါ"

"ဟုတ် ... ရှောင် ... ရှောင်ပါ့မယ် အမ်ဒီ"

"အေး ... ဒီနေ့က ဒီအချိန်ကစပြီး နင့်ဘက်ပဲဖြစ်ဖြစ် သူ့ဘက်ကပဲဖြစ်ဖြစ် နည်းနည်းလေး ပတ်သက်တာကို တွေ့တာနဲ့ အလုပ်ပြုတ်ပြီမှတ် ... ဒါပဲ သွားတော့"

"ဟုတ်ကဲ့ ... အမ်ဒီစကားကို သေသေချာချာ နားထောင်ပါ့မယ်"

မမသလင်းဖြူရဲ့သဝန်တို ချစ်ခြင်းတရားအပေါ် နားလည်စွာဖြင့် ဝန်ခံစကားဆိုကာ သံစဉ် ထွက်လာခဲ့သည်။

တံခါးဝအရောက်မှာ ပြင်းထန်လှသော ရာဇသံက လိုက်ပါလာပါသေးသည်။

"ငါ့အကြောင်းကို နင်သိတယ်နော်၊ ငါက ပြောတဲ့စကားကို ပြောတဲ့အတိုင်း လုပ်တတ်တယ်၊ မိဘတွေ ညီအစ်မတွေကို တောင် မှားရင် ငါ ခွင့်မလွှတ်ဘူးဆိုတာ နင် သေသေချာချာ မှတ်သွားပါ"





မိသားစု သံယောဇဉ်ကိုပင် ဖြတ်ရဲသော မမသလင်းဖြူရဲ့ အတ္တမာနသတ္တိကို သံစဉ် သိခဲ့ရပြီးပါပြီ။

တစ်နေ့နေ့မှာတော့ မမသလင်းဖြူရဲ့အတ္တမာနကြီးမားမှုကို ဖြေသိမ့်ပေးနိုင်သော အေးမြသည့်မေတ္တာတရားကို တွေ့ရှိနိုင်လိမ့်မည်ဟု သံစဉ် ယုံကြည်ပါသည်။

မေတ္တာသည်သာ မာန၏အရှင်သခင်ပါ။

မေတ္တာအေးရိပ်အောက်ဝယ် မာနဆိုတာ ကျဆုံးရစမြဲပေါ့။

ထိုယုံကြည်ချက်ဖြင့် ...

မမသလင်းဖြူ၏အတ္တမာနတွေ အရည်ပျော်မည့်နေ့ကို သံစဉ် ယုံကြည်စွာ စောင့်မျှော်၍နေပါမည်။

တင်း ... တောင်

တင်း ... တောင်။

လူခေါ်ဘဲလ်သံကြောင့် သြရသစိတ်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

ယခင်တစ်ခါက အတွေ့အကြုံကြောင့် သူလန့်သွားရခြင်း ဖြစ်ပါလိမ့်သည်။

ပူပြင်းလှသော အလှတရားတွေနှင့် ညှို့ငင်တတ်သော



www.burmeseclassic.com

www.burmeseclassic.com



သလင်းဖြူဖြစ်နေမည်ကို စိုးရွံ့နေခြင်းပေါ့။

ချောင်းကြည့်ပေါက်ကလေးမှ အပြင်ကို ကြည့်လိုက်တော့။

"ဟိုက်"

သူ . . . တကယ်ပဲ လန့်ပြီး နောက်ကိုဆုတ်လိုက်မိသည်။

ကံဆိုးလိုက်တာ အပြင်မှာရောက်သောသူက သလင်းဖြူမှ သလင်းဖြူအစစ်။

တင်း . . . တောင်

တင်း . . . တောင်။

သူ တံခါးဖွင့်မပေးဘဲ ရပ်နေမည်ဟု ဆုံးဖြတ်မိသည်။

လူခေါ်ဘဲလ်သံက ဆူညံစွာ ဆက်တိုက်ပေါ်လာပြန်သည်။ သလင်းဖြူဆိုသော ခပ်ဆိုးဆိုး ကောင်မလေးက တံခါးဖွင့်မပေးမချင်း ခလုတ်ကို ဆက်တိုက်နှိပ်နေဦးမည့်ပုံပါပဲ။

မျက်နှာထားကို အတင်းမာဆုံးပြင်ကာ "နင် . . . ဘာလာလုပ်တာလဲ" ဟု အပြတ်ကောပစ်လိုက်မည် ဆုံးဖြတ်ပြီး တံခါးကို ခပ်ကြမ်းကြမ်း ဆွဲဖွင့်ပစ်လိုက်သည်။

"ဟယ် . . . ကိုကြီး သလင်းကြောင့် အိပ်ရေးပျက်သွားပြီထင်တယ် . . . ဆောရီးနော် ကိုကြီး"

ဘီလူးမျက်နှာကဲ့သို့ ခက်ထန်အောင် တင်းမာထားသော သူ့မျက်နှာကို မြင်နေရသည့်တိုင် သလင်းဖြူက ကြောက်ရွံ့သွားဖို့ ဝေးလာဝေး၊ မျက်နှာကလေးက အပြစ်မရှိသည့်နှယ်၊ ပြီးတော့ . . . လက်ထဲမှာလည်း အိတ်ကြီးနှစ်လုံးနှင့် . . .။





သူ ဘာစကားမှ မကောနိုင်ခင် အပြုံးတစ်ပွင့်ပေးကာ နောက်သို့လှည့်၍ အမိန့်ပေးလိုက်သည်။

"ဟဲ့ . . . ဘာလုပ်နေကြတာလဲ၊ အထဲကို ပို့ပေးရမှာ ဝင်ကြလေ"

သလင်းဖြူကိုကျော်ပြီး သူလှမ်းကြည့်လိုက်တော့ မွေးနေ့ကိတ် ရောမကြီးကို သယ်မထားကြသော ဝန်ထမ်းနှစ်ယောက်။

"ဟင် . . . ဒါက"

မွေးနေ့ကိတ်ကြီးက အလှာအဆင့်အထပ်ထပ်နှင့် လှပစွာ တန်ဆာဆင်ထားသလို ရွှေရောင်ဖယောင်းတိုင်ကလေးတွေကလည်း လှမှလှ။

ဤကဲ့သို့သော မွေးနေ့ကိတ်ကြီးတွေဆိုတာ ဟိုတယ်ကြီးတွေမှာ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား စည်စည်ကားကား ကျင်းပသည့်ပွဲမျိုး၌သာ ဂုဏ်ယူစွာ တည်ခင်းတတ်ကြပါသည်။

"ဒီနေ့က ကိုကြီးရဲ့ဘတ်သ်ဒေးလေ၊ ဒါ့ကြောင့် ဂုဏ်ပြုရအောင် ပြီးခဲ့တဲ့ တစ်ပတ်လောက်တည်းက ကြိုတင်အော်ဒါမှာထားရတဲ့ ဘတ်သ်ဒေးကိတ်လေ ကိုကြီးရဲ့ ကြိုက်တယ် ဟုတ်"

ဝန်ထမ်းနှစ်ယောက်က မွေးနေ့ကိတ်ကြီးကို အထဲရောက်အောင် သယ်မ,နေသဖြင့် သူ အပေါက်ဝမှ နေရာဖယ်ပေးရသည်။

"ဒီမှာ သလင်းဖြူ . . . ဒီနေ့က ကျွန်တော့်ဘတ်သ်ဒေးဆိုတာ ဘယ်လိုလုပ် သိနေတာလဲ"

"သိတာပေါ့ . . . ကိုကြီးက ဘယ်နေ့မှာမွေးတယ်၊ ငယ်



www.burmeseclassic.com

www.burmeseclassic.com



ငယ်တုန်းက ဘာဖြစ်ခဲ့တယ်၊ ကျောင်းနေတုန်းက ဘာဆုတွေရခဲ့တယ်၊ ကိုကြီးအကြိုက်ဆုံး အစားအစာက ဘာ၊ ကိုကြီးအကြိုက်ဆုံး သီချင်းက ဘာသီချင်း၊ ဘယ်ရုပ်ရှင်၊ ဘယ်မင်းသမီး၊ ဘယ်မင်းသားကို အကြိုက်ဆုံးဆိုတာကအစ ကိုကြီးကိုယ်ကိုကြီး သိထားတာထက်တောင် သလင်းက ပိုသိတာပေါ့တကယ်ပြောတာ''

ပိုင်ပိုင်နိုင်နိုင် ပြောရဲနေသော သလင်းဖြူရဲ့အမူအရာကြောင့် သူ အံ့သြသွားသည်ထက်မက စိုးထိတ်သွားရသည်။

ဒီမိန်းကလေး ဘာကြောင့်များ သူ့အကြောင်းကို လိုအပ်တာထက် ပိုသိနေရတာလဲ။

အရူးအမူးစွဲလမ်းခြင်းနှင့် အစွန်းရောက်သော ချစ်ခြင်းတရားတွေဆိုတာ အန္တရာယ်ကြီးမားသောအချစ် ဖြစ်ပါသည်။

အစွန်းရောက်အချစ်တွေကို သူ မကြိုက်ပါ။ ဒီမိန်းကလေးရဲ့အချစ်မီးတောက်တွေ သူ့ထံ မကူးစက်ရအောင် အမြန်ရှောင်ရပါမည်။

''ဒီနေ့က ငါ့ဘတ်သ်ဒေးဆိုပေမယ့် ငါ မွေးနေ့ပွဲကျင်းပဖို့အစီအစဉ်မရှိဘူး၊ ဒါကြောင့် ဒီဘတ်သ်ဒေးကိတ်ကြီးကို ပြန်ယူသွားပါ''

သူ ခပ်ပြတ်ပြတ် ခပ်မာမာပြောလိုက်သော်လည်း သလင်းဖြူက လှည့်တောင်မကြည့်ဘဲ ဝန်ထမ်းနှစ်ယောက်ကို ပိုက်ဆံတွေထုတ်ရှင်းပေးနေပါသည်။

''ဝါ . . . ဟိုနေ့က စရန်ငွေတစ်သိန်းပေးပြီးသားနော်၊





ရော့ . . . ဒါက ကျန်တဲ့ငွေနှစ်သိန်း၊ ပြီးတော့ ဒါက နင်တို့နှစ်ယောက်အတွက် ဘောက်ဆူး''

ငွေတွေက တစ်ထပ်ကြီးဆိုတော့ ဝန်ထမ်းနှစ်ယောက်မှာအရမ်းကို ဝမ်းသာသွားကြပြီး တစ်သိုင်းခ်ယူထဲ သိုင်းခ်ယူကာဆလံပေး၍ ထွက်သွားကြပါတော့သည်။

သူ အလျှော့ပေး၍မဖြစ်ပါ။ ဒါကြောင့် ခပ်မာမာ ထပ်ပြောရသည်။

''မင်း . . . ဘာလုပ်တာလဲ သလင်းဖြူ၊ ဒီနေ့မွေးနေ့ကိုဘုရားမှာ ကုသိုလ်သွားလုပ်မှာကွ၊ ဒါကြီး မလိုဘူး၊ ပြန်ပို့လိုက်ပါ''

သလင်းဖြူက သူ့စကားကို ဂရုမစိုက်ဘဲ အိတ်တွေကိုချကာ မွေးနေ့ကိတ်ကြီးကို ပြင်ဆင်ပြီး ဖယောင်းတိုင်လေးတွေကိုမီးထွန်းပေးဖို့ ပြင်နေသည်။

''ကျွန်တော်ပြောနေတာကို မကြားဘူးလား သလင်းဖြူ''

သည်တော့မှ သလင်းဖြူက အပြုံးမပျက်သော မျက်နှာလေးနှင့် မော့ကြည့်ကာ . .

''ကြားပါတယ် ကိုကြီးရာ . . . ဒါကို ပြန်ပို့လို့မဖြစ်ဘူးနော်''

''ဘာလို့မဖြစ်ရမှာလဲ . . . ကျွန်တော်မှ မလိုချင်တာ၊ ခြော် သိပြီ့ သိပြီ . . . ပိုက်ဆံပေးပြီးသားဖြစ်နေလို့လား၊ ရတယ်သလင်းဖြူ . . . ကုန်ကျထားသမျှ ပိုက်ဆံကို ကျွန်တော် ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပို့မယ်၊ ဘယ်လောက်လဲ . . . သုံးသိန်းလား, ငါးသိန်းလား"

သူက စားပွဲပုလေးပေါ်တင်ထားသည့် ပိုက်ဆံအိတ်ထဲမှ ထုတ်ယူပေးဖို့ ပြင်လိုက်သည်။

"ဒီလောက် ပိုက်ဆံလေးအတွက် မဟုတ်ဘူး ကိုကြီး၊ ဒီဘတ်သ်ဒေးကိတ်ကြီးကို ဘိုးဘိုးကိုယ်တိုင် စီစဉ်ပြီး ပို့ခိုင်းလိုက်တာ၊ ကိုကြီးလက်မခံရင် ဘိုးဘိုး စိတ်ကောင်းမှာ မဟုတ်ဘူး"

တော်တော်လည်သော မိန်းမပါပဲ၊ သူချစ်ကြောက်ရိုသေရသော ဖေဖေနှင့် ချုပ်ကိုင်လိုက်တာမို့ သူ အခက်တွေ့သွားရသည်။

သူ အကျပ်ရိုက်သွားရတာကို သလင်းဖြူက ဝမ်းသာသွားသလား မသိပါဘူး။

ရယ်သံစွက်သော စွာကျယ်ကျယ်အသံကလေးဖြင့် . . .

"လာလေ ကိုကြီး . . . ရွှေဖယောင်းတိုင်လေးတွေကို မီးညှိပေးပါဦး၊ ပြီးရင် ကိုကြီးအတွက် ဘတ်သ်ဒေးသီချင်းကို သလင်းဆိုပြီး ဂုဏ်ပြုရမယ်"

ရင်ထဲမှာ အောင့်သက်သက်ဖြစ်နေရသော်လည်း မွေးနေ့ရှင်က ကိုယ်ကိုယ်တိုင်ဖြစ်နေတာမို့ သည်းခံရပါတော့မည်။

"မွေးနေ့ကိတ်ကြီးကတော့ ဘိုးဘိုး၏စီစဉ်ပေးတာဆိုလို့ လက်ခံနိုင်ပါတယ်၊ မင်းယူလာတဲ့အိတ်တွေက ဘာတွေလဲ၊ မွေးနေ့လက်ဆောင်ဆိုရင်တော့ ဘာလက်ဆောင်မှ ကျွန်တော် လက်မခံဘူးနော်၊ ပြန်ပြီးတော့လည်း လက်ဆောင်ပေးဖို့ အစီအစဉ် မရှိဘူး"





အပြစ်ရအောင်ရှာပြီး မကြည်လင်တာကို သိသွားရအောင် သူ ကြိုးစားကြည့်မိသည်။

"သိပါတယ်နော်၊ ကိုကြီးရဲ့စိတ်ထဲမှာ ဘာတွေရှိတယ်ဆိုတာ သိရအောင် ဘိုးကို မေးပြီးသားပါ၊ ဒီအိတ်တွေက သလင်းရဲ့အဝတ်အစားတွေ ထည့်လာတာပါ"

"ဟင် . . . မင်းအဝတ်တွေ ဟုတ်လား၊ မင်း ဘာလုပ်မလို့လဲ သလင်း"

မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ရှိတဲ့အိမ်ထဲကို အဝတ်အစားအပိုတွေ ယူလာတာမို့ သူ မလန့်သွားဘဲ မနေနိုင်ပါ။

"ကိုကြီးရဲ့မွေးနေ့ပွဲကို ဂုဏ်ပြုပြီးရင် ဘုရားကိုသွားပြီး ကုသိုလ်ပြုဦးမှာ မဟုတ်လား၊ သလင်းက အိပ်ရာက နိုးနိုးချင်း မုန့်တိုက်သွားပြီး မုန့်ယူရတယ်၊ ပြီးရင် ဒီကိုပဲ တန်းလာခဲ့ရတာ၊ ရေမိုးချိုး အဝတ်အစားလဲခဲ့ဖို့ အချိန်မရဘူးလေ"

ရိုးရိုးသားသားပြောနေတာလို့ သလင်းဖြူရဲ့စကားကို သူ မယုံကြည်ရဲပါ။

သူ့မွေးနေ့သည် ဒီလောက်ကြီးကျယ်လောက်တာ မဟုတ်သည်မို့ ဒီလောက်အထိ အရေးတကြီး ဂရုစိုက်စရာမလိုလှပါ။

ဒီမိန်းမ မရိုးသားတာ ထင်ရှားနေပါပြီ။

"ကဲ . . . မီးတွေ အကုန်ညှိပြီးပြီ၊ ဘတ်သ်ဒေးသီချင်းဆိုကြစို့ ကိုကြီး . . . လာ"



www.burmeseclassic.com

www.burmeseclassic.com



ကိတ်မုန့်ကြီးရှေ့မှာ ရပ်နေတာ ဖြစ်နေရဲ့သားနှင့် မလို အပ်ဘဲ လက်ကို အတင်းလာဆွဲခေါ်နေပြန်ပါသည်။

“နေစမ်းပါဗျာ ... ကျွန်တော့်လက်ကို လွှတ်ပါ”

လက်ကို အတင်းဆောင့်ရုန်းလိုက်မှ သလင်းဖြူ လွှတ် ပေးပါသည်။

“ကိုကြီးကလည်း လက်ကလေးကိုင်တာကို ဘာဖြစ်နေ တာလဲလို့၊ ကိုကြီးနဲ့သလင်းတို့က တစ်နေ့ကျရင် ...”

သူမ ဆက်ပြောမည့်စကားကို သူ လုံးဝမကြားချင်ပါ။

“တော်ပြီ ... အဲ့ဒီစကားကို ဆက်မပြောပါနဲ့၊ မင်း ဘတ်သ်ဒေးသီချင်း ဆိုချင်တာမဟုတ်လား ဆိုလေ”

“အင်းပေါ့ ... ကိုကြီးရာ အတူတူဆိုရမှာနော်၊ ကဲ ... ဆိုမယ်”

♫ ဟက်ပီးဘတ်သ်ဒေး ××× တူးယူ ♫

သီချင်းလေးကို စိတ်မပါ,လက်မပါဘဲ ဝတ္တရားကျေရုံမျှ ဝင်ဆိုပေးရသည်။

သီချင်းဆိုတာပြီးတာနှင့် ...

“ကိုကြီးလုပ်လေ ... ဖယောင်းတိုင်တွေကို မှုတ်လေ ... မှုတ် ... မှုတ်”

‘ဖူး ..ဖူး ..ဖူး’

ဝဋ်ကြွေးပေးဆပ်နေရသော သူပမာလို သူ မငြင်းဆန် သာဘဲ ဖယောင်းမီးတွေကို မှုတ်ငြိမ်းလိုက်ရသည်။

‘ဖျောင်း ..ဖျောင်း ..ဖျောင်း ..ဖျောင်း’





သလင်းဖြူပုံစံက မွေးနေ့ရှင်ထက်ပင် ပို၍ပျော်ရွှင်တက် ကြွနေပါသည်။

“ကဲ ... ကိတ်မုန့်လှီးကျွေးဦးလေ ကိုကြီးရဲ့”

ကိတ်မုန့်လှီးသော ဓားကို လက်ထဲလာထည့်ပြန်သည်။

စက်ရုပ်တစ်ရုပ်လို အမိန့်ပေးသည့်အတိုင်း လှုပ်ရှားပြ ရသည့်ပမာ သူ လုပ်နေမိသည်။

“ရော့”

သူက ကိတ်မုန့်ပန်းကန်လေးကို လှမ်းပေးလိုက်ပေမယ့် သလင်းဖြူက လှမ်းမယူဘဲ ပဲများလှသော မျက်နှာလေးကို ယမ်း ခါပြလိုက်ကာ ...

“ဟင့်အင်း ... ကိုကြီး ခွံ့ကျွေး”

သူ့စိတ်ထဲ တင်းသွားရပြီး လက်ကို ပြန်ရုပ်သိမ်းမိလိုက် သည်။ ဒီမိန်းမ လိုအပ်တာထက် ပိုနေပြီလေ။

“ကိုကြီးကလည်း ခွံ့ကျွေးပါလို့ဆိုနေ၊ လုပ်ပါကိုကြီးရဲ့ ခွံ့ပေးပါနော် ... ခွံ့ပေး ... ခွံ့ပေး”

နှုတ်ခမ်းနှစ်လွှာ နီရဲရဲလေးကို ပွင့်အာအာလေးလုပ်၍ သူ့ရှေ့မှာ အတင်းထိုးပေးနေပါသည်။

သူ နောက်ဆုတ်လျှင် ရှေ့ကို ပိုတိုး၍ကပ်လိုက်လာ သည်။

သူ မခွံ့မကျွေးလျှင် ရင်ခွင်ထဲ အတင်းတိုးဝင်ကာ ဘာပဲ ဖြစ်ဖြစ် ပူပူဆာဆာလုပ်မည့်သဘောပါပဲ။

သူ လန့်လာရသည်မို့ ကိတ်မုန့်ကို ဇွန်းကလေးနှင့် အမြန်



www.burmeseclassic.com

www.burmeseclassic.com



ကော်ခပ်၍ ခွံ့ကျွေးလိုက်ရပါတော့သည်။

"ရော့ ... ရော့ စား ... မင်းကွာ တော်တော်ခက်တဲ့ မိန်းကလေးပဲ"

"သိုင့်ခ်ယူ ကိုကြီး ... ဒါကြောင့် ကိုကြီးကိုချစ်တာ"

သလင်းဖြူက ကိတ်မုန့်ကို မဝါးဘဲ မျိုချလိုက်သလား မသိပါဘူး။

ကိတ်မုန့်အပိုင်းလေး ကုန်တာနှင့် သူ ဘာမှမရှောင်တိမ်း နိုင်ခင် ပါးပြင်မှာ အနမ်းတစ်ပွင့် လာထင်စေပါသည်။

"ကိုကြီးက လက်မခံချင်ပေမယ့် သလင်းကတော့ ပေး ရမှာပဲ၊ ဒါ ကိုကြီးအတွက် ပထမဦးဆုံး မွေးနေ့လက်ဆောင်နော် ... မေ့မပစ်ကြေး"

"မင်း ... မင်း ... ဒါ ... ဒါ ဘာလုပ်တာလဲ"

သူ ရှက်စိတ်တွေနှင့် မွန်ထူသွားရသည်။

"အံ့မယ် ... ကိုကြီးကလည်း ယောကျ်ားလေးဖြစ်ပြီး ရှက်နေပြန်ပါပြီ၊ ဘာလဲ ... မကြိုက်ဘူးလား၊ မကြိုက်ရင် ပြန်လျှော်ပေးမယ်လေ ... ရော့"

သလင်းဖြူက အရှက်နည်းစွာဖြင့် မို့ဖောင်းနေသော ပါးပြင်လေးကို သူ့နှာခေါင်းအနီး ကပ်ပေးသည်။

မွှေးပျံ့သော မိတ်ကပ်ရနံ့လေးနှင့်အတူ ကူတ္တိယရနံ့ တစ်ခုက သူ့စိတ်ကို လာ၍မြူဆွယ်၏။

"မင်း ... မင်းကွာ"

သူ အရှုံးပေးသည့်အသွင်ဖြင့် နောက်ကို အမြန်ဆုတ်ခွာ





ပေးရသည်။

"ကြည့် ... ကိုကြီးက ဒါလေးကိုများ ရှက်နေပြန်ပါပြီ၊ ရှက်ပါတယ်ဟေ့ ... ကရော် ကရော်"

သူ့ကို နေထိုင်ရတာ ပိုခက်ရအောင် သလင်းဖြူက လိုက်စ,နေပြန်ပါသည်။

သူ ဘာလုပ်ရမလဲ။ ထွက်ပေါက်ရှာသည့်အနေနှင့် ပါး စပ်ထဲ ပေါ်လာတာကို ပြောလိုက်မိ၏။

"ငါ ... ဘုရားကိုသွားတော့မယ်၊ မင်းလိုက်မယ်ဆို လည်း ပြင်ဆင်တော့၊ ငါ့ကိုလိုက်စပြီး နောက်သလို လုပ်နေမယ် ဆိုရင် နေရစ်ခဲ့"

သည်တော့မှ သလင်းဖြူကို ကိုယ်ရှိန်သတ်သွားကာ..

"အို ... လိုက်မှာ လိုက်မှာ ခဏစောင့်၊ သလင်း ရေချိုးလိုက်ဦးမယ်"

ရေချိုးခန်းရှိသောနေရာကို သိနေသူမို့ သလင်းဖြူက အပြေးကလေး ထွက်သွားပြီး နောက်ကို သမင်လည်ပြန်ပြုကာ လှမ်းပြောလိုက်ပါသေးသည်။

"ကိုကြီးနော် ... သလင်း ရေချိုးနေတုန်း လစ်မပြေးရ ဘူးနော်၊ လစ်ပြေးရင်တော့ သလင်းက အိမ်ကို မပြန်တော့ဘဲ ဒီမှာပဲ တစ်သက်လုံး နေပစ်မှာနော် ... ဒါပဲ"

သူ့အကြံကို ဘယ်လိုများ သိသွားပါလိမ့်။ အံ့သြစွာဖြင့် သူ စိတ်ပျက်သွားရပါသည်။

"အေးပါ ... မင်းသာ ရေမြန်မြန်ချိုးပြီး ထွက်လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

သလင်းဖြူက ရိုးရိုးပြန်လှည့်မသွားဘဲ မျက်ဝန်းတစ်ဖက်ကို မှိတ်ပြပြီးမှ ရေချိုးခန်းထဲ ဝင်သွားပါတော့သည်။

အပျော်စိတ်ကလေးက ရပ်တန့်မသွားဘဲ ရေချိုးခန်းထဲကို ရောက်သည်အထိ သလင်းဖြူ ကြည်နူးနေသည်။

ရှက်တတ်သော ဩရသအသွင်ကြောင့် ရည်းစားမထားဘူးသေးသော လူပျိုရိုင်းကလေးမှန်း သိသာလွန်းလှပါသည်။

လူပျိုရိုင်းကလေးတွေဆိုတာ ချစ်မိသွားရင် အရူးအမူး စွဲလမ်းတတ်တာကို သူမ ကြားဖူးထားပါသည်။

ဤလူပျိုရိုင်းကလေးကို ရူးသွပ်သွားရအောင် သူမ ညို့ချက်ပြင်းစွာ ပြုစားပေးရပါမည်။

သူမရဲ့အယုအယ၊ အကြင်နာစက်ကွင်းဝယ် ဤလူပျိုရိုင်းကလေးကို နစ်မြုပ်စေရပါမည်။

သူမ တစ်ယောက်တည်းကိုပဲ ရူးရူးမူးမူး စွဲလမ်းသွားစေရအောင် မာယာကျော့ကွင်းကို အသုံးပြုရပါတော့မည်။

ရေချိုးခန်းအတွင်းမို့ လွတ်လပ်စွာပင် အဝတ်တွေကို တစ်လွှာချင်း ချွတ်ပစ်လိုက်၏။

ဝင်းဝါသော အသားအရေ၊ စိမ်းမြသော သွေးကြောမျှင်





ကလေးများ၊ ရှိန်းမြန္နူးညံ့သော မွေးညင်းနုနုကလေးများက သူမအလှကို သူမကိုယ်တိုင်ပင် ယစ်မူးသွားစေပါသည်။

အမှိုအမောက် အရှိုက်အဖို ပြေပြစ်လှသောသူမရဲ့အပျိုစင်ခန္ဓာကိုယ်လေးဖြင့် ဩရသဆိုသော ယင်ဖိုရိုင်းကလေးကို သိမ်းပိုက်ရပါတော့မည်။

ယခင် တစ်ကြိမ်က လွတ်မြောက်အောင် ဩရသ ရုန်းထွက်ပါသော်လည်း ဒီတစ်ကြိမ်တော့ လုံးဝမလွတ်မြောက်စေရ။

"ရှင့်အချစ်တွေ သလင်းရဲ့ခြေရင်းမှာ ဝပ်ဆင်းစေရမယ် ကိုဩရသ"

သံန္နိဋ္ဌာန်ခိုင်မာစွာဖြင့် သလင်းဖြူ လှုပ်ရှားမှုတွေ စတင်လိုက်ပါပြီ။

ရေချိုးခန်းတံခါးကို အသာဟလိုက်ပြီး ...

"ကိုကြီးရေ ... ကိုကြီး ... ကိုကြီး"

ဧည့်ခန်းဆီကနေ ပြန်ထူးလိုက်သော ဩရသရဲ့အသံက ငြူငြူစူစူ။

"ဘာလဲ ... ဘာတွေဖြစ်လို့ ဒီလောက် အော်ခေါ်နေရတာလဲ"

ရွှေ့လျားလာသောခြေသံကို မကြားရတာမို့ အသံကို ထပ်မြှင့်ရသည်။

"ဒီမှာ ... ရေပန်းပိုက်က ရေမလာလို့ လာပြီး ကြည့်ပေးပါဦး"

ခြေသံကို စတင်ကြားလိုက်ရကာ လူကတော့ အထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်မလာသေးပါ။

"ဟုတ်လို့လား … စောစောက ကျွန်တော် ရေချိုးတုန်းကတောင် ရေလာနေသေးတာဥစ္စာ"

"သလင်းက ညာပဲ့မလားလို့ လာကြည့်ပေးပါဦးဆိုနေ … ကိုကြီးကလည်း လာကြည့်ပါ"

ဩရသ ရေချိုးခန်းထဲ ဝင်လိုက်တာနှင့် ပင့်ကူအိမ်ကြိုးမျှင်ဝယ် ယင်ဖိုရိုင်းကလေး ရုန်းဖယ်မရအောင် ငြိတွယ်ပစ်လိုက်ဖို့ အသင့်ပြင်ထားလိုက်ပါပြီ။

ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရသည်။

လာပါ … ဝင်ခဲ့စမ်းပါ။ ဩရသအတွက် တစ်သက်တာလုံး ရှုးရှုးမှုးမှုး စွဲမက်သွားစေမည့် အတွေ့ထူးကို ပေးအပ်သွားဖို့ အသင့်ရယ်ပါ။

ခြေသံက ပြန်ဝေးသွားပြီး မီးဖိုဆောင်ဘက်ဆီမှ ရေကျသံတွေ ကြားလိုက်ရသည်။

မီးဖိုဆောင်ထဲက ပန်းကန်ဆေးသော ဘေစင်ကိုဖွင့်ကြည့်လိုက်ဟန်တူသည်။

"ဒီမှာ ရေလာနေသားပဲ၊ ဟော့ သလင်းဖြူ ရေပိုက်ကို သေသေချာချာ ဖွင့်ကြည့်ပါ၊ ရေက လာနေတယ်ကွ"

"ကျစ်"

သူမ မကျေမနပ်နှင့် စုတ်တစ်ချက် ထိုးလိုက်ကာ …

"ရေပိုက်ခလုတ်ကို သေချာဖွင့်ကြည့်တယ် ကိုကြီးရဲ့၊ ဘာဖြစ်မှန်းကိုမသိလို့ လာကြည့်ပေးပါဆို ကိုကြီးကလဲ"





မီးဖိုဆောင်ဘက်က ပြန်ထွက်လာသော ခြေသံကိုကြားလိုက်ရတာမို့ ရေချိုးခန်းတံခါးဝနောက်ကနေ သူမ ရွှေရင်ဖိုကလေး လှိုက်လှိုက်ဖိုဖိုနှင့် အသင့်စောင့်ကြိုနေလိုက်သည်။

"ရေပိုက်ပျက်တာဆိုရင်တော့ ကျွန်တော်လည်း မပြင်တတ်ဘူး၊ သလင်းချို ခဏလောက်စောင့်ပါ၊ ကျွန်တော် အခုပဲ ရေပိုက်ပြင်တတ်တဲ့သူဆီ ဖုန်းဆက်ခေါ်လိုက်ပါ့မယ်"

ခြေသံက ရေချိုးခန်းဆီကို လုံးဝမနီးလာဘဲ ဧည့်ခန်းဆီသို့ ပြန်လည်ဦးတည်သွားပြီမို့ သူမ မကျေမနပ်စိတ်ဖြင့် ခြေဖနောင့်ကို စုံပေါက်ပစ်လိုက်မိသည်။

ရှင် … ဘယ်လောက်ရှောင်နိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့ ကိုဩရသရယ်။

ရေပိုက်မှ ရေသံတွေ တဖြန်းဖြန်းကျအောင် ဖွင့်ချလိုက်ပြီး …

"မခေါ်နဲ့တော့ မခေါ်နဲ့တော့ … ဒီမှာ ရေပန်းပိုက် ပြန်ကောင်းသွားပြီ ကိုကြီး"

"ဟုတ်လား … အဲဒါဆို မြန်မြန်ချိုး၊ ကျွန်တော် ဧည့်ခန်းထဲက ထိုင်စောင့်နေမယ်"

ခြေသံကလေးသာ ဝေးကွာသွားစေရမည်။ ရှင့်ခန္ဓာ၊ ရှင့်နှလုံးသားအကုန်လုံး သလင်းဆီမှာ ကျဆုံးစေရပါ့မယ်။

ရှင်နှင့်ကျွန်မ တစ်သက်လုံး လုံးဝမဝေးစေရဘူး ကိုဩရသ။ ဒီတစ်နည်းကို ရှင်လွတ်မြောက်ပေမယ့် မာယာလေးဆယ်နှောင်းကြိုးအောက်မှာ ရုန်းထွက်နိုင်သော ပုရိသဆိုတာ အရှိယာ



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်မြတ်တွေမှအပ မည်သူမှ မရှိဖူးပါဘူး။

နောက်တစ်ချီ ထောင်ချောက်ဆင်ဖို့ သူမရဲ့ဦးနှောက်ကို အားမြသောရေပန်းရေစက်များနှင့် ဆေးကြောကာ အကြံသစ် ထုတ်နေမိပါပြီ။

❖

ဒီမိန်းမ အကျင့်ယုတ်နေပြီဖြစ်မှန်း ဩရသရဲ့နှလုံးသားက အလိုလို ခံစားမိနေပါသည်။

ရေပန်းအကောင်းကြီးက ရေမလာတော့ဘူးဆိုတာ ယုတ္တိမဲ့လွန်းလှသော ကလေးဦးနှောက် အကြံအစည်ပါပဲ။

ရေပိုက်ပြင်သမားကို ဖုန်းဆက်ခေါ်လိုက်မယ် ဆိုလိုက်တာနှင့် သလင်းဖြူမှာ ရောဂါမှန်၍ တုန်ဆင်းသွားရသည်။

ချေးဘရိမ်းသာသာ ဦးနှောက်ကလေးနှင့် လာ အကဲစမ်းချင်နေတာက ရယ်စရာကောင်းလွန်းလှပါသည်။

သူ ...ရေချိုးခန်းဝင်သွားတာနှင့် ဟိုတစ်နေ့ကထက် ပိုဆိုးရွားမည့် အမြှုအဆွယ်တွေကို တွေ့ရမည်အမှန်ပါ။

သူက ရမ္မက်သွေးသားဆန္ဒ ကင်းမဲ့နေသော သူတစ်ယောက်မဟုတ်ပါ။

ယစ်မူးစေတတ်သော အလှအပကို ယစ်မူးစွာ သူခံစားမိနိုင်မှန်း သိပေမယ့် စောင့်ထိန်းနိုင်သော သမာဓိသိက္ခာဖြင့်





သူ့ကိုယ်သူ ထိန်းချုပ်နိုင်ရပါမည်။

ယခုကဲ့သို့ အတင်းကို ထောင်ချောက်ဆင်နေသော မိန်းမဆိုးလေးတစ်ဦးရဲ့ မာယာကျော့ကွင်းထဲကို မငြိတွယ်မိအောင် သူ ရအောင်ရှောင်တိမ်းရပါမည်။

ရမ္မက်တဏှာဆိုတာ ကိုယ်ကျင့်သီလသိက္ခာကို အရှုံးပေးရစမြဲပါ။

မင်းရဲ့မာယာကို ငါ့ရဲ့ကိုယ့်ကျင့်သိက္ခာနဲ့ အနိုင်ယူပြမယ် သလင်းဖြူ။

မာယာကျော့ကွင်းတွေကို ရှောင်ကွင်းနိုင်ဖို့ စဉ်းစားနေစဉ်မှာပင် သလင်းဖြူရဲ့မာယာမြားခွင့်သံကို ကြားလိုက်ရသည်။

"ကိုကြီးရေ လုပ်ပါဦး ... သလင်းရဲ့အဝတ်အိတ်တွေက ညှိခန်းထဲမှာ ကျန်ခဲ့လို့ လာပို့ပေးပါဦး"

သူ ထိုင်နေရာမှ ဝုန်းခနဲ ထ,ရပ်လိုက်ပြီး ပြန်အော်ပစ်လိုက်သည်။

"မင်းရဲ့မိန်းကလေးအဝတ်အစားတွေကို ကျွန်တော် ကိုင်ပို့ပေးစရာလား၊ အိမ်ထဲက ထွက်ပြီး ကျွန်တော် ရှောင်ပေးမယ်၊ မင်းဘာသာလာယူပြီး လွတ်လွတ်လပ်လပ်သာ အဝတ်လဲပါ ...ဒါပဲ"

ဒါတင်သာမက သလင်းဖြူ ကြားနိုင်လောက်အောင် ခြေသံပြင်းပြင်းကို တမင်နင်းပြ၍ အိမ်အပြင်သို့ သူထွက်လာခဲ့သည်။

အိမ်အပြင်အထိ ထွက်လိုက်လာပြီးတော့ မင်း မြူဆွယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲမှာမဟုတ်ပါဘူး သလင်းဖြူ။

အဲဒီလောက်အထိ မင်း အရှက်နည်းလိမ့်မည် မဟုတ်ဟု ငါ ယုံကြည်ပါသည်။

ဒီလောက်ဆိုရင် မင်းရဲ့မာယာထောင်ချောက်တွေက အရာမထင်, အကျိုးမထိရောက်ဘူးဆိုတာ မင်း နားလည်သင့်ပါပြီ သလင်းဖြူ။

ထိုကဲ့သို့ သူထင်မြင်နေမိခြင်းက သိပ်မကြားလိုက်ပါ။

ပင့်ကူတစ်ကောင်ကဲ့သို့ အကြိမ်ကြိမ် အိမ်ဖွဲ့နိုင်လွန်းလှသော သလင်းဖြူပါပဲ။

ကြည့်လေ ... အော်သံကို ကြားလိုက်ရသည်။

"အား ... အမယ်လေး ကိုကြီးရေ ကိုကြီး ကယ်ပါဦး"

အိမ်ထဲမှာ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ပြေးလွှားသံတွေကိုပါ ကြားလိုက်ရသည်။ ဒီမိန်းမ ဘယ်လိုအကွက်မျိုး ထွင်ပြန်သလဲ မသိပါ။

သူ ပြန်မထူးဘဲ အပြင်မှာပဲ ပေ၍ရပ်နေလိုက်သည်။

သလင်းဖြူဆီက တကယ်ပဲ ကြောက်လန့်နေသော အော်သံကို ကြားရပြန်သည်။

"ကယ်ပါဦး ကိုကြီး ... ဒီမှာ ကြွက်ကြီး ကြွက်ကြီး၊ သလင်း ... အရမ်းကြောက်တယ်"

အခုတလော ... ကွန်ဒိုဝင်းကြီးထဲမှာ ကြွက်တွေသောင်းကျန်းနေတယ်ဆိုတာ ကြားထားမိတာမို့ သူ တကယ်ဖြစ်နေတာလို့ ယုံကြည်လိုက်ပါသည်။





အိမ်ထဲကို သူ ပြန်ဝင်ပြေးခဲ့သည်။

"ဘယ်မှာလဲ ... ဘယ်မှာလဲ အဲဒီကြွက်"

"အမယ်လေး ... ကြောက်တယ် ... ကြောက်တယ် ... သလင်းကို ကယ်ပါဦး ကိုကြီး"

သလင်းဖြူက ပြေးလာပြီး သူ့ရင်ခွင်ထဲ အတင်းတိုးဝင်ကာ လက်နှစ်ဖက်က သူ့ခါးကို အတင်းဖက်ထားပါတော့သည်။

သူမရဲ့ဝင်းဝါရွှန်းလက်နေသော ကုတ္တိယအလှအဖူးအပွင့်တွေက အထင်အရှား၊

လုံးဝန်းဖောင်းမို့သော အထိအတွေ့တွေကလည်း သူ့သွေးသားကို ပူလောင်စေရအောင် အတင်းထိကပ်၍ နှိုးဆွနေပါလေရဲ့။

"နေပါဦး ဖယ်စမ်းပါဦး၊ ဘယ်မှာလဲ အဲဒီကြွက်၊ အဲဒီကြွက်ကို မောင်းထုတ်ပစ်ရမယ်"

သူက သလင်းဖြူရဲ့လက်တွေကို အမြန်ဆွဲခွာသော်လည်း သလင်းဖြူက လုံးဝမလွှတ်ဘဲ ခန္ဓာကိုယ်ချင်းကို အတင်းပဲ ပူးကပ်နေပါတော့သည်။

ဆန့်ကျင်ဘက်အထိအတွေ့က ဆန္ဒရိုင်းတွေဖြစ်ပေါ်လာစေရအောင် သွေးဆောင်နေကြပါပြီ။

သူ ... တစ်ခုခုလုပ်ရပါတော့မည်။ ရမ္မက်နွံအတွင်းကို သူ မနစ်မြုပ်စေရပါဘူး။

ကြွက်ဆိုတာ လိမ်ညာထားသော မာယာထောင်ချောက်တစ်ခုဖြစ်မှန်း သူ သိခဲ့ရပြီမို့ ရုန်းထွက်နိုင်ရအောင် သူ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ရပါတော့မည်။

သူ့မျက်ဝန်းအကြည့်က နံရံဆီ ရောက်သွားသည်။

အလှချိတ်ထားသော ဂျပန်ဓားနှစ်လက်။

"ဖယ်စမ်းပါဦး သလင်း၊ ကြွက်ကို မသောင်းကျန်းနိုင်အောင် သတ်ပစ်ရမယ်"

"ကြောက်တယ် . . . ကြောက်တယ်၊ သလင်းကို ပစ်မထားခဲ့ပါနဲ့"

သလင်းက ကော်နှင့်ကပ်ထားသလို လုပ်နေသည်မို့ ခန္ဓာကိုယ်နှစ်ခု ပူးလျက်ဖြင့် နံရံဆီသို့ရောက်အောင် သူ အားပြုလျှောက်ရသည်။

ကင်ဒိုဓားဆီသို့ လက်ကမ်း၍ ရသည်နှင့် လှမ်းယူလိုက်ကာ မာယာထောင်ချောက်နှင့်ရမ္မက်သွေးပူတွေကို ပြတ်တောက်သွားစေရအောင် သူ့လက်မောင်းကို ဓားနှင့်လှီးချလိုက်ပါတော့သည်။

"အား"

သူ နာကျင်စွာ အော်ဟစ်မိလိုက်သလို သွေးတွေကလည်း ချင်းချင်းနီကာ ပန်ထွက်လာသည်။

"ဟင် . . . ကိုကြီး . . . ကိုကြီး ဘာဖြစ်သွားတာလဲ"

သလင်းဖြူလည်း သွေးတွေကိုတွေ့ပြီး ကြောက်လန့်စွာဖြင့် သူ့ခန္ဓာကိုယ်မှခွာ၍ နောက်ကို အမြန်ဆုတ်သွား၏။

"ကျွန်တော် . . . ကျွန်တော့်လက်ကို ဓားရှသွားပြီ၊ ဆေးခန်း . . . ဆေးခန်းကိုသွားရမယ်"





"သွေး . . . သွေးတွေက အများကြီးပဲ၊ ဟုတ်တယ် . . . ဆေးခန်းကို မြန်မြန်သွားပြမှဖြစ်မယ် ကိုကြီး"

မာယာထောင်ချောက်ထဲက သွေးသားဆန္ဒတွေသည် အခုတော့ ကြောက်လန့်မှုတွေနှင့် ထွက်ပြေးသွားကြပါပြီ။

သလင်းဖြူက အဝတ်အစားတွေကို အမြန်ကောက်ဝတ်လိုက်ပြီး သူ့ကို ရိုးသားစွာ တွဲခေါ်ပါသည်။

"လာ . . . လာ . . . ကိုကြီး သလင်း ကားမောင်းပို့ပါ့မယ်၊ အထူးကုပုဂ္ဂလိကဆေးရုံကြီးကို အမြန်သွားရမယ်"

ပုဂ္ဂလိက အထူးကုဆေးရုံကြီးကိုရောက်တော့ သူ့ဒဏ်ရာက များသည်မို့ (၆) ချက် ချုပ်လိုက်ရသည်။

သလင်းဖြူဆိုသော မာရ်နတ်မင်း၏သမီးပျိုလက်ထဲမှ လွတ်မြောက်ရအောင် ပေးဆပ်လိုက်သော ဒဏ်ရာက သူ့လက်မောင်းမှာ ထာဝရအမာရွတ်ကြီးအဖြစ် တည်ရှိနေရပါတော့မည်။

ထို့နေ့အတွက် သူ မွေးနေ့ကုသိုလ်ပြုရန် ရွှေတိဂုံဘုရားသို့ မသွားဖြစ်တော့ပါ။

ဆေးရုံမှအပြန်လမ်းဝယ် သလင်းဖြူက တကယ်ပဲနောင်တ,ရသွားသလား မသိပါ။

ပူလောင်သောအလှတရားတွေ ကင်းစင်နေသည့်မျက်နှာလေးက သနားစရာ အသွင်ကလေးဖြင့် တောင်းပန်စကားတွေဆိုပါတော့သည်။

"သလင်းကြောင့် ကိုကြီးရဲ့ပျော်စရာမွေးနေ့ပွဲလေး ပျက်သွားရပြီ၊ ဆောရီးပါ ကိုကြီးရယ်၊ သလင်း တကယ်တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်နော်''

''ရပါတယ် ... ကျွန်တော့်ရဲ့ဘဝဝဋ်ကြွေးလို့ပဲ မှတ်ရမှာပေါ့၊ နော် ... ဒီလိုမဖြစ်ရအောင်ပဲ ကျွန်တော် ဆုတောင်းရမှာပါ၊ မင်းအများလို့ ကျွန်တော် မယူဆပါဘူး၊ စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ''

သူ့ဆန္ဒနှင့်သူ့ရပ်တည်မှု ဘဝအနေအထားကို နားလည်စေရအောင် သူပြောလိုက်သည်။

သလင်းဖြူခဆိုသော မိန်းမဆိုးလေးက သူ့စကားအတိမ်အနက်ကို နားမှနားလည်ပါလေစ။

နားလည်နိုင်ပါစေ သလင်းဖြူခရယ်။

ငါ့နှလုံးသားကို စိုးမိုးချင်နေသော မင်းရဲ့ဆန္ဒပြင်းတဲ့ချစ်ခြင်းတွေ နောက်ဆုတ်လိုက်ပါတော့။



## အခန်း (၁၁)

# "ဟိတ်"

ရုတ်တရက်ကြီး သိမ်းကြုံးဆွဲပွေ့ခံလိုက်ရသဖြင့် သလင်းထိတ်လန့်သွားရသည်။

''အံ့မယ်လေး''

ကြောက်လန့်တကြား အော်လိုက်မိပြီးမှ မော့ကြည့်လိုက်တော့ နန္ဒ ဖြစ်နေသည်။

''နန္ဒ ... ဘယ်လိုလုပ်လိုက်တာလဲ''

''လန့်သွားလား ... ဆောရီး''

နန္ဒ ကြောက်လန့်တကြား နိမ့်မြင့်ဖိုလှိုက်နေသော ရင်အစုံကို ဖိပေးရန် လက်ပြင်သည်။

''ယူ ... ဘယ်လိုဖြစ်နေတာလဲ နန္ဒ''

သလင်း လေသံမာမာဖြင့်ပြောရင်း နန္ဒရင်ခွင်ထဲမှ အတင်းရုန်းထွက်လိုက်သည်။

နန္ဒမျက်နှာ တင်းခနဲဖြစ်သွားသည်။

''သလင်း ခုတလော ကိုယ့်အပေါ် အရမ်းပြောင်းလဲသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်၊ ကိုယ် သတိထားမိတယ်၊ ညြရသဆိုတဲ့လူရောက်လာမှ သလင်း ကိုယ့်ကို ရှောင်ဖယ်ဖယ်ဖြစ်နေတယ်''

နန္ဒစကားကြောင့် သလင်း ကိုယ်လေး ဆတ်ခနဲတောင့်မတ်သွားရသည်။

ခုချိန်မှာ နန္ဒကို ယတိပြတ် စွန့်ခွာလို့ မဖြစ်နိုင်သေး။

နန္ဒက သလင်းဖြူခရဲ့ဘဝမှာ အသုံးအတည့်ဆုံး လူသားတစ်ယောက်ဖြစ်သည်။

လက်ညှိုးညွှန်ရာ ဖြည့်ဆည်းပေးတတ်သည့်လူတစ်ယောက်လည်း ဖြစ်သည်လေ။

သလင်း ... နန္ဒမျက်နှာကိုကြည့်ပြီး ပင့်သက်တစ်ချက်ရှိုက်ကာ ...

''မဟုတ်ပါဘူး နန္ဒရယ်၊ သလင်းကို အထင်မလွဲပါနဲ့၊ အခြေအနေအရမို့ပါ''

''အခြေအနေအရ ဟုတ်လား၊ အဲဒီအခြေအနေက ဘာလဲ၊ ကိုယ့်ကိုပြောပြစမ်းပါ သလင်း''

''ဆောရီးပဲ ... နန္ဒ၊ သလင်း ဘယ်သူ့ကိုမှ ပြောပြလို့ မဖြစ်လို့ပါ၊ လောလောဆယ် သလင်းကို နားလည်ပေးဖို့ပဲ တောင်းပန်ပါတယ်''

သလင်း လိမ္မာပါးနပ်စွာ နှစ်သိမ့်ပြုံးလေး ပြုံးပြခဲ့ပြီး နန္ဒရှေ့မှ ရှောင်ထွက်လာခဲ့မိသည်။

နန္ဒဆီမှ တောက်ခေါက်သံတိုးတိုး ကြားလိုက်ရသည်။

လက်သီးကိုကျစ်နေအောင် တင်းတင်းဆုပ်ပြီး နန္ဒ ကျန်





ခဲ့လိမ့်မည်ဆိုတာ သိနေသည်။

မတတ်နိုင်။

သလင်း ပခုံးလေးနှစ်ဖက်ကိုသာ လှုပ်စွာ တွန့်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ကုမ္ပဏီနှင့်အိမ်က သိပ်အဝေးကြီးမဟုတ်တာကြောင့် သံစဉ် ကားစီးမနေတော့ဘဲ လူရှင်းရာ အတွင်းလမ်းမှနေ အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့သည်။

တစ်နေ့လုံး ကုမ္ပဏီထဲမှာ မွန်းကျပ်လှောင်ပိတ်ပြီး ပင်ပန်းနွမ်းနယ်ခဲ့ရသမျှ ညနေခင်းမှာ လေညင်းခံပြီး လမ်းလျှောက်ရတာ သံစဉ်အတွက်တော့ အရသာတစ်မျိုးပဲ ဖြစ်သည်။

"ညနေခင်းရဲ့ လေပြည်ထဲမှာ မေ့ဆံနွယ်တွေ တောင်ပံဖြန့်တဲ့အခါ"

လူရှင်းနေသည်မို့ သံစဉ် သီချင်းကလေးပင် စိတ်လိုလက်ရ ဆိုလိုက်မိသည်။

ထိုစဉ် ...

ဝေါခနဲ အသံကျယ်ကြီးနှင့်အတူ သူမဆီ အရှိန်ပြင်းစွာ တည့်တည့်မတ်မတ် ဝင်လာခဲ့သော ဆိုင်ကယ်လ်တစ်စီးကို တွေ့လိုက်ရလျှင် သံစဉ့်မျက်လုံးများ ပြာဝေသွားခဲ့ရသည်။

ရင်တွေ တဒိန်းဒိန်းခုန်ပြီး ကြောက်လန့်တကြား ဘေး





ကပ်ရှောင်လိုက်သော်လည်း ...

ဆိုင်ကယ်လ်မှာ ရှောင်ရာဘက်ဆီ အတင်းဝင်တိုက်ရန်ကြိုးစားသောအခါ နောက်ဆုံးမှာ ...

သံစဉ်သည် ရှောင်သည့်ကြားမှ ပွတ်ကာ သီကာ တိုက်မိပြီး လဲကျသွားခဲ့ရသည်။

"အား"

နာကျင်လွန်းစွာ အော်လိုက်မိတော့သည်။

ခဏာတွင်းချင်း အနီးပတ်ဝန်းကျင်မှလူများ ပြေးထွက်လာကြသည်။

"ဘာဖြစ်သွားလဲ"

"ဆိုင်ကယ်လ် တိုက်မိတာလား"

မေးသံတွေနှင့်အတူ ဆိုင်ကယ်လ်ကို လှမ်းကြည့်လိုက်ကြတော့ နံပါတ်ပြား တပ်မထားတာ တွေ့လိုက်ရသည်။

"နံပါတ် တပ်မထားဘူး"

"ဘာဖြစ်သွားသေးလဲ"

"ပွတ်တိုက်မိတာပါ၊ အများကြီး မထိုက်မိပါဘူး"

အများကြီး မထိခိုက်မိပါဘူး ဆိုသည့်တိုင် သံစဉ် မထနိုင်။

"အ ... ကျွတ် ... ကျွတ်"

ညည်းညည်းညူညူနှင့် သံစဉ် ပြန်လဲပြိုသွားရသည်။

"နေဦး ... တွဲပေးမယ် ... ဖြည်းဖြည်းချင်းထ"

"ဆေးခန်းသွားမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့်နေကြသူများမှ သံစဉ်ကို တွဲထူပေးကြကာ ဆေးခန်းပို့ရန် စီစဉ်ပေးကြသည်။

သံစဉ်မှာတော့ စဉ်းစားမရနိုင်။

ဘာဖြစ်လို့များ သူမမှာ ရန်သူရှိနေရတာလဲ။

သူမကို အငြိုးတကြီးနှင့် ဘယ်လိုလူမျိုးကများ မုန်းမုန်းတီးတီးနှင့် သေစေချင်နေရတာလဲ။

အတွေးများစွာဖြင့် သံစဉ်စိတ်တွေ ပူလောင်လာရတော့သည်။

ကိုယ့်ရဲ့အသက်အန္တရာယ် လုံခြုံရေးအတွက်လည်း ကြောက်ရွံ့အားငယ်လာမိတော့သည်။

သံစဉ်ကို အငြိုးတကြီးနှင့် သေစေချင်နေသည့်ရန်သူဟာ ဘယ်သူများလဲ။



## အခန်း (၁၃)

ကွက်လပ်ဖြစ်နေသောနေရာကလေးကို ကြည့်ကာ ဩရသ သက်ပြင်းခိုးရှိုက်လိုက်မိသည်။

သံစဉ်ချိုချို ရှုံးမတက်တာ သုံးရက်တိတိရှိပြီ။

ဘာများဖြစ်လို့ပါလိမ့်။ နေမကောင်းလို့များလား။

ထိုနေရာကွက်လပ်ကလေးကို ခဏခဏ ကြည့်မိလျက် အလုပ်လုပ်ရတာပင် သူ့မှာ စိတ်မဖြောင့်။

အိမ်ကို လိုက်သွားပြီး သတင်းမေးရင် ကောင်းမလား။

တွေးမိသော်လည်း မသင့်တော်ဘူး ... ဟု စဉ်းစားမိပြန်သည်။

သူ့ကိုများ တမင်ရှောင်နေတာလား။

စိုးရိမ်စွာ ဆူလိုက်မိသည့်အတွက် အများရှေ့မှာမို့ ရှက်ရွံ့သွားခဲ့လေသလား။

ဩရသမှာ ထိုကွက်လပ်ကလေးကိုပဲကြည့်ကာ ဘယ်လိုမှ နေလို့ထိုင်လို့မရအောင် ကောင်မလေးကို သတိရနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟား ...
ကိုယ် ဘယ်လိုလုပ်ရမှာလဲ ကောင်မလေးရယ်။
အရမ်းတွေ့ချင်တယ်။

ဘယ်လောက်မှ မဝေးဘဲပါလျက် မသင့်တော်ဘူးဆိုသော အသိတရားဖြင့် တွေ့ချင်စိတ်ကို မျှိုသိပ်ထားခဲ့ရသော သူ့ကို ကံကြမ္မာက သနားသည်ထင်ပါရဲ့။

လုံးဝ မမျှော်လင့်နိုင်စွာ ဖေဖေ့အတွက် ဆေးဝယ်ရန် ပုဂ္ဂလိကဆေးရုံတစ်ခုထဲအဝင် ...

ကောင်မလေးကို ရုတ်တရက် တွေ့လိုက်ရလျှင် သူ အရမ်းကို အံ့ဩဝမ်းသာသွားခဲ့ရသည်။

ဆေးဝယ်လက်စကိုပင် ကောင်တာမှာထားခဲ့လျက် ကမန်းကတန်း ပြေးလိုက်ခေါ်မိသည်။

"သံစဉ်ချို ... သံစဉ်ချိုချို"

နောက်မှ တကြော်ကြော်ခေါ်လိုက်သော အသံသြကြီးကြောင့် သံစဉ် တအံ့တသြ လှည့်ကြည့်သည်။

"ဟင် ... ဦးသြရသ"

သံစဉ်က မထင်မှတ်ထားသောနေရာမှာ တွေ့လိုက်ရသည်မို့ တအံ့တသြဖြစ်သွားရသလို၊ သြရသမှာလည်း သံစဉ့်





မျက်နှာကို နီးကပ်စွာတွေ့လိုက်ရလျှင် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

"သံစဉ်ချို မင်းမျက်နှာ ဘယ်လိုဖြစ်တာလဲ"

နူးညံ့ကြည်စင်လှသော မျက်နှာကလေးပေါ်မှ ပွန်းပဲ့ခြစ်ရာများကြောင့် သြရသ ရင်ထဲဆို့နင့်သွားရသည်။

သံစဉ် ခေါင်းကလေးငုံ့ကာ မျက်နှာပေါ်မှ ကောင်းကောင်းမကျက်ချင်သေးသော ဒဏ်ရာများကို လက်ချောင်းများဖြင့် ဖွဖွအုပ်ကိုင်မိလျက် ...

"ဟို ... ချော်လဲတာပါ"

"ကျစ် ... မညာနဲ့ ဒါ ချော်လဲတဲ့ပုံစံမဟုတ်ဘူး၊ မှန်မှန်ပြော ... ဘာဖြစ်တာလဲ"

ကိုယ့်မျက်နှာပေါ်က ဒဏ်ရာတွေကိုကြည့်ကာ အရမ်းကြီးကို စိတ်မကောင်းဖြစ်နေပုံနှင့် မျက်စိပျက် မျက်နှာပျက်ကြီးဖြစ်ပြီး အမှန်အတိုင်း မသိရမချင်း ဖွတ်မေးမည့်ပုံကြီးကြောင့် သံစဉ် အသံတိမ်တိမ်ကလေးဖြင့် ဝန်ခံလိုက်ရတော့သည်။

"ဆိုင်ကယ်လ်တိုက်မိတာ"

"ဘာ"

ထိတ်လန့်တကြား အော်လိုက်သံကြောင့် သံစဉ့်ကိုယ်လေးတောင် တုန်သွားရသည်။

"ဆိုင်ကယ်လ်တိုက်မိတာ ဟုတ်လား၊ မင်းကို ကိုယ်ကတိတောင်းထားတယ်လေ၊ ဘာကိုမှ ပေါ့ဆဆဆမလုပ်ပါနဲ့၊ နမော်နမဲ့ မနေပါနဲ့ဆိုတာ၊ ဆိုင်လ်ကယ်တစ်စီးလုံးတောင် တိုက်



www.burmeseclassic.com

www.burmeseclassic.com



ရအောင် မင်း လမ်းကို ဘယ်လိုများလျှောက်သလဲ''

အသံကျယ်ကြီးနှင့် လူရှေ့သူရှေ့မရှောင် အဆူခံလိုက်ရပြန်သဖြင့် သံစဉ် မျက်ရည်တွေ အိခနဲဝိုင်းသွားရသည်။

မျက်ရည်ဝဲကလေးဖြင့်ပင် ပြန်ရှင်းပြနေမိသည်။

''ဟို ...သံစဉ် နမော်နမဲ့လျှောက်လို့ မဟုတ်ပါဘူး၊ လမ်းအရှင်းကြီးမှာ ရှောင်ရဲ့သားနဲ့ တမင်လိုက်တိုက်တာ၊ ပတ်ဝန်းကျင်ကလူတွေ သိပါတယ်''

''တမင်လိုက်တိုက်တာ ဟုတ်လား၊ မင်းနံပါတ် မှတ်မိလား''

''without ဆိုင်ကယ်လ်''

''သံစဉ်ချိုချို ...ပြောစမ်း မင်းမှာ ဘယ်လိုရန်သူတွေရှိနေလဲ ...ဟင်၊ မင်းကို ဆိုင်ကယ်လ်နဲ့ တမင်လိုက်တိုက်ပြီးသတ်ချင်ရအောင်''

မေးပုံမှာ စိုးရိမ်တကြီး။

သံစဉ်မှာ ကိုယ့်ကို ဂရုတစိုက် စိုးရိမ်ပေးဖော်ရှိနေတဲ့အဖြစ်ကြောင့် အရမ်းကို ဝမ်းနည်းစိတ်ထိခိုက်သွားရပြီး ...

''ဟင့်အင်း ...သံစဉ်မှာ ဘယ်လိုရန်သူမှ မရှိပါဘူး''

သံစဉ် မျက်ရည်အဝဲသားလေးနှင့် ငြင်းနေမိသည်။

''ရန်သူမရှိဘဲ မင်းကို ဘယ်သူက ဆိုင်ကယ်လ်နဲ့ လိုက်တိုင်ရမှာလဲ၊ မင်း ...ကိုယ့်ကို ဘာမှဖုံးကွယ်မထားဘဲ အမှန်အတိုင်းဝန်ခံစမ်းပါ သံစဉ်ရယ်''

''မရှိပါဘူး ...မရှိပါဘူးဆို၊ သံစဉ့်မှာ တခြားစိတ်ဆင်း





ရဲစရာတွေ ရှိနေပါတယ် ဦးသြသရယ်၊ သံစဉ်ကို ပိုပြီး စိတ်ဆင်းရဲရအောင် မလုပ်ပါနဲ့''

ပြောရင်းမှ သံစဉ် ကိုယ့်ဘဝကို မချိတင်ကဲဖြစ်မိလျက်မျက်ရည်ပေါက်ကြီးများ တားမရအောင် လိမ့်ဆင်းစီးပြိုလာရတော့သည်။

သံစဉ် ခေါင်းကလေးငုံ့ကာ ဝမ်းပန်းတနည်းငိုကြွေးတာမြင်လိုက်ရတော့လည်း ပျာပျာသလဲဖြစ်သွားရသူက သြရသပင်။

''ဟာ ...မငိုပါနဲ့, မငိုပါနဲ့ သံစဉ်ရယ် ...ကိုယ်မသိလို့ပါ၊ ကိုယ် မင်းကို ဆူနေတာ မဟုတ်ပါဘူး၊ ကိုယ် မင်းအတွက်အရမ်းကို စိုးရိမ်နေမိလို့ပါ၊

ကိုယ့်ကို ပြောပြပါလား သံစဉ်ချိုချို၊ မင်းမှာ ဘယ်လိုစိတ်ဆင်းရဲစရာတွေ ရှိနေလဲဟင်''

သံစဉ်သည် သူ စိုးရိမ်တကြီးမေးလာခဲ့လျှင် တစ်ချက်ရှိုက်မိလျက် ...

''မေမေ ...မေမေလေ ...''

''မင်းမေမေ ဘာဖြစ်လို့လဲ သံစဉ်''

''မေမေ အခြေအနေမကောင်းဘူး၊ ဒီမှာ လာကုနေတာ၊ မေမေ့ကျောက်ကပ်က အရမ်းကို အခြေအနေဆိုး''

သံစဉ်ပြောနေရင်းမှ လုံးဝစကားမဆက်နိုင်တော့။

ခုတင်ပေါ်မှထိုင်ရ,ထရပင် ခက်နေပြီဖြစ်သော မေမေ့ပုံစံကို ပြန်မြင်ယောင်မိလျှင် သံစဉ် အရမ်းကိုစိတ်ထိခိုက် ဆို့နင့်သွားရပြီး ရှိုက်ကြီးတငင်ငိုချလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်မျက်ရည်များကိုမြင်လျှင် ဩရသမှာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ...

"သံစဉ် အရမ်းကို အားငယ်နေလားဟင် ကိုယ်ရှိပါတယ် သံစဉ်ရယ်၊ လိုအပ်တာမှန်သမျှ ကိုယ် အားလုံးကူညီပါ့မယ်၊

သံစဉ့်မှာလည်း ဒဏ်ရာတွေနဲ့၊ သံစဉ့်မေမေကို တစ်ယောက်တည်းပြုစုနေရရင် သံစဉ် အရမ်းပင်ပန်းမှာပေါ့၊

ကိုယ် ကုမ္ပဏီက ဝန်ထမ်းတွေကို လွှတ်လိုက်မယ်နော်၊ သံစဉ် အနားရအောင်"

"ဟင့်အင်း ... ဟင့်အင်း"

သံစဉ် မျက်ရည်များကြားမှ ထိတ်ထိတ်ပျာပျာပင် ငြင်းသည်။

"ဟင့်အင်း ... ဘယ်သူမှမပြောပါနဲ့ ဦးဩရသရယ်၊ သံစဉ် တစ်ယောက်တည်း မေမေ့ကို ပြုစုနိုင်ပါတယ်၊ ဒီမှာ နာ့စ်တွေကလည်း ကောင်းကြပါတယ်"

"မဟုတ်သေးဘူးလေ ... အရေးအကြောင်းရှိ သံစဉ်မှာ အဖော်ရအောင်"

"ဟင့်အင်း ... ဟင့်အင်း မလိုပါဘူး၊ အရင်လည်း သံစဉ်တို့သားအမိနှစ်ယောက်ထဲ ဒီလိုပဲ ရင်ဆိုင်ဖြေရှင်းနေကျပါ၊ သံစဉ့်အတွက် စိတ်မပူပါနဲ့၊ သံစဉ် နေသားကျနေပါပြီ ...၊

သံစဉ် ဘယ်သူ့ကိုမှ ဒုက္ခမပေးပါရစေနဲ့၊ မေမေ့အခြေအနေကို ကျေးဇူးပြုပြီး ကုမ္ပဏီမှာ ဘယ်သူမှမသိအောင် ဦးဩရသ လျှို့ဝှက်ပေးထားပါနော် ...၊





ဦးဩရသရဲ့စေတနာကို သံစဉ် ကျေးဇူးတင်ပါတယ်"

ဩရသမှာ ဘာကြောင့်မှန်းမသိ ခါးခါးသီးသီးငြင်းဆန်နေသော ကောင်မလေးကို နားမလည်နိုင် ဖြစ်နေမိသည်။

"ဦးဩရသ ဆေးလာဝယ်တာထင်တယ်၊ သံစဉ်လည်း မေမေ့ဆီ သွားတော့မယ်"

ချက်ချင်းပင် စကားစ,ဖြတ်ပြီး လှည့်ထွက်သွားသော သံစဉ့်ကျောပြင်ကိုကြည့်ကာ ဩရသမှာ သက်ပြင်းသာ ရှိုက်လိုက်မိတော့သည်။

သံစဉ်ချိုချိုဟာ သူတို့သားအမိနှစ်ယောက်ရဲ့ဘဝကို ဘာလို့များ လျှို့ဝှက်ဖုံးကွယ်ထားချင်ရတာလဲ။ ဩရသအတွက် အတွေးများစွာ ကပ်ငြိပါလေစေတော့သည်။

သူ ... နားမလည်စွာ လှည့်ထွက်သွားတာကို သံစဉ် သိလိုက်ပါသည်။

ဘာဖြစ်လို့များ ဒီနေရာမှာ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတာပါလိမ့်။

တကယ်တော့ သံစဉ်တို့သားအမိနှစ်ယောက်ရဲ့အခြေအနေကို ဘယ်သူ့ကိုမှ မသိစေချင်။

အထူးသဖြင့် ... မမသလင်းဖြူကို ပိုပြီး မသိစေချင်။



www.burmeseclassic.com

www.burmeseclassic.com



မမသလင်းဖြူနှင့် သံစဉ်တို့ရဲ့ကြားမှာ ဘယ်သူမှ မသိသည့် ဆက်သွယ်ပတ်သက်မှုများ ရှိခဲ့၍ပင်။

တကယ်တော့ ...

မမသလင်းဖြူဆိုတာ ...



## အခန်း (၁၄)

တကယ်တော့ ...

'သလင်းဖြူခ'ဆိုတဲ့ မမသလင်းဖြူဟာ သူရိန်ခကုမ္ပဏီ ပိုင်ရှင်သူဌေးကြီးဦးသူရိန်ခ ပြန်လည်ရှာဖွေ၍ မတွေ့သေးမီ အချိန်ကာလတုန်းက ...

သံစဉ့်မေမေ ဒေါ်စောကြည်ဖြူရဲ့သမီး ဖြစ်ခဲ့ဖူးသူပင်။

သို့သော် ...

မမသလင်းဖြူဟာ မေမေ့ရဲ့သမီးအရင်တော့ မဟုတ်ခဲ့။

သမီးအရင်းကဲ့သို့ မေမေချစ်ခဲ့ရသော မေမေ့ရဲ့မွေးစားသမီးဖြစ်သည်။

သူဌေးကြီးဦးသူရိန်ခရဲ့မြေးမှန်း သိခဲ့ရသောအခါမှာ သံစဉ် အရမ်းကိုအံ့သြပြီး ဝမ်းလည်းနည်းခဲ့ရပါသည်။

"မေမေ ... မမက အဲ့ဒီသူဌေးကြီးရဲ့မြေးဆိုတော့ သမီးလို မေမေ့သမီးအရင်း မဟုတ်ဘူးပေါ့နော်"

မေမေ့ရဲ့ဝမ်းနှင့်လွယ်၊ တစ်အူတုံဆင်း ညီအစ်မမဟုတ်တော့ဘူးဆိုသည့်အသိဟာ သံစဉ်အဖို့ မေမေ့ရင်ခွင်ထဲမှာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်များ ပိုးပိုးပေါက်ပေါက်ကျစေခဲ့သည်။

မေမေ့ခများလည်း သံစဉ့်အမေးကို နှုတ်မှပင် ပြန်မဖြေနိုင်ရှာ။

မျက်ရည်များကျရင်းက ခေါင်းပဲ ညိတ်ပြနိုင်ခဲ့သည်။

''ဒါဆို . . . မမက သမီးတို့နဲ့ အတူတူမနေတော့ဘူး ပေါ့နော်၊ အဲ့ဒီသူဌေးကြီးနောက် လိုက်သွားတော့မှာပေါ့နော်''

''ဒါပေါ့ကွယ်၊ သူ့အဘိုးခေါ်တဲ့နောက် လိုက်သွားမှာပေါ့''

''ဟင့်အင်း . . . ဟင့်အင်း မမကို မခွဲနိုင်ဘူး၊ သမီး မမကို မခွဲနိုင်ဘူး၊ မမကို မထည့်လိုက်ပါနဲ့ မေမေရယ်နော်''

သံစဉ် မျက်ရည်တွေကြားက ခါးခါးသီးသီး တောင်းဆိုတော့ သံစဉ့်ကိုပွေ့ပိုက်ရင်း မေမေ မထိန်းသိမ်းနိုင်စွာ သည်းသည်းထန်ထန် ငိုကြွေးလေတော့သည်။

''သမီးရယ် . . . မေမေလည်း ဘယ်ထည့်ချင်ပါ့မလဲ၊ ဒါပေမဲ့ သမီးမမ ဘဝကောင်းစားဖို့ မေမေတို့ ခွဲကြရမှာပေါ့၊

နော် သမီးလေး၊ သမီးမမ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနဲ့ နေရမှာကို မေမေနဲ့သမီးက ဝမ်းသာပေးရမယ်လေ၊

သူ သွားပါစေနော် သမီး''

မေမေ အဲ့လိုနှစ်သိမ့် ဖျောင်းဖျတော့လည်း ချမ်းချမ်းသာသာ မြင့်မြင့်မားမားနေရတော့မည့် မမဘဝအတွက် သံစဉ် ဝမ်းသာမိပါသည်။

သို့သော် . . .





သားအမိသုံးယောက် ရှိခဲ့သည့်ဘဝမှာ မမ့တစ်ယောက်တည်း ခွဲထွက်သွားမယ့်အဖြစ်ကိုတော့ မေမေနှင့်သံစဉ် ယူကျုံးမရ နာကျင်ကြရပါသည်။

သံစဉ်နှင့်မေမေကသာ ထိခိုက်ခံစားရသလောက် ကာယကံရှင်ဖြစ်သော မမသလင်းဖြူကတော့ ခွဲခွာရမယ့်အဖြစ်အတွက် သိပ်ခံစားရပုံမပေါ်။

ချမ်းချမ်းသာသာနေရတော့မည့် ဘဝကိုသာ မျှော်တွေးပြီး ကြည်နူးနေလေတော့သည်။

''မိသံစဉ် . . . နင်က ဘာလို့ငိုနေရတာလဲ၊ ငါ ချမ်းချမ်းသာသာနေရတော့မှာကို ဝမ်းသာပေးစမ်းပါဟာ၊ ငိုမနေစမ်းပါနဲ့''

မမသလင်းဖြူရဲ့နှစ်သိမ့်စကားကို သံစဉ် နာကျင်ခဲ့ရပါသည်။

''ဝမ်းတော့ သာတာပေါ့ မမရယ်၊ ဒါပေမဲ့ မမနဲ့ခွဲရမှာကို သံစဉ် မခံစားနိုင်ဘူး၊ သံစဉ် မမနဲ့မခွဲနိုင်ဘူး''

''အောင်မလေး မခွဲနိုင်လည်း တစ်နေ့ လူဆိုတာ ခွဲကြရမှာပါဟာ . . . ငိုမနေနဲ့၊ ငါချမ်းသာတော့ နင်နဲ့မေမေ့ကို ပြန်ကြည့်နိုင်တာပေါ့ မဟုတ်ဘူးလား၊ ဒါ ဘယ်လောက်ကံကောင်းတဲ့ အခွင့်အရေးလဲ၊ မဟုတ်ရင် ငါတို့သုံးယောက်ရဲ့ဘဝဟာ ဒီလိုပဲ နိမ့်ကျနေမှာပဲ''

သံယောဇဉ် စကားတစ်လုံးမှ မပါသည့် မမရဲ့အတွေးအပေါ် အယူအဆတွေကို သံစဉ် အံ့ဩဘနန်း ဖြစ်ခဲ့ရသည်။

''မေမေလည်း ငိုမနေတော့နဲ့နော်၊ သမီး မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့မှာပါ၊ ပြီးတော့ . . . မေမေ့အနားမှာ သံစဉ် ရှိနေမှာပဲ၊ သမီး စိတ်ချပါတယ်''

''အို . . . သမီးရယ် ညီမလေးနဲ့ မေမေ့ကို စိတ်ချတယ် ဟုတ်လား၊ အေး . . . အေးလေ သမီး စိတ်ချမ်းသာဖို့ကသာ အဓိကကျတာပေါ့၊ သူဌေးကြီးဦးသူရိန်ခရဲ့မြေးဘဝမှာ ငါ့သမီးကြီး ပျော်ပါစေလို့ မေမေ ဆုတောင်းပေးပါတယ်''

မမကို ကြေကြေကွဲကွဲ ငေးရီနေသည့် မေမေ့ရဲ့မျက်ဝန်း တွေထဲက နက်ရှိုင်းလှို့ဝှက်လှသည့် အဓိပ္ပာယ်တွေကို သံစဉ် အဲ့ဒီအချိန်တုန်းက မဖတ်တတ်နိုင်ခဲ့။

နားလည်း မလည်နိုင်ခဲ့ပါ။

❖

အဲ့ဒီနောက်

မမသလင်းဖြူ သူဌေးကြီးဦးသူရိန်ခရဲ့မြေးအဖြစ် လိုက် ပါပြောင်းရွှေ့သွားခဲ့ပြီး . . .

သူမ,ပြောခဲ့သည့် ကတိစကားအတိုင်းပင် သိပ်မကြာမီ မှာ မေမေ့ဆီသို့ ရှေ့နေတစ်ဦး ရောက်ရှိလို့လာခဲ့သည်။

''ကျွန်တော် . . . သလင်းဖြူခက လွှတ်လိုက်လို့လာခဲ့ တာပါ၊ သလင်းဖြူခ,က ဟော့ဒီက ဒေါ်စောကြည်ဖြူကို မွေးစား စောင့်ရှောက်ခဲ့တဲ့ကျေးဇူးတရားအတွက် တုံ့ပြန်ထောက်ပံ့လိုက်ပါ





တယ်၊ လက်ခံပေးပါ''

ရှေ့နေကြီးက မေမေ့အဖို့ တစ်သက်နှင့်တစ်ကိုယ် ကိုင် ခဲ့ဖူးမှာမဟုတ်သည့် ငွေပမာဏကို ပေးလေလျှင် . . .

မေမေသည် ထိုငွေအထပ်လိုက်ကို ငေးကြည့်လျက် . . .

''ဩော် . . . မွေးစားစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရား အတွက် တုံ့ပြန်ထောက်ပံ့လိုက်သတဲ့လား''

မေမေ့အသံမှာ ကြေကွဲနာကျင်၍နေပါသည်။

''ဒါနဲ့ . . . သူ ပျော်ရဲ့လားဟင်''

''ဟုတ်ကဲ့ . . . ပျော်ပါတယ်ခင်ဗျ၊ အစ်မကြီး ဒေါ်စော ကြည်ဖြူ အုပ်ထိန်းသွန်သင်ခဲ့တဲ့အတိုင်း အင်မတန် လိမ္မာရေး ခြားရှိတဲ့ကလေးပါ၊

အဘိုးဖြစ်သူအပေါ် သိပ်ကို သိတတ်ပါတယ်၊ သူဌေးက လည်း အရမ်းကိုချစ်ပါတယ်၊ သလင်းဖြူခဟာ အင်မတန် ကံ ကောင်းတဲ့ကလေးပါ''

''ဩော် . . . ဩော် . . . သလင်းဖြူခ ဖြစ်သွားပြီပေါ့''

မေမေ ပြုံးသည်။

မေမေ့အပြုံးသည် ညှိုးနွမ်းနေပါသည်။

ဖေဖေ့ရဲ့နာမည် ဦးလင်းဇော်မှ 'လင်း'နှင့် မေမေ့နာမည် ဒေါ်စောကြည်ဖြူမှ 'ဖြူ' တို့ကို ရောယှက်ပေါင်းစပ်ပေးခဲ့သည့် 'သလင်းဖြူ' ဆိုသည့် နာမည်လေးရဲ့နောက်မှာ သူဌေးဦးသူရိန်ခ ဆီမှ 'ခ' တစ်လုံး ထပ်ဖြည့်လိုက်တော့ နာမည်လေးက ပိုပြီး ပြည့်စုံတောက်ပသွားသလို ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီးပြန်သွားလျှင် . . . ပိုက်ဆံအထပ်လိုက်ကြီးကို ကြည့်ကာ သံစဉ်မှာ ဟန်မဆောင်နိုင်ဘဲ . . .

''အံမယ်လေး . . . ငွေတွေမှ မနည်းမနောဘဲနော် မေမေ''

''ဒါ . . . ညည်းမမအတွက် မုန့်ဖိုးသာသာပဲ ရှိတာပါ အေ''

''ဟယ် . . . ဟုတ်လား''

သံစဉ် တကယ်အံ့ဩခဲ့ရပါသည်။

''မမက . . . စကားတော့ တကယ်တည်တယ်နော် မေမေ၊ သမီးနဲ့မေမေ့ကို စောင့်ရှောက်မယ်ဆိုတဲ့စကားအတိုင်း ငွေတွေကို ပို့ပေးလိုက်တာပဲ''

''ငါက . . . ငွေထက် လူကို ပိုတွေ့ချင်တာပါ''

''ရှင်''

သံစဉ် ပါးစပ်အဟောင်းသားလေး ဖြစ်ခဲ့ရသည်။

''ရှေ့နေကနေတစ်ဆင့် မေးခိုင်းတာကတော့ ညည်း အစ်မက စိမ်းကားလွန်းပါတယ်''

မေမေ ရင်နာသလို ပြောသည်။

မေမေ့ကြည့်ရသည်မှာ တစ်ခေါက်မှပင် ပြန်လာလည် ဖော်မရတော့သည့် မမသလင်းဖြူအတွက် ကျိတ်ပြီး ပူဆွေးနေသလိုရှိသည်။

ဘာပဲဖြစ်ဖြစ် . . . မမသလင်းဖြူ ပို့ပေးခဲ့သည့်ငွေဖြင့် သံစဉ်တို့ လက်ရှိနေထိုင်နေသည့် ကန်ထရိုက် တိုက်ခန်းလေးကို





ဝယ်ယူနိုင်ခဲ့သည်။

အဲ့ဒီနောက်မှာလည်း . . .

လူကိုယ်တိုင် တစ်ခါမှ မလာခဲ့ပေမယ့် မေမေ့ဆီကို အသုံးစရိတ်တော့ဖြင့် လစဉ် လတိုင်း ပို့ပေးခဲ့လေသည်။

''သူ ချမ်းသာခွင့်ရသလို ငါတို့ကိုလည်း ထောက်ပံ့ကြည့်ရှုပါ့မယ်ဆိုတဲ့ စကားနဲ့တော့ တည်ပါရဲ့၊ ဒါပေမဲ့ . . . မျက်နှာကလေးတောင် တွေ့ခွင့်မရတော့တဲ့အဖြစ်ကတော့ ဆိုးလွန်းပါတယ်အေ''

မေမေ ယူကျုံးမရစွာ ပြောသည်။

သံစဉ်ကိုယ်တိုင်လည်း နေစိမ့်နိုင်လွန်းလှသည့်မမကို အံ့ဩနေမိသည်။

''မမကို သူဌေးဦးသူရိန်ခက ဒီကို မလွှတ်လို့များလားဟင် မေမေ''

သံစဉ် ကလေးဆန်စွာ တွေးမိခဲ့သည်။

''မဖြစ်နိုင်ပါဘူးအေ၊ သူဌေးကတော့ ဒီလောက်သဘောထားသေးသိမ်မယ် မထင်ပါဘူး၊ သူကိုယ်တိုင်ကိုက ဘဝမေ့ပြီး ငါတို့ဆီ မလာချင်လို့ ဖြစ်မှာပါ''

''မမက ဘဝမေ့သွားပြီ ဟုတ်လား''

''အေးပေါ့ . . . ဘဝမေ့သွားလို့ပေါ့၊ ငါကတော့ ဖြစ်နိုင်ရင် သူပို့ထားတဲ့ အသုံးစရိတ်ကိုတောင် မလိုချင်တော့ဘူး''

မေမေပြောပုံမှာ နာနာကျင်ကျင်။

သံစဉ်တို့သားအမိကို ယတိပြတ် သံယောဇဉ်ဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိမ်းကားစွာ ငွေသာပို့ပေးနေသည့်အဖြစ်ကို မေမေ မခံစားနိုင်ဖြစ်နေပုံပင်။

မေမေ့ရဲ့နာကျင်ကြေကွဲမှုတွေကို နားလည်နိုင်ခဲ့သည့် သံစဉ်မှာ မမဆီက ထောက်ပံ့စရိတ်ကို လက်ခံစရာမလိုတော့သည့် အခြေအနေဖြစ်အောင် ...

ကိုယ့်အားကိုယ်ကိုးနိုင်အောင် ကြိုးစားပြီး မေမေ့ကို လုပ်ကျွေးမည် ...ဟု ဆုံးဖြတ်ချက်ချခဲ့သည်။

သံစဉ်သည် ဘွဲ့ရပြီးသည်နှင့် L.C.C.I ကွန်ပျူတာ စာရင်းကိုင် သင်တန်းကို တက်ခဲ့သည်။

Level 3 အောင်ပြီးလျှင်တော့ သံစဉ်ရဲ့ကြိုးစားမှုကို အသိအမှတ်ပြုသော ဆရာတစ်ယောက်ရဲ့အကူအညီဖြင့် သံစဉ် ကုမ္ပဏီကြီးတစ်ခုမှာ စာရင်းကိုင်နေရာကို ရရှိခဲ့သည်။

ထိုကုမ္ပဏီမှာ 'သူရိန်ခ' ကုမ္ပဏီပဲဖြစ်ပါသည်။



## အခန်း (၁၅)

**သံစဉ်** သူရိန်ခကုမ္ပဏီသို့ ရောက်လာခဲ့သည့်အချိန်မှာ မမသလင်းဖြူက ကုမ္ပဏီရဲ့အုပ်ချုပ်သူတစ်ယောက်ဖြစ်၍နေပြီ။

သံစဉ်တို့နှင့်အတူနေခဲ့သော အချိန်ကထက် အများကြီး ပိုလှပနေပြီး ...

မြင့်မားသောဂုဏ်ဒြပ်အရှိန်အဝါဖြင့် လင်းလက်တောက်ပ၍နေသော မမကိုကြည့်ပြီး သံစဉ်မှာ ဂုဏ်ယူဝမ်းသာမဆုံးဖြစ်နေမိသော်လည်း ...

သလင်းဖြူကတော့ သံစဉ်ကို တစ်ခါမှ မသိမြင်ဖူးခဲ့သည့် သူစိမ်းတစ်ယောက်လို မျက်နှာချင်းဆိုင်တွေ့လျှင်ပင် မသိကျိုးကျွံပြုကာ ဆက်ဆံခဲ့သည်။

မမ ...

ဟု ဝမ်းသာအားရ ခေါ်ချင်သည့်ကိုပင် –

တင်းမာမော့ချီ၍နေသော မမရဲ့မျက်နှာထားက ဟန့်တားခဲ့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် ... မမနဲ့သမီး ကုမ္ပဏီမှာ နေ့တိုင်းတွေ့နေရပေမယ့် မမက သမီးကိုမခေါ်ဘူး၊ မျက်နှာက တင်းနေတာပဲ၊ သမီးက ခေါ်ချင်ပေမယ့် မမမျက်နှာက တင်းနေတော့ မခေါ်ရဲတော့ဘူး"

မေမေ့ကို အိမ်မှာ ပြန်ပြောပြဖြစ်ခဲ့သည်။

မေမေက မျက်နှာမကောင်းချင်ပေမယ့် ...

"သူမခေါ်စေချင့် မခေါ်နဲ့ပေါ့အေ၊ ကိုယ့်အလုပ် ကိုယ်လုပ်ပေါ့ ပြီးတာပဲ"

မေမေက မာနထားစေချင်သည့်ပုံစံမျိုး ပြောပေမယ့်–

လူမမယ်အရွယ်လေးကတည်းက ညီအစ်မရင်းချာလို ချစ်ခဲ့ရသည်မို့ သံစဉ်ကတော့ မမရဲ့စိမ်းကားသည့် အပြုအမူများကို အံ့သြဝမ်းနည်းခဲ့ရသည်။

စိမ်းကားနိုင်လွန်းလှသည့် မမကတော့ တစ်နေ့မှာ လူရှင်းချိန် သူမရဲ့ရုံးခန်းထဲ ခေါ်တွေ့ကာ ရက်ရက်စက်စက် ပြောထွက်ရက်ခဲ့လေသည်။

"သံစဉ် ... ငါ နင့်ကို ပြောစရာရှိလို့ ခေါ်တွေ့တာ"

"ဟုတ် ... ပြောပါ မမ"

မမရဲ့တင်းမာသောမျက်နှာထားနှင့် မော့ချီတောက်ပနေသော အရှိန်အဝါကြောင့် သံစဉ်မှာ မမကို မျက်နှာချင်းမဆိုင်ရဲ။

"ဒီကုမ္ပဏီကို နင့်အဆက်အသွယ်နဲ့ နင်ဝင်လာတာကို ငါ ဘာမှမပြောချင်ဘူး၊ ဒါပေမဲ့ ..."

မမက စကားမဆက်ပေမယ့် သံစဉ်မှာတော့ အတွေး





များစွာဖြင့် ကိုယ်လေး တောင့်မတ်သွားရသည်။

မမပြောချင်သည်က သံစဉ်ကို ဒီကုမ္ပဏီမှာရှိနေတာကို မလိုလားသည့် သဘောလား။

တကယ်ဆို ... မမက ဒီကုမ္ပဏီပိုင်ရှင်သူဌေးရဲ့မြေးဖြစ်ခဲ့ချိန်မှာ မေမေမွေးစားစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးတရားကို ထောက်ပြီး သံစဉ်ကိုတောင် ကုမ္ပဏီမှာခေါ်ပြီး အလုပ်ပေးသင့်သေးတာ မဟုတ်ဘူးလား။

ဒါမှမဟုတ် သံစဉ် အခု ဒီကုမ္ပဏီမှာရှိနေတာကို မလိုလားဘူးဆိုရင်လည်း မမက လက်ရှိဒီကုမ္ပဏီမှာ အုပ်ချုပ်နေသူပဲ ဖြုတ်ပစ်လိုက်လို့ရရဲ့သားနဲ့။

မမကို သံစဉ် နားမလည်နိုင်တော့ပါ။

"အေး ... နင် နားလည်အောင် ငါ ရှင်းရှင်းပဲပြောတော့မယ်၊ နင်နဲ့ငါက တစ်ချိန်က ညီအစ်မပေမယ့် ခုချိန်မှာ ဘာမှတော်စပ်တော့တာမဟုတ်ဘူး၊ ငါပြောတာ နင် သဘောပေါက်ရဲ့လား"

"ရှင်"

မမရဲ့ရက်စက်လှသောစကားကြောင့် သံစဉ် မျက်လုံးကလေးများဝိုင်းကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"အဲ့ဒီတော့ ရှင်းရှင်းပြောရရင် ငါ နင်နဲ့မပတ်သက်ချင်တော့ဘူး၊ ဒီကုမ္ပဏီမှာ နင်နဲ့ငါ တစ်ချိန်က ညီအစ်မဖြစ်ခဲ့တာကို ဘယ်သူ့ကိုမှ မပြောပါနဲ့ ...၊

ငါ့ကို ကတိပေး၊ တကယ်လို့ ပြောခဲ့ရင်တော့ ငါ နင့်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်သက်လုံး ခွင့်မလွှတ်ဘူး''

အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သော မမကိုကြည့်ပြီး သံစဉ်မှာ အံ့သြဝမ်းနည်းလို့မဆုံးတော့။

''ငါ ... အခုနေရတဲ့ဘဝအနေအထားကို နင်မြင်တယ် မဟုတ်လား၊ ဒီလို ပြည့်ပြည့်စုံစုံ မြင့်မြင့်မားမားနဲ့ လိုလေးသေး မရှိ နေရတဲ့ ငါဟာ တစ်ချိန်က နင့်အမေဆီမှာ မွေးစားသမီး အဖြစ်နဲ့ နှိမ့်နှိမ့်ကျကျ ဆင်းဆင်းရဲရဲနေခဲ့ရတဲ့အဖြစ်ကို ဘယ်သူ့ ကိုမှ မသိစေချင်ဘူး''

မမရဲ့မျက်ဝန်းအိမ်ထဲမှာ လက်ရှိဘဝကို မက်မောဂုဏ် ယူသော အရောင်များက တလက်လက် တောက်ပနေသည်။

မမက သံစဉ်တို့နဲ့အတူ နေခဲ့ရတဲ့ဘဝကို ဘယ်သူမှမသိ စေချင်ဘူးတဲ့လား။သံစဉ့်ရင်ထဲ နာကျင်လာမိသည်။

''မေမေက ငါ့ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့အတွက် ငါ မေမေ့ကို ကျေးဇူးဆပ်ခဲ့ပြီးပြီ၊ လက်ရှိလည်း ငါ မေမေ့ကို လတိုင်း ထောက်ပံ့နေတာပဲ''

ဩော် ... ထောက်ပံ့တာတဲ့လား။

ပြောထွက်ရက်သော မမသလင်းဖြူရဲ့နှလုံးသားကို သံစဉ် အံ့သြလို့မဆုံးမိပြီ။

''ဒီတော့ ... နင်နဲ့ငါဟာ သူစိမ်းတွေပဲဆိုတော့ သူစိမ်း တွေလိုပဲ နေကြတာ အကောင်းဆုံးပဲ၊ ငါဟာ နင်နဲ့တစ်ချိန်က ညီအစ်မရင်းလို နေခဲ့, စားခဲ့တယ် ... ဆိုတာ နင်မေ့ပစ်လိုက် တော့၊ ဟုတ်ပြီလား''





မေ့ပစ်လိုက်တော့ ... တဲ့။

ပြောရက်လိုက်တာ၊ စိမ်းကားရက်စက်လိုက်တာ ... တုံ့ပြန်စရာစကားမရှိတော့။

ရင်ထဲ၌ နာကျင်လွန်းရသည်မှာ နင့်၍နေသည်။

လူမမည်အရွယ်ကတည်းက တွယ်တာခဲ့ရသော သံ ယောဇဉ်ကို ဘယ်လိုမေ့ပစ်လိုက်လို့ရမှာတဲ့လဲ။

သလင်းဖြူနှင့် သံစဉ်ချိုချိုဟာ နှစ်ယောက်တည်းသာ ရှိတဲ့ ညီအစ်မတွေပဲဥစ္စာ။

အို ...မမက မပတ်သက်နဲ့ ဆိုလာတော့လည်း ... မမ အလိုကျသာ ဖြစ်စေရမည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

မမ အလိုကျ ကုမ္ပဏီမှာ မျက်နှာချင်းဆိုင် တွေ့သည့်တိုင် နှုတ်ပင်မဆက်မိအောင် သံစဉ် ကြိုးစားနေထိုင်ခဲ့သော်လည်း ...

ခုလို မေမေ မထနိုင်,မသွားနိုင်လောက်အောင် ဖြစ်လာခဲ့ချိန်မှာတော့ သံစဉ် မမသလင်းဖြူကို သတိရမိသည်။

သံစဉ် သတိရနေသလိုပဲ တီတီတာတာအရွယ်ကတည်းက ကျွေးမွေး,ကလူပြုပေးခဲ့သော မေမေကဆို ပိုပြီးတော့တောင် တွေ့ချင်နေရှာမှာပေါ့ ... လို့ သံစဉ် တွေးမိလျှင် ...

"မေမေ ... မေမေ နေမကောင်းဖြစ်နေတာ မမဆီ အကြောင်းကြားပေးရမလား၊ မေမေ နေမကောင်းဖြစ်နေတာ သိရင်တော့ အစ်မ နေမှာမဟုတ်ပါဘူး၊ ချက်ချင်းလာကြည့်မှာပဲ"

မမအကြောင်းပြောမိသည်နှင့် မေမေ့မျက်လုံးများ ချက်ချင်း ညှိုးကျသွားခဲ့သည်။

သို့သော် ...

မျက်နှာကို မော့လျက် ... နှုတ်ခမ်းများကို ပိနေအောင်





စေ့ကာ ...

"အိုး ... နေစမ်းပါအေ သူတောင် နေနိုင်သေးတာ၊ ကိုယ်လည်း မာနရှိရမှာပေါ့"

မာနစကားပြောသော မေမေ့မျက်လုံးများထဲမှ ညှိုးရိပ်များမှာ ပျောက်မသွားခဲ့ပါ။

"မေမေရယ် ... မေမေ မမကို တွေ့ချင်တယ် မဟုတ်လားဟင်"

"သူ လာတွေ့သင့်တာအေ့၊ ဘယ့်နှယ် သူ့ခွေးမြေးဖြစ်ကတည်းက ရှန်းကန်ကျွေးမွေးခဲ့တဲ့ မအေကိုမေ့နိုင်တာ ... ဒင်း နှလုံးသားကို အံ့ဩပါရဲ့၊ မအေ နေမကောင်းတာ သွားအကြောင်းကြားမှ လာတွေ့မယ်ဆိုရင်တော့ နေစမ်းပါစေအေ"

"မဟုတ်ပါဘူး မေမေရယ် ... မမလည်း အလုပ်တွေရှုပ်နေလို့ပါ၊ ကုမ္ပဏီမှာက သူ မရှိလို့မှမဖြစ်ဘဲ"

သံစဉ် မေမေ စိတ်ချမ်းသာအောင် ဖြေတွေးနိုင်ဖို့ မညာတတ် ညာတတ်နှင့် ညာသည်။

"အေးလေ ဘာဖြစ်လဲ ... သူ့ကုမ္ပဏီမှာ သူမရှိလို့မဖြစ်ပေမယ့် ငါတို့ဘဝမှာ သူ,မရှိလို့ဖြစ်တာပဲ"

မေမေ့အသံတွေ တုန်လာပြီး မျက်ရည်ကို တစ်ဖက်လှည့်ကာ သုတ်သည်။ သံစဉ် မမြင်ဟန်ပြုရပေမယ့် ရင်ထဲ နင့်ခနဲဖြစ်သွားမိသည်။

တကယ်တော့ မေမေ သူ့သမီးကြီးကိုတွေ့ချင်ရှာမှာပါလေ။ အပြင်ပန်းက ဘယ်လောက် မာချင်ဟန်ဆောင်ထားပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မေမေ ကျိတ်ပြီးမျက်ရည်ကျတတ်တာ သံစဉ်သာ သိသည်။

"မေမေ ဒီလောက်တောင်ဖြစ်နေတာ သူ့မသိလို့ပါ မေမေရယ်၊ သိရင် မမ,မနေနိုင်ပါဘူး ... လာမှာပါ၊ မမက မေမေ့ကို အရမ်းချစ်ပါတယ် ... သမီး သိတာပေါ့၊ မေမေ့ကို ချစ်လို့ သူ လစဉ်တိုင်း ထောက်ပံ့နေတာ၊ တစ်ခါမှ မပျက်ဘူး မဟုတ်လား မေမေရဲ့"

"အို ... အဲ့ဒါ ချစ်လို့မဟုတ်ပါဘူး၊ မကောင်းတတ်လို့ ကျေးဇူးဆပ်နေတဲ့သဘောပါ၊ နေစမ်းပါစေအေ ... သူ့ဘဝနဲ့ သူ ပျော်နေစမ်းပါစေတော့၊ သူ့မရှိလည်း ဘာအရေးလဲ၊ ညည်း တစ်ယောက်လုံးရှိနေတာပဲ"

"ဒီလောက် သူဌေးမြေးဘဝကို မက်မောတဲ့မိန်းမ ငါ သေရင်တောင် မလာစေစမ်းနဲ့"

"အို ...မေမေ အဲ့လိုမပြောပါနဲ့ နိမိတ်မရှိ နမာမရှိ၊ မေမေက ဘာလို့သေရမှာလဲ ...ဖွ ...ဖွ လွဲပါစေ ဖယ်ပါစေ"

မေမေ့ဆီက သေစကားကြားရတော့ သံစဉ် အထိတ် တလန့် ဖြစ်သွားရသည်။

ဟန်မဆောင်နိုင်အောင် ရင်ထဲဆို့နင့်လာရသည်မို့ ဆေး ပုလင်းများရှေ့သလို၊ စားပွဲရှင်းသလိုနှင့် သံစဉ် မေမေ့ကို ကျော ခိုင်းလိုက်မိသည်။

ရှိုက်သံမထွက်ရအောင် ပင်ပန်းစွာ ထိန်းချုပ်ထားရသည် မို့ ရင်တစ်ခုလုံး ကွဲကြေမတတ် နာကျင်သည်။

မျက်ရည်တို့ကမူ လက်ခုံပေါ် တပေါက်ပေါက်။





ဘယ်လိုပဲ မာကျောဟန်ဆောင်ထားသော်လည်း ကြီးမှ ခွဲခွာလိုက်ရသည့်သမီးကြီးကို မေမေ တွေ့ချင်နေမှာပေါ့။

မေမေ့အပေါ် စာနာစိတ်ဖြင့် ရင်သည် ပိုပြီး နာကျင်လာ ရသည်။

တစ်ယောက်တည်း ကျိတ်၍ငိုရှိုက်နေမိရင်းမှ ငြိမ်သက် နေသော မေမေ့ကို စိတ်မချစွာ ဆံပင်တွေကြားမှ ပြန်ချောင်း ကြည့်လိုက်မိလျှင် ...

ခေါင်းအုံးအောက်မှ တစ်စုံတစ်ရာကို ထုတ်ယူပြီး စိုက် ကြည့်နေဟန်ရှိသည်ကို တွေ့လိုက်ရသည်။

သံစဉ် အသာကလေး ခေါင်းလေးကဲကာ ကြည့်လိုက် တော့ ... မေမေ့လက်ဖဝါးထဲက ပစ္စည်းကလေးဟာ မမသလင်း ဖြူရဲ့ပတ်စပို့ဓာတ်ပုံဖြစ်နေတာကို သိလိုက်ရသည်။

မေမေ ...မေမေရယ် ...

သံစဉ် စိတ်ကို မထိန်းနိုင်တော့သည်မို့ ပါးစပ်ကို လက် ဖဝါးနှင့်အုပ်ကာ မေမေ့အနားမှ အမြန်ဆုံး ထွက်လာခဲ့မိသည်။

ရောဂါဝေဒနာဆိုးကြီးကို ခံစားနေရသည့်အထဲ စိတ်ဒဏ် ရာပါ ထပ်ပြီး ဖိစီးနေသော မေမေ့အဖြစ်ကို သံစဉ် မကြည့်ရက် တော့ပြီ။

နှလုံးသားထဲမှာ တစ်စစီ ကွဲကြေမတတ် ဆို့နင့်နာကျင် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟော့ ... အိအိနွေးတို့, ဝင်းဝင်းချိုတို့ ပြောစရာရှိတယ်"

ဩရသရဲ့ဖာသံကျယ်ကြီးကြောင့် အားလုံးလုပ်လက်စအလုပ်များ ရပ်တန့်ကာ မော့ကြည့်ကြသည်။

တစ်ခုခုတော့ ထူးခြား၍ပဲဆိုတာ သိလိုက်သည်မို့ သလင်းဖြူပါ ခေါင်းထောင်ကြည့်လိုက်မိသည်။

"သံစဉ်ချိုချို ရုံးမတက်တာကြာပြီ၊ အဲ့ဒါ သိကြသလား"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

စားပွဲချင်းကပ်လျက်ဖြစ်သလို အတွဲအများဆုံးလည်းဖြစ်သော အိနွေးမှာ သံစဉ် ရုံးမလာတဲ့အကြောင်းရင်းကို မသိနိုင်သည့်အတွက် အပြစ်ရှိသလို ခေါင်းကြီးငုံ့ကာ ...

"ဟို ... သံစဉ်က ဘာမှပြောမသွားဘူး ဆရာ"

"မင်းတို့ အိမ်လေး, ဘာလေးရော သွားမကြည့်မိကြဘူးလား"





ဘာကိစ္စများပါလိမ့် ... ဟု ခေါင်းထောင်နားစွင့်လိုက်မိသော သလင်းမှာ သံစဉ်ချိုချို ရုံးမလာတာကိုပဲ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေတာသိလိုက်ရလျှင် စိတ်ထဲ ထောင်းခနဲဖြစ်ကာ မျက်နှာလည်း ပျက်သွားရသည်။

သံစဉ်ချိုချို ရုံးမလာတာ ဘာအရေးလဲ။ သူ ဘာပူပင်စရာလိုလဲ။

မိသံစဉ်နှင့်ပတ်သက်လာလျှင် သူ လှုပ်လှုပ်ရှားရှားဖြစ်တတ်လွန်းသည်။

သလင်း ရှုံးသွပ်စွာ မျှော်လင့်မိသည့်သူဆီမှ အကြင်နာနှင့်ဂရုစိုက်မှု၊ ဦးစားပေးမှုတို့ကို မိသံစဉ်ကသာ ရရှိနေသည့်အတွက် ဝမ်းနည်းခံပြင်းနေမိသည်။

ကိုယ့်ထက် ရုပ်ရည်ရော၊ ဂုဏ်ဒြပ်အရှိန်အဝါရော၊ အရည်အချင်းရော ဘာတစ်ခုမှ မသာနိုင်သည့် မိသံစဉ်လို မိန်းကလေးက သူ့နှလုံးသားထဲမှာ နေရာအပြည့်ယူထားလိုက်ပြီလားဆိုသည့် စိုးရိမ်ကဲသည့်အတွေးက သလင်းကို တဆွေတစ်ကောင်လို ခြောက်လှန့်နေဆဲမှာပင်။

ရုံးခန်းထဲမှ အသံများက နားထဲပြန်ဝင်လာခဲ့သည်။

"သွားကြည့်ပါတယ်ဆရာ၊ အိနွေးတို့သွားကြည့်တိုင်း သံစဉ်တို့အိမ်တံခါးက အမြဲသော့ခတ်ထားတယ်"

သော့ခတ်ထားတယ်ဆိုသောစကားကြောင့် သလင်း မိုက်ခနဲနားထောင်လိုက်မိသည်။

မေမေနှင့်သံစဉ် ခရီးများသွားကြသလား။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဘာလို့ အိမ်သော့ခတ်ထားရသလဲ သိလား၊ သံစဉ်ချိုချို ဘယ်သွားနေလဲ သိလား"

သူမေးပုံက အဖြေကိုသိနှင့်ထားပြီးသည့်ပုံစံမို့ အားလုံး စိတ်ဝင်တစား စိုက်ကြည့်နားစွင့်နေမိကြသည်။

"သံစဉ်ချိုချို့အမေ ဆေးရုံတက်နေရတယ်"

ဘုရားရေ ...

သလင်းရင်ထဲ ဒိန်းခနဲဆောင့်သွား၏။

မေမေ ... မေမေ ဆေးရုံတက်နေရတယ်တဲ့လား။

ဘာများဖြစ်လို့ပါလိမ့်။ မျက်လုံးများထဲ ပြာဝေကာ မှုန်နောက်သွားရသည်။

"ကျောက်ကပ်ရောဂါ ... တဲ့၊ အခြေအနေစိုးရိမ်ရတယ် ပြောတယ်"

စိုးရိမ်ရတယ်။

သလင်းသည် ခေါင်းတစ်ခုလုံး ထူပူတက်သွားရကာ မိုက်ခနဲ ရှေ့ကိုငိုက်လျက် ကျမသွားအောင် စားပွဲစွန်းကို မြဲမြဲ ဆုပ်ကိုင်ထားလိုက်ရသည်။

"သံစဉ်ချိုချိုလည်း ဆိုင်ကယ်လ်တိုက်ခံထားရတယ်"

"ရှင် ... သံစဉ်လည်း ဆိုင်ကယ်လ်တိုက်ခံရတယ် ... ဟုတ်လား၊ တော်တော်များသွားလား ဆရာ"

"သံစဉ် သနားပါတယ်၊ အခု ဘယ်လိုနေသေးသလဲဟင် ဆရာ"

အိမ်နွေးနှင့်ဝင်းချိုတို့ စိုးရိမ်တကြီး မေးသည်။





"ဒဏ်ရာက သိပ်အများကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ... သူတစ်ယောက်တည်း လူနာစောင့်နေရရှာတာ၊ သူတို့မှာက သားအမိနှစ်ယောက်ထဲရှိတာ မဟုတ်လား"

"အဲ့ဒါ ... မင်းတို့ထဲက အဆင်ပြေတဲ့သူတွေ အိမ်ကို အကျိုးအကြောင်းပြောပြီး အလှည့်ကျ အဖော်သွားလုပ်ပေးပါ ... လို့ ကျွန်တော် ပြောချင်တယ် ...၊

လိုအပ်တဲ့ ထမင်းချိုင့်ကိစ္စ၊ ဆေးဝါးကိစ္စတွေကို အားလုံး ဝိုင်းပြီး ကူညီပေးလိုက်ကြပါ ...၊

ငွေရေးကြေးရေးကိစ္စကိုတော့ ကျွန်တော် တာဝန်ယူတယ်၊ အားလုံး မိသားစုစိတ်ဓာတ်နဲ့ သူ့ကို ဖေးမပေးကြရအောင်"

"ဟုတ်ကဲ့ပါ ... ဆရာ"

"စိတ်ချပါ ... ဆရာ"

"ကျွန်မတို့ နေ့တိုင်းသွားစောင့်ပေးပါ့မယ်"

"ကျွန်တော်တို့လည်း ဆေးဝယ်တဲ့ကိစ္စ၊ တခြားအပြင် ကိစ္စတွေ သွားကူပါ့မယ်"

အားတက်သရောဖြစ်နေကြသည့် သြရသနှင့်ကုမ္ပဏီ ဝန်ထမ်းတွေကို သလင်း စိုက်ကြည့်နေမိသည်။

အစစအရာရာ သူဦးဆောင်ပြီး စီစဉ်နေပုံကိုကြည့်ပြီး မိသံစဉ်ကို မနာလိုစိတ်က ပြင်းပြင်းထန်ထန် မွှေနှောက်နေတော့သည်။

မိသံစဉ်ကို မနာလိုမုန်းတီးစိတ်၊ သူ့ကို ဝမ်းနည်းခံပြင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်နှင့်အတူ ...

မေမေ့အတွက် စိုးရိမ်ပူပန်စိတ်ကလည်း ရင်ကိုတောက်လောင်နေစေသည်။

သို့သော် ...အများအမြင်မှာ မျက်နှာပျက်မနေရအောင် သလင်း ကမန်းကတန်း မျက်နှာပြန်ပြင်လိုက်သည်။

"ဩော် ...ကြားရတာ စိတ်မကောင်းစရာပဲ၊ ကျွန်မလည်း သံစဉ်ချိုချိုရဲ့မေမေကို သွားကြည့်လိုက်ပါဦးမယ်"

အသံကိုထိန်းပြီး ပြောလိုက်သောသူမကို ဝန်ထမ်းတွေအားလုံးက လှည့်ကြည့်ပေမယ့် ...ဩရသကတော့ လုံးဝ လှည့်မကြည့်ခဲ့ပါ။



BURMESE CLASSIC .com

## အခန်း (၁၈)

"ကျောက်ကပ်က အခြေအနေအတော်ဆိုးနေပြီ၊ တစ်ခုတော့ရှိတယ် ..အစားထိုးနိုင်ရင်တော့ မျှော်လင့်ချက်ရှိတယ်"

အစားထိုးနိုင်ရင် ...

သံစဉ် အရမ်းကို ဝမ်းသာသွားရသည်။

အစားထိုးနိုင်ရင် မေမေ အသက်ဆက်ပြီး ရှင်နိုင်သည်ပေါ့။ သံစဉ် ဝမ်းသာအားရပင်။

"ဆရာကြီးရယ် အစားထိုးလို့ရတယ်ဆိုရင်လေ သံစဉ့်ကျောက်ကပ်ကို မေမေ့ကို ပေးပါရစေ၊ မေမေ အသက်ဆက်ရှင်ဖို့အတွက်ဆို သံစဉ် ဘာကိုပဲဖြစ်ဖြစ် စွန့်လွှတ်နိုင်ပါတယ်"

"အိုကေလေ ...ကျောက်ကပ်က တစ်ခြမ်းနဲ့ အသက်ဆက်လို့ရတယ်၊ သမီးက သမီးမေမေအတွက် တကယ်ပဲ ကျောက်ကပ်တစ်ခြမ်းပေးချင်တယ်ဆိုရင် သမီး ဆေးစစ်မှုကို ခံယူရလိမ့်မယ်၊ ဆေးစစ်တဲ့အဖြေကိုရရင် သမီးမေမေကို သမီး ကျောက်ကပ်ပေးလို့ ရ,မရ သိရမယ်နော် ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

ဆရာကြီးရဲ့စကားကြောင့် သံစဉ် အရမ်းကို အားတက်သွားရသည်။

"မေမေ ... မေမေ ဘာကိုမှ အားငယ်မနေတော့နဲ့ သိလား။ မေမေ မကြာခင် နေပြန်ကောင်းတော့မှာ"

ဆရာဝန်ကြီးနှင့် တိုင်ပင်ဆွေးနွေးပြီးသည်နှင့် သံစဉ် မေမေ့ဆီ အပြေးအားပေးမိသည်။

မေမေကတော့ သံစဉ့်စကားကို နားမလည်စွာ ကြောင်အမ်းအမ်းဖြစ်လို့နေသည်။

"မေမေ ... မေမေ့ကျောက်ကပ်က အစားထိုးကုသရင် ရတယ်တဲ့သိလား"

"ဟင်"

ညှိုးဖျော့နေတတ်သော မေမေ့ရဲ့မျက်လုံးအိမ်ထဲမှာ မျှော်လင့်ချက်ရောင်ခြည်ဖြင့် တလက်လက်တောက်ပသွားလေသည်။

"မေမေ ... သမီး မေမေ့ကို သမီးရဲ့ကျောက်ကပ်ပေးမယ် သိလား။ သမီးရဲ့ကျောက်ကပ်ပေးမယ်"

"အို"

မေမေ အံ့အားအသင့်ကြီး သင့်သွားလေတော့သည်။

"လူတွေမှာ ကျောက်ကပ်တစ်ခြမ်းတည်းရှိရင်လည်း အသက်ဆက်ရှင်ဖို့ဖြစ်တယ်တဲ့၊ သမီးရဲ့ကျောက်ကပ်နဲ့ မေမေ အမြန်ဆုံး နေပြန်ကောင်းလာတော့မှာ သိလား မေမေ၊ မေမေ မပျော်ဘူးလားဟင်၊ သမီးတော့ အရမ်းပျော်တာပဲ"





"အို ... သမီး ... သမီးလေးရယ် ... မေမေ့သမီးလေးရယ်"

မေမေ ... သံစဉ့်ကို အတင်းဖက်တွယ်ပြီး တရှိုက်ရှိုက်ငိုကြွေးပါလေတော့သည်။

"မေမေ ... သမီး ဆေးသွားစစ်လိုက်ဦးမယ်နော်"

သံစဉ် ... မေမေ့ရဲ့ပိန်လှီဖျော့တော့နေသော လက်ချောင်းကလေးများကို ညင်သာစွာ ဆုပ်နယ်အားပေးရင်းက အသိပေးလိုက်သည်။

"မေမေ အမြန်ဆုံး နေပြန်ကောင်းပါစေလို့ သမီးဆုတောင်းပေးမယ်သိလား၊ မေမေလည်း ဆုတောင်းနော်"

မေမေ မျက်ရည်များကြားက ခေါင်းညိတ်ပြသည်။

သံစဉ် ပျော်ရွှင်တက်ကြွသော ခြေလှမ်းများဖြင့် မေမေ့အနားမှ ထွက်လာခဲ့သည်။

BURMESE CLASSIC .com

"ရှင်"

သံစဉ် အလန့်တကြားဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

"ဝမ်းနည်းပါတယ် သမီးရယ်"

"သံ ... သံစဉ်"



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် စကားဆုံးအောင် မမေးနိုင်တော့။

ဆရာဝန်ကြီးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြကာ

"ဆေးစစ်ချက်အရ သမီးဟာ သမီးမေမေအတွက် ကျောက်ကပ်ပေးဖို့ မဖြစ်နိုင်ဘူးကွယ်"

ခွေယိုင်လဲကျမသွားရအောင် သံစဉ် ကုလားထိုင်ကို တင်းတင်းဆုပ်ထားမိသည်။

သွားပြီပေါ့ ...

တစ်ခုတည်းသော မျှော်လင့်ချက်ပြိုပျက် ဆုံးရှုံးခဲ့ရပြီပေါ့။

အသည်းနှလုံးကို ဆုပ်ညှစ်ခြေမွထားသလို ခံစားနေရသည်။

"ဘာဖြစ်လို့ ပေးလို့မရတာလဲ ဆရာကြီးရယ်"

"သမီးမေမေနဲ့သမီးက သွေးအုပ်စုချင်း မတူဘူး၊ မတူရင် ကျောက်ကပ်ပေးလို့ မရဘူး သမီး"

မေမေရယ် ...

မေမေ့အတွက် သမီး ဘာမှလုပ်မပေးနိုင်တော့ဘူးလား။

"စိတ်မပျက်သွားပါနဲ့ဦး သမီးရယ်၊ တစ်ခုတော့ရှိပါတယ်၊ အခြားမိသားစုဝင်မရှိတော့ဘူးလား၊ သမီး ဆက်သွယ်ကြည့်ပါဦး"

အခြားမိသားစုဝင် ...

ဘယ်သူများရှိမလဲ ...

မမသလင်းဖြူ ... မဖြစ်နိုင်ဘူး။

မမသလင်ဖြူးက မေမေ့ရဲ့မွေးစားသမီးပဲ။





သမီးရင်းဖြစ်တဲ့ သံစဉ်တောင် ပေးခွင့်မရှိဘူးဆိုရင် မွေးစားသမီးဖြစ်တဲ့ မမသလင်းဖြူဟာ ဘယ်လိုဖြစ်နိုင်မှာလဲ။

သံစဉ် မေမေ့ကို ဆုံးရှုံးရတော့မှာလား။

စွန့်လွှတ်ရတော့မှာလား။

သံစဉ့်အတွက် တစ်ခုတည်းသော တွယ်တာရာဖြစ်တဲ့ မေမေ့ကို သံစဉ် ...

ဟင့်အင်း ...

သံစဉ် မတွေးပင်မတွေးရဲ။

သူမရဲ့အဖြေကို မျှော်လင့်တကြီး စောင့်နေရှာမည့် မေမေ့မျက်ရည်များကို မြင်ယောင်သည်။

မေမေ့ကို သံစဉ် ဘယ်လိုပြန်ပြောရမှာလဲ။

လေးကန်နေးကွေးသော ခြေလှမ်းများဖြင့် မေမေ့ဆီပြန်လာခဲ့ရာ လမ်းတစ်လျှောက် မျက်ရည်တို့က ပွတ်တိုက်ဖယ်ထုတ်၍မရနိုင်တော့လောက်တောင် မခံနိုင်တော့။

မေမေ့ကို ဘယ်လိုစကားလုံးမျိုးနဲ့ အသိပေးရမလဲလို့ ရင်နာစွာ စဉ်းစားဆဲ။

ညစောင့်သူနာပြုဆရာမလေးကို အခန်းအပြင်ဘက်စင်္ကြံမှာ တွေ့လိုက်ရလျှင် စိတ်ပူသွားရကာ ...

"ဆရာမ ... မေမေ့အနားမနေဘဲ ဘာလို့ထွက်လာရသလဲ၊ အခန်းထဲမှာ မေမေတစ်ယောက်တည်း တစ်ခုခုများဖြစ်ရင်"

"ဧည့်သည်တစ်ယောက်ရောက်နေလို့ ဒေါ်ဒေါ်ကိုယ်တိုင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



က အပြင်ထွက်ပေးပါ ဆိုလို့ပါ''

''ညှော်သည်''

သံစဉ် မျက်မှောင်ကြုတ်ရင်း လိုက်ရေရွတ်မိသည်။

ညကြီးအချိန်မတော် မေမေ့ဆီ ဘယ်ကညှော်သည်ပါလိမ့်။

သံစဉ် သိလိုစိတ်ဖြင့် မေမေ့အခန်းဆီ ခပ်သွက်သွက်လှမ်းသည်။

အခန်းရှေ့ရောက်လျှင် ဟ,နေသောတံခါးကို ဖွင့်မည်အပြု။

''ညည်းညီမက ငါ့အတွက်တဲ့ သူ့ကျောက်ကပ်ကို ပေးမလို့ဆိုပြီး ဆေးစစ်ချက်သွားယူနေတာလေ''

''ဘယ်လို ... မိသံစဉ်က မေမေ့ကို သူ့ကျောက်ကပ်ပေးမယ် ဟုတ်လား''

တအံ့တသြ ရေရွတ်လိုက်သောအသံက နားဝှင်ရင်းနှီးနေသည်မို့ သံစဉ် ခြေလှမ်းတုံ့သွားရသည်။

''ဟုတ်တယ်၊ သံစဉ်က ငါ့ကို သူ့ကျောက်ကပ်ပေးမယ်တဲ့၊ ငါလေ သူ ငါ့အပေါ်ထားတဲ့စေတနာနဲ့ သံယောဇဉ်ကို သိလိုက်ရတော့ အရမ်းကို နောင်တရမိတယ် သိလား ...၊

ငါကတော့ လူကြီးတန်မဲ့ ကိုယ့်သမီးအရင်းထက် သာသွားမှာစိုးလို့ အစစအရာရာ သူ့တက်လမ်းတွေ အခွင့်အရေးတွေအားလုံးကို ပိတ်ပင်ခဲ့မိတာပါ''

မေမေ့စကားများကြောင့် သံစဉ်ခန္ဓာကိုယ်လေး တောင့်





မတ်သွားရသည်။

မျက်လုံးများလည်း ဝိုင်းသွားရသည်။

မေမေ ဘာတွေပြောနေပါလိမ့်။

''ညည်းကတော့ ညည်းဖြစ်ချင်တာဖြစ်ရဖို့ သူဌေးဦးသူရိန်ခရဲ့မြေးဆိုပြီး လူစားလဲလိုက်သွားခဲ့တယ်၊ သူကတော့ ငါ့ကိုပဲ အမေရင်းထင်ပြီး ပြုစုခဲ့တယ်၊ တွယ်တာခဲ့တယ် ...၊

သူ့ရဲ့ဖြူစင်တဲ့မေတ္တာစေတနာတွေက အခု ငါ့ကို နောင်တကောင်းကောင်းရစေတယ် ... သိရဲ့လား''

ဘုရားရေ ...

ဘာတွေလဲ။

သံစဉ်က မေမေ့ရဲ့သမီးအရင်း မဟုတ်ဘူးလား။ မမသလင်းဖြူကတော့ မေမေ့ရဲ့သမီးအရင်းတဲ့လား။ သံစဉ်သည် ဘာကိုမှ နားမလည်နိုင်တော့။

''ညည်းက ... လစဉ်စရိတ်ထောက်ပံ့ရုံနဲ့ ညည်းကိုယ်ညည်း သားသမီးဝတ္တရားကျေပြီလို့ ယူဆသလားဟင် သလင်းဖြူ ငွေပုံပေးရင် မိဘကျေးဇူးဆပ်နိုင်ပြီပေါ့ ဟုတ်သလား သလင်းဖြူ''

''မဟုတ်ပါဘူး အမေရယ်၊ သမီးမှာလည်း အခက်အခဲတွေ ရှိလို့ပါ၊ ခြေလှမ်းတစ်ချက်မှားတာနဲ့ အမေနဲ့သမီး လိမ်ထားခဲ့တာတွေအားလုံး ပေါ်ကုန်မှာ အမေရဲ့ ...၊

သမီးရဲ့ရည်မှန်းချက်တွေ၊ မျှော်လင့်ချက်တွေအားလုံး ပျက်စီးသွားမှာ စိုးရိမ်လို့ အမေ့ကိုလာမတွေ့နိုင်တာပါ''

''တော်ပါ မိသလင်းဖြူရယ်၊ ညည်းက ညည်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကောင်းစားဖို့ပဲကြည့်တဲ့ တစ်ကိုယ်ကောင်းသမားပဲ ...၊

သူစိမ်းဖြစ်တဲ့ မိသံစဉ်က ငါ့အပေါ် သားသမီးစိတ်ရှိသလောက် ငါ ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့ သမီးရင်းဖြစ်တဲ့ ညည်းကတော့ ငါ့အပေါ် သူစိမ်းစိတ်ဖြစ်နေပြီ၊ အဲ့ဒါ ညည်း သိရဲ့လားဟင် မိသလင်းဖြူ''

မြတ်စွာဘုရား ...

သံစဉ့်ခေါင်းတစ်ခုလုံး အိုးထိန်းစက်တစ်ခုလို ချာချာလည်သွားရတော့သည်။

မေမေ့အသံမှာ နာနာကြည်းကြည်း။

သူမဦးနှောက်ထဲမှာတော့ အတွေးမျိုးစုံက ဆူပွက်နေလျက်ရှိသည်။

သူမက မေမေ ဒေါ်စောကြည်ဖြူရဲ့သမီးအရင်း မဟုတ်ဘူးဆိုလျှင် ...ဘယ်သူ့သမီးလဲ။

ဦးသူရိန်ခရဲ့မြေးလား။

သူမရဲ့မျိုးရိုးအဆင့်အတန်းက ဘယ်ကလဲ။

သူမရဲ့မိဘအရင်းတွေက ဘာကြောင့် သူစိမ်းတစ်ရံဆံရဲ့လက်ထဲ သူမကို အပ်ခဲ့ရတာလဲ။

အတွေးတွေက သူမကို တစ်စထက်တစ်စ လောင်မြိုက်နာကျင်လာစေကာ ...

တနင့်နင့် ဝမ်းနည်းကြေကွဲစေလေတော့သည်။

သံစဉ်အဖို့ ခံစားချက်မျိုးစုံဖြင့် ပူလောင်ခါးသီးနေရဆဲ။

''အဲ့ဒါဆိုရင် မတတ်နိုင်တော့ဘူး အမေ ထင်ချင်သလို





ထင်တော့''

မာထန်စွာပြောလိုက်သောလေသံနှင့် ဂုန်းခနဲ အခန်းပြင်ထွက်လာသည့် မမသလင်းဖြူကြောင့် သံစဉ့်ရဲ့အတွေးစများ ပြတ်တောက်သွားခဲ့ရသည်။

မမသလင်းဖြူ တွန်းဖွင့်လိုက်သည့် တံခါးရဲ့နောက်ကွယ်ကို သံစဉ် ရောက်သွားရတောကြောင့် သူမကို မမသလင်းဖြူ မြင်မသွားခဲ့။

ပြေးထွက်သွားသည့် မမသလင်းဖြူရဲ့ကျောပြင်ကို တစ်ချက်မျှကြည့်ပြီး ...

သံစဉ် မေမေ့အခန်းထဲ ဝင်လိုက်မိသည်။

''ဟင် ... သမီး သံစဉ်''

မျက်ရည်များ ရွှဲနစ်နေသည့် သံစဉ့်ကို မြင်လိုက်ရလျှင် မေမေ အံ့သြတကြီး ဖြစ်သွားလေသည်။

''မေမေ''

သံစဉ် မျက်ရည်များဖြင့် မေမေ့ရင်ခွင်ထဲ ပြေးဝင်လိုက်မိတော့သည်။

''သ ... သမီး သံစဉ် ... မေမေတို့ ပြောနေတာတွေ ကြားသွားပြီလား''



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ ထိတ်ထိတ်ပျာပျာအမေးကို သံစဉ် ခေါင်းညိတ်ပြနိုင်စွမ်းမရှိ။

"သမီးရယ် . . . ဘာပဲဖြစ်ဖြစ်လေ မေမေ . . . သမီးကို ချစ်ပါတယ်၊ သမီးဟာ မေမေ့ရဲ့သမီးအရင်းပါပဲနော် . . . သမီး"

မေမေက သံစဉ့်ကျောပြင်လေးကို ပွတ်သပ်ရင်း နှစ်သိမ့်သည်။

သံစဉ်မျက်ရည်များကို လက်ဖနောင့်ဖြင့် သုတ်ရင်းက ကြေကွဲစွာ စကားစ,မိသည်။

"မေမေ့သမီးဖြစ်ရတာ သမီး ကျေနပ်ပါတယ် မေမေရယ်၊ ငယ်ငယ်လေးထဲက မေမေ ရုန်းကန်ပြီး ပြုစုစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကိုလည်း သမီး ဘယ်တော့မှ မမေ့ပါဘူး"

"အံ့မယ်လေး သမီးလေးရယ် . . . ကျေနပ်သတဲ့လား၊ မေမေ့သမီးဖြစ်ရတာ ကျေနပ်သတဲ့လား၊ မေမေကတော့ နောင်တတွေ ရနေမိတာ"

မေမေ သံစဉ့်ကိုဖက်ပြီး ငိုလေတော့သည်။

သံစဉ်ငိုနေသော မေမေ့ကို မကြည့်ရက်သလို မျက်နှာလွှဲမိရင်းက တိုးဖျော့သောအသံဖြင့် . . .

"ဒါပေမဲ့ မေမေ . . . သမီးက ဘယ်သူ့သမီးလဲ၊ သမီးရဲ့ မျိုးရိုးကရော သမီး သိချင်ပါတယ်၊ မေမေ ပြောပြပါနော်"

မေမေ သံစဉ်ကို ထိတ်ထိတ်ပျာပျာကြည့်သည်။

"သမီးက သိချင်တယ် ဟုတ်လား"

မေမေ မျက်ရည်များသုတ်ရင်းက သက်ပြင်းရှိုက်သည်။





"အင်းပေါ့လေ . . . ဒီအချိန်ကျမှတော့ မေမေ ဘာမှလည်း ဖုံးကွယ်မထားချင်တော့ပါဘူး၊ ဒါပေမဲ့ . . . မေမေ့ကို ခွင့်လွှတ်ပါ . . . လို့တော့ ကြိုပြီးတောင်းပန်ပါတယ် သမီးရယ်"

မေမေ . . . ဘာလို့တောင်းပန်သလဲ၊ သံစဉ် နားမလည်ပါ။

မေမေ့ရဲ့မှုန်သီဝေဝါးနေသော မျက်လုံးများကို ငေးနေမိသည်။

အတိတ်ဆီပြန်ရောက်သွားသော မေမေ့အကြည့်များက ဟိုးအဝေးဆီ ငေးရီလျက် . . .

သံစဉ်သည်လည်း မေမေနှင့်အတူ အတိတ်ဆီသို့ လိုက်ပါသွားခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်ဝင်္ကပါဆီသို့

## ၁၉၈၉-ခုနှစ်

## အခန်း (၁၉)

ခြံရှေ့မှာ ခေါက်တုံ့ခေါက်ပြန်ရစ်သီနေသော အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရလျှင် စောကြည်ဖြူ မျက်မှောင်ကြုတ်လိုက်မိသည်။

ဘယ်သူများပါလိမ့်။

"ကိုလင်းဇော် . . . ကလေးကို ထမင်းဆက်ခွံ့ပေးစမ်းပါ၊ ခြံရှေ့မှာ မိန်းမတစ်ယောက် ရစ်သီရစ်သီလုပ်နေတာတွေ့လို့ သွားကြည့်လိုက်ဦးမယ်"

စောကြည်ဖြူ သမီးကြီး သလင်းဖြူကို သူ့အဖေနှင့်ထားခဲ့လျက် အိမ်ရှေ့ထွက်လာခဲ့သည်။

ပိန်လှီကာ နွမ်းနွမ်းပါးပါးနှင့် ကလေးချီထားသော မိန်းမက စောကြည်ဖြူကိုတွေ့လျှင် မရဲတရဲဖြင့် . . .

"ဒါ . . . မစောကြည်ဖြူတို့အိမ် ဟုတ်ပါသလားရှင်"

အသံမှာ ရင်းနှီးသလိုရှိတာကြောင့် စောကြည်ဖြူ ပိုပြီးမျက်မှောင်ကြုတ်လိုက်မိသည်။

"ဟုတ်ပါတယ် . . . ဘာကိစ္စရှိလို့ပါလဲ"

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



စောကြည်ဖြူ ပြန်မေးလိုက်မိလျှင် ...

အမျိုးသမီးမှာ စောကြည်ဖြူကိုမော့ကြည့်လျက် ဝမ်းနည်းပန်းနည်း မျက်ရည်များ ကျလာတော့ကာ ...

"ကျွန် ... ကျွန်မကို မမှတ်မိတော့ဘူးလားဟင်"

စောကြည်ဖြူ အံ့အားသင့် ကြောင်အမ်းသွားရသည်။

အမျိုးသမီးကို အသေအချာစိုက်ကြည့်သည်။

နွမ်းပါးကာ ခြောက်ကပ်နေသော ရုပ်သွင်ကြောင့် ဘယ်လိုမှ ပုံဖော်မရ။

မမှတ်မိနိုင်တော့သည့်အဆုံး။

"မမှတ်မိဘူး ... ဘယ်သူများပါလိမ့်၊ စိတ်မရှိပါနဲ့"

"ကျွန်မ သံသာချို့လေ"

"ဟင်"

စောကြည်ဖြူ ဟန်မဆောင်နိုင်လောက်အောင် အံ့အားသင့်သွားရရင်း အပြေးအလွှား ဆင်းလိုက်မိသည်။

"ဘုရားရေ ... မင်း ချို ... ဟုတ်လား၊ အောင်မလေး ... သူငယ်ချင်းရယ် ဘယ်လိုဖြစ်ရတာလဲ ပြောစမ်းပါဦး၊ မင်းကို ဒီလိုပုံစံနဲ့ တွေ့ရတာ ကိုယ် စိတ်မကောင်းလိုက်တာ"

"ကံတရားပေါ့ သူငယ်ချင်းရယ်၊ ဘယ်တတ်နိုင်မှာလဲ"

"ကဲ ... လာ, လာ အိမ်ပေါ်တက်၊ စကားအေးအေးဆေးဆေး ပြောရအောင်"

စောကြည်ဖြူ သူငယ်ချင်းဖြစ်သူကို ဖေးမလျက် အိမ်ထဲ ခေါ်သည်။





စိတ်မကောင်းစွာဖြင့် သက်ပြင်းရှိုက်လျက် သူငယ်ချင်းဖြစ်သူတို့သားအမိကို ကြည့်မိသည်။

ကလေးမှာ မိန်းကလေးဖြစ်ဟန်တူပြီး အဝတ်အစားကလေးများ နွမ်းပါးနေသောလည်း ရုပ်ရည်ကလေး သန့်ပြန့်တာ တွေ့လိုက်ရသည်။

"ကလေးက မအေတူကလေးနော်၊ ဒါနဲ့ ကိုနေဝန်းခ တစ်ယောက်ရော"

စောကြည်ဖြူ အမှတ်မထင် မေးလိုက်မိသည်။

ခင်ပွန်းသည်အကြောင်း မေးလိုက်သည်နှင့် သံသာချို တစ်ယောက် ကလေးငယ်ကို ကျစ်ကျစ်ပါအောင်ဖက်ကာ သည်းထန်စွာ ငိုကြွေးပါလေတော့သည်။

စောကြည်ဖြူမှာလည်း ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားရသည်။

"ချို ... ချိုရယ် ... သူ ... သူ ကိုနေဝန်းခ ဘာဖြစ်လို့လဲဟင်"

စောကြည်ဖြူမှာ ဘယ်လိုနှစ်သိမ့်လို့ နှစ်သိမ့်ပေးရမှန်းလည်း မသိတော့။

အကြောင်းစုံသိရအောင် မေးနေမိဆဲ။

ညှော်ခန်းမှ ငိုသံရှိုက်သံများကြောင့် ...

"ဘယ်သူရောက်နေတာလဲ ဖြူ"

ထွက်ကြည့်သော ကိုလင်းဖော်မှာ သည်းထန်စွာ ငိုရှိုက်နေသောမြင်ကွင်းကြောင့် အံ့အားသင့် မျက်လုံးပြူးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူ … သူက ဘယ်သူလဲ, ဘာဖြစ်တာလဲ"

"သံသာချိုလေ … ကိုလင်းဇော်ရဲ့"

"ဟာ … သံသာချိုလား၊ ဘယ်လိုဖြစ်ရတာလဲ၊ ကိုနေဝန်းခရော မပါဘူးလား"

"အဲ့ဒါကိုပဲ မေးနေတာ ကိုလင်းဇော်ရဲ့၊ ချိုက ငိုချည်းနေတာ၊ ဘာမှမသိရသေးဘူး၊ ကျွန်မလည်း ရင်တွေ ပူလှပြီ"

"ငိုနေလို့ ဘယ်ပြီးမလဲ သံသာချိုရယ်၊ အကျိုးအကြောင်း ပြောပြဦးမှပေါ့"

လင်းဇော်ကပါ တိုက်တိုက်တွန်းတွန်း ဝင်ပြောတော့မှ သံသာချို စိတ်ကိုထိန်းလျက် မျက်ရည်များ သိမ်းကာ …

"သူ … သူ ဆုံးသွားပြီ ကိုလင်းဇော်"

"ဗျာ"

"ဟင်"

နှစ်ယောက်သား တအံ့တသြ ဖြစ်သွားရသည်။

သံသာချိုတို့သားအမိကိုကြည့်ကာ စိတ်မကောင်းခြင်းကြီးစွာလည်း ဖြစ်သွားရတော့သည်။

သံသာချိုနှင့် နေဝန်းခမှာ လင်းဇော်တို့ စောကြည်ဖြူတို့နှင့် ကျောင်းနေဘက် သူငယ်ချင်းတွေဖြစ်ပြီး …

သံသာချိုနှင့်နေဝန်းခနှစ်ယောက်လုံးမှာ သဘောဖြူစေတနာကောင်းကြသူတွေ။ သူတို့အပေါ် လိုအပ်တဲ့အကူအညီမှန်သမျှ ပေးခဲ့ကြသူတွေ။

အခု ငွေကြေးစည်းစိမ် ချမ်းသာကြွယ်ဝသလောက်





သဘောထားပြည့်ဝကာ စေတနာကောင်းလှသော နေဝန်းခတစ်ယောက် ဆုံးရှာပြီဆိုတော့ စိတ်မကောင်းနိုင်ကြ။

"သူနဲ့ကျွန်မကို အစောကြီးကတည်းက နှစ်ဖက်မိဘတွေက သဘောမတူကြဘူးလေ၊ ဖြူတို့လည်း သိကြမှာပါ"

မျက်ရည်များ ဝဲသွားသော သံသာချိုက စကားပြန်စသည်။

နေဝန်းခတို့ဘက်က ကျိုကျိုတက်ချမ်းသာသည်မို့ သဘောမတူသလို၊ အထည်ကြီးပျက်များဖြစ်သော သံသာချိုဘက်ကလည်း ဦးသူရိန်ခရဲ့ မတူမတန်သလို ဆက်ဆံပုံများကြောင့် သဘောမတူခဲ့ကြ။

နှစ်ဖက်မိဘများ တားသည့်ကြားက စွတ်တိုးပြီး ဘဝတစ်ခုထူထောင်ကြတော့ နှစ်ဖက်စလုံးက အမွေဖြတ်ခဲ့ကြသည်။

"သူ့ဘက်ကရော ကျွန်မဘက်ကရော အမွေဖြတ်ခဲ့ကြတော့ ကျွန်မတို့ အတော် ကသီလင်တဖြစ်ခဲ့ရတယ်၊ သူလည်း ရုန်းကန်ရှာပါတယ်၊ သမီးလေး ရ,လာတော့ သူ ပိုပြီးကြိုးစားခဲ့ရှာတယ်"

"အဲ့ … အဲ့ဒါ သူ့သမီးကို မျက်နှာမငယ်ရအောင် ထားမယ်ဆိုပြီး စက်လှေလိုက်သွားတာ၊ အ … အခု … စက်လှေနှစ်လို့ … သူ … သူ …"

သံသာချို စကားမဆက်နိုင်။

အံကို တင်းတင်းကြိတ်ထားရှာသည်။

လင်းဇော်နှင့်စောကြည်ဖြူမှာ ခင်ပွန်းဖြစ်သူကဆုံး၊ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်မိဘတွေကလည်း ပစ်ထားသည့် နိုးကိုးရာမဲ့ဖြစ်နေရှာသော သားအမိနှစ်ယောက်ကိုကြည့်ကာ သက်ပြင်းများ ချမိလျက် –

"အားမငယ်ပါနဲ့ ချီရယ်၊ တို့တွေ ဘာအကူအညီပေးရမလဲ ပြော"

"ဟုတ်ပါတယ် သံသာချို ... အားမနာနဲ့ ကျွန်တော်တို့ဆီမှာ လိုတဲ့အကူအညီကိုပြောပါ"

လှိုက်လှိုက်လှဲလှဲ ကူညီပေးရန် ပြောလာသော သူငယ်ချင်းနှစ်ယောက်ကို သံသာချို အားကိုးတကြီး ကြည့်မိကာ ...

"ကျွန်မလေ ကလေးတစ်ယောက်နဲ့ဆိုတော့ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေဘူး၊ ကလေးလည်း အရမ်းဒုက္ခရောက်ရတယ်၊ အဲ့ဒါ ဖြူတို့ အဆင်ပြေမယ်ဆိုရင် သမီးလေးကို ဖြူတို့ဆီမှာ ခဏအပ်ထားချင်တယ်"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြပြီး မဆိုင်းမတွပင် ...

"အို ... ရပါတယ် ချီရယ် ထားခဲ့ပါ၊ အပန်းမကြီးပါဘူး။ ဖြူ ကြည့်ပေးထားပါ့မယ်"

"ဟုတ်တယ် ... ကျွန်တော်တို့မှာလည်း သမီးတစ်ယောက်ရှိတော့ အဖော်ရတာပေါ့"

"ကလေးချင်းက သိပ်ကွာမယ့်ပုံ မရပါဘူး၊ သမီးက နှစ်နှစ်"

"ဟုတ်လား ... ချို့သမီးက တစ်နှစ်ရှိပြီ၊ နာမည်က သံစဉ်ချိုချိုလို့ ပေးထားတယ်၊ ကလေးနဲ့ပတ်သက်တဲ့ပစ္စည်းတစ်ခု





ကို ဖြူတို့ဆီမှာ အပ်ထားခဲ့ပါရစေ"

"ပစ္စည်း ... ဘာပစ္စည်းပါလိမ့်"

လင်မယားနှစ်ယောက်လုံး စိတ်ဝင်တစားဖြစ်သွားမိကြသည်။

"ရိုးလ်စ်နာရီလေးပါ၊ တစ်ချိန်ကျရင် တကယ်လို့ ဦးသူရိန်ခတို့ဘက်ကများ ဆက်သွယ်ခဲ့ရင် ဒီနာရီကိုတွေ့တာနဲ့ ကလေးဟာ သူ့ရဲ့မြေးဆိုတာ အသိအမှတ်ပြုပါလိမ့်မယ်၊

ဒီပစ္စည်းဟာ ဦးသူရိန်ခရဲ့မြေးဖြစ်ကြောင်း တစ်ခုတည်းသော သက်သေခံပစ္စည်းပဲ"

သံသာချို ရိုးလက်စ်နာရီလေးကို စောကြည်ဖြူရဲ့လက်ထဲ ထည့်လိုက်သည်။

ထို့နောက် ...

ဘာမှနားမလည်၊ မသိတတ်သေးသည့် မျက်နက်ဝန်းကြည်ကြည်ကလေးများဖြင့် ရင်ခွင်ထဲမှ မော့ကြည့်နေရှာသည့် သမီးငယ်ကို တဝကြီး ငုံ့မွှေးလိုက်သည်။

မျက်ရည်နှင့်ရှိုက်သံများ သမီးလေးရဲ့ပါးပြင်နုနုပေါ် စွန်းကျဲသွားပြီးသည့်နောက် ...

သမီးလေးကို အံတင်းတင်းကြိတ်လျက် စောကြည်ဖြူရဲ့ရင်ခွင်ထဲ ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ဒီမှာကြည့်စမ်း ... သမီးအတွက် ညီမလေး ... သံစဉ်ချိုချိုတဲ့၊ ချစ်စရာလေးနော်"

စောကြည်ဖြူ သမီးသလင်းဖြူရှေ့ ကလေးကို ထိုးပြသည်။

မျက်နှာစိမ်းမို့ပဲလားမသိ သမီးသလင်းဖြူက သံစဉ်ချိုချို ဆိုသော ကလေးမလေးကို မလိုလားသလို လက်ကလေးများဖြင့် ကုတ်ခြစ်သည်။

အနေအေးဟန်တူသော ကလေးမလေးကတော့ စောကြည်ဖြူမျက်နှာကိုပဲ မော့ကြည့်ကာ ငိုမဲ့မဲ့။

"အို ... မလုပ်ပါနဲ့ သမီးရယ်၊ ညီမလေးလေ ... ညီမလေး"

စောကြည်ဖြူ ကိုယ့်သမီးကိုလည်း ချော့ရင်း၊ သံစဉ်ချိုချိုကိုလည်း မငိုအောင် မြူနေရသေးသည်။

"သမီးလေးကလည်း မငိုနဲ့နော်၊ ဘဘပြန်လာရင် မုန့်တွေ ဝယ်လာခဲ့လိမ့်မယ်နော်၊ မုန့်မုန့်စားမယ် မဟုတ်လားဟင် ... မုန့်မုန့်လေ"

ကလေးကိုမြူရင်းက အိမ်ပြန်နောက်ကျနေသည့် ကိုလင်းဇော်ကို မျှော်နေမိသည်။

ဒီနေ့ ... ဘာလို့ ဒီလောက်တောင် နောက်ကျနေရပါလိမ့်။

တက္ကစီဆွဲသည်မို့ အော်ဒါတွေပဲ ကောင်းနေလို့လား။





ဒါမှမဟုတ် အုံနာအိမ်မှာပဲ စကားပြောကောင်းနေသည်လားဟု တွေးဆဲ။

"အစ်မဖြူ ... အစ်မဖြူရေ"

ခြံရှေ့မှ အမောတကော ခေါ်သံကြောင့် ...

"ဝေး"

ခနဲ ထူးလိုက်ရင်းက စောကြည်ဖြူ ခေါင်းထောင်ကြည့်လိုက်မိသည်။

"ဘယ်သူလဲ ... ဝင်ခဲ့လေ"

"အစ်မဖြူ ... အစ်မဖြူ ... ဟို ... ဟိုလေ"

"ဟဲ့ ... ဘာလဲ ဖိုးကုလားရဲ့၊ ချွေးတွေ သံတွေနဲ့ အမောတကော ဘာဖြစ်တာလဲ"

စောကြည်ဖြူ ကလေးနှစ်ယောက်လုံးကို လက်တစ်ဖက်စီ ပွေ့ချီကာ မေးလိုက်မိသည်။

"အစ်မဖြူ ... ကိုလင်း ... ကိုလင်းလေ"

လင်ဖြစ်သူရဲ့နာမည် ကြားလိုက်ရတော့ စောကြည်ဖြူ ရင်ထဲ ဒိန်းခနဲ ဖြစ်သွားမိ၏။

"ကိုလင်းဇော် ... ဘာဖြစ်လဲ၊ ကိုလင်းဇော် ... ဘာဖြစ်လဲ"

"ကို ... ကိုလင်းဇော် ကားကြီးတစ်စင်းနဲ့ တိုက်မိလို့တဲ့ ... အဲ့ ... အဲ့ဒါ"

"ဘာ"

စောကြည်ဖြူ တစ်ကိုယ်လုံး တောင့်မတ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု ... အခု ... သူ ... သူ ... ဘယ်မှာလဲဟင်၊ ဆေးရုံမှာလား"

ထစ်ငေါ့ တုန်ယင်စွာ မေးလိုက်မိသည်။

"မဟုတ်ဘူး အစ်မ၊ ကိုလင်း ... ပွဲ ... ပွဲချင်းပြီး"

"ဟင်"

ပွဲချင်းပြီး ...

ပွဲချင်းပြီး ...

မြတ်စွာဘုရား ... စောကြည်ဖြူ နားနှစ်ဖက်ကို ပိတ်ထားလိုက်မိသည်။

မျက်လုံးများထဲ မှောင်မိုက်ပြာဝေကာ ... ဘာဆိုဘာမှ မသိနိုင်တော့ပြီ။

"အစ်မ ... အစ်မဖြူ"

"ဟင် ... ညည်းကြောင့်၊ ညည်းရောက်လာလို့ ငါ့ယောကျ်ားသေရတာ"

"ခြေနှစ်ချောင်း မကယ်ကောင်းတဲ့၊ ခြေနှစ်ချောင်းဝင်လို့ ခြေနှစ်ချောင်းထွက်ရတာ"

"ညည်းဟာ ဂြိုဟ်ကောင်မပဲ"

"ညည်း ဂြိုဟ်မွှေလို့ ... ညည်း ဂြိုဟ်မွှေလို့"





စောကြည်ဖြူ မျက်ရည်တွေကြားက တစ်နှစ်သမီးလေး သံစဉ်ချိုချိုကို ခါးခါးသီးသီး စွပ်စွဲနေမိသည်။

ထိုကလေးမလေးကို မကြည့်ချင် မမြင်ချင်လောက်အောင် မုန်းတီးနေမိသည်။

ဖြစ်နိုင်လျှင် ထိုကလေးမလေးကို တစ်နေရာရာမှာ သွားပစ်လိုက်ချင်လောက်အောင် မုန်းသည်။

သို့သော် ...

ထိုသို့ စဉ်းစားတိုင်း ကျေးဇူးရှိခဲ့ဖူးသည့် သံသာချို၏ မျက်နှာက မျက်စိထဲ တဝဲဝဲမြင်ယောင်နေမိသည်။

လက်ခံထားလိုက်မိတော့လည်း ဝတ္တရားကျေအောင် ကျွေးမွေးစောင့်ရှောက်ရတော့မှာပေါ့လေ။

ရင်ထဲက ခါးသီးမှုအမုန်းကိုတော့ဖြင့် မဖြေပျောက်နိုင်။

"ရော့ ... သမီးကြီးအတွက် မုန့်ဟင်းခါး၊ ဘူးသီးကြော်နဲ့ လက်ဖက်ရည်"

"လက်ဖက်ရည်က ရှယ်လား အမေ"

"အံမယ်လေး ... ရှယ်ပါတော် ရှယ်ပါ၊ မဖုရားက ကောင်းပေ့ ညွှန်ပေ့မှ ကြိုက်တတ်တာ သိပါတယ်"

"အဟင်းဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သလင်းဖြူ သဘောကျစွာ ရယ်ရင်း မုန့်ဟင်းခါးထုပ်နှင့် လက်ဖက်ရည်ထုပ်တွေကိုယူပြီး ထွက်သွားသည်။

မနက်မိုးလင်းကတည်းက ဘာမှမစားရသေးဘဲ မေမေ ဈေးပြန်အလာကို စောင့်နေခဲ့ရသော သံစဉ့်ဗိုက်ထဲမှာလည်း တကြွတ်ကြွတ် ဆာလောင်နေပြီ။

မမသလင်းဖြူလက်ထဲက အထုပ်တွေကို မသိမသာလေး လိုက်ငေးမိ၏။

"မိသံစဉ် ... လာ လိုက်မျှော်မနေနဲ့၊ ဒီမှာ ပဲပြုတ်ဝယ်လာတယ်၊ ရော့ ... ထမင်းကြမ်းနဲ့ နယ်စားချေ"

သံစဉ့်မျက်နှာလေး ဝင်းခနဲဖြစ်သွားကာ မေမေ့လက်ထဲက ပဲပြုတ်ကို ဝမ်းသာအားရ ပြေးယူ၏။

သံစဉ် မနက်စာ ပဲပြုတ်နှင့်အကြော်တစ်ခုခုပဲ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ... အရေးမကြီး။

သံစဉ်အတွက်က ဗိုက်ဝ,ဖို့သာ အရေးကြီးသည်။

သံစဉ် ထမင်းကြမ်းနှင့်ပဲပြုတ်ကို ဆီဆမ်း ဆားဖြူးနယ်နေရင်းက မေမေ့ကို သတိတရ လှမ်းမေးလိုက်သည်။

"မေမေရော ... ဘာစားပြီးပြီလဲဟင်၊ ပဲပြုတ်စားမလား။ သမီး ပိုနယ်လိုက်မယ်လေ"

ဒေါ်စောကြည်ဖြူ ဈေးခြင်းကိုချ,ရင်းမှ သံစဉ့်ကို တစ်ချက်ကြည့်လိုက်မိသည်။

"အေး ... နယ်အေ စားတာပေါ့"

"ဟုတ် ... ရှယ် ... နယ်ပေးမယ် ရှယ်"





ပြုံးတုံ့တုံ့ပြောပြီး မြန်ဆန်စွာပင် သံစဉ် မေမေ့ရှေ့ ထမင်းပန်းကန်နှင့်ရောက်လာ၏။

"ရော့ ... မေမေ"

ဒေါ်စောကြည်ဖြူ ငုံ့ကြည့်လိုက်တော့ သူ့မ ပန်းကန်ထဲက ထမင်းမှာ ပဲပြုတ်နိုင်းချင်း ဆီရွှဲရွှဲ။

သံစဉ့်ပန်းကန်ထဲမှာတော့ ပဲပြုတ်က ပါလေရာ။ ဆီကလည်း ခြောက်ကပ်ကပ်။

သမီးကြီးကို လှမ်းကြည့်လိုက်တော့ မုန့်ဟင်းခါးလေး စားလိုက်၊ လက်ဖက်ရည်လေး သောက်လိုက်နှင့်။

မအေဖြစ်သူ ထမင်းကြမ်းစားနေတာကို မသိတာဘဲလား၊ မသိချင်ယောင်ဆောင်နေတာဘဲလား မပြောတတ်။

ဒေါ်စောကြည်ဖြူ သမီးအရင်းကိုတစ်လှည့်၊ မွေးစားသမီးဖြစ်သူကိုတစ်လှည့်ကြည့်ကာ သက်ပြင်းရှိုက်လိုက်မိသည်။

"အမေ ... သမီးအတွက် ကျောင်းစိမ်းအသစ်တွေ ချုပ်ပေးပါဦး၊ အင်္ကျီတွေက ဒီဖိုင်းအောက်နေပြီ"

သမီးကြီး မျက်နှာစူပုပ်ပုပ်နှင့် ပူဆာသည်။

ဒေါ်စောကြည်ဖြူ သမီးကြီးလက်ထဲက အင်္ကျီတွေကို ကြည့်လိုက်တော့ အလတ်ကြီးရှိသေးတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နော်လို့ . . . အစေ့ကလေးတွေ ချုပ်ပေး၊ ဒီလို ဖြောင်စကြီးတွေ မကြိုက်ဘူး"

သမီးပြောသည့်ဖြောင်စတွေမှာ တက်ထရွန်နှင့်သရီးရိုင်ဖယ်အစတွေ ဖြစ်သည်။

အင်းလေ . . . ဈေးဖိုးထဲက ဖဲ့ပြီး နေ့သွင်းနှင့် ဝယ်ပေးလျှင်တော့ ဖြစ်ပါရဲ့။

"နော် . . . လို့ အမေ့"

သုံးခွန်းမြောက်ကျတော့ သမီးကြီးအသံက နည်းနည်းဆတ်လာသည်။

ပူဆာတာမရလျှင် ခြေဆောင့်တော့မည့်သမီးရဲ့အကျင့်ကို သိသည်မို့ ဒေါ်စောကြည်ဖြူ ကပျာကယာ ခေါင်းညိတ်ကာ . .

"အေး အေး သမီး . . . အမေ မနက်ဖြန်ကျ ဈေးထဲက ဝယ်ခဲ့ပေးမယ် သိလား"

"အဲ့ဒါကြောင့် အမေ့ကိုချစ်ရတာ"

လိုဆန္ဒပြည့်တော့ သမီးကြီးမျက်နှာမှာ အပြုံးတွေက ဝေသွားသည်။

"ရော့ . . . ဒါဆို ဒီအဟောင်းတွေ မယူတော့ဘူး"

သမီးကြီးက သူ မဝတ်ချင်တော့သည့် အထည်တွေကို ထားခဲ့ပြီး ထ,ထွက်သွားသည်။

အလတ်ကြီးတွေမို့ ဒေါ်စောကြည်ဖြူ နှမြောမိသော်လည်း မတတ်နိုင်ပြီ။

"မိသံစဉ်"





"ရှင်"

သံစဉ် ချက်ချင်းအနားကို အပြေးရောက်လာ၏။

"ရော့ . . . ဒီအထည်တွေ ညည်းယူလိုက်တော့၊ ညည်းအစ်မက မဝတ်ချင်တော့ဘူးတဲ့"

သလင်းဖြူရဲ့အင်္ကျီအဟောင်းများကိုကြည့်ကာ သံစဉ့်မျက်လုံးလေးတွေ ဝင်းလက်သွားခဲ့ရသည်။

"ဟယ် . . . တကယ် ဒီအင်္ကျီတွေ သံစဉ့်ကို တကယ်ပေးတာလားဟင်"

အင်္ကျီလေးများကို ဖွဖွကိုင်ကာ မယုံရဲသလိုလို ပြန်မေးနေသော သံစဉ့်ကို ဒေါ်စောကြည်ဖြူ မျက်စောင်းဝင့်လျက် . . .

"ဟုတ်ပါတယ်ဆို . . . ယူသွား . . . သွား"

"ဟေး . . . လှလိုက်တာ၊ ကျေးဇူးပဲနော် မမ၊ မမက သဘောကောင်းလိုက်တာ"

သံစဉ် မနေနိုင် မထိုင်နိုင် အစ်မဖြစ်သူကို ကျေးဇူးသွားတင်လိုက်သေးသည်။

"ကျေးဇူးတင်ရင် ခြင်းထဲက ငါ့အဝတ်တွေ နင်လျှော်ပေး"

သလင်းဖြူ မျက်နှာထားတည်တည်ဖြင့် ပြောသည်။

"ဟုတ် . . . လျှော်ပေးမယ် မမ၊ အခုပဲ လျှော်ပေးမယ်"

သံစဉ် ချက်ချင်း ခြင်းထဲမှာ စုပုံထားသော အစ်မဖြစ်သူရဲ့ အဝတ်ဟောင်းတွေကို ထုတ်ယူပြီး . . .

လျှော်ပေးဖို့ ရေကပြင်ဆီ ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သလင်းဖြူနှင့် ဒေါ်စောကြည်ဖြူတို့သားအမိကတော့ တစ်ယောက်မျက်နှာတစ်ယောက် အမိပ္ပာယ်ပြည့်ဝစွာကြည့်မိလျက် ပြုံးလိုက်ကြသည်။

သံစဉ်ကတော့ မမြင်လိုက်။

❖

"ငရုတ်သီးတစ်ဆုံထောင်းထား ကြားလား၊ သေသေချာချာ ညက်နေအောင် ထောင်းနော်"

"ဟုတ်ကဲ့ မေမေ"

အမေဖြစ်သူ ဈေးမှပြန်လာလျှင် အသင့်ချက်နိုင်အောင် သံစဉ် ကြိုပြီး ငရုတ်သီးတစ်ဆုံ ထောင်းထားရပါသည်။

ထောင်းခါစက ငရုတ်သီးများ ဖိတ်စဉ်ပြီး မျက်လုံးထဲ ဝင်တတ်သော်လည်း ကြာတော့ဖြင့် သံစဉ် ကျင့်သားရကာ ငရုတ်သီးညက်နေအောင် ထောင်းတတ်ပေပြီ။

"ငရုတ်သီးထောင်းတာကို လွယ်လွယ်မဖွတ်နဲ့၊ လက်အချိန်းခဆလိုတယ်၊ အရင်ခေတ်က လူကြီးတွေဟာ ချွေးမလောင်းကို ငရုတ်သီးတစ်ဆုံ ထောင်းခိုင်းပြီး ဘယ်လောက်မိန်းမပီသသလဲ၊ အိမ်မှုကိစ္စ ကျွမ်းကျင်နိုင်နင်းသလဲဆိုတာ အကဲခတ်တာတဲ့"

အမေပြောတဲ့စကားတွေကို သံစဉ် ကောင်းကောင်းနားမ





လည်ပေမယ့် ... အမေဖြစ်သူ အလိုကျစေဖို့ ညက်နေအောင် ငရုတ်သီး ထောင်းတတ်ခဲ့တာဖြစ်သည်။

ဒါက အမေ ဈေးသွားချိန် လုပ်တဲ့အလုပ်။ အမေ ဈေးက ပြန်လာလျှင် ...

"မီးမွှေးလိုက်ရတော့မလား အမေ"

အလိုက်သိစွာဖြင့် မီးမွှေးပေးတတ်သူက သံစဉ်။

❖

"အေး ... ပြီးရင် ဆန် တစ်ခါတည်းဆေးပြီး ထမင်းအိုး တင်လိုက်တော့"

"ဟုတ်ကဲ့ အမေ"

ထမင်းအိုး တင်လိုက်ပြီးချိန်မှာ ...

"အမေ ... သမီး ဘာလုပ်ပေးရဦးမလဲ"

"ကန်စွန်းရွက်တွေခြွေ ... အရိုးအရင့်ကြီးတွေ မထည့်နဲ့နော် ကြားလား"

"ဟုတ်ကဲ့"

"အေး ... ပြီးရင် ကြမ်းတိုက်ချေတော့"

"ဟုတ်ကဲ့ အမေ"

မီးဖိုဆောင်မှာ အမေ ဟင်းချက်ဖို့ အဆင်သင့်ပြင်ဆင်ထားပေးပြီးလျှင် တံမြက်လှည်း, ဖုန်သုတ်, ကြမ်းတိုက်နှင့် သံစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေက ဖယ်စက်သလို။

"တံမြက်စည်းလှည်းရင် သေချာစင်အောင်လှည်းနော်၊ စားပွဲတွေ ကုလားထိုင်တွေအောက် မကျန်စေနဲ့ ကြားလား မိသံစဉ်"

"ဟုတ်ကဲ့ အမေ"

"ကြမ်းတိုက်ရင်လည်း ရေရွှဲဖတ်ကြီးနဲ့ မတိုက်နဲ့ ကြားရဲ့လား၊ ကြမ်းခွေးတတ်တယ်၊ ရေစိုဝတ်ကို သေသေချာချာ ညှစ်ပြီးမှ တိုက်"

"ဟုတ်ကဲ့ မေမေ"

မေမေ ဘာပြောပြော ဘာခိုင်းခိုင်း သံစဉ့်အဖို့ကတော့ မိန်းကလေးဆိုတာ အိမ်မှုကိစ္စနိုင်နင်းဖို့လိုတယ် . . . ဆိုတဲ့ မေမေ့စကားကို နားထဲစွဲလျက် မေမေက သင်ပေးနေတာလို့ပဲ သဘောပေါက်ကာ . . . ဟုတ်ကဲ့ မေမေဆိုတာက သံစဉ့်နှုတ်ဖျားမှာ စွဲနေတဲ့ နှုတ်ထွက်စကား။

"မိသံစဉ် ကြမ်းတိုက်ပြီးရင် လက်ကို ဆပ်ပြာနဲ့ စင်အောင်ဆေး၊ ပြီးရင် ငါ့အတွက် သနပ်ခါး သွေးပေးထား . . . ကြားလား"

"ဟုတ်ကဲ့ မမ"

ဟုတ်ကဲ့ မေမေ၊ ပြီးတော့ . . . ဟုတ်ကဲ့ မမ။

အငယ်ဆိုတာ ကိုယ့်ထက် အကြီးခိုင်းတာ လုပ်ပေးရမယ်ဆိုတဲ့စကားကို သံစဉ် မြေဝယ်မကျ။

"သနပ်ခါးသွေးပြီးရင် ငါ့စာအုပ်တွေကိုစစ်ပြီး ကျောပိုး





အိတ်ထဲ ထည့်ထားလေ၊ အချိန်ဇယားနဲ့ သေချာတိုက်နော်"

"ဟုတ်ကဲ့ မမ"

သလင်းဖြူ ရေကို စိမ်းပြေနပြေ ချိုးရင်းက သံစဉ်ကို ခိုင်းနေသည်မှာ ဆက်တိုက်။

သံစဉ် မျက်နှာတစ်ချက်မပျက်။

သလင်းဖြူ ရေချိုးပြီးတော့ ရေစိုဝတ်ကို ရေကပြင်မှာ ကွင်းလုံးပုံချခဲ့ပြီး . . .

"သံစဉ်ရေ နင်ရေချိုးရင် ငါ့ထဘီကို တစ်ခါတည်း လျှော်လိုက်ပါဟာနော်၊ ငါ အချိန်မရတော့လို့"

"ဟုတ်ကဲ့ မမ . . . ထားခဲ့, ထားခဲ့၊ သနပ်ခါးသွေးပြီး ပြီနော်"

နှုတ်ချိုချိုကလေးဖြင့် ခိုင်းတတ်သော မမသလင်းဖြူရဲ့ ဝေယျာဝစ္စမှန်သမျှကို သံစဉ် မညည်းမညူလုပ်ပေးတတ်စမြဲ။

အချိန်ဇယားနှင့်တိုက်ပြီး မမသလင်းဖြူရဲ့ကျောပိုးအိတ်ထဲ စာအုပ်များ ထည့်ပြီးလျှင် . . .

ရေကပြင်ဆီ ပြေးပြီး အမေဖြစ်သူ ကွင်းလုံးပုံချခဲ့သည့် ထဘီကို လျှော်ပေးမိပြန်သည်။

"ဩော် . . . သံစဉ်ရေ ငါ့သေတ္တာကို ရှင်းပေးစမ်းပါဦး၊ ဟာ . . . ရှုပ်နေပြန်ပြီ"

"ဟုတ်ကဲ့ မမ . . . ဒါပြီးရင် ရှင်းပေးမယ်နော်"

"လိမ္မာတယ် ငါ့ညီမက"

အစ်မဖြစ်သူဆီက လိမ္မာတယ် . . . လို့ ချီးမွမ်းသံကြား



www.burmeseclassic.com

www.burmeseclassic.com



ရတော့ သံစဉ် မျက်နှာကလေး ပြုံးပြုံးရင်း မြောက်သွားရသည်။

အစ်မဖြစ်သူက နှုတ်ချိုချိုကလေးနှင့် ခိုင်းတတ်မှန်း သိပေမယ့်လည်း မညည်းမညူ လုပ်ပေးရကျိုးနပ်လေသည်မှာ ထိုချီးမွမ်းသံကလေးပဲ ဖြစ်သည်။

သံစဉ်စိတ်ထဲမှာတော့ မေမေနှင့်မမ ဘယ်လောက်ခိုင်းခိုင်း ဘာပဲလုပ်ပေးရ,လုပ်ပေးရ မပင်ပန်းချင်။

ဘာဖြစ်လို့လဲဆိုတော့ ...

သည်အမေနှင့် သည်အစ်မကို သံစဉ် အရမ်းကိုချစ်သည်လေ။

ဒါကြောင့် ... ခိုင်းသမျှ လုပ်ပေးရသည်ကို မပင်ပန်းသည့်အပြင် ပျော်လို့တောင် နေမိတာ။

တစ်မအေတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့ပေမယ့် သံစဉ်နှင့် မမသလင်းဖြူမှာ စရိုက်ချင်း, စိတ်ဓာတ်ချင်း လုံးဝ မတူခဲ့။

ပြဒါးတစ်လမ်း၊ သံတစ်လမ်း ကွဲပြားခြားနားလွန်းလှသည်။

သံစဉ်က အနေအေးပြီး အမေနှင့်အစ်မ ပြောသမျှ ခေါင်းညိတ်ဖို့သာ သိသလောက်။





သလင်းဖြူကတော့ ငယ်စဉ်ကတည်းက နေရာတကာ အပြိုင်အဆိုင်နှင့် အနိုင်ရလိုစိတ်ကြီးမားကာ ...

အစွန်းရောက်သည့်စိတ်ထားရှိသည်။ အတ္တလည်း ကြီးသည်။

သလင်းဖြူရဲ့ အစွန်းရောက်လွန်းသောစိတ်မှာ ဘယ်လောက်တောင် ကြောက်စရာကောင်းလိုက်သလဲဆို ...

ညီအစ်မနှစ်ယောက်သား ကြီးကောင်ဝင်စပြုသည့်အရွယ်။

သံစဉ်က ခုနစ်တန်း သလင်းဖြူက ရှစ်တန်းနှစ်မှာ ကျောင်းသို့အသွား ...

'ကျွီ'

'ဒုံး'

လမ်းမှာ ကားဘရိတ်ဆောင့်နင်းသံ၊ တိုက်မိသံတွေ ဆက်တိုက်ဆိုသလို ကြားလိုက်ရပြီး ...

"ဟယ်"

"သနားပါတယ်"

"ကျွတ် ... ကျွတ်"

ခွေးလှလှလေးတစ်ကောင် ကားတိုက်ခံလိုက်ရသည့် မြင်ကွင်းကို မြင်လိုက်ရသူအားလုံးက သနားကရုဏာသက်စွာ စုတ်တသပ်သပ်။

သံစဉ်ကိုယ်တိုင်လည်း သွေးအိုင်ထဲမှာ တဂိန်ဂိန်အော်ရင်း အကြောဆွဲကာ မသေမရှင်ဖြစ်နေသည့် ခွေးကလေးကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရက်။

"သနားပါတယ်နော် မမ၊ သူ့ခမျာ မသေမရှင်နဲ့ ဝေဒနာ ခံစားနေရတယ်"

သံစဉ် စိတ်မကောင်းလှစွာ ခွေးကလေးကို မကြည့်ရက်တော့ဘဲ မျက်နှာလွှဲလိုက်မိသည်။

"အေး ... မျက်နှာလွှဲရုံနဲ့ မပြီးဘူး။ သူ့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးရမယ်"

ပြောပြောဆိုဆို မမသလင်းဖြူ သွေးအိုင်ထဲမှာ တဂိန်ဂိန်အော်ရင်း အကြောဆန့်ငင်,ဆန့်ငင်ဖြစ်နေသည့် ခွေးကလေးဆီ ထွက်သွားပြီးလျှင် ...

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသဖြင့် ဘယ်သူမှ မတားလိုက်နိုင်။

မမသလင်းဖြူရဲ့ အပြုအမူမှာ လျှင်မြန်လွန်းလှတာမို့ အာလုံး မျက်လုံးပြူးသွားရသည်။

"ဟယ်"

"ဟာ"

"အံမယ်လေးလေး ရက်စက်လိုက်တာ"

အနားမှ တုတ်တစ်ချောင်းကိုရှာပြီး မမသလင်းဖြူက မသေမရှင်ဖြစ်နေသည့် သွေးအိုင်ထဲက ခွေးကလေးကို တုတ်ဖြင့် အားကုန်လွှဲရိုက်သတ်ပေးလိုက်ခြင်းပါ။

ခွေးကလေး၏မချိမဆန့် ဝမ်းခေါင်းသံဖြင့် ...

"ဂိန်"





ခနဲ အော်လိုက်သံမှာ နားမချမ်းသာဖွယ် ကောင်းလွန်းလှသည်။

မမသလင်းဖြူကတော့ ဘာမှမဖြစ်သလိုပင်။

တုတ်ကိုပစ်ချခဲ့ပြီး အေးအေးဆေးဆေးပြန်ထွက်လာခဲ့သည်။

သွေးအေးလှသော မမပုံစံကိုကြည့်ပြီး မနေနိုင်,မထိုင်နိုင် သံစဉ် ပြောမိတော့သည်။

"မမရယ် ခွေးလေး သနားပါတယ်၊ ဘာလို့သတ်ပစ်လိုက်ရတာလဲဟင်"

"သူ့အတွက် အကောင်းဆုံးအခြေအနေကို ငါလုပ်ပေးလိုက်တာလေ"

"မမ မသနားဘူးလားဟင် ... ခွေးကလေးကို"

"ဟဲ့ သနားတာပေါ့၊ သနားလို့လည်း အခုလို လုပ်လိုက်တာပေါ့၊ ရှင်အောင်မှ လုပ်ပေးလို့ မရနိုင်တော့တာ၊ သူက အသက်ငင်နေပြီပဲ"

"မရှင်နိုင်တော့မယ့်အတူတူ ခုလို သတ်ပေးလိုက်တော့ သူ ဝဋ်ကျွတ်သွားတာပေါ့၊ ဝေဒနာမခံစားရတော့ဘူးပေါ့"

မမသလင်းဖြူရဲ့အတွေးအခေါ်များကို သံစဉ် လိုက်မမီတော့ပါ။ မမရဲ့စိတ်သဘောကိုလည်း နားမလည်တော့။

"မမ ငရဲကြီးမှာ မကြောက်ဘူးလားဟင်"

လို့တော့ မဝံ့မရဲ မေးမိသည်။

"အဲ့ဒါက ... နောက်မှဖြစ်မယ့်ကိစ္စလေ၊ အခုလေး



www.burmeseclassic.com

www.burmeseclassic.com



လောဆယ်ကိစ္စကိုပဲ ငါ စိတ်ဝင်စားတယ်''

မမသလင်းဖြူရဲ့လေသံပြတ်ကြောင့် သံစဉ် ဆက်မပြောရဲတော့။

သတ္တဝါတစ်ကောင်ကို ရိုက်သတ်ရဲသော မမရဲ့သတ္တိကိုရော၊ ဘယ်သူနဲ့မှ မတူသည့် မမရဲ့တစ်ဖက်စွန်းကျလွန်းလှသည့် အစွန်းရောက် စိတ်ဓာတ်ကိုရော . . . သံစဉ် အရမ်းကို အံ့အားသင့်နေမိသည်။

ပြီးတော့ . . . တစ်မျိုးကြီးပဲဟု တွေးလိုက်မိသည်။

သံစဉ်သာဆို ဒီလိုအပြုအမူမျိုး လုပ်ရဲဖို့နေနေသာသာ တွေးပင် မတွေးခဲ့။

မမကို သံစဉ် ကြောက်ပင် ကြောက်သွားမိတော့သည်။

''အမေ . . . သမီးကို ကျူရှင်ထားပေးတော့နော်''

''ဟေ''

ဒေါ်စောကြည်ဖြူ သမီးကြီးကို မော့ကြည့်သည်။

''မဟောနဲ့ အမေ၊ စာတွေက အရမ်းမြင့်လာပြီ၊ ခက်တာမှ တအားပဲ၊ ကျောင်းမှာက လူအများကြီးနဲ့သင်ရတာ၊ သမီး စာမလိုက်နိုင်ဘူး''

သမီးဖြစ်သူက မဟောနဲ့ဆိုတော့ ဒေါ်စောကြည်ဖြူ ဘာ





ပြောရမည်မသိတော့။

ဒီခေတ်ကြီးမှာ အထက်တန်းကျောင်းသားတစ်ယောက်ရဲ့ ကျူရှင်စရိတ်က အသက်ရှူကျပ်ချင်စရာ။

''သမီးက ဘယ်ဘာသာတွေ ကျူရှင်တက်ချင်လို့လဲ''

ဒေါ်စောကြည်ဖြူ မဝံ့မရဲ မေးမိသည်။

''တက်တာကတော့ ဘာသာစုံတက်မှဖြစ်မှာ''

မြတ်စွာဘုရား . . .

ဒေါ်စောကြည်ဖြူ ရင်ထဲမှ ဘုရားတ,မိခြင်းပါ။

ရုပ်အင်္ကျီများ အော်ဒါချုပ်ရသည့်ဝင်ငွေက တစ်လ,တစ်လ စားစရိတ်နှင့် ကျောင်းစရိတ်ကို အလျင်မီနိုင်ရုံလောက်သာ။

ကျူရှင်ခကို ဘယ်ကပိုက်ဆံဖြင့် ပေးရမည်နည်း။

''အမေရယ် . . . ဒီလောက်ကြီး မျက်နှာပျက်မနေပါနဲ့၊ အမေ့မှာ ဆွဲကြိုးတွေ၊ နားကပ်တွေ ရှိနေတာပဲ''

အောင်မလေး . . .

ဒေါ်စောကြည်ဖြူ အသံမထွက်မိပြား အထိတ်တလန့်ဖြစ်သွားရသည်။

ရေးကြောင်းကြီးငယ်ရှိမှ ရှိတန်ဆာ, မရှိဝမ်းစာ့အတွက် သိမ်းထုပ်ထားရသောပစ္စည်းများကို သမီးဖြစ်သူ မည်သို့သိသနည်း။

ကိုယ့်မှာဖြင့် မရှိသဏ္ဍာန်သဘောထားကာ ထုတ်၍ပင် မဝတ်မိ။

''သမီးရယ် . . . အဲ့ဒီပစ္စည်းလေးတွေက''



www.burmeseclassic.com

www.burmeseclassic.com



"အိုစာမင်းစာ . . . လို့ ပြောဦးမလို့ မဟုတ်လား၊ အခု သမီး စာသင်နေတာလည်း တစ်ချိန် အမေ့ကို အလုပ်အကျွေး ပြုဖို့ပဲဟာ"

"အမေ အရင်းအနှီးလို့ သဘောမထားနိုင်ဘူးလား၊ ရတယ်လေ . . . ကျူရှင်မထားနိုင်ဘူးဆိုရင် သမီး ကျောင်းလည်း မတက်ရုံဘဲ"

"စာမေးပွဲအောင်ဖို့ကိုတော့ အမေ မမျှော်လင့်နဲ့တော့"

ဒေါ်စောကြည်ဖြူ သမီးရဲ့ပြတ်သားလှသောစကားများ ကြောင့် ရင်ဘတ်ကို ဖိထားလိုက်မိသည်။

"နေ . . . နေပါဦး သမီးရယ်"

သလင်းဖြူ ရှုပုပ်ပုပ်မျက်နှာနှင့် အမေဖြစ်သူကို လှည့် ကြည့်သည်။

ဟင့်အင်း . . . လို့ ဒေါ်စောကြည်ဖြူ မငြင်းဆန်ရဲ။

ဆောင့်ခနဲ ချက်ချင်း ခြေသံပြင်းပြင်းနှင့် ထ,ထွက်သွား မှာကို စိုးရိမ်သည်လေ။

"သမီးတက်ချင်ရင် အမေ ဖြစ်အောင်လုပ်ပေးပါ့မယ်၊ သမီး ဘာမှစိတ်အနှောင့်အယှက် မဖြစ်နဲ့နော်"

သလင်းဖြူ အလိုပြည့်တော့မှပဲ တင်းမာနေသော မျက်နှာက အပြုံးအဖြစ် ပြောင်းလဲသွားတော့သည်။

"ဒီခေတ်မှာက ကျူရှင်မတတ်နိုင်ရင် မဖြစ်ဘူးအမေ၊ ကျူရှင်မတက်နိုင်ရင် သိပ်မျက်နှာငယ်တာ"

ဒေါ်စောကြည်ဖြူ ဘာမှပြန်မပြောနိုင်။





သက်ပြင်းတစ်ရှိုက်ဖြင့် သမီးဖြစ်သူကို ငေး၍သာကြည့် နေမိသည်။

ရှိစုမဲ့စု ပစ္စည်းကလေးများ ထုခွဲရောင်းချပြီး ကောင်း ပေ့ဆိုသည့် ကျူရှင်ကြီးများတွင် ထားသော်လည်း ဆယ်တန်း နှစ်တွင် သလင်းဖြူ စာမေးပွဲကျသည်။

ရင်ဘတ်စည်တီးပြီး ငိုချင်းချလိုက်ချင်သူမှာ ဒေါ်စော ကြည်ဖြူ။

ယူကျုံးမရဖြစ်လိုက်ရသည်မှာ မပြောပါနှင့်တော့။

ကာယကံရှင်ဖြစ်သော သလင်းဖြူကတော့ အေးအေး ဆေးဆေးပင်။

"သမီးလည်း ကြိုးစားတာ အမေ တွေ့တယ်မဟုတ် လား၊ ကံမကောင်းလို့ မအောင်တာတော့ ဘယ်တတ်နိုင်မှာလဲ၊ ဒီနှစ် . . . သမီး ပိုပြီးကြိုးစားမှာပါ"

ပိုပြီး ကြိုးစားမှာပါလို့ ပြောနေသည့်တိုင် ဒေါ်စောကြည် ဖြူ သမီးဖြစ်သူကို မယုံရဲတော့။

ရင်ထဲမှာလည်း ဒီနှစ်ထပ်ထားရမည့် ကျောင်းစရိတ်, ကျူရှင်စရိတ် ဆိုသည်ကို ကြိုတွေးကာ လေးလံနေမိသည်။

ဒီထက်ပိုပြီး ရင်လေးရသည်မှာ . . . အငယ်မ မိသံစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီနှစ် ဆယ်တန်း။

အတန်းချင်းတူလာပြီဆိုတော့ ဒေါ်စောကြည်ဖြူ အသက်ရှူမချောင်တော့။

အကြီးမ သလင်းဖြူကို ကျူရှင်ထားပြီး အငယ်မ မိသံစဉ်ကို မထားဘူးဆိုရင် ကောင်းပါ့မလား။

ဒေါ်စောကြည်ဖြူ ခေါင်းခဲရပြီ။

"မိသံစဉ် ... မိသံစဉ်"

စိတ်ရှုပ်ထွေးစွာဖြင့် အော်ခေါ်မိသည်။

"ရှင် ... မေမေ"

"ခဏ လာဦး"

စာကျက်နေရာမှနေ သံစဉ် ထ,လာသည်။

"ညည်းကရော ... ကျူရှင်ထားရဦးမှာလား"

စိတ်ရှုပ်ထွေး နောက်ကျိနေသည့် မျက်နှာဖြင့် မေးလာသော မအေဖြစ်သူကို သိတတ်နားလည်သည့် မျက်ဝန်းကလေးများဖြင့် မော့ကြည့်ပြီး သံစဉ် ခပ်မြန်မြန် ခေါင်းခါပြသည်။

"ဟင့်အင်း ... သမီး မတက်ပါဘူး မမကိုပဲ ထားပါ၊ သမီးက ရပါတယ်"

သံစဉ့်ဆီက အဖြေစကားကို ကြားရတော့မှ ဒေါ်စောကြည်ဖြူ သက်ပြင်းချနိုင်တော့သည်။

မတတ်နိုင် ... သမီးရင်းကိုသာ ဦးစားပေးနိုင်မည်လေ။





"ရှင် ... ဟုတ်လား"

ဒေါ်စောကြည်ဖြူ အံ့လည်း အံ့သြ၊ ဝမ်းလည်း ဝမ်းသာရသည်။

သို့သော် ...

တစ်ပြိုင်နက်တည်းပင် ခံရခက်သည့် မလိုစိတ်ကပါ ဖြစ်ပေါ်လာသည်။

"ဟုတ်တယ် အစ်မ ... သမီးအငယ် သံစဉ်ချိုချိုလေ ကိုးတန်းနှစ်အတွက် ပထမဆုရတယ်၊ ဝမ်းသာရအောင် ကျွန်မ ကြိုပြောတာ၊ ဆုပေးပွဲနီးတော့ ဖိတ်စာပေးလိုက်တယ်လေ ကလေးနဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"အဟင်း ... အရမ်းကို ဝမ်းသာသွားပြီပေါ့ ဟုတ်လား"

"ဝမ်းသာပါတယ် ... အဟင်းဟင်း"

ဝမ်းသာသည်ဆိုရသည့်တိုင် မချိသွားဖြစ်ရခြင်းကို ကိုယ်တိုင်သာ သိပါသည်။

သံစဉ့်ဆရာမက လမ်းကြုံဝင်ပြောသွားတော့ ကြားလိုက်ရသည့် အိမ်နီးနားချင်းများအားလုံးက ဝိုင်းချီးကျူးကြသည်။

"အစ်မဖြူသမီးလေးက တော်လိုက်တာနော်၊ နှစ်တိုင်း ပထမချည်းပဲ"

"ဒါတောင် ကျူရှင်တွေ,ဘာတွေ မတက်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှုကိစ္စတွေလုပ်ရင်းကနေ စာကျက်တာနော်၊ တော်လည်း တော်၊ လိမ်လည်း လိမ္မာတဲ့ကလေးပဲ"

တစ်ယောက်တစ်ခွန်း ပိုင်းချီးကျူးနေကြတာကို ကြားရလေ ဒေါ်စောကြည်ဖြူရင်ထဲ မခံချိ မခံသာဖြစ်လေ။

"အယ် ... အိမ်မှာ လူတွေများလှချေလား၊ ဘာကိစ္စတွေ ဆွေးနွေးနေကြတာလဲ ပြောပါဦး"

ကျူရှင်ကနေ ပြန်လာသော သလင်းဖြူက ဘုမသိဘမသိဖြင့်မေးလျှင် ဒေါ်စောကြည်ဖြူ ပိုပြီးစိတ်တိုရလေတော့သည်။

ညှိုသည်တွေပြန်မှ ဒင်း ... တွေ့မယ်ဟု စိတ်ထဲကြိမ်းဝါးသည်။

"ဒီမှာလေ ... သံစဉ်ဆရာမက လာပြောသွားတယ်၊ သံစဉ်က ကိုးတန်းမှာ ပထမရတယ်တဲ့"

"ဟုတ်လား"

သလင်းဖြူမျက်နှာ ချက်ချင်းပျက်သွားရသည်။

"သလင်းညီမက အရမ်းတော်တာနော်၊ ဘာကျွေးမှာလဲ သလင်း"

"ဘာကျွေးရမှာလဲ၊ သူတော်တော့ ကိုယ်တော်တာမှမဟုတ်တာ၊ ဘာဆိုင်လို့ ကျွေးရမှာလဲ"

သလင်းဖြူ ဘုဘောက်ပြောပြီး အိမ်ထဲ ခြေဆောင့်ဝင်သည်။

"ဟဲ့ ... မိသလင်း စကားကို ဘယ်လိုပြောလိုက်တာ





လဲ"

ဒေါ်စောကြည်ဖြူပင် ညှိုသည်တွေကို အားနာသွားရတော့သည်။

ညှိုသည်တွေမှာလည်း မျက်စိမျက်နှာမကောင်းကြတော့ဘဲ ထ,ပြန်ကုန်ကြလေတော့သည်။

ညှိုသည်တွေပြန်မှ သားအမိနှစ်ယောက်သား တွေ့ကြလေတော့သည်။

"ကဲ ... ဘယ်လိုလဲ မိသလင်း၊ ဘာကျူရှင်မှမယူတဲ့ ညည်းညီမက ပထမရသတဲ့နော်၊ ဆရာမက လာပြောသွားပြီ"

"အဲ့ဒါ ... သမီးက ဘာလုပ်ရမှာလဲ"

"တယ်"

ရိုင်းပျလှသော ပြန်ပြောပုံကြောင့် ဒေါ်စောကြည်ဖြူ လက်ရွယ်သည်။

"ညည်း မရှက်ဘူးလားဟင် ... ကိုယ့်အငယ်က အိမ်အလုပ်တွေလည်း သိမ်းကြုံးလုပ်၊ ကျူရှင်လည်း မတက်၊ ဒီကြားထဲက ဆုရသေးတယ်"

သံစဉ် ဈေးဝယ်ထွက်နေချိန်မို့ ကွယ်ရာမှာ ဒေါ်စောကြည်ဖြူ ချီးမွမ်းမိခြင်းပါ။

"ညည်းကတော့ ဘာမှလည်း မလုပ်ရ၊ ခြေမွေးမီးမလောင်, လက်မွေးမီးမလောင်နေရတဲ့ကြားက အဘက်ဘက်ကပြည့်စုံအောင် ကျူရှင်ဆို ကျူရှင် ထားပေးနေရတဲ့ကြားထဲက ဆုရဖို့နေနေသာသာ စာမေးပွဲတောင် ကျသေး၊ ဟင်း ... ညည်း



www.burmeseclassic.com

www.burmeseclassic.com



အစား ကျူပ် ရှက်တယ် သိလား''

''မရှက်ပါနဲ့၊ အမေ့သမီးအငယ်အတွက်ပဲ အမေ ဂုဏ်ယူနေပါ၊ ဒါပေမဲ့ သလင်းဖြူကိုလည်း သိပ်လျှော့မတွက်ပါနဲ့ အမေ၊ တစ်ချိန်ကျရင် မိသလင်းဖြူ ဘာဖြစ်မလဲဆိုတာ အမေ စောင့်ကြည့်နေပါ''

''အံမယ်လေး ... စောင့်ကြည့်မနေနိုင်ဘူးဟေ့၊ ထမင်းနပ်မှန်အောင် စားရဖို့က အရေးကြီးတယ်၊ အသုံးမကျတဲ့ သားသမီးကို ထမင်းအငတ်ခံပြီး စောကြည်ဖြူတို့က စောင့်မကြည့်နိုင်ဘူး''

အမေ ဟစ်လိုက်သံက သလင်းဖြူခန္ဓာကိုယ်တစ်ခုလုံးကို တောင့်မတ်သွားစေသည်။

အသုံးမကျတဲ့သားသမီး ... တဲ့။

သူ့သမီးအငယ်ကျတော့ ချီးမွမ်းခန်းဖွင့်လိုက်တာ။

အဲဒါ ... ဒင်းကြောင့်။

ဒင်းက သိပ်အတော်လွန်းနေလို့။

မိသံစဉ် ...

ညည်းကို ငါမုန်းတယ်။

ရင်ထဲက မနာလို ဝန်တိုစိတ်တွေက မီးတောက်မီးလျှံတွေလို တဟုန်းဟုန်းတောက်လောင်လို့နေသည်။





တကယ်ဆို သူများတန်းတူ ဝတ်ကောင်းစားလှကလေးတွေ ဆင်ပေးသင့်ပါလျက် ...

ခုလို မသိကျိုးကျွံပြုနေရတာကို ဒေါ်စောကြည်ဖြူ ကိုယ့်ကိုယ်ကိုယ် မလုံ။

ရှိတာလေးနှင့်လှအောင်ဝတ်ကာ ဆုယူရန် ပြင်ဆင်နေသည့် သံစဉ်ကိုကြည့်ပြီး ဒေါ်စောကြည်ဖြူ သနားသလို ခံစားမိသည်။

မွေးစားသမီးပေမယ့် ကိုယ် ရှန်းကန်ကျွေးမွေးခဲ့ရကျိုးနပ်အောင် ကြိုးစားခဲ့သည်မို့ ကျေနပ်ရသည်ပင်။

''မေမေ ... ရေချိုးတော့လေ''

''ဟဲ့ ... ငါက ဘာလို့ရေချိုးရမှာလဲ''

ဒေါ်စောကြည်ဖြူ အူကြောင်ကြောင်ဖြစ်သွားရသည်။

သံစဉ်က ပြုံးတုံ့တုံ့ကလေးနှင့် ...

''ချိုးရမှာပေါ့ ... မေ့မေပါ လိုက်ရမှာလေ၊ ဆုယူပြီးရင် မေမေနဲ့သမီး ဓာတ်ပုံတွဲရိုက်မယ်နော် ... နော် မေမေ''

ပြောပုံကလေးက မူနွဲ့နွဲ့။

တစ်နှစ်သမီးအရွယ်လေးကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့ရသည်မို့ သည်ကလေးရဲ့ဆုပေးပွဲကို ကိုယ်ပါလိုက်ပြီး ဂုဏ်ယူဝင့်ကြွားချင်လှပါသည်။

အေးလေ ... လိုက်ရမှာပေါ့လို့ ပြန်ပြောရန် ပါးစပ်ပြင်ဖို့ ကြိုးစားဆဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရှတ်တရက် …

သမီးကြီးဖြစ်သူက ခေါင်းထောင်ထ,ပြီး မျက်ရိပ်မျက်ကဲဖြင့် မလိုက်စေလိုဟန် ပြလေလျှင် …

"မလိုက်တော့ပါဘူးအေ … အကျီအော်ဒါတွေက ညနေအမီ ပေးရမှာ၊ ညည်းဟာညည်းပဲ သွားတော့"

ဘာမှပြန်မပြောပေမယ့် ညှိုးကျသွားသည့်မျက်နှာကလေးကို မကြည့်ရက်သလို ဒေါ်စောကြည်ဖြူ ခံစားရသည်။

❖

ငယ်စဉ်တုန်းက မသိသာခဲ့သော်လည်း ညီအစ်မနှစ်ယောက် ဆယ်တန်းတွင် အတန်းတူသွားပြီး သံစဉ်က ဆုရခဲ့ချိန်မှာ သလင်းဖြူရဲ့ သံစဉ်အပေါ် အနာလိုစိတ်က ပြင်းထန်သထက် ပြင်းထန်လာခဲ့သည်။

သံစဉ်မှို့ စာကျက်နေပြီဆို …

"မိသံစဉ် … ငါ့ကို ဒီစာတွေ လာကူးပေးစမ်း"

သံစဉ် ကျက်လက်စ စာကိုထားကာ အစ်မဖြစ်သူ ခိုင်းသည့်အတိုင်း စာတွေကူးပေးရသည်။

"မိသံစဉ် … ငါ စာကျက်ရတာ ဖက်ကြောတွေတက်လို့ လာနှိပ်ပေးစမ်း"

"မိသံစဉ် … ငါ အိပ်ချင်လာလို့ လက်ဖက်သုပ်ပေးစမ်းပါ"

"မိသံစဉ် … ငါ့အကျီတွေ မီးပူတိုက်ပေးဦး၊ ကျူရှင်သွားရင် ဝတ်စရာမရှိတော့ဘူး"

အရေးကြီးလှသည့် ဆယ်တန်းချင်းအတူတူ၊ သံစဉ် စာကျက်ပြီဆို တမင်ကို တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလို အကြောင်းမရှိ အကြောင်းရှာပြီး ခိုင်းတတ်သည်။

မွေးထားသည့် မအေဖြစ်သူကပင် စာကျက်မရအောင် တမင်နှောင့်ယှက်ပြီး ခိုင်းစေနေသည်မှန်း သိပါလျက် …

ကလေးတစ်ယောက်လို ရိုးသားလွန်းလှသော သံစဉ်ကတော့ အစ်မဖြစ်သူ တမင်နှောင့်ယှက်နေသည်ကို လုံးဝမရိပ်မိရှာ။

စာကျက်နေရင်းမှနေ ခိုင်းသမျှကို မညည်းမညူလုပ်ပေးတတ်သည်။

စာကျက်ပျက်သည် … ဟုလည်း အမေဖြစ်သူကို အပြစ်မမြင်။ မငြိုငြင်။

အစ်မဖြစ်သူက ဘယ်လောက်ပင်နှိပ်ကွပ်ပါလေ နဂိုကတည်းက ဉာဏ်ကောင်းပြီး အာရုံစူးစိုက်အားကောင်းကာ ကြိုးစားအားထုတ်မှုလည်းရှိသော သံစဉ်က ကျောင်းမှာ ဆရာ, ဆရာမတွေသင်ကတည်းက တစ်ခါတည်း ဦးနှောက်ထဲစွဲပြီး မှတ်မိအောင် မှတ်သားခဲ့ပြီးသားပင်။

အချိန်ရရင်ရသလို စာအမြဲကျက်တတ်သော သံစဉ်အဖို့ သလင်းဖြူရဲ့ နှောင့်ယှက်မှုမှာ အရာမထင်ခဲ့။

မနာလို ဝန်တိုစိတ် ပြင်းထန်ကြီးမားလွန်းလှသော







www.burmeseclassic.com

www.burmeseclassic.com



သလင်းဖြူရဲ့စိတ်ခေတ်မှာ ...

ထိုမျှမကသေးဘဲ

အငြိုးတကြီးနှင့် ရက်စက်တတ်သော၊ အဆင့်အတန်းလည်း ခွဲတတ်သော၊ ပြတ်သားတင်းမာလှသော စိတ်ခေတ်ကို သံစဉ်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်တွေ့ပြီး သိခဲ့ရသောအခါ

"ဟန်နေလေးရေ ... ဘရက်(ဒ်)ရေ"

တဖွဖွခေါ်ရင်း တသသလုပ်နေသော မမကို အမေက မေးငေါ့ပြ၏။

သံစဉ် ခေါင်းပုပြီး ကျိတ်ရယ်လိုက်မိသည်။

မမဆီမှာ ဘယ်သူလက်ဆောင်ပေးထားမှန်းမသိသော ဈေးကြီးလှသည့် တယ်ရီယာခွေးလေးတစ်ကောင် ရောက်နေသည်။

မမတစ်ယောက် လှလွန်းလှသည့် ခွေးကလေးကို လက်ထဲမှမချတော့။

နာမည်ပေးတာပင် ဟောလိဝုဒ်မင်းသားနာမည် ... ဘရက်ဒ်ပစ်တဲ့။

ဒါကြောင့် မေမေနှင့်သံစဉ် ကျိတ်ရယ်မိကြခြင်းပါ။

"အမေ ... အမဲသားနဲ့ ကြက်ဥ ဝယ်လာခဲ့နော်"





"ဘာလုပ်ဖို့တုန်း၊ ညည်း စားချင်လို့လား"

"မဟုတ်ပါဘူး ... ဘရက်ဒ်အတွက်ပါ၊ ဘရက်ဒ်တို့က ဖြစ်သလို ကျွေးလို့မရဘူး"

မျက်လုံးပြူးသွားရသူက အမေ။

"အံမယ်လေး,လေး ... လူတောင် အမဲသား မှန်မှန် မစားနိုင်ဘူး၊ ခွေးကို အမဲသားကျွေးရမတဲ့၊ ကောင်းပါ့လေ့တော် မိသလင်းဖြူရယ်၊ ခွေးကို အမဲသားကျွေးပြီး ကျုပ်တို့လူတွေက ငါးပိရည်, တို့စရာနဲ့ စားကြတာပေါ့ ဟုတ်လား"

အမေ ငေါ့တော့ မမ ရယ်သည်။

မေးငေါ့ရလောက်အောင် မမကလည်း သူ့ခွေးကို အဖြစ်သည်းလှလေသည်။

အစာကျွေးတာ၊ ရေချိုးပေးတာအားလုံး သူကိုယ်တိုင် တယုတယ။

အမေနှင့်သံစဉ် လုပ်ပေးလျှင်ပင် မကြိုက်။

သိပ်လျှင်တောင် မမက အိပ်ရာထဲ ထည့်သိပ်တာ။

"ခွေးနဲ့များ အတူအိပ်ရတယ်လို့အေ ညည်းကလဲ"

အမေက မကြိုက်ချင်သလို ပြောလျှင်ပင် မမက အပြောမခံ။

"အမေကလည်း အဲ့လိုမပြောပါနဲ့၊ သမီးခွေးက လူထက်တောင် သန့်သေးတယ်၊ သမီး ပေါင်ဒါမှန်မှန်လိမ်းပေးလို့ မွှေးနေတာပဲ သိရဲ့လား"

မမသလင်းဖြူတို့ ခွေးချစ်ပုံ၊ ယုယပုံတို့ကတော့ သြ



www.burmeseclassic.com

www.burmeseclassic.com



ရလောက်သည်။

တသသ, တပွေ့ပွေ့, တပိုက်ပိုက်။

သို့သော် ...

တစ်နေ့မှာတော့ ...

မမသလင်းဖြူနှင့် သံစဉ်တို့ ကျောင်းသွားနေသည့်အချိန် မမရဲ့ခွေးကလေးမှာ အလစ်၌ အိမ်ပြင်ထွက်သွားခဲ့ပြီး တော်တော်နှင့် ပြန်ပေါ်မလာ။

မမသလင်းဖြူကတော့ နေမထိ,ထိုင်မသာဖြစ်ကာ ခေါင်းမီးတောက်နေလေပြီ။

"ဒုက္ခပါပဲ ... သူများတွေပဲ ဖမ်းသွားပြီလားမသိဘူး၊ သနားပါတယ်"

"အမေတို့ကလည်း သေသေချာချာကြည့်ထားတာ မဟုတ်ဘူး"

"အိုအေ ... ငါလည်း ငါ့အလုပ်နဲ့ငါ ဒီခွေးကို ဘယ်ကြည့်နိုင်ပါ့မလဲ"

"အမေအပြင်သွားတော့ သူ့ကို အိမ်ထဲ သော့ခတ်ထားခဲ့ပါလားလို့"

"ဟဲ့ ... ညည်းခွေးက အိမ်ထဲမှာ သေးပေါက်ချေးပါလုပ်နေရင် ဘယ့်နှယ်လုပ်မလဲ"

မမသလင်းဖြူ သက်ပြင်းချပြီး ခြံပြင်ကို လည်တဆန့်ဆန့်။

တဖြည်းဖြည်းနှင့် နေစောင်းလာတော့ မနေနိုင်တော့။





"ထွက်ရှာမှဖြစ်တော့မယ်၊ အလည်လွန်ပြီး အိမ်ပဲ ပြန်မလာတတ်တော့ဘူးလား မသိဘူး၊ မိသံစဉ် ... လာ ညည်းငါနဲ့လိုက်ပြီး ကူရှာပေး"

စိတ်အပူလွန်ပြီး မမသလင်းဖြူ ထွက်ရှာဖို့ ပြင်တော့သည်။

သံစဉ်လည်း စာကျက်နေရာကနေ စာအုပ်ပိတ်ပြီး မမသလင်းဖြူနှင့်အတူ အဖော်လိုက်ရန် ပြင်ရတော့သည်။

"မမ ... အရမ်းစိတ်ပူနေလားဟင်"

လမ်းမှာ သံစဉ် စကားစ,သည်။

"ပူတာပေါ့ဟယ်၊ ဘရုက်ဒ်က အရမ်းလှတာ၊ ချစ်စရာလည်း အရမ်းကောင်းတော့ ဖမ်းတဲ့သူတွေနဲ့ တွေ့သွားမှာ စိတ်ပူတာပေါ့"

"ပြန်တွေ့မှာပါ မမရယ်၊ သူ အလည်လွန်နေလို့ ဖြစ်မှာပါ"

မမ မျက်နှာမကောင်းသည့်မို့ သံစဉ် စိတ်အေးရန် နှစ်သိမ့်လိုက်မိသည်။

မမနှင့်သံစဉ် တစ်လမ်းဝင် တစ်လမ်းထွက် ခြေတိုအောင်လိုက်ရှာဆဲ ...

အမှတ်မထင် ... အမှိုက်ပုံးတစ်ခုနားမှာ ...

"ဟယ်"

သံစဉ်နှုတ်မှ 'ဟယ်' ခနဲ တအံ့တသြလေး ရေရွတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ...ဟိုမှာ မမရဲ့ဘရက်(ဒ်)"

သံစဥ် လက်ညှိုးညွှန်ပြရာဆီ မမ ဝမ်းသာအားရ လှည့်ကြည့်သည်။

"ဟင်"

မမ သလင်းဖြူရဲ့မျက်လုံးများ ပြူးကျယ်ပိုင်းစက်သွားသည်။ လုံးဝ ထင်မှတ်မထားဟန်။

မမရဲ့ လှပစွာသော ခွေးကလေးကား အမှိုက်ပုံမှာ ညစ်ပတ်ပေပွလျက် ...

နံဘေးမှာလည်း လမ်းဘေးခွေးမတစ်ကောင်နှင့် ...

မမသလင်းဖြူမျက်နှာမှာ ချက်ချင်း တင်းမာခက်ထန်ပျက်ယွင်းသွားရပြီး ...

"ထွီ"

ခနဲ ရွံ့ရှာစက်ဆုပ်စွာ တံတွေးတစ်ချက်ထွေးလျက်နေရာမှ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

သံစဥ်မှာ ဘာကိုမှ နားမလည်နိုင်တော့လျက် မမနောက်မှ အပြေးလိုက်ခဲ့ရလေသည်။

ပျောက်တုန်းက အသည်းအသန်လိုက်ရှာပြီး ...

ပြန်တွေ့တော့ အလိုမကျတင်းမာခက်ထန်သွားရပြန်သည်။ မမ, စိတ်သဘောကို သံစဥ် နားမလည်နိုင်။





သံစဥ်ကဲ့သို့ပင် သလင်းဖြူရဲ့စိတ်သဘောကို နားမလည်တတ်ရှာသည့် ခွေးကလေးမှာ အတော်ကလေး မိုးချုပ်မှ အိမ်သို့ပြန်လာသည်။

သူ့နောက်မှာ အမှိုက်ပုံမှာ တွေ့ခဲ့ရသည့် လမ်းဘေးခွေးမကလေးပါ လိုက်ကပ်ပါလာခဲ့သည်။

"သမီးကြီးရေ ...ညည်း ဘရက်ဒ်ပစ် ပြန်လာပြီဟေ့"

"အောင်မယ် ...ဒင်းက ကြင်ယာပါ,ပါလာသေး။ ကြည့်စမ်း ...ကြည့်စမ်း"

မေမေက လှမ်းအော်အသိပေးသည်။

"ဒီကောင် ...ပြန်လာပြီ ဟုတ်လား"

ဘာမပြော ညာမပြောနှင့် အိမ်ထောင့်မှာ ထောင်ထားသော တံမြက်စည်းကိုဆွဲယူကာ ခွေးကလေးကို ပြေးပြီး အချက်ပေါင်းများစွာ ရိုက်လေတော့သည်။

"ကဲဟယ် ...ကဲ ...မှတ်ပြီလား ...ဟင်"

ဖြောင်း ..ဖြောင်း

အိုင် ...အိုင်

မမ သလင်းဖြူရဲ့ရိုက်နှက်သံ ခွေးကလေးရဲ့အော်သံတို့မှာ ကမ္ဘာပျက်သလို ဆူညံပွက်လောရိုက်သွားတော့သည်။

အငြိုးတကြီးဖြင့် အားကုန်ရိုက်နှက်နေသော မမရဲ့အပြုအမူမှာ မတရားနှိပ်စက်သလို ဖြစ်နေတာမို့ သံစဥ်နှင့်မေမေမှာ မကြည့်ရက်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... တော်ပါတော့အေ၊ ညည်းကလည်း ချစ်တုန်းကလည်း ညည်းပဲ၊ သည်းသည်းလှုပ်၊ အခုကျတော့လည်း ရိုက်လိုက်တာ မခံချိမခံသာ၊ သတ္တဝါနဲ့လက်နက်နဲ့တောင် မမျှဘူး"

မေမေက မမလက်ထဲမှ တံမြက်စည်းကို လုသည်။

သံစဉ်လည်း မနေသာဘဲ မမကို ဝင်ပြီး တားဆီးဖျောင်းဖျမိတော့သည်။

"ဟုတ်ပါတယ် မမရယ်၊ ဒီလောက်ကြီး မရိုက်ပါနဲ့၊ ဘရက်လေး သနားပါတယ်၊ သေတော့မယ် တော်ပါတော့နော်"

"သေပါစေ ... ဟင်း ... တောက် ... ဒီလောက်သန့်သန့်ပြန့်ပြန့် ကောင်းကောင်းမွန်မွန်ထားပါရဲ့နဲ့ ကိုယ်နဲ့အဆင့်အတန်းတူတာကို မကြိုက်ဘူး၊ အဆင့်အတန်းမတူတာကိုမှ ရွေးပြီး ကြိုက်တယ်၊ သွား ... ထွက်သွား ... သွား"

မမက ကြောက်လွန်းသဖြင့် ငြိမ်ပြီး ကုပ်နေသော ခွေးကလေးကို ခြံပြင်အတင်းမောင်းထုတ်သည်။

ခွေးကလေးမှာ မမကို ကြောက်အားလန့်အားဖြင့် ခြံပြင်သို့ တစ်ရှိန်ထိုး ပြေးထွက်လေသည်။

"သမီးကြီးရယ် ... ညည်းကလည်း စိတ်ကြီးလိုက်တာ၊ အေး ... ခွေးပဲ အဆင့်အတန်းတွေ,ဘာတွေ နားလည်မလား၊ သူကြိုက်ချင်တာ ကြိုက်မှာပေါ့"

"အင်းလေ ... အဲ့ဒါကြောင့် သူကြိုက်ချင်တာ ကြိုက်တော့ သူဖြစ်ချင်တဲ့အတိုင်းဖြစ်အောင် လုပ်ပေးလိုက်တာ"

"လမ်းဘေးကို ကြိုက်တဲ့အတွက် လမ်းဘေးမှာနေရ





အောင် လုပ်ပေးလိုက်တာ၊ တော်တော်ရွံစရာကောင်းတဲ့ခွေး၊ ဘယ်သူမှ အိမ်ထဲပေးမဝင်နဲ့တော့၊ အဲ့ဒီခွေးကို လုံးဝမတွေ့ချင်တော့ဘူး"

တင်းမာပြတ်သားစွာပြောပြီး လှည့်ထွက်သွားသော မမကို သံစဉ် တအံ့တသြ ကြည့်မိသည်။

မမရဲ့အဆင့်အတန်းခွဲခြားလွန်းသော၊ ထို့နောက် ... အငြိုးကြီး ရက်စက်တတ်လွန်းသော စိတ်ဓာတ်ကို အဲ့ဒီအချိန်ကတည်းက သံစဉ် သိခွင့်ရခဲ့တာဖြစ်သည်။

အဲ့ဒီထက်ပိုပြီး ...

မမရဲ့စိတ်ဓာတ်နှင့်စရိုက်ကို သံစဉ် သိခွင့်ရခဲ့သည့်အခါမှာတော့ ...

သံစဉ်တစ်ယောက် စာကြည့်စားပွဲမှ ယောက်ယက်ခတ်နေမိသည်။

ရှာနေသည်မှာ နှံ့နေပြီ။

ရှာရလွန်းသဖြင့် စားပွဲတစ်ခုလုံးလည်း မွစာကြဲကာ စာအုပ်တွေကို ရှာရသည့် လက်ကလေးများကလည်း တဆတ်ဆတ် တုန်နေမိသည်။

မျက်လုံးတွေထဲကလည်း မှုန်နောက်ပြာဝေလာကာ ငိုချင်



www.burmeseclassic.com

www.burmeseclassic.com



လာမိတော့သည်။

စာမေးပွဲက မနက်ဖြန်ဖြေရမှာ ...

မနက်ဖြန်ဖြေရမည့် မြန်မာစာမှတ်စုက ပျောက်နေသည်။

ခုနကတင် ရှိနေသေးသည်။

အခု ရေချိုးပြီး စာကျက်မယ်လုပ်တော့ မရှိတော့။

ရေချိုးသည့်အချိန် ခဏလေးအတွင်းမှာ သည်မှတ်စုစာအုပ်က ဘယ်လိုပျောက်ရတာလဲ။

သံစဉ် ငိုချင်လာမိတော့သည်။

"မိသံစဉ် ဘာဖြစ်နေတာလဲ၊ ယောက်ယက်ခတ်နေတာပဲ၊ မျက်နှာကလည်း ငိုမဲ့မဲ့နဲ့"

အမေကပင် သံစဉ်အဖြစ်ကို ရိပ်မိလာကာ မေးလေသည်။

"အမေ ... သမီး ... သမီး မှတ်စုစာအုပ် မတွေ့တော့ဘူး"

"ဟဲ့"

သံစဉ် ငိုသံပါ အသံတုန်တုန်ကလေးနှင့် ပြောလိုက်လျှင် ဒေါ်စောကြည်ဖြူမှာ လန့်သွားရသည်။

"သေချာရှာစမ်းပါဦး ... ဘာလို့မရှိရမှာလဲ၊ ညည်း ခုနတင် ကျက်နေသေးတယ် မဟုတ်လား"

"ဟုတ်တယ် ... အခု ရေချိုးပြီး ပြန်ကျက်မယ်လုပ်တော့ မရှိတော့ဘူး"





"ဟယ် ... အစိပ္ပာယ်မရှိတာ၊ ရှိရမှာပေါ့"

"မနက်ဖြန် ဖြေရမှာ အမေရဲ့"

"ဒုက္ခပါပဲ၊ ငါ ဝိုင်းရှာပေးပါ့မယ်အေ"

အမေ အထည်တွေညှပ်နေရာမှ မနေနိုင်တော့ဘဲ ထ, ပြီး ကူရှာပေးသည်။

"မရှိပါဘူးဆို အမေကလည်း သမီးရှာတာ နှံ့နေပါပြီ"

"ညည်း ... ဘယ်မှာထားမိသလဲအေ၊ ငါ့နှယ်နော် ခေါင်းခြောက်လိုက်တာ"

အမေကိုယ်တိုင်လည်း အနှံ့လိုက်ရှာပြီး မတွေ့သည့်အဆုံး ညည်းသည်။

သံစဉ် စားပွဲပေါ်မှာ မျက်နှာမှောက်ပြီး ဝမ်းပန်းတနည်း ငိုမိတော့သည်။

"မငိုပါနဲ့ သမီးရယ် ... အမေ မတွေ့တွေ့အောင် ရှာပေးပါ့မယ်"

သံစဉ်ငိုတော့ အမေလည်း စိတ်မကောင်းဖြစ်သွားသလို ချော့သည်။

စာကြိုးစားသည့် ကလေးတစ်ယောက်အနေနှင့် မနက်ဖြန်ဖြေရမည့် စာမေးပွဲအတွက် ဒီနေ့ မှတ်စုစာအုပ်ပျောက်ခြင်းဟာ ဘယ်လောက် စိတ်အနှောင့်အယှက်ဖြစ်ရရှာမလဲဆိုတာ ဒေါ်စောကြည်ဖြူ စာနာသနားမိပါသည်။

"သမီးရယ် စာတွေက သမီး အားလုံးရပြီးသား မဟုတ်လား၊ ငိုမနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရပြီးလည်း အမေရယ် သမီး ပြန်လေ့ကျင့်ရဦးမှာပေါ့၊ အခု ဒီလိုကြီး ကပ်ပျောက်သွားတော့ သမီး ဘယ်လိုလုပ်ရတော့မှာလဲ"

သံစဉ် ငိုရင်း,ရှိုက်ရင်းက ပြန်ပြောသည်။

ဟုတ်တာပဲ ... ဟု ဒေါ်စောကြည်ဖြူ တွေးမိရင်း ...

ကိုယ့်ညီမ ဒီလောက် ယောက်ယက်ခတ်ပြီး ငိုနေတာတောင် အေးအေးဆေးဆေး နေနိုင်သေးသော သလင်းဖြူကို လှမ်းပြောမိတော့သည်။

"ဟဲ့ ... မိသလင်းဖြူ ဒီမှာ ညည်းညီမ စာအုပ်ပျောက်လို့တဲ့ မကြားဘူးလား"

"သူ့ဘာသာ စည်းကမ်းမရှိလို့ပျောက်တာ၊ သမီးနဲ့ ဘာဆိုင်လို့လဲ၊ သမီးက ဘာလုပ်ပေးရဦးမှာလဲ"

မဆိုင်ဘူး ဆိုသည့်သဘော ပြန်ပြောပုံကြောင့် သံစဉ် အံ့လည်းသြ၊ ပိုလည်း ဝမ်းနည်းသွားရသည်။

မေမေကပင် မျက်စိမျက်နှာပျက်လျက် ...

"ညည်းအေ"

လို့ အပြစ်မတင်သာ,တင်သာ ရေရွတ်လေသည်။

မေမေပြောတော့မှ ငိုရှိုက်နေသော သံစဉ် ရုတ်တရက် သတိရသွားခဲ့မိသည်။

ခုနက ခေါင်းထဲထူပူနေသည်မို့ သတိမရခဲ့။

သံစဉ် ရေချိုးတော့ စားပွဲနားမှာ ရှိနေသည်က မမ သလင်းဖြူတစ်ယောက်တည်း။





တခြား အပြင်လူလည်း ဘယ်သူမှ အိမ်ပေါ်တက်မလာ။ အဖြေက ရှင်းနေသည်။

"မမ ... ညီမလေး စာအုပ်ရော"

သံစဉ် ငိုရင်းမှ မမသလင်းဖြူကို မငုံ့မရဲ မေးမိသည်။

"နင့်စာအုပ် ငါ ဘယ်တုန်းက ကိုင်ဖူးလို့လဲ၊ နင့်ဟာနင် စည်းမရှိ ကမ်းမရှိ ပျောက်တာ၊ ငါ့ကို ခိုးတယ်လို့ စွပ်စွဲချင်သေးလို့လား၊ အမေနော် ... အမေ့သမီးကို ကြည့်ပြောထား"

ဘာမှမပြောရသေး။ ကဲကဲဆတ် ပြောလိုက်သော မမကြောင့် သံစဉ် ဘာဆက်ပြောရမှန်းမသိတော့။

အမေ့ကိုပါ တိုင်တည်လိုက်တော့ သံစဉ်လည်း ဆက်မပြောရဲတော့သလို အမေလည်း မျက်စိမျက်နှာမကောင်းဖြစ်ကာ မပြောသာ ပြောသာဖြင့် ...

"ညည်းတို့ကလဲအေ"

လို့သာ ညည်းတော့သည်။

သံစဉ်မှာ လက်ဆုပ်လက်ကိုင်မပြနိုင်သည်မို့ ငြိမ်နေလိုက်ရသည့်တိုင် စိတ်ထဲကတော့ ဒါ မမသလင်းဖြူရဲ့လက်ချက်ပဲဆိုတာ သေချာနေခဲ့သည်။

အမြဲတမ်းလိုလို ဆုရသော သံစဉ်ကို ခုလို အတန်းချင်းတူလာချိန်မှာ မမ မနာလိုဖြစ်တာ၊ အငြိုးထားတာကို သံစဉ် သိနေခဲ့ပါသည်။

ဒါပေမဲ့ ... မှတ်စုစာအုပ် ဖုက်ရသည့်အထိတော့ နှောင့်ယှက်လိမ့်မည်ဟု မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ပျောက်သည့်အတွက်ရော၊ မမကြောင့်ရော၊ ပိုပြီး ဝမ်းနည်းရကာ သံစဉ် ပိုက်လျက်ယှက်ထားသည့် လက်နှစ်ဖက်ပေါ် မျက်နှာကိုမှောက်နှစ်ပြီး တသိမ့်သိမ့်ရှိုက်ငိုလို့ မဆုံးနိုင်တော့ပြီ။

ငိုနေရင်းမှ ...

ခုနှစ်တန်းနှစ်တုန်းက အဖြစ်အပျက်တစ်ခုကို သံစဉ် ပြန်ပြီး သတိရနေမိသည်။

အဲ့ဒီတုန်းက ကျောင်းမှာ သံစဉ် မူးယစ်ဆေးဝါး စာစီစာကုံးပြိုင်ပွဲ ဝင်ပြိုင်ဖို့ ပြင်ဆင်နေချိန်။

သံစဉ်မှာ အချက်အလက်တွေကို ကျောင်းစာကြည့်တိုက်မှာလည်းရှာ၊ ဆရာမတွေကိုလည်း မေးနှင့် ခက်ခက်ခဲခဲကြိုးစားခဲ့ပြီးမှ ...

တကယ်တမ်း စာအချောစီရန် စာကြည့်စားပွဲထိုင်သော အခါ ရှာထားခဲ့သမျှ အချက်အလက်, စာရွက်စာတမ်း တစ်ခုမှ မရှိတော့။

အဲ့ဒီတုန်းက သံစဉ် အကြီးအကျယ်ကို ထိတ်လန့်သွားရလျက် ...

"မေမေရေ, မမရေ သမီးရဲ့စာရွက်တွေ မရှိတော့ဘူး လုပ်ပါဦး၊ သမီး စာစီစာကုံး ပြိုင်မယ့် စာရွက်စာတမ်းတွေ တစ်ခုမှ မရှိတော့ဘူး၊ ရှာပေးကြပါဦး အင့် ဟင့် ဟင့်"

ကလေးအရွယ်မို့ သံစဉ် ချုံးပွဲချကို ငိုခဲ့မိပါသည်။

အချက်အလက်တွေကို ခက်ခက်ခဲခဲ ရှာဖွေခဲ့ရပြီး ဆရာ





ဆရာမတွေကိုယ်တိုင်ကလည်း သံစဉ့်ကို ဆုရလိမ့်မယ်ဟု မှန်းခဲ့ကြသည်မို့ အမျှော်လင့်ကြီး မျှော်လင့်ခဲ့မိသော သံစဉ်မှာ သဲထဲရေသွန်ဖြစ်ခဲ့ရသည့်အဖြစ်ကြောင့် မဖြေနိုင်အောင် ဖြစ်ခဲ့ရသည်။

"အို ... အမေမှ မအားတာ သမီးရယ်၊ သမီးစာတွေလည်း အမေမှမသိဘဲ၊ ညည်းမမကို ရှာခိုင်း"

"ဘယ်လိုရှာပေးလို့ရမှာလဲ၊ နေ့လယ်က ခေါင်းရင်းက ကလေးတွေ အိမ်ထဲဝင်လာဆော့သေးတယ်၊ ယူဆော့လာမှ မသိတာ"

မမကတော့ သံစဉ့်ကိစ္စကို စိတ်မဝင်စားသလိုလိုဘဲ ပြန်ပြောသည်။

"အမေ ... အဲ့ဒီကလေးတွေကို သွားရိုက်ပေး ... အီး ... သမီး စာစီစာကုံး ဝင်မပြိုင်ရတော့ဘူး၊ သူတို့ကို သွားရိုက်ပါ ... အီး ဟီး"

သံစဉ် ကလေးတွေကို မကျေနိုင်,မချမ်းနိုင်ဖြစ်ကာ အသည်းအသန်ငိုခဲ့ရသည်။

"အေးပါ သမီးရယ် ... အမေ သွားရိုက်ပါ့မယ်၊ ဒီတစ်ခါ ဝင်မပြိုင်ရတော့လည်း နောက်တစ်ခါပေါ့ ဟုတ်လား၊ သမီးက စာတော်တာပဲ၊ ဘာပြိုင်ပြိုင် ဆုရမှာ အမေသိပြီးသား"

အမေက ဘာမှလုပ်မပေးနိုင်ပေမယ့် ပါးစပ်ကလေးဖြင့် သံစဉ်ကို လှမ်းချော့ပါသည်။

"သမီး ... ခက်ခက်ခဲခဲ လိုက်ရှာထားရတာ၊ ဝင်ပြိုင်ခါနီးမှဖြစ်တာ၊ ဆရာမတွေကတောင် သမီးကို ဆုရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းထားတာ၊ အခု ... သမီး ဘယ်လိုလုပ် ဆုရတော့မှာလဲ''

သံစဉ် ဝမ်းနည်းထိခိုက်လွန်းစွာ ရှိုက်ငိုမိသည်။

ထိုစဉ် ...

တစ်ယောက်တည်း ကျိတ်ပြီး ပြုံးလိုက်သော မမသလင်းဖြူရဲ့အပြုံးကို သံစဉ်မြင်လိုက်မိသော်လည်း နားမလည်။

လျှို့ဝှက်စွာ အောင်နိုင်သူတစ်ယောက်ရဲ့အပြုံးဆိုတာ သံစဉ် ဘယ်နည်းနဲ့မှ နားမလည်ခဲ့။

နောက်မှ ...

သံစဉ် ပြန်တွေ့တော့ ထိုစာရွက်များမှာ ခြံထောင့် သရက်ပင်ကြီးအောက်မှာ မီးရှို့ထားသည့် အပိုင်းအစများ ဖြစ်၍ နေပေပြီ။

မီးလောင်ကျွမ်းထားရာမှ ကျန်သောစာလုံးများကိုကြည့်ပြီး ဒါဟာ သံစဉ် ရှာဖွေစုဆောင်းထားခဲ့တဲ့ အချက်အလက် စာရွက်စာတမ်းတွေဆိုတာ သိခဲ့ရတာ။

အခုရော ...

သံစဉ်ရဲ့မြန်မာစာမှတ်စုစာအုပ်ကို မမသလင်းဖြူ မီးရှို့လိုက်ပြန်ပြီလား။

သံစဉ် ရေချိုးနေသည့်အချိန်ခဏကလေးအတွင်းမှာတော့ မမ စာအုပ်တစ်အုပ်လုံးကို မီးရှို့ဖို့ အချိန်မရနိုင်။

ပျောက်ပစ်လိုက်တာပဲနေမှာ ...ဟု ဝမ်းနည်းထိခိုက်စွာ တွေးနေမိဆဲ။

''ရော့ ဒီမှာ ...ငါ့မနှစ်က စာအုပ်အဟောင်း၊ နင်





...ဒါနဲ့ ကျက်ပေါ့၊ ငါ့မှာက နှစ်အုပ်ရှိတာပဲ''

''ဟယ် ...ကျေးဇူးတင်လိုက်တာ မမရယ်၊ သံစဉ်တော့ စာမေးပွဲမဖြေနိုင်တော့ပါဘူးဆိုပြီး စိတ်ပျက်နေတာ''

မမ နှောင့်ယှက်မှန်းသိသော်လည်း သံစဉ် အပြစ်မမြင်မိ။

ကျေးဇူးပင်တင်ကာ မမလက်ထဲမှ မှတ်စုစာအုပ်ကို ဝမ်းသာအားရ လှမ်းယူမိသည်။

စာကျက်တော့ မမစာအုပ်ထဲမှာ အမှားတွေ အများကြီး တွေ့ရသည်။

သံစဉ် အမှားတွေကို အမှန်ပြင်ပြီး ကျက်သည်။

မမ တမင်များ အမှန်တွေကို အမှားပြင်ပြီး လုပ်ကြံသလားဟု သံစဉ် မတွေးမိ။

ဘာပဲဖြစ်ဖြစ် ...

သံစဉ်က စိတ်အနှောင့်အယှက်များစွာဖြင့် မျက်ရည်များဖြင့် ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာနှင့် အောင်ခဲ့ပြီး ...

သံစဉ်ကို မနာလိုစိတ်ကြီးစွာဖြင့် နှောင့်ယှက်လုပ်ကြံခဲ့သော မမသလင်းဖြူကတော့ ပွတ်ကာသီကာ အောင်မှတ်များဖြင့် ရိုးရိုးသာ အောင်ခဲ့လေသည်။

သလင်းဖြူနှင့် သံစဉ်ချိုချိုတို့ ညီအစ်မနှစ်ယောက် ဆယ်



www.burmeseclassic.com

www.burmeseclassic.com



တန်းအောင်ခဲ့ပြီးချိန်မှာတော့ ...

ငုံဖူးနေခဲ့သည့် ရွက်ပုန်းသီးအလှတရားလေးတွေက ထင်ရှားလင်းပလို့ လာခဲ့သည်။

နှစ်ယောက်သားရဲ့ဘဝတစ်ဆစ်ချိုး ... လို့ ပြောရမယ့် အနေအထားသို့လည်း ရောက်လို့လာခဲ့သည်။

"ဒါပဲနော် အမေ ... သမီးကတော့ ဒေးမတက်ရရင် ကျောင်းလုံးဝမတက်တော့ဘူး၊ အဝေးသင်လာမတက်နိုင်းနဲ့"

သလင်းဖြူပြောပုံက အပြတ်။

ဒေါ်စောကြည်ဖြူ မျက်နှာမကောင်း။

တက္ကသိုလ်ကျောင်းသူနှစ်ယောက်ရဲ့ ကျောင်းစရိတ်ကို မတွေးဝံ့။

ပြီးတော့ ကျောင်းစရိတ်အပြင် အဝတ်အစားဖိုးက ရှိသေးသည်။

အငယ်မ သံစဉ်က မိန်းကလေးပီပီ လှချင်ရှာမှာဖြစ်ပေမယ့် အဝတ်အစားဘာညာ သိပ်မပူဆာတတ်။ သူ့အစ်မ အကျၤ တွေကိုပဲ စောဒကမတက်ဘဲ ဝတ်ရှာသည်သာ။

အကြီးမကတော့ ကိုယ့်ဘဝအခြေအနေကို နားမလည်ဘဲ ကောင်းပေ့၊ ညွှန့်ပေ့ဆိုသမျှ ပေါ်ဦးပေါ်ဖျားကိုမှ ကိုယ်ပေါ်တင်ချင်တာ။

"သမီးကြီးရယ် ... နှစ်ယောက်တောင်ဆိုတော့လေ"

ဒေါ်စောကြည်ဖြူ သက်ပြင်းရှိုက်သည်။

"အမေ ထားပေးချင်ပါတယ် ဒါပေမဲ့"





ဒေါ်စောကြည်ဖြူ သက်ပြင်းရှိုက်လျက်က အဝေးကို ငေးသည်။

သလင်းဖြူ အမေ့ရဲ့ ဒါပေမဲ့ကြောင့် ချက်ချင်း မျက်နှာ သုန်မှုန်သွားသည်။

သံစဉ်ကတော့ အမေ သက်ပြင်းရှိုက်လိုက်တာ မြင်လိုက်ရကတည်းက စိတ်မချမ်းသာတော့။

အမေ့ရင်ထဲကို စာနာမိလျက်။

"သမီးကတော့ ဒေးမတက်ချင်ပါဘူး အမေရာ၊ ပိုက်ဆံလည်းကုန်၊ လူလည်း ပင်ပန်းတယ်၊ ဆယ့်တစ်နှစ်တောင် ကျောင်းတက်ခဲ့ပြီးပြီပဲ၊ သမီး အဝေးသင်ပဲ တက်တော့မယ်"

အမေ စိတ်မကောင်းဖြစ်မှာစိုးသည့်မို့ သံစဉ် တမင် ခပ်ပေါ့ပေါ့လုပ်ကာ ပြောသည်။

တကယ်တော့ ဂုဏ်ထူးနှစ်ဘာသာရကာ အမှတ်ကောင်းကောင်းနှင့်အောင်ထားသည့်မို့ သံစဉ် စီးပွားရေးဘွဲ့ကို မျှော်မှန်းသည်သာ။

အဝေးသင်တက်လျှင်တော့ ဒေးလောက် ဘွဲ့မမြင့်နိုင်မှန်း သိသည်။

အမေ့သက်ပြင်းရှိုက်သံက သံစဉ်ရဲ့ရွေးချယ်မှုကို နိုင်မာသွားစေသည်လေ။

"ပြီးတာပဲ၊ ငါကတော့ ဒေးက တစ်ပြားမှမလျှော့နိုင်ဘူး။ ဆယ်တန်းအောင်ပြီးတော့မှ တက္ကသိုလ်ကိုမတက်ရဘူးဆိုရင် ဘာလုပ်ရမှာလဲ၊ အောင်ရကျိုးမနပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သလင်းဖြူ လိုတာပြည့်တော့ ရဲရင့်ပြတ်သားသော အလှတစ်မျိုးဖြင့်လှသော မျက်နှာမှာ အပြုံးများ ဝင့်ချီလျက် ထွက်သွားသည်။

သလင်းဖြူထွက်သွားတော့ မျက်နှာပျက်နေသော အမေ့နား သံစဉ်ဝင်ထိုင်လျက် မမလည်း မကြားရအောင် လေသံကို နှိမ့်လျက် အမေ့ကို အားပေးနေမိသည်။

"အမေ ... ဘာမှအားမငယ်နဲ့နော်၊ အမေ သမီးတို့ကို လုပ်ကျွေးလာတာကြာပြီ၊ အခု သမီး ဆယ်တန်းအောင်ပြီး အမေ့ကိုတစ်လှည့် လုပ်ကျွေးမယ်"

ညှိုးလျသော အမေ့ရဲ့မျက်ဝန်းတွေ လက်ခနဲတောက်ပသွားသည်။

သံစဉ် အမေ့ရဲ့အသားမာနေသော လက်ချောင်းများကို ဆုပ်ကိုင်လိုက်သည်။

အမေက သံစဉ်ကို မျက်မှောင်များ ကုတ်ကြည့်ကာ

"နေပါဦး ညည်းက ငါ့ကို ဘာလုပ်ပြီး လုပ်ကျွေးမှာလဲ၊ ညည်းပညာ ဆယ်တန်းအောင်ရုံလေးနဲ့ ဘာအလုပ်,ရမှာလဲ"

"အမေကလည်း အထင်သေးလိုက်တာ၊ သမီး ကျောင်းပိတ်တုန်း စက်ချုပ်သင်ထားတာ အလကားမှမဟုတ်တာ၊ အိမ်မှာ စက်ချုပ်ဆိုင်လေး ဖွင့်မှာပေါ့၊ ပုံဆန်းဆန်း ပုံကောင်းကောင်းလေးတွေ ချိတ်ထားလိုက်ရင် ချုပ်မယ့်သူတွေ လာကြမှာပဲ၊ လူငယ်မျက်စိပါ အမေရာ"

"အံမယ် ... ညည်းက"





အမေ့မျက်နှာ ပြုံးလာသည်။

သံစဉ် အကွက်ကျကျ ပြောပုံကြောင့် အမေ အားတက်လာဟန်တူသည်။

"တကယ်ပြောတာ၊ သမီးဆိုင်က ဖောက်သည်များလာရင် အမေ အေးအေးဆေးဆေးနားလို့ရပြီ၊ မမလည်း ကျောင်းကို ကြော့ကြော့လေး တက်လို့ရပြီ"

ပြုံးပြုံးကလေး ပြောနေသော မွေးစားသမီးဖြစ်သူကို ကြည့်ပြီး ဒေါ်စောကြည်ဖြူ အားတက်သွားရသော်လည်း စိတ်ထဲ မကောင်း။

ကိုယ့်သမီးအရင်းကသာ သည်လိုသိတတ်ပြီး အားကိုးရလျှင် ဘယ်လောက်ကောင်းမလဲ ... လို့ နှိုင်းယှဉ်တွေးမိပြန်သည်။

ပြီးတော့ ...

သူမ ကျောင်းတက်စဉ်ကာလတစ်လျှောက်လုံး လိုအပ်သည့်စာအုပ်စာတမ်းမှန်သမျှ ငွေရေးကြေးရေး အစစအရာရာ အကူအညီပေးခဲ့သော သံသာချို့ရဲ့ကျေးဇူးကို ပြန်ရသတိရလာမိသည်။

ထိုကျေးဇူးတရားကိုတောက်ထားပြီး မိသံစဉ်ကို ခုအရွယ်ရောက်တဲ့အထိ ကျွေးမွေးပြုစုပြီး ပညာလည်း သင်ပေးခဲ့တာဖြစ်သည်။

သို့သော် ...

အရာရာတိုင်းမှာ သမီးအရင်းဖြစ်သော သလင်းဖြူကို



www.burmeseclassic.com

www.burmeseclassic.com



သာလျှင် ဦးစားပေးခဲ့မိသည်။

အစားအသောက်ဆိုလည်း သမီးကြီးက ကောင်းပေ့ညွှန့်ပေ့ဆိုတာမှ ...

မိသံစဉ်ကတော့ဖြင့် မရှိ့ရှိတာလေးနှင့် ဖြစ်သလို။

အဝတ်အစားကျတော့ရော နောက်ဆုံးပေါ်ဆိုတဲ့အဆင်ဒီဇိုင်းမှန်သမျှက သမီးကြီးခါးပေါ် မတင်ဖူးတာမရှိ။

သင်းကလေးကတော့ဖြင့် သမီးကြီးအကျလေးတွေသာ။

ဒါတွေသာမက ...

အိမ်မှုကိစ္စနှင့် သမီးကြီးရဲ့ဝေယျာဝစ္စတွေ မှန်သမျှအားလုံးကို ဒိုင်ခံလုပ်ပေးရတာလည်း သူ။

သူမ ခိုင်းသမျှကိုရော၊ သမီးကြီးခိုင်းသမျှကိုရော တစ်ခါမှ မညည်းမညူဘူး။

အခုလည်း ဂုဏ်ထူးနှစ်ဘာသာဖြင့် ထူးချွန်စွာ အောင်သည့်တိုင် အဝေးသင်တက်၊ အိမ်မှာ စက်ချုပ်ဆိုင်ဖွင့်ပြီး အမေနှင့် အစ်မကို လုပ်ကျွေးမတဲ့။

မိသှံစဉ်သာ စက်ချုပ်ဆိုင်ဖွင့်လျှင် အဓိကဖောက်သည်အဖြစ် အားပေးမယ့်သူက သမီးကြီး သလင်းဖြူပဲဆိုတာ ဒေါ်စောကြည်ဖြူ ကြိုတင်သိလို့နေပြုံးသည်။





တကယ်လည်း ဒေါ်စောကြည်ဖြူ ခန့်မှန်းသည့်အတိုင်းပင် သံစဉ်မှာ တက္ကသိုလ်ကျောင်းသူဖြစ်သော အစ်မအတွက်တစ်နေ့တစ်မျိုး မရိုးနိုင်အောင် ဆန်းသထက် ဆန်းသစ်အောင်ချုပ်ပေးနေရသည်။

တစ်ခုတော့ ကောင်းသွားခဲ့သည်မှာ အဲ့ဒါကပဲ သံစဉ်လက်ရာကို ကြော်ငြာပြီးသားဖြစ်သွားကာ ...

"ဒီအစ်မလေးကိုလေ မမသလင်းဖြူဝတ်တဲ့ပုံစံလေးချုပ်ပေးနော်၊ ဖဲပြားသေးသေးလေးတွေ အများကြီးထည့်ပြီး ရှုပ်ရှုပ်ကလေးလေ၊ အရမ်းမိုက်တယ် သိလား"

သလင်းဖြူဝတ်သမျှကို မျက်စိကျပြီး လာအပ်သူတွေကြောင့် သံစဉ် ဆိုင်မှာအပ်ထည်ကျကာ စားချိန်၊ အိပ်ချိန်ပင်မမှန်နိုင်တော့လောက်အောင် ချုပ်ရပါသည်။

သို့သော် ပင်ပန်းတယ်မထင်ခဲ့။

သံစဉ်ကသာ မိသားစုအတွက် အပင်ပန်းခံပြီး အလုပ်,လုပ်နေခဲ့သော်လည်း ...

အစ်မဖြစ်သူ သလင်းဖြူကတော့ဖြင့် ကျောင်းမှာ အလှအပနှင့် အပျော်အပါးတွေကိုပဲ မက်မောကာ ချမ်းသာပြည့်စုံသောဂုဏ်အရှိန်အဝါရှိသူများကို အထင်ကြီးပြီး အားကျလို့နေတတ်သည်။

ထိုသို့သောဘဝမျိုးက သလင်းဖြူ အလွန်ရူးသွပ်တပ်မက်ရသော အိပ်မက်ထဲက ဘဝမျိုးပဲ ဖြစ်သည်။

လှပသောမျက်နှာကလေးကို နိုင်ငံခြားဖြစ် ဆေးရောင်စုံ



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ပိုမိုလှပအောင် အမွှမ်းတင်ခြယ်သလျက် ကြော့မော့စွာ ကျော့င်းသွားတက်တိုင်း တိတ်တခိုး ငေးမောအားကျကာ ကျန်ရစ်ခဲ့ရသူက သံစဉ်ပဲ ဖြစ်သည်။

ကိုယ်အပင်ပန်းခံကာ ချုပ်ပေးလိုက်သည့် အဝတ်အစားများကိုဝတ်ကာ မမသလင်းဖြူ အရမ်းကို လှပနေတာကို ကြည့်ပြီး သံစဉ် ကျေနပ်ရပါသည်။ ကြည်နူးမိပါသည်။

ယှဉ်လိုက်တိုင်း အမြဲနိမ့်ကျ နောက်ကျန်နေခဲ့ရသော ကိုယ့်ကိုယ်ကိုယ်။

ဘဝပေးကုသိုလ်ကံကိုက သမီးအငယ်မို့လို့ နောက်ချန်နေခဲ့ရသည် ...ဟုပဲ ဖြေတွေးမိပါသည်။

အစ်မဖြစ်သူကိုသာ အမြဲလို ဦးစားပေးတတ်သော မေမေ့ကိုလည်း ...

သမီးကြီးမို့ ငါ့ထက် မမကိုပိုချစ်တာ ထင်ပါရဲ့...လို့သာ တွေးတတ်ခဲ့ပါသည်။

အဲ့ဒီလို အမြဲလို ဖြူစင်ရိုးသားကာ သည်းခံခွင့်လွှတ်တတ်သော စိတ်ထားကြောင့်ပဲလားမသိ ...

သလင်းဖြူရဲ့အကျလေးများကိုသာ ဝတ်ရရှာသော်လည်း ဖြူစင်သောအလှဖြင့် သံစဉ်က သလင်းဖြူထက်ပင် ပိုချစ်စဖွယ်ကောင်းကာ လှပလို့နေတတ်သည်ပင်။





တက္ကသိုလ်ကျောင်းသူကြီးဖြစ်သော သလင်းဖြူမှာ လှပလွန်းသည်နှင့်အမျှ ကျောင်းတွင် နာမည်ကြီးကာ ချစ်သူကြိုက်သူတွေကလည်း ဝိုင်းဝိုင်းလည်နေသည်။

ဝိုင်းဝိုင်းလည်လှသည်နှင့်အမျှ သလင်းဖြူရဲ့တက္ကသိုလ်ရောက်မှ မွေးဖွားလာခဲ့သော ဝါသနာမှာ ယောက်ျားလေးများကို မာယာဖြင့် လှည့်ဖြားပြီး အရူးလုပ်တတ်ခြင်းပင် ဖြစ်သည်။

ကိုယ့်ကို အရူးအမူးစွဲလမ်းပြီး အရူးဖြစ်ကျန်ရစ်သော ယောက်ျားလေးများကိုကြည့်ကာ သလင်းဖြူ ပျော်မဆုံး။

သလင်းဖြူအတွက်က ရည်းစားထားသည်ဆိုတာ နေကြာစေ့ အခွံခွာစားသလို အပျင်းပြေဖို့။

တစ်ယောက်ကို ညည်းငွေ့တော့ နောက်တစ်ယောက်ပြောင်းပြီး တွဲလိုက်ရုံပေါ့။

အသည်းကွဲပြီး ကျန်ရစ်ခဲ့ပါသည်ဆိုသော ယောက်ျားကလေးများက သလင်းဖြူရဲ့အောင်မြင်မှု မှတ်တိုင်ကလေးတွေ။

ဒါကြောင့် ...

သလင်းဖြူဟာ လှသလောက် အလှမာန်တက်ပြီး အရမ်းရက်စက်တယ် ...လို့ ကျော်ကြားနေခဲ့ခြင်းပဲ ဖြစ်သည်။

သလင်းဖြူကလည်း အဲ့ဒီကျော်ကြားမှုကို မက်မောမိသည်။

သို့သော် ...

တစ်နေ့မှာတော့ သလင်းဖြူရဲ့ကျော်ကြားမှုကို ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြစ်သွားလောက်စေသည့် အဖြစ်အပျက်တစ်ခု ဖြစ်လာခဲ့ပါသည်။

သလင်းဖြူအနား ဝိုင်းဝိုင်းလည်နေသည့် ယောက်ျားလေးတွေထဲမှာ သလင်းဖြူကို ချစ်ကြိုက်အီစီကလီလုပ်ချင်သူတွေပါသလို၊ သူငယ်ချင်းလို ရိုးရိုးသားသား ဖြူစင်စွာ ခင်မင်သူတွေလည်း ပါ,ပါသည်။

ဘာပဲဖြစ်ဖြစ် ပွင့်လင်းစွာ ဆက်ဆံတတ်သော သလင်းဖြူကြောင့် အားလုံးမှာ အိမ်ကို အလည်ရောက်ဖူးသည်ချည်းသာ။

ထိုအထဲကမှ ငွေကြေးပြည့်စုံသလောက် ကိုရီးယားမင်းသားတစ်ယောက်လို နုနုဖပ်ဖပ်ကလေးချောမောသော **"စွမ်းစေ"** ... ဆိုသည့်ကောင်ကလေးမှာ ရဲရင့်ထင်ပေါ်သောအလှဖြင့်လှသည့် သလင်းဖြူကိုတော့ ရိုးရိုးသားသားပင် ခင်မင်ကာ...

ပြင်ဆင်ဖို့ပင် အချိန်မရသည်မို့ သဘာဝအလှဖြင့်သာနေရရှာသော သံစဉ်ကိုကျ ထူးထူးခြားခြား စိတ်ဝင်စားလျက်–

"သံစဉ် ... ယောက်ျားဝတ်ရှပ်အင်္ကျီတွေရော ချုပ်သလားဟင်"

စကားမရှိ စကားရှာပြီး ခင်မင်ခွင့်ရအောင် ဖန်တီးလေသည်။





"မချုပ်တတ်ဘူး"

အလုပ်နှင့်လက် မပြတ်ရသည်မို့ သံစဉ်မှာ အရေးတယူလုပ်ပြီး ပြန်မဖြေနိုင်။ ပြတ်ပြတ်သာ ဖြေရသည်။

"ဘာဖြစ်လို့လဲ"

"ဪ ... သင်မှ မသင်ထားတာ"

"ကျွန်တော်က သံစဉ့်ဆီမှာ အပ်ချင်တာ"

"သင်ဖို့အချိန်မရှိပါဘူး စွမ်းစေရယ်၊ မိန်းကလေးဝတ်တွေ ချုပ်ရတာတောင် အချိန်အားမှမရှိတဲ့ဟာ"

စွမ်းစေ ဘာဆက်ပြောရမှန်းမသိတော့။

သို့သော် လက်တော့ မလျှော့ချင်သေး။

ဥာဏ်ထုတ်ပြန်သည်။ သုံးလေးရက်အကြာမှာတော့ စွမ်းစေတစ်ယောက်တည်း ပိတ်စထုပ်ကြီးတစ်ထုပ်နှင့် ရောက်လာသည်။

"ဟယ် ... ပိတ်စတွေ များလှချေလား၊ ရောင်းဖို့လား"

"ဟင့်အင်း ... သံစဉ့်ဆီမှာ အပ်မလို့"

"ဘုရားရေ"

သံစဉ် မျက်လုံးပြူးသွားရသည်။ ပိတ်စတွေက ဈေးကြီးလှသည့် နောက်ဆုံးပေါ် ပိုးစအစတွေချည်း။

"ဒါတွေ ... ရှပ်အင်္ကျီချုပ်မလို့လား၊ သံစဉ် မချုပ်တတ်ပါဘူးဆို"

"ဟာ ... ကျွန်တော်က ဒီအစတွေ ပိုးစတွေ ရှပ်အင်္ကျီချုပ်စရာလား၊ ကျွန်တော့်မေမေအတွက်"



www.burmeseclassic.com

www.burmeseclassic.com



"လူမပါဘဲ သံစဉ်က ဘယ်လိုချုပ်ပေးရမှာလဲ"

"ဒီမှာ မေမေ့အင်္ကျီတစ်ထည် ယူလာတယ်၊ သံစဉ် တိုင်းချုပ်လို့ရအောင်"

အကွက်စေ့လှချေလား။

နည်းနည်းတော့ သံစဉ် မသက်လာဖြစ်လာပြီ။

"ပိတ်စတွေက များလွန်းတော့ သံစဉ် ချုပ်တာကြာလိမ့်မယ်၊ စောင့်နိုင်လို့လား"

"အားလုံး တစ်ပြိုင်တည်း မယူပါဘူး၊ သုံးလေးရက်ကို တစ်ထည်ရရင် တော်ပြီ"

"ဩော်"

ဒါက သုံးလေးရက်တစ်ခါ လာလို့ရအောင် လမ်းထွင်ခြင်း တစ်မျိုးပေါ့။

"ဟိုလေ . . . ဒါတွေအားလုံးက မေမေ့အတွက်ချည်းပဲ မဟုတ်ပါဘူး၊ လူငယ်ဆင်လေးတွေက သံစဉ့်အတွက် ဒီထဲမှာ သက်သက် နာမည်ထိုးထားတယ်"

"ဘယ်လို"

"အပွင့်နုပ်နုပ်လေးတွေ၊ ဘိုဆန်ဆန်အရောင် ပိတ်စတွေမှာ သံစဉ်လို့ စာရွက်ဖြူနှင့်ချိတ်ဆွဲထားသည်ကို စွမ်းစေ ပြသည်။

"ဟာ . . . မလိုချင်ပါဘူး၊ မယူဘူး . . . ပြန်ယူသွား"

သံစဉ် ခါးခါးသီးသီး ငြင်းလိုက်သည်။

ကိုယ့်ဘာသာ အစ်မဖြစ်သူရဲ့အကျႌလေးတွေ ဝတ်ရပေမယ့် သံစဉ် လိပ်ပြာသန့်သည်။





ယောကျ်ားလေးတစ်ယောက်ပေးတာကို မလိုချင်ပါ။

သံစဉ် အပြတ်ငြင်းလိုက်တော့ . . . စွမ်းစေ မျက်နှာမကောင်း။

စွမ်းစေ ပြန်သွားတော့ မမသလင်းဖြူ မဲ့ပြုံးနှင့်စုံစမ်းလေသည်။

"မိသံစဉ် . . . စွမ်းစေက ညည်းကို လာအီနေတယ် ထင်တယ်"

မမမေးပုံက တစ်မျိုးကြီး။

"မသိဘူး၊ လက်ဆောင်တွေတော့ လာပေးနေတယ်၊ မလိုချင်ပါဘူး၊ ပြန်ပေးလိုက်တယ်"

"ဘာလို့ ပြန်ပေးရမှာလဲ၊ မပေးနဲ့ ငါဝတ်မယ်၊ လှလှလေးချုပ်ပေး"

ပြီးတာပဲ . . .

ကိုယ်မဝတ်ပေမယ့် အဖိုးတန်ပိတ်စတွေကို အစ်မဖြစ်သူ ဝတ်ရတော့လည်း ကောင်းတာပေါ့။

သံစဉ်ကတော့ မမပြောသည့်အတိုင်း အလှပဆုံး, အဆန်းသစ်ဆုံးဖြစ်အောင် ချုပ်ပေးရုံသာ။

မမကလည်း ပြောထားသည့်အတိုင်းပင် သံစဉ်ချုပ်ပြီးသည်နှင့် စွမ်းစေရှေ့ ကြော့ကြော့လေး ဝတ်ပြလိုက်လေတော့သည်။

မျက်နှာအကြီးအကျယ်ပျက်သွားရသူက စွမ်းစေ။

"စွမ်း . . . ကိုယ့်ကို ဒီနေ့ ဘုရားလိုက်ပို့ပေးကွာ၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ယတြာချေစရာရှိလို့''

သူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ထားသော မိုးပြာရောင် စံပယ်ဖူး ပိုးပျော့ဝတ်စုံနှင့် အရမ်းကို ကြော့ရှင်းလှပနေသော သလင်းဖြူက ညို့ရီသောမျက်ဝန်းများနှင့် ဖိတ်ခေါ်တော့ စွမ်းစေ ငြင်းဆန်နိုင်စွမ်းမရှိတော့ပြီ။

''ပြီးရင် ဈေးပတ်မယ်, မုန့်စားမယ်၊ လိုက်ပို့မယ် မဟုတ်လား စွမ်း''

ပျော့ပျောင်းသော ပိုးသားဝတ်စုံက ကျစ်လျစ်သွယ်နွဲ့သော ကိုယ်လုံးလှလှလေးကို ပိုပြီး ထင်လင်းနေစေတော့ စွမ်းတံတွေးတစ်ချက် ခိုမျိုချမိသည်။

သလင်းဖြူ မာယာမြှားတွေ ပစ်လွှတ်နေပြီဆိုတာ သိသော သူငယ်ချင်းများကတော့ ကျိတ်တားကြသေးသည်။

''ယူကလည်းကွာ ယူ့ တကယ်လည်း ခိုက်တာမဟုတ်ဘဲနဲ့ ... မလုပ်စမ်းပါနဲ့''

''အေးလေ ... မျှော်လင့်ချက်တွေ မပေးစမ်းပါနဲ့''

ဘယ်သူတွေ ဘယ်လိုတားတား လုပ်မယ်လို့ ဆုံးဖြတ်ပြီးလျှင် ကစ်ဖွတ်ထိုး စွတ်ငါးတတ်သော သလင်းဖြူကတော့ နောက်မဆုတ်သည့်အပြင် ရှိသမျှ မာယာကုန် ထုတ်သုံးခဲ့သည်။

သိုးဖြူလေးတစ်ကောင်လို ဖြူစင်ခဲ့သည့် စွမ်းစေလည်း သလင်းဖြူရဲ့ မာယာမြှားချက်တွေအောက်မှာ မလူးမလွန့်သာအောင် ကျရှုံးခဲ့ရတော့သည်။ သို့သော် ...

တကယ်တမ်း စွမ်းစေက အရှုံးအမူး စွဲလမ်းကာ ...





''လင်း ... ကိုယ် လင်းကို မခွဲနိုင်တော့ဘူးကွာ၊ ကိုယ် ... လင်းကို ပိုင်ပိုင်နိုင်နိုင် ချစ်ခွင့်ရအောင် ကိုယ့်ကို ချစ်တယ်လို့ အတိအကျ အဖြေပေးတော့ကွာ''

လို့ တောင်းခံသည့်အခါမှာတော့ ...

ယောကျ်ားလေးများကို အသည်းခွဲတမ်း အရှုံးလုပ်တမ်း ကစားရာမှာ ပျော်သော သလင်းဖြူက မော်နိုင်ဝင့်ကြွားလျက် မျက်နှာမော့ချီလျက် မဲ့ပြုံးဖြင့် ပြန်ပြောလိုက်သည်မှာ ...

''ဝမ်းနည်းလိုက်တာ စွမ်းစေရယ်၊ နင့်ဘက်က တစ်ဖက်သတ်မျှော်လင့်နေတာ၊ ငါက နင့်ကို ရင်တစ်ချက်မှ မခုန်မိဘူး''

''ဘာ ... ဘာ ... နင် သလင်းဖြူ ...ဟာ တောက်''

''ဒေါသထွက်ရင်လည်း လဲသေလိုက်တော့၊ ငါ့အတွက်ကတော့ နင်ဟာ ဒီနေ့ကစပြီး တစ်ခါမှ မတွေ့မမြင်ဖူးတဲ့လူတစ်ယောက်ပဲ ဟုတ်ပြီလား''

နီရဲလောင်ကျွမ်းသွားသည့် ယောကျ်ားတစ်ယောက်ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မောရက်ခဲ့သူမှာ သလင်းဖြူပဲဖြစ်သည်။

အသည်းကွဲသည့် ခံစားချက်ကို မသိပေမယ့် ...

အသည်းခွဲရသည်ကတော့ အတော်ပျော်စရာကောင်းသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ သလင်းဖြူနှင့် သံစဉ်တို့၏ဘဝကို လုံးဝကို အပြောင်းလဲကြီး ပြောင်းလဲပစ်လိုက်နိုင်သည့် ဘဝတစ်ဆစ်ချိုးက ဖြစ်ပေါ်လာခဲ့ပါသည်။

ခြံရှေ့သို့ ခမ်းနားတောက်ပြောင်ပြီး တန်ဖိုးကြီးမားလှသည့် ကားတစ်စီးထိုးဆိုက်လာခဲ့လျှင် ဒေါ်စောကြည်ဖြူမှာ အံ့အားသင့်သွားခဲ့ရသည်။

မိမိတို့နှင့် ဒီလိုကားမျိုး စီးနိုင်သည့် လူကုံထံအသိုင်းအဝိုင်းမျိုးမှာ ပတ်သက်စရာမရှိဟု တွေးမိခဲ့ပြီးမှ တစ်စုံတရာကို သတိရသွားခဲ့ပြီး ရင်ထဲ တဒိန်းဒိန်းဖြစ်သွားခဲ့သည်။

လောလောဆယ် အိမ်မှာ သမီးငယ် သံစဉ်မရှိ။ ဈေးသွားနေသည်။

သမီးကြီးသလင်းဖြူကတော့ အပြင်ထွက်ဖို့ ဖြီးလိမ်းပြင်ဆင်နေသည်။

"ဒေါ်စောကြည်ဖြူ ရှိပါလသား ခင်ဗျာ"

အိမ်ရှေ့မှ ခေါ်သံကြားရလျှင် ဒေါ်စောကြည်ဖြူမှာ ရင်တုန်ပန်းတုန်နှင့်ပင် ထွက်တွေ့ရလေသည်။

"ကျွန်မပါပဲ ... ဘာကိစ္စရှိလို့ပါလဲရှင်"

"ကျွန်တော် ဦးသူရိန်ခက လွှတ်လိုက်လို့ပါခင်ဗျာ"

"ထိုင် ... ထိုင်ပါဦးရှင့်"

ဒေါ်စောကြည်ဖြူ သိလိုက်ပေပြီ။





လှုပ်ရှားနေသောစိတ်ကို အတတ်နိုင်ဆုံး ငြိမ်အောင်ထိန်းထားလိုက်ရသည်။

"ဟုတ်ကဲ့ ... လိုရင်းပြောရမယ်ဆိုရင် ဦးသူရိန်ခရဲ့မြေး ဦးနေဝန်းခရဲ့သမီးကလေးကို ဒေါ်စောကြည်ဖြူ စောင့်ရှောက်ပေးထားတယ်လို့ ကျွန်တော်တို့ စုံစမ်းမိလို့ပါ ... အဲ့ဒီ"

"ဟုတ် ... ဟုတ်ကဲ့ပါ၊ ဦးသူရိန်ခအနေနဲ့ ပြန်ခေါ်မယ်ဆို ခေါ်နိုင်ပါတယ်၊ ကျွန်မက ကျွန်မရဲ့သူငယ်ချင်း သံသာချို့ အပ်ထားခဲ့လို့ စောင့်ရှောက်ပေးထားခဲ့တာ၊ ဒါ ... ဒါပေမဲ့ ခုလောလောဆယ်တော့ ကလေးက မရှိသေးပါဘူး၊ အပြင်သွားနေပါတယ်"

"ကောင်းပါပြီ၊ သူဌေးက သူ့မြေးကို အမြန်ဆုံးတွေ့ချင်နေပါတယ်၊ ကျွန်တော် နောက်တစ်ခေါက်ပြန်လာခေါ်ပါ့မယ်"

ရှေ့နေကြီး ပြန်သွားတော့ ဒေါ်စောကြည်ဖြူ ငိုင်ပြီးကျန်ရစ်သည်။

ဘာပဲဖြစ်ဖြစ် ဒီအရွယ်ထိရောက်အောင် ကျွေးမွေးပြုစုခဲ့ရမှတော့ သံယောဇဉ်က နိုင်မြဲနေပြီ။

ဒီလိုမျိုး တစ်ချိန်ပြန်ခွဲရလိမ့်မည်ဟု မျှော်လင့်မထားခဲ့ဘဲ။

စိတ်မကောင်းစွာ ငေးငိုင်နေဆဲ။

"အမေ ... အမေ"

အခန်းထဲမှ အမောတကော ပြေးထွက်လာသူက သမီးကြီးသလင်းဖြူ။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ... အခု လာခေါ်နိုင်းတဲ့သူဌေးကြီး ဦးသူရိန်ခရဲ့မြေးဆိုတာ သမီးမဟုတ်လားဟင်၊ အမေမွေးစားခဲ့တဲ့ကလေးက သမီးမဟုတ်လား။ ဒီတစ်ခါလာခေါ်ရင် အဲ့ဒီဦးသူရိန်ခဆိုတဲ့ အဘိုးဆီ သမီးလိုက်သွားတော့မယ်နော်"

မျက်လုံးများ တလက်လက်တောက်ပစွာ ပြောနေသော သမီးကိုကြည့်ပြီး ဒေါ်စောကြည်ဖြူ ထိတ်လန့်သွားရသည်။

"ဟဲ့ ... ဟဲ့ ... သမီးရယ် ဘယ်လိုဖြေလိုက်တာလဲ၊ သမီးက အမေ့သမီးအရင်းပါ၊ မိသံစဉ်ကသာ အမေ မွေးစားခဲ့တာ"

ဒေါ်စောကြည်ဖြူ ထိတ်ထိတ်ပျာပျာနှင့် သမီးကို ဖြေရှင်းပြနေရသည်။

"အို ... ဘာပဲဖြစ်ဖြစ် အဲဒီရှေ့နေကို အမေ ဦးသူရိန်ခရဲ့မြေးနာမည် မပြောရသေးဘူး မဟုတ်လား၊ လာခေါ်ရင် သမီး မိသံစဉ်အစား လိုက်သွားမယ်နော် အမေ"

သမီးကြီး သလင်းဖြူရဲ့လောဘကို ဒေါ်စောကြည်ဖြူမှာ အရမ်းကို အံ့သြမိသွားရပြီး ဖျောင်းဖျဖို့ ကြိုးစားမိသည်။

"သမီးရယ် မကြံကောင်းမစည်ရာကွယ်၊ သူဌေးကြီးက အသက်ကြီးနေပါပြီ၊ သူ့ခမျာ သူ့မြေးကို ပြန်တွေ့ဖို့ မျှော်လင့်နေရှာမှာပါ၊ ဇရာအရွယ်လူကြီးတစ်ယောက်ရဲ့မျှော်လင့်ချက်ကို မလှည့်စားသင့်ဘူး၊ ပြီးတော့ သမီး အဲ့လိုလုပ်လိုက်ရင် မိသံစဉ်အပေါ်လည်း အရမ်းကို မတရားရာကျသွားလိမ့်မယ်"

"ဟင့်အင်း ... သမီး အဲ့ဒါတွေ မသိဘူး။ လျှို့ဝှက်





ချက်က အမေ့လက်ထဲမှာရှိတာ၊ ငြင်းနိုင်တဲ့သူတစ်ယောက်မှလည်း မရှိဘူး"

"အမေ ... သမီးကို မကောင်းစားစေချင်ဘူးလား၊ ဘာတက်လမ်းမှမရှိတဲ့ ဟောဒီ ဘဝမှိန်မှိန်လေးထဲမှာပဲ သမီးကို ရှင်သန်စေတော့မှာလား"

"သမီး ချမ်းသာချင်တယ် အမေ၊ ဘဝမှာ အကောင်းဆုံးဆိုတဲ့ အရာမှန်သမျှ သမီးခံစားချင်တယ်၊ လက်ရှိ ဒီဘဝမျိုးကြီးနဲ့ သမီး မရောင့်ရဲ့မတင်းတိမ်နိုင်ဘူး အမေ ...၊

အခု ... သမီးဖြစ်ချင်တာတွေအားလုံးကို အမေ့အဆုံးအဖြတ်တစ်ခုလေးနဲ့တင် ဖြစ်အောင်လုပ်ပေးနိုင်ခွင့် အမေ့မှာ ရှိနေပြီ၊ သမီး ကောင်းစားတာ အမေ မမြင်ချင်ဘူးလား၊ သမီးကို အမေ မချမ်းသာစေချင်ဘူးလား ... ဟင် အမေ"

သလင်းဖြူရဲ့ရှည်လျားစွာသော အကြောင်းပြတောင်းဆိုသံအဆုံး၌ ဒေါ်စောကြည်ဖြူ တွေဝေသွားရသည်။

အမေဖြစ်သူ တွေဝေသွားတာကိုမြင်လျှင် သလင်းဖြူမှာ လိုတပြည့်ဖို့ အားတက်သွားရလျက် ...

"အမေရယ် ... စဉ်းစားကြည့်ပါ၊ တကယ်တော့ မိသံစဉ်ဟာ သူစိမ်းပါ၊ သူသာ ဦးသူရိန်ခရဲ့မြေးအဖြစ်နဲ့ ချမ်းသာသွားရင်တောင် သမီးတို့သားအမိကိုလည်း လှည့်ကြည့်မှာ မဟုတ်ပါဘူး ...၊

တကယ်ဆို သမီးက တစ်ဦးတည်းသောသမီးဖြစ်ရဲ့နဲ့ အမေ မိသံစဉ်ကိုမွေးစားခဲ့လို့ သမီးရမယ့်အခွင့်အရေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝ မရတော့ဘဲ သူစိမ်းတစ်ယောက်ကို မျှဝေပေးခဲ့ရတာ၊ အဲ့ဒီအတွက် အလျော်အစားအနေနဲ့ သမီး ရသင့်တာပေါ့၊

ဦးသူရိန်ခရဲ့မြေးနေရာကို သမီး အစားဝင်လိုက်ရင် အမေ့အတွက် ဘာမှပူစရာမလိုတော့ဘူး၊ အဘိုးကြီး ရှောသွားတဲ့အခါကျရင် အမေနဲ့မိသံစဉ်ကို အနားကို ပြန်ခေါ်ထားမှာပေါ့ ... မဟုတ်ဘူးလား၊

အဲဒါဆို မိသံစဉ်လည်း သူ ခံစားသင့်တဲ့စည်းစိမ်ကို ခံစားရမှာပဲဆိုတော့ မတရားရာမရောက်တော့ဘူးလေ နော် ... အမေ''

သလင်းဖြူမှာ မိခင်ဖြစ်သူကို အားတက်သရော စည်းရုံးသည်။

ဒေါ်စောကြည်ဖြူမှာလည်း စည်းရုံးရေးကောင်းလှသော သမီးဖြစ်သူရဲ့စကားများကြောင့် မျောပါသွားရတော့သည်။

ဘယ်နည်းနှင့်မှလည်း တားဆီးလို့ရတော့မှာမဟုတ်သည့် သမီးဖြစ်သူကို မတတ်သာသည့်အဆုံးမှာ လိုက်လျောလိုက်ရပေမယ့် ...

''ကဲ ... ကဲ ... ဒီလောက်တောင် သမီးဆန္ဒပြင်းပြနေတယ်ဆိုရင်လည်း အမေ မတားတော့ဘူး၊ ဒါပေမဲ့ ... အတ္တနဲ့လောဘ ကြီးလွန်းရင် ဒုက္ခရောက်တတ်တယ်ဆိုတာကိုတော့ သတိထားပါ သမီးရယ်''

သက်ပြင်းများစွာဖြင့် ဒေါ်စောကြည်ဖြူ သမီးဖြစ်သူကို ဆုံးမလိုက်မိသည်။





အတ္တစိတ်လွှန်ကဲလှသော ...

လောဘလည်း ကြီးလွန်းလှသော သမီးအတွက် ဒေါ်စောကြည်ဖြူမှာ စိုးရိမ်သောက ရောက်မိရတော့သည်။

သိပ်မကြာခင်ရက်အတွင်းမှာပင် သူဌေးကြီးဦးသူရိန်ခရဲ့ရှေ့နေကြီးမှာ မြေးဖြစ်သူကို လာခေါ်လေတော့သည်။

''ဟောဒါက ဦးသူရိန်ခရဲ့မြေး ဦးနေဝန်းခရဲ့သမီး သလင်းဖြူပါ၊ ကလေးကိုလည်း အကျိုးအကြောင်း ပြောပြပြီးပါပြီ ခေါ်သွားကြပါတော့''

ဒေါ်စောကြည်ဖြူ ဘယ်လိုပင် စိတ်ကိုထိန်းပါသော်လည်း အသံတို့ တုန်ယင်ကာ အဖျားခတ်တိမ်ဝင်သွားရသည်။

''ကောင်းပါပြီ ... ကျွန်တော်တို့ ကလေးကိုခေါ်သွားတော့မယ်နော်''

''ဟုတ်ကဲ့ ... ဪ ... ဒီမှာ သူ့အမေက အပ်ခဲ့တာ၊ ရိုးလက်စ်နာရီကလေး၊ ဒီပစ္စည်းကိုတွေ့ရင် ကလေးဟာ သူ့မြေးဖြစ်ကြောင်း ဦးသူရိန်ခ သိနိုင်ပါတယ်တဲ့''

ဒေါ်စောကြည်ဖြူ တဆတ်ဆတ်တုန်ယင်နေသော လက်ချောင်းများဖြင့် နာရီကလေးကို ရှေ့နေကြီးရဲ့လက်ထဲ ထည့်ပေးလိုက်သည်။

''ဟုတ်ကဲ့ ... သူဌေးကြီးကို ပေးလိုက်ပါတယ်ခင်ဗျာ ... ကဲ ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

ရှေ့နေကြီးက စတင်ပုတ်ခတ်ကာ လှည့်ထွက်ရန် ခြေလှမ်းပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သ ... သမီး"

"မမ"

ဒေါ်စောကြည်ဖြူနှင့်သံစဉ်တို့ ကြေကွဲစိတ်ကို မထိန်းနိုင်တော့။

သလင်းဖြူရဲ့လက်ကို တစ်ဖက်တစ်ချက်စီ ဆုပ်ကိုင်ကာ သည်းသည်းထန်ထန် ရှိုက်ငိုမိကြတော့သည်။

နှစ်ပေါင်းမြောက်မြားစွာ အတူနေခဲ့ကြသည့် သံယောဇဉ်က ရင်တစ်ခုလုံးကို တင်းကျပ်စွာ ဆုပ်ညှစ်ထားသလို ဆို့နင့်လောက်မြိုက်စေသည်လေ။

ဒေါ်စောကြည်ဖြူမှာ သမီးရဲ့ပြင်းထန်သော စိတ်ဆန္ဒကြောင့်သာ လိုက်လျောခဲ့ရပေမယ့် ရင်ထဲမှာမချိ။

တကယ်တမ်းခွဲရတော့မည်ဆိုတော့ ရင်တစ်ခုလုံးမှာ မခံမရပ်နိုင်အောင် နာကျင်သည်။

သံစဉ်သည်လည်း အဖြစ်အမှန်ကိုမသိ။ ညီအစ်မအရင်းဆိုသည့် အတူနေခဲ့သည့် သံယောဇဉ်ကပင် ရင်ကို ဆို့နင့်ကြေကွဲနေစေသည်။

ဒေါ်စောကြည်ဖြူနှင့်သံစဉ်တို့နှစ်ယောက်မှာ သည်မျှကြေကွဲဝမ်းနည်းနေရသော်လည်း ...

ကိုယ့်ဆန္ဒပြည့်ဝသွားပြီဖြစ်သော သလင်းဖြူကတော့ ထည်ဝါချမ်းသာမှုအတိပြီးသည့် ဘဝသစ်အတွက် စိတ်လှုပ်ရှားနေရုံမှလွဲပြီး အမေနှင့်ညီမရဲ့ မျက်ရည်များကို ဘယ်လိုမှမခံစားရ။





"သံစဉ် ... မေမေ့ကို ဂရုစိုက်နော် သိလား၊ ငါ စိတ်ချမယ်နော်"

ဝတ္တရားကျေ မှာခဲ့ပေမယ့် သမီးဆီက ဒီစကားတစ်ခွန်းက မေမေ့နှလုံးသားကို ကိုင်လှုပ်သည်။

"ဟုတ်ကဲ့ ... အမေ့အတွက် စိတ်ချပါ၊ မမလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော်"

သံစဉ် တစ်ယောက်ထဲ ခွဲထွက်သွားရမည့်အစ်မဖြစ်သူအတွက် စိတ်မချနိုင်စွာ မှာသည်။

"ငါ့အတွက် ပူမနေနဲ့ . ဟိုမှာ အစစအရာရာ ပြည့်စုံပြီးသား၊ ကူဖော်လောင်ဖက်တွေလည်း အများကြီး"

ချက်ချင်းပင် လေသံပြောင်းသွားသော အစ်မဖြစ်သူရဲ့ ပြောပုံကြောင့် သံစဉ် အံ့အားသင့်သွားရသည်။

ပိုပြီးလည်း ဝမ်းနည်းသွားရသည်။

"ကဲ ... သမီး သွားမယ်နော် အမေ၊ ဟိုမှာ ကားစောင့်နေရတာ အားနာစရာကြီး၊ သံစဉ် ... ငါသွားပြီ"

သလင်းဖြူ အမေနှင့်ညီမဖြစ်သူကို နှုတ်ဆက်ပြီးသည်နှင့် ချာခနဲ ကျောခိုင်းသည်။

အမေကို ထိုင်ကန်တော့ဖို့ပင် နားမလည်၊ မသိတတ်သည့် သမီးဖြစ်သူရဲ့ကျောပြင်ကိုကြည့်ပြီး ဒေါ်စောကြည်ဖြူ မျက်ရည်စက်တွေနှင့် သက်ပြင်းရှိုက်မိသည်။

သမီးကတော့ တက်ကြွကျေနပ်စွာဖြင့် ခမ်းနားထည်ဝါလှသည့် မာစီးဒီးကားကြီးပေါ် ကြော့ကြော့ကလေး တက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

"အမေ, သံစဉ် ...တာ့တာ"

ကားမှန်ပြတင်းချကာ လှပစွာ လက်ကလေးတစ်ချက် လှုပ်ယမ်းပြပြီး ...

သလင်းဖြူ တစ်ချက်ကလေးမှ နောင်ပြန်လှည့်မကြည့်တော့။

အမေ သံစဉ့်လက်ကို တင်းတင်းဆုပ်သည်။

"ညည်းကတော့ တစ်ချက်ကလေးတောင် လှည့်မကြည့်တော့ဘူးနော်"

အမေ့အသံက မချိတင်ကဲ။

သံစဉ် အမေ့ကို ဘယ်လိုနှစ်သိမ့်ရမှန်း မသိတော့ပြီ။

စိတ်ထဲမှာတော့ ...

မမက သံယောဇဉ် ပြတ်တောက်နိုင်လွန်းလိုက်တာလို့ ဝမ်းနည်းစွာ တွေးလိုက်မိသည်။

ဦးသူရိန်ခထံ ရောက်ခဲ့ချိန်ကစပြီး သူဌေးမြေးဆိုသော ဘဝတွင် သလင်းဖြူ အပျော်ကြီး ပျော်ခဲ့ရပါသည်။

တစ်သက်နှင့်တစ်ကိုယ် မမျှော်လင့်ခဲ့ဖူးသည့်ဘဝ။

စိတ်ကူးယဉ်ကမ္ဘာထဲမှာ တစ်ယောက်တည်း တပ်မက်





ခဲ့ရသောဘဝကို တကယ်ပိုင်ဆိုင်ခွင့်ရခဲ့လေပြီ။

သူဌေးကြီးဦးသူရိန်ခကလည်း မပြည့်မစုံနှင့် ကြီးပြင်းခဲ့ရသော မြေးမလေးအပေါ် ကရုဏာပိုခဲ့ပါသည်။

"မြေးရေ ...ဘိုးတော့ လိုက်မပို့နိုင်ဘူးကွယ်၊ မြေး သွားချင်တဲ့နေရာမှန်သမျှ ဒရိုင်ဘာကို လိုက်ပို့ခိုင်း၊ လိုချင်တာ မှန်သမျှ မိသက်ဆီက ပိုက်ဆံယူသုံး ...နော် မြေးလေး"

"သွားချင်တဲ့နေရာတွေကလည်း အများကြီး၊ လိုချင်တာတွေကလည်း အများကြီး ...ဘိုးရဲ့"

"သွားပါဗျာ ...ဝယ်ပါဗျာ"

အဘိုးဦးသူရိန်ခ တစ်ဦးတည်းသောမြေးမလေးကို အစွမ်းကုန် အလိုလိုက်သည်။

သလင်းဖြူ ငွေကို ရေလို့,လေလို သုံးရသောဘဝမှာ အပျော်ကြီးပျော်ကာ အရမ်းကို ကျေနပ်နေမိသည်။

ရှော့ပင်းထွက်သည်မှာ နှစ်ရက်ခြားတစ်ခါ၊ သုံးရက်ခြား တစ်ခါ။

ရှော့ပင်းမော်လ်မှန်သမျှ သလင်းဖြူခရဲ့ခြေရာတွေချည်း။

"ညီမလေးရေ ...ပါကင်မဖောက်သေးဘူးနော်၊ ဦးဦး ဖျားဖျား လာရွေးလှည့်"

"လာမယ်, လာမယ် ...ခုချက်ချင်းလာခဲ့မယ်၊ ဒါပဲ နော် သလင်း လာမှဖောက်"

"ဟုတ်ပါပြီ၊ ဒီကလည်း ရွှေမင်းသမီး မဖောက်ပေးမချင်း မဖောက်ရဲပါဘူး၊ ရွှေမင်းသမီး ဈေးဦးဖောက်မှ ရောင်းကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ''

အကြိုက်လိုက်မြှောက်ပင့်မှုတွေကို သလင်းဖြူ ကြည်ဖြူ သာယာလွန်းလှသည်။

ဒါနှင့်ပင် နံရံကပ် ကျွန်းဗီရိုမြင့်ကြီးနှစ်လုံးထဲမှာ အဝတ်အစားတွေက အပြည့်။

ဝယ်သမျှတွေကလည်း နိုင်ငံခြားဖြစ် တန်ဖိုးကြီး နောက်ဆုံးပေါ် ဒီဇိုင်းတွေချည်း။

အဘိုးဖြစ်သော ဦးသူရိန်ခကတော့ ဘာမှပြော။

မြေးလေးလှနေတာမြင်လျှင် ကျေနပ်လို့သာ နေမိသည်။

ဒီမြေးလေးတစ်ယောက်တည်းသာ ရှိသည်လေ။

ပိုင်ဆိုင်သမျှ စည်းစိမ်တွေအားလုံးကလည်း သူကလေးဖို့ပဲ မဟုတ်လား။

အဘိုးဖြစ်သူ အလိုလိုက်သလောက် အလိုလိုက်ရကျိုးနပ်အောင်လည်း သလင်းဖြူတို့က နေတတ်သည်။

''ဘိုး ... ခါးနာလားဟင် မြေးဆေးလိမ်းပေးမယ်နော်''

''နေပါစေ မြေးရယ် ... ဘိုး မောင်စောကို လိမ်းခိုင်းပါ့မယ်၊ မြေးလက်ကလေးတွေ ပူကုန်မှာပေါ့''

''ဟင့်အင်း ... မြေး လိမ်းပေးချင်လို့ပါ ဘိုးရဲ့၊ မြေးကုသိုလ်ယူချင်လို့ပါ''

စကားလုံးလေးက လှတော့ ဦးသူရိန်ခ မြေးဖြစ်သူကို အချစ်ပိုခဲ့ရတော့သည်။

''ကိုင်း ... လိမ်းဗျာ ... လိမ်း ... အင်း ... သာခုဗျာ





... သာခု ... သာခု''

သာခုအခေါ်ခံရကျိုးနပ်အောင် သလင်းဖြူ အဘိုးကို စိတ်ရှည်လက်ရှည် ဆေးလိမ်းပေးသည်။

ပြီးလျှင်တော့ ...

ခြေဖဝါးတွေ ခြေသလုံးသားတွေကိုပါ ခြေဆုပ်လက်နယ်ဆက်ပြီးပြုပေးမိသည်။

''ရပါပြီ ... မြေးရယ်၊ တော်ပါတော့ ... မြေး ညောင်းလှရောပေါ့''

''ဟင့်အင်း ... မညောင်းပါဘူး ဘိုးရဲ့၊ မြေး ပြုစုချင်လို့ပါ၊ မြေးက ဘိုးကို ခုမှပြုစုခွင့်ရတာမို့ပါ''

ဒီလိုပြောတော့လည်း ဦးသူရိန်ခ စိတ်မကောင်းဖြစ်ရပြန်သည်။

ကိုယ် သဘောမတူသူနှင့် ဖွတ်အတင်းလက်ထပ်ခဲ့သည်မို့သာ စိတ်ဆိုးဆိုးနှင့် ပစ်ထားခဲ့ပေမယ့် သားဖြစ်သူ စက်လှေနစ်တဲ့သတင်း ကြားရတော့ ရူးမတတ်ဖြစ်ခဲ့ရသည်။

ရှေ့ဆင့်နောက်ဆင့်ပင် ချွေးမဖြစ်သူလည်း ဆုံးပါးသွားကြောင်း ကြားခဲ့ရတော့ သတင်းအားလုံးမှာ ပြည်ဖုံးကားချသွားခဲ့သည်။

ကံဆိုးလှသော မြေးမလေးတစ်ယောက် လူ့လောကထဲအထီးကျန်လှစွာ ကျန်ရစ်ခဲ့ကြောင်း ကြားသိရသောအချိန်မှာနောက်ကျလွန်းလှချေပြီ။

နှောင်းနှောင်တာတွေနှင့်အတူ ဦးသူရိန်ခတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မရမနေ စုံစမ်းခဲ့ရသည်။

ဒီအရွယ်ရောက်မှ ပြန်တွေ့ရသောမြေးမလေးက ခုလို စကားပြောလာတော့ ရင်ထဲမကောင်း။

"မြေးရယ် ... ဘိုးလည်း မြေးကို တွေ့ချင်လွန်းလို့ စုံစမ်းခဲ့ပါတယ်၊ ရှာဖွေခဲ့ပါတယ်"

အဘိုးဖြစ်သူ စိတ်မကောင်းဖြစ်မှန်း သိသွားတော့ သလင်းဖြူ ပျာပျာသလဲပင် ...

"ဘိုး ... စိတ်မကောင်းဖြစ်သွားလားဟင်၊ မြေးက ဘယ်လိုသဘောနဲ့မှ ပြောတာမဟုတ်ပါဘူး ဘိုးရယ်၊ ခုမှပြန်တွေ့ လည်း မြေးက ဘိုးကို အတိုးချပြီး ပိုပြုစုမှာပေါ့"

သလင်းဖြူ ချွဲချွဲကလေး ပြောသည်။

ဦးသူရိန်ခ ရင်ထဲချမ်းမြေ့သွားလိုက်ရသည်ဖြစ်ခြင်း။

ဦးသူရိန်ခဘက်က အချစ်ပိုမိသလို ...

သလင်းဖြူဘက်ကလည်း အစမှာတော့ ဦးသူရိန်ခဘက် က မြေးအစစ်ကဲ့သို့ ခံစားရအောင် ပြုစုဂရုစိုက်ပေးခဲ့ခြင်းဖြစ် သော်လည်း ကိုယ့်ရဲ့မတရားသော လှည့်စားသော အပြုအမူ အတွက် စိတ်မလုံသလို ခံစားရသောအခါ တကယ့်အဘိုးတစ် ယောက်လို သဘောထားပြီး စေတနာပါပါ ပြုစုမိတော့တာဖြစ် သည်။



နီးထလာသောပစ္စုပ္ပန်

၂၀၁၀-ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မျက်ရည်တို့ဖြင့် အတိတ်ကို ပြန်ပြောင်းပြောဆိုပြီးလျှင် ပင်ပန်းမောဟိုက်စွာ ငြိမ်သက်မှိန်းမောသွားသော မေမေ့အနားမှ သံစဉ် ဖြည်းညင်းစွာ ထ,ထွက်လာခဲ့သည်။

ခြောက်ခန်းသွားပြီဖြစ်သော မျက်ရည်မဲ့ပါးပြင်တို့ကို လက်ဖဝါးဖြင့် ပွတ်သုတ်လိုက်သည်။

ဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာချလိုက်ပြီး ဖုန်းနံပါတ်များကို ပင့်သက်ဖြင့် နှိပ်မိသည်။

တူ –

ဆိုသော ဖုန်းဝင်သံ သုံးခါမြောက်ကြားရအပြီး၌ ချိုလွင်သော်လည်း အထက်စီးဆန်သည့် ပြန်ထူးသံကို ကြားလိုက်ရသည်။

"ဟယ်လို"

"မမ"

"မိသံစဉ် ...မေမေ ...မေမေ တစ်ခုခုများ ဖြစ်လို့လား"





ထိတ်ထိတ်ပျာပျာဖြစ်သွားသော စိတ်လှုပ်ရှားသံကို ကြားရလျှင် သံစဉ် တံတွေးတစ်ချက် မျိုချလျက် ...

"မေမေ့အခြေအနေက ပိုဆိုးလာပြီ၊ သံစဉ်နှင့်မမ ဆွေးနွေးစရာရှိတယ်၊ မမ ဒီကို အမြန်လာခဲ့ပါ"

"နင် မေမေ့အခန်းထဲမှာလား"

"ဟုတ်ကဲ့"

"အိုကေ ...ငါ ခုချက်ချင်း လာခဲ့မယ်"

စကားဆုံးသည်နှင့် ဖုန်းပိတ်လိုက်သံကြားရသည်။

သံစဉ် မေမေ့အခန်းထဲသို့ ဖြည်းလေးစွာပြန်ဝင်လာခဲ့မိသည်။

အောက်စီဂျင်ပိုက်တွေ၊ ဒရစ်ပိုက်တွေ၊ ဆေးပိုက်တွေနှင့် ခုတင်ပေါ်မှာ မိန်းမောကာ ဝေဒနာဆိုးကို ခံစားနေရသည့် မေမေ့နံဘေး၌ ရပ်ကာ ...

တစ်နှစ်သမီးမှနေ ခုအသက်အရွယ်ရောက်သည်အထိ ရှန်းကန်ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သည့် မေမေ့ကျေးဇူးပုံရိပ်များကို ပြန်သတိရနေမိသည်။

ကိုယ့်ဘဝအမှန်ကို ဖုံးကွယ်ထားရက်ကြသည်ကို သိခါစက စိတ်နာသလို ခံစားမိသော်လည်း ...

ခုလို နောင်တတွေနှင့် ဝေဒနာဆိုး လောင်မြိုခံစားနေရသည့် မေမေ့ကို မြင်နေရသည့်အခါမှာတော့ အပြစ်မယူရက်တော့ဘဲ ခွင့်လွှတ်စိတ်သာ ဖြစ်ပေါ်နေမိသည်။

သူမရဲ့နှလုံးသားကိုက ပျော့ပျောင်းနူးညံ့လွန်းသည်လား



www.burmeseclassic.com

www.burmeseclassic.com



ကွယ်။

ဘာပဲဖြစ်ဖြစ် ... စိတ်ထဲမှာတော့ မေမေ့ကို မွေးထုတ်ထားခဲ့သည့် အမေရင်းဟုသာ သဘောပိုက်လျက် ကျေးဇူးဆပ်ချင်စိတ်၊ မေမေ့အသက်ကို မရ,ရအောင် ကယ်ချင်စိတ်သာ ရှိနေသည်။

"မိသံစဉ်"

အတွေးလွန်နေသည့် သံစဉ်မှာ နောက်မှ ရုတ်တရက် ခေါ်သံ ကြားလိုက်ရလျှင် ခပ်အုပ်အုပ်ပေမယ့် ဆတ်ခနဲတုန်ကာ လန့်သွားရသည်။

"မမ ... ရောက်လာပြီလား"

"အေး ... နင်ပြောစရာရှိတယ်ဆိုတာ ဘာလဲပြော"

"အခန်းပြင်ထွက်ရအောင်"

မေမေ သတိပြန်ရလာခဲ့လျှင် မတော်တဆကြားသွားမှာ စိုးရိမ်ကာ သံစဉ် မမကိုခေါ်လျက် အခန်းပြင် ထွက်လာခဲ့သည်။

အပြင်ရောက်သည်နှင့် ...

သံစဉ် မမမျက်နှာကို မကြည့်မိအောင် သတိထားပြီး မျက်နှာလွှဲလျက် စကားစ,လိုက်သည်။

"သံစဉ် အားလုံးကို သိပြီးပြီ မမ"

"ဘာကိုလဲ"

မမ မျက်မှောင်ကြုတ်လျက် ပြန်မေးသည်။

"သမီးအရင်က ဘယ်သူလဲဆိုတာကို"

"ဘာ ... ဘာ ... မိသံစဉ် ... နင် ... နင်"





မမသလင်းဖြူ ချက်ချင်း တုန်လှုပ်သွားလေတော့သည်။

"မေမေ အဖြစ်မှန်အားလုံးကို ဖွင့်ပြောပြတယ်"

သံစဉ် အေးဆေးစွာပဲ ပြောလိုက်သည်။

မမသလင်းဖြူ သံစဉ့်မျက်နှာကို စေ့စေ့ကြည့်ပြီး ...

"အဲ့ဒီတော့ နင် ဘာဖြစ်ချင်လဲပြော"

မမက မေးလေပြီ။

သံစဉ် အသက်ကို ဝ,အောင်ရှူလိုက်ပြီးမှ မမဘက်လှည့်ကာ ...

"မမကို သံစဉ် တစ်ခုပဲ တောင်းဆိုချင်တယ်"

မမ မဲ့ပြုံး,ပြုံးသည်။

"ဘာလဲ ... နင့်နေရာကို ပြန်ပေးရမှာလား"

သံစဉ် ... ကျစ်ခနဲ စုတ်သပ်ကာ စိတ်ပျက်လက်ပျက် ခေါင်းယမ်းပြလိုက်သည်။

"အဲ့ဒီနေရာကို သံစဉ် စိတ်မဝင်စားဘူး မမ၊ သံစဉ် စိတ်ဝင်စားတာက မေမေ့အသက်ကို ကယ်ဖို့ပဲ"

"ဘယ်လို"

သံစဉ် မမသလင်းဖြူရဲ့မျက်လုံးများထဲကို လေးနက်စွာ စိုက်ကြည့်လျက် တစ်လုံးချင်း ပြောလိုက်သည်။

"မမရဲ့ကျောက်ကပ်တစ်ခြမ်းကို မေမေ့အတွက် လှူပေးပါ"

"ဘာ"

သံစဉ့်စကားကြောင့် မမသလင်းဖြူ နောက်သို့လန့်ဖျ



www.burmeseclassic.com

www.burmeseclassic.com



မလိုဖြစ်သွားခဲ့ပြီးမှ ...ငိုင်ကျသွားလေတော့သည်။

ပြီးတော့မှ ဟက်ဟက်ပက်ပက်ရယ်လေကာ ...

"မေမေ့အတွက် ကျောက်ကပ်တစ်ခြမ်းကို ငါက လှူပေးရမယ် ဟုတ်လား မိသံစဉ် ...ဟင်း ဟင်း"

"ဟုတ်တယ် မမ၊ သံစဉ်က လှူချင်ပေမယ့် လှူလို့မရဘူး၊ မမက မေမေ့ရဲ့သမီးအရင်းဖြစ်နေတော့ လှူလို့ရတယ်၊ အဲ့ဒါကြောင့် မမရဲ့ကျောက်ကပ်နဲ့ မေမေ့ရဲ့အသက်ကို ကယ်ပေးပါ"

"ဟင့်အင်း ...ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး မိသံစဉ်၊ ဆောရီးပဲ ...ငါမလှူနိုင်ဘူး၊ ဒီကိစ္စကို နင် ဘာကြောင့် တိုက်တွန်းနေတာလဲဆိုတာ ငါသိတယ်၊ နင့်နေရာကို နင်ပြန်ရဖို့အတွက် နင့်အကြံက ဒါပဲ ရှိတော့တယ်ပေါ့ ဟုတ်လား"

"ငါ ...မေမေ့အတွက် ကျောက်ကပ်လှူလိုက်တာနဲ့ ငါ ဘဝအမှန်ပေါ်သွားမယ်၊ ဩရသနဲ့ ဘိုးဘိုးဦးသူရိန်ခတို့ သိသွားပြီး ငါဘဝပျက်မယ်၊ ဒီတော့မှ နင်က နင့်နေရာကို ပြန်ယူမယ်၊ ဒီလို မဟုတ်လား"

မဲ့ပြုံးနှင့်အတူ မမပြောလိုက်သောစကားများကြောင့် သံစဉ် အရမ်းကို အံ့အားသင့်သွားရသည်။

ထင်ရက်လိုက်တာ ...ဟု တွေးမိကာ ပျာပျာသလဲ ပြန်ငြင်းဆန်မိသည်။

"မဟုတ်ဘူး ...မမ မဟုတ်ဘူး၊ သံစဉ် ဘာကိုမှ မမက်မောဘူး၊ သံစဉ် လိုချင်တာ မေမေ အသက်ရှင်ဖို့ပါ၊ အဲ့ဒီ





တစ်ခုပဲ လိုက်လျောပေးပါ မမရယ်"

သံစဉ် ပျာပျာသလဲ ငြင်းဆန်ရင်း မမကို တောင်းဆိုလိုက်မိသည်။

"ဟင့်အင်း ...ငါ မလုပ်နိုင်ဘူး မိသံစဉ်၊ ငါ ကျောက်ကပ်လှူလိုက်တာနဲ့ ငါဟာ မေမေ့သမီးဆိုတာ သူတို့ သိသွားလိမ့်မယ် မဖြစ်ဘူး"

"ငါက အခုလက်ရှိ ငါ့ဘဝကို အရမ်းစုံမက်နေပြီ၊ အရမ်းကို ကြိုက်နေပြီ၊ ဒီဘဝနဲ့ ဘာကိုမှ ငါ မလဲနိုင်တော့ဘူး မိသံစဉ်"

ဘုရားရေ ...

မမစကားများကြောင့် ဘုရားတ,လိုက်မိသည်။

"မေမေ့အသက်ထက် တခြားဘယ်အရာတွေက ပို အရေးကြီးနေလို့လဲ၊ မမသလင်းဖြူရယ် ...မမက သမီးအရင်းပါ"

"မှန်တယ်၊ ငါက သမီးအရင်းပေမယ့် မသိတတ်တဲ့ သမီး၊ ကိုယ့်အမေ အသက်ထက် စည်းစိမ်ဥစ္စာတွေကို ပိုမက်တဲ့ သမီး ...ဟုတ်ပြီလား၊ ဒီမှာ မိသံစဉ် ငါက ကျောက်ကပ်တစ်ခြမ်းကို ပေးလိုက်ရင် မေမေ အသက်ရှင်မယ်လို့ နင် အာမ,ခံနိုင်သလား ဟင်၊ ငါ့ကျောက်ကပ်ကိုပေးလို့ မေမေ လုံးဝအသက်ရှင်မယ်ဆိုရင် ငါပေးမယ် မိသံစဉ်"

မမက သံစဉ့်ကိုကြည့်ပြီး ဟင့်ခနဲ အသံထွက်အောင် ပြုံးလိုက်ပြီးမှ ဆက်ပြောလေသည်။

"ငါ ဆရာဝန်ကြီးနဲ့ တွေ့ပြီးပြီ၊ မေမေ့အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကပ်အစားထိုးပြီးရင်တောင် အသက်ရှင်ဖို့ မသေချာဘူးတဲ့၊ ငါးဆယ်ရာခိုင်နှုန်းပဲ ရှိတယ်တဲ့၊ အကယ်၍ ကံကောင်းထောက်မစွာ ရှင်ခဲ့တယ်ဆိုရင်လည်း သုံးလေးလပဲ ခံနိုင်မယ်တဲ့၊ မသေချာတဲ့ကိစ္စတစ်ခုအတွက် မေမေ့အသက်ကို သုံးလေးလလောက် ဆွဲဆန့်နိုင်ရုံလောက်လေးနဲ့ ဘဝအပျက်ခံပြီး ငါ မမိုက်မဲနိုင်ဘူး မိသံစဉ်''

မမက ပြောရင်းက စကားစဖြတ်ကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။

ပြီးတော့မှ နှုတ်ခမ်းများကို တွန့်ကွေးကာ ...

''နောက်ပြီး နင့်အပေါ်မှာ မတရားခဲ့တဲ့ မေမေ့အပေါ် နင် စေတနာထားတယ်ဆိုတာ ငါ မယုံဘူး၊ နင်ဟာ ဦးသုရိန်ခရဲ့ မြေးအရင်းဆိုတာကို ဖော်ထုတ်ဖို့ ဒီတစ်ချက်ပဲ ရှိတော့တာမို့ မေမေ့ကို နင် တကယ်ချစ်ချင်ယောင်ဆောင်နေတာမဟုတ်လား၊

ကြိုးစားမနေနဲ့တော့ မိသံစဉ်၊ ငါ ဒီနေရာကို ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး၊ ငါ့ကို မနှောင့်ယှက်ပါနဲ့မိသံစဉ်၊ နင် ငွေ ဘယ်လောက်လိုချင်သလဲ ပြော ... ငါ ပေးမယ်''

အရမ်းကို လွန်လွန်းလာပြီဖြစ်သော မမရဲ့စကားများကြောင့် သံစဉ် မမသလင်းဖြူကို စက်ဆုပ်စွာကြည့်လိုက်မိသည်။

''နင် ရူးနေလား မမသလင်းဖြူ၊ ငါ ငွေမလိုချင်ဘူး၊ မက်လည်း မမက်ဘူး၊ ငါလိုချင်တာ မေမေ့အသက်ပဲ၊ နင်ထင်သလို ငါ့နေရာကို ပြန်လိုချင်လို့လည်း မဟုတ်ဘူး''

''ဒီမှာ မေမေ့ကို ကျောက်ကပ်လှူလိုက်ကို နင့်ဘဝမှန်





ပေါ်သွားခဲ့ရင်လည်း နင် မနစ်နာစေရဘူး၊ နင်လိုချင်တဲ့ ငါပိုင်ဆိုင်ရမယ့် စည်းစိမ်းဥစ္စာအားလုံး နင့်ကိုငါ ပေးမယ်၊ နင့်ဘက်က မေမေ့အသက်ကိုပဲ ကယ်ပေးပါ၊ ဒီတစ်ခုပဲ ငါ့ကို လိုက်လျောပါ မမသလင်း၊ ငါ အကုန်စွန့်လွှတ်ပေးမယ်''

မေမေ့အတွက် ကြေကွဲစိတ်။ ပြီးတော့ နောက်ဆုံး မျှော်လင့်ချက်ဖြင့် သံစဉ် မမသလင်းဖြူကို အဆုံးစွန် တောင်းဆိုနေမိသည်။

မမသလင်းဖြူရဲ့စိတ်ဓာတ်ကို စက်ဆုပ်ရလွန်းသဖြင့် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မသုံးနှုန်းဖူးသော 'နင်' 'ငါ' နှင့်ပင် သံစဉ် ကြမ်းတမ်းစွာ သုံးနှုန်းနေမိပြီ။

သံစဉ်တောင်းဆိုချက်ဆုံးလျှင် မမသလင်းဖြူက တဟင်းဟင်းရယ်လျက် သံစဉ် လုံးဝထင်မှတ်မထားသော အကြောင်းအရာကို ပြောတော့တာ ဖြစ်သည်။

''ဟင်း ဟင်း ... နင် ထင်တာမှားနေပြီ မိသံစဉ်၊ ငါ မက်မောနေတာ၊ ငါ အရူးအမူး ပိုင်ဆိုင်ချင်နေတာ ငွေမဟုတ်ဘူး၊ အချစ် ... သိရဲ့လား''

''ငါလိုချင်နေတာ ဩရသရဲ့အချစ်ပဲ၊ ငါက နင့်နေရာဖြစ်တဲ့ ဦးသုရိန်ခရဲ့မြေးဘဝကို ပစ္စည်းဥစ္စာမက်ပြီး ဝင်ခဲ့တာ၊

ဒါပေမဲ့ ဩရသကို စပြီးတွေ့ရတဲ့အချိန်မှာ ငါ သူ့ကို အရူးအမူး ချစ်မိသွားတယ် မိသံစဉ်၊ အဲ့ဒီအချိန်ကစပြီး တစ်လောကလုံးမှာ ငါ အလိုချင်ဆုံး၊ အမက်မောဆုံးအရာက ဩရသရဲ့ အချစ်ဖြစ်သွားခဲ့တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ...

သံစဥ် ... နောက်ကို လန်ကျတော့မလို ဖြစ်သွားခဲ့ရသည်။ ရင်တွေ တဒိန်းဒိန်း အခုန်မြန်လာခဲ့သည်။

မမသလင်းဖြူဟာ တစ်လောကလုံးမှာ အလိုချင်ဆုံးအရာသည် ဦးဩရသရဲ့အချစ်ဖြစ်သည် ... တဲ့။

ဖွင့်ဟခဲ့လေပြီ။

သံစဥ် ဘာလုပ်ရမည်လဲ။ မမကတော့ ရဲရင့်စွာ ဆက်ပြော၍နေဆဲ။

"ဦးဩရသကို ငါသိပ်ချစ်တယ်၊ အရူးအမူးကို ချစ်တယ်၊ ငါပိုင်ဆိုင်ရမယ့် စည်းစိမ်ချမ်းသာအားလုံးကို သူ့ဆီက ရမယ့် အချစ်တစ်ခုတည်းနဲ့ ငါ လဲနိုင်တယ်၊

ဒါကြောင့် ငါ မေမေ့ကို မကယ်နိုင်ဘူး၊ မေမေ့ကို ကယ်ထုတ်လိုက်လို့ ငါ့ဘဝမှန်ပေါ်သွားခဲ့ရင် နင့်အပေါ် ငါယုတ်မာခဲ့တာ သူသိသွားခဲ့ရင် သူ ငါ့ကို မုန်းသွားမှာ ငါကြောက်တယ်၊

အဲ့ဒါ ငါ အကြောက်ဆုံး အစိုးရိမ်ဆုံးအရာပဲ၊ ဒါကြောင့် မေမေ့ကို ငါ မကယ်နိုင်ဘူး မိသံစဥ်၊ ဒါ ငါ့အဆုံးအဖြတ်ပဲ"

ယတိပြတ် ပြောချလိုက်သော မမသလင်းဖြူရဲ့ မျက်နှာမှာ ပြတ်သားသလောက် ရက်စက်လွန်းလို့လည်း နေသည်။

သံစဥ်မှာ မမရဲ့စကားတွေကို နားထောင်ရင်း အံ့ဩတုန်လှုပ်လာမိသည်။

အမေရင်းဖြစ်သူရဲ့အသက်ကို ကယ်နိုင်ခွင့်ကိုပင် ပစ်





ပယ်နိုင်ရက်သော မမသလင်းဖြူရဲ့စိတ်ဓာတ်က ကြောက်စရာကောင်းလွန်းလှသည်။

သံစဥ်ကဲ့သို့ပင် သလင်းဖြူရဲ့စကားများကို အံ့ဩတုန်လှုပ်သွားရသူတစ်ယောက် ရှိပါသေးသည်။

တစ်ယောက်တည်း ကြေကွဲနေရှာမည့် သံစဥ်ကို အားပေးရန်လာခဲ့သော ဩရသမှာ ဝရန်တာထောင့်ချိုးအကွယ်မှ အားလုံးကို ကြားသွားခဲ့ပါသည်။

ဩရသမှာ ရှေ့ဆက်မတိုးတော့ဘဲ ကြောင်အမ်းစွာ ဆက်နားထောင်နေမိသည်။

"နင်က အင်မတန်ကံကောင်းတဲ့မိန်းမပဲ မိသံစဥ်၊ ငါသိပ်လိုချင်တဲ့ ချမ်းသာပြည့်စုံတဲ့ဘဝမျိုး နင့်မှာ ပိုင်ဆိုင်ခွင့်ရခဲ့တယ်၊ ငါ လုယူခဲ့တယ်၊

ငါလိုချင်တဲ့ ဩရသရဲ့အချစ်၊ ဦးဩရသရဲ့စိတ်ဝင်စားမှုကိုလည်း နင် ရနေတယ်၊ ငါ လုယူဦးမှာပဲ သိရဲ့လား၊

နင့်ကိုငါ မုန်းတယ်၊ နင့်ကို ငါ မကျေနပ်ဘူး သိလား မိသံစဥ်၊ နင့်ကိုငါ သိပ်မုန်းတယ်"

"တော်တော့ မမသလင်း၊ မေမေ့အသက်ကို နင်ကယ်ပေးမယ်ဆိုရင် အဲ့ဒီအရာအားလုံးကို ငါ စွန့်လွှတ်ပေးမယ်၊ အားလုံး နင့်သဘောကျ ဖြစ်စေရမယ်၊

နင့်ပတ်ဝန်းကျင်မှာလည်း မနေတော့ဘူး၊ မေမေ့ကိုခေါ်ပြီး ငါ တစ်နေရာကို ထွက်သွားပေးမယ်၊ ဦးဩရသနဲ့လည်း ဝေးရာဆီကိုပေါ့ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကသာ ငါ့အမေအရင်းဖြစ်ခဲ့ရင် ငါ ဒီစကားတွေ အချိန်ပုပ်ခံပြီး ပြောနေစရာ မလိုဘူး၊ ဒီမှာ မမိသလင်း ... နင် မက်မောတဲ့အရာတွေထက် တန်ဖိုးကြီးတာက မိခင်ရဲ့ကျေးဇူးပါ ...၊

အဲ့ဒီအတွက် ငါ ပေးဆပ်မယ်, စွန့်လွှတ်မယ်၊ နင် မေမေ့ကို ကယ်ပေးပါ"

သံစဉ် ယတိပြတ် တောင်းဆိုလိုက်သည်။

"ငါ လုပ်မပေးနိုင်ဘူး"

သလင်းဖြူ လက်သီးနှစ်ဖက်ကို ကျစ်နေအောင် ဆုပ်၍ ရူးရူးရှရှ အော်ပြောသည်။

ထိုအချိန်မှာပင် ...

ဒေါ်စောကြည်ဖြူရဲ့ အခန်းတံခါးမှာ ဝုန်းခနဲပွင့်သွားခဲ့ပြီး အထဲမှ နာ့စ်ထွက်လာခဲ့သည်။

"ဒီမှာ လူနာ အမောဖောက်နေပြီ"

သံစဉ်နှင့်သလင်းဖြူ အခန်းထဲ အမြန်ပြေးဝင်လိုက်မိသည်။

တစ်ချိန်လုံး အကွယ်မှာ ကြောင်သက်ငြိမ်သက်နေခဲ့သော ဩရသလည်း နောက်မှလိုက်ဝင်လိုက်မိသည်။

သူတို့ အထဲဝင်လိုက်ချိန်မှာ ဒေါ်စောကြည်ဖြူ ဘယ်သူ့ကိုမှ မကြည့်နိုင်တော့ပြီ။

နောက်ဆုံးတစ်ချက် ပြင်းထန်စွာအမောဖောက်ပြီး ငြိမ်သက်သွားလေတော့သည်။





"မေမေ"

သံစဉ် ယူကျုံးမရလွန်းစွာ အော်ပြီး အသက်ဝိညာဉ်မရှိတော့ပြီဖြစ်သော မေမေ့ခြေရင်းမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်မိတော့သည်။

"မေမေ .. မေမေရယ် သမီး, သမီးလေ မေမေ့အသက်ကို မကယ်နိုင်ခဲ့ဘူး၊ သမီး ဘယ်လိုဖြေရမှာလဲ၊ သမီး ဘယ်လိုပြောရမှာလဲ မေမေရဲ့"

တကယ်လည်း သံစဉ် ဖြေလို့မရ။ မေမေ့ရဲ့သမီးအရင်း မဟုတ်ခဲ့သည်မို့ မေမေ့အသက်ကို ကယ်ခွင့်မရှိခဲ့သည်ကို ရင်ထဲ နာကျင်လွန်းလှသည်။

"သံစဉ်ရယ် ... အတတ်နိုင်ဆုံး သံစဉ်မေမေအတွက် ကြိုးစားပေးမိတယ် မဟုတ်လား၊ အပင်ပန်းခံပြီး ပြုစုပေးခဲ့တယ် မဟုတ်လား၊ စိတ်ကိုဖြေပါ ကလေးရယ်"

တသိမ့်သိမ့်ခါနေသော ပခုံးသားကလေးများကို ယုယစွာ ပွေ့ပိုက်ပြီး ဩရသ နှစ်သိမ့်ပေးနေမိသည်။

ကြိုးစားခဲ့လေသမျှ အရာမထင်ခဲ့ရသော သံစဉ်ကလည်း ကူကယ်ရာမဲ့ဘဝမှာ ဩရသရဲ့ ပခုံးစွန်းကိုခေါင်းမှီပြီး အားရပါးရ ရှိုက်ငင်ငိုကြွေးလိုက်မိသည်။

မှီခိုရာမဲ့ သနားစရာ ကောင်မလေးကို ဩရသ ကံရှေ့ဆက်သက်လိုက်ရသည်ဖြစ်ခြင်း။

ဖြစ်နိုင်လျှင် ရင်ခွင်ထဲ၌ နွေးထွေးစွာ ပိုက်ပွေ့ကာ နှစ်သိမ့်ပေးလိုက်ချင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူတို့နှစ်ယောက်ကို စိန်းစိန်းကြီးစိုက်ကြည့်နေသည့် သလင်းဖြူကိုတော့ နှစ်ယောက်စလုံး သတိမထားလိုက်မိကြ။



## အခန်း (၂၁)

ညက ပိန်းပိတ်အောင် မှောင်မိုက်နေသည်။ ညဦးလေကတော့ အေးမြလှသည်။

သို့သော် ...

ရင်ထဲမှာ မအေးမြနိုင်ကြသော မိန်းကလေးနှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲ ခါးခါးသီးသီး စိုက်ကြည့်နေမိကြသည်။

တစ်ယောက်သော မိန်းကလေးရဲ့အကြည့်မှာ နာကြည်းစက်ဆုပ်ခြင်းအတိပြီးလျက် ...

မေမေ မသေသင့်ဘဲ သေသွားခဲ့ရတာ ဒီမိန်းမကြောင့်။

ဟု သံစဉ် နာနာကြည်းကြည်း တွေးနေမိသည်။

အခဲမကျေစိတ်က ရင်ကို ပြင်းပြင်းရှရှ တောက်လောင်စေသည်။

သူမကဲ့သို့ပင် သလင်းဖြူကလည်း ခါးသီးစွာ တုံ့ပြန်ရင်ဆိုင်ကြည့်သည်။

သူမရင်ထဲ၌လည်း မိသံစဉ်အပေါ် အရှုံးမပေးသောစိတ်



www.burmeseclassic.com

www.burmeseclassic.com



ညြိရသ၏ချစ်ခြင်းကရုဏာကို ရရှိနေသည့် မိသံစဉ်အပေါ် မနာလို ဝန်တိုသောစိတ်တို့က မုန်တိုင်းတစ်ခုလို ပြင်းထန်စွာ မွှေနှောက်နေသည်။

မုန်းသည်။

ကိုယ့်ရဲ့ ပြည့်စုံလှပသော ဘဝကလေးကို ဖြိုဖျက်မည့်သူအဖြစ် ခါးခါးသီးသီး မုန်းသည်။

ထို့နောက် ...

သံစဉ်က စကားစ,လိုက်သည်။

"မေမေ ... နင့်ကြောင့် သေသွားရပြီ၊ မေမေ့အသက်ကို ကယ်နိုင်ရဲ့နဲ့ မကယ်ခဲ့ဘူး၊ ကိုယ့်အမေအရင်းအပေါ် ဒီလောက် ရိုင်းစိုင်းရက်စက်တဲ့ စိတ်မျိုးရှိတဲ့ နင်က ငါ့အဘိုးဦးသူရိန်ခရဲ့မြေးနေရာနဲ့ မထိုက်တန်ဘူး၊

ငါ့နေရာကို ငါ ပြန်ယူမယ်၊ နင် သိမ်းပိုက်ချင်တဲ့ ဦးညြိရသရဲ့အချစ်နဲ့လည်း မထိုက်တန်ဘူး၊ နင် မရစေရဘူး၊

နင့်အပြစ်အတွက် နင့်ကို ငါ တုံ့ပြန်ဒဏ်ခတ်မယ်၊ နင် မဖြစ်ချင်တာတွေ၊ နင် မလိုချင်တာတွေအားလုံး နင့်အတွက် ဖြစ်စေရမယ် သိရဲ့လား"

စက်ဆုပ်ခါးသီးစွာ ပြောလိုက်သော သံစဉ်ရဲ့စကားဆုံးသည်နှင့် သလင်းဖြူရဲ့စိမ်းမြသော မျက်ဝန်းတွေထဲ အမုန်းဖြင့် လက်လက်ထ,သွားခဲ့သည်။

ဓားတစ်စင်းလို ထက်မြသည့် အပြုံးတစ်ခုကို မထိတရိ ပြုံးလိုက်ကာ ...





"နင်က ငါ့ကို စိန်ခေါ်တာပေါ့ ဟုတ်လား။ မိသံစဉ် ... ငါက နင်လုပ်သမျှ ငြိမ်ခံနေမယ် ထင်လို့လား ဟင်း ဟင်း ဟင်း၊ ရတယ်လေ ... နင့်မှာ ကြိုးစားခွင့်ရှိသလို ငါကလည်း ငါ ရ,ထားတဲ့နေရာအတွက်၊ ငါရဲ့အချစ်အတွက် ဘယ်နည်းနဲ့မဆို အသေအလဲ ကာကွယ်သွားမယ်ဆိုတာ နင်မမေ့နဲ့၊

ဒီမှာ နင်နဲ့ငါ့ရဲ့ပွဲက အခုမှစ,တာ မိသံစဉ်"

သလင်းဖြူ 'ဖျောက်'ခနဲ မြည်အောင်ပင် လက်ဖျစ်တစ်ချက်တီးသည်။

သံစဉ်သည်လည်း 'တောက်' တစ်ချက် ကျယ်လောင်စွာ ခေါက်လိုက်သည်။

သည်မိန်းကလေးနှစ်ယောက်ရဲ့စိန်ခေါ်ပွဲက နှလုံးသားနှင့်ဘဝ ... ကို စစ်မြေပြင်မှာ တစ်ယောက်ချင်း ယှဉ်ပြိုင်စီးချင်းထိုးမည့်သူရဲကောင်းတွေပမာ။

ဘာပဲဖြစ်ဖြစ် ...

တစ်သက်လုံးက ကိုယ့်ကို မော့မကြည့်ရဲခဲ့ဖူးသည့် ခပ်အေးအေး ချာတိတ်မလေးက မြွေဟောက်တစ်ကောင်လို ပါးပျဉ်းထောင်ထပြီး စိန်ခေါ်လာတော့ သလင်းဖြူ ဖြုန်မိသည်သာ။

စည်းစိမ်ချမ်းသာနှင့် သူဌေးကြီး၏မြေးနေရာကို စွန့်လွှတ်နိုင်သော်လည်း ဦးညြိရသရဲ့အချစ်ကိုတော့ ဆုံးရှုံးရမှာကြောက်သည်။

ဦးညြိရသရဲ့အမုန်းတွေကို ရင်ဆိုင်ရမှာကြောက်သည်။
စိုးရိမ်တုန်လှုပ်ခြင်းဖြင့် ရင်သည် ဆောက်တည်ရာမရ



www.burmeseclassic.com

www.burmeseclassic.com



တော့ပြီ။

မိသံစဉ် ...

ဒင်းရှိနေသရွေ့ ဦးညြရသရဲ့အချစ်ကို သူမ မရနိုင်ပြီ။

ဒင်းကို ဦးညြရသရဲ့အနားမှ ခွာထုတ်ပစ်မှဖြစ်မည်။

ဒါ ... ဒါဆို ...



## အခန်း (၂၂)

# ဒါဆို ...

နန္ဒ ...

မိသံစဉ်ကို ဦးညြရသအနားက ခွာထုတ်ရန် အစွမ်းကုန် ကူညီပေးနိုင်သည့် တစ်ဦးတည်းသောသူမှာ နန္ဒသာဖြစ်သည်။

သလင်းဖြူ ... ခေါင်းထဲ လင်းခနဲ။

ပစ်ပယ်ထားမိသည့် နန္ဒကို သလင်းဖြူ အမြန်ဆုံး ပြန် ဆက်သွယ်ခဲ့မိသည်။

နန္ဒနှင့်သလင်းဖြူတို့ ပြန်တွေ့ချိန်တွင် နန္ဒက ဖူးကြွလှပ သည့် နှုတ်ခမ်းတွေအားကြည့်ရင်း အတိတ်က နေ့ရက်လေးတွေ ကို ပြန်မြင်ယောင်ကာ အချစ်စိတ်တွေ ပြင်းပြနိုးကြွလာခဲ့မိသည်။

သို့သော် ...

မလိုတဲ့အချိန် ကန်ထုတ်ပြီး လိုအပ်သည့်အချိန်ကျ ဖိတ် ခေါ်တတ်သည့် မာယာများလှသော သလင်းဖြူကို သူ ယုံကြည် မှု ကင်းမဲ့ခဲ့ပြီ ဖြစ်သည်။

''ပြော ... ဘာတွေလိုအပ်လဲ၊ မလိုအပ်ဘဲတော့



www.burmeseclassic.com

www.burmeseclassic.com



သလင်း ကိုယ့်ကို ဆက်သွယ်မယ်မထင်ဘူး၊ ဟုတ်တယ်မဟုတ်လား''

နန္ဒ ပြုံးစစဖြင့် စကားနာထိုးလိုက်မိသည်။

ထိုအခါ ...

သလင်းဖြူကလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ဝန်ခံလျက် ...

''ဟုတ်တယ် နန္ဒ ... သလင်း ယူ့ကို မလိုအပ်တော့ဘူး၊ ယူ့ကို သလင်း မချစ်ခဲ့သလို ယူကလည်း သလင်းကို တကယ်မချစ်ခဲ့ပါဘူး နန္ဒရယ်

တကယ်တော့ ... ယူနဲ့သလင်းကြားမှာ ရှိတာက အချစ်မဟုတ်ဘဲ အပေးအယူတွေပါ၊

ရှင် တကယ်ချစ်ခဲ့မိတာက ငွေမဟုတ်လား၊ ကျွန်မ လိုအပ်ခဲ့တာကလည်း ရှင့်ဘက်က ဖြည့်ဆည်းပေးမှုပါ၊

ကျွန်မတို့ စတွဲကတည်းက မလိုအပ်တော့တဲ့အခါ လမ်းခွဲကြဖို့ သဘောတူပြီးသားပဲ''

နန္ဒမျက်နှာပေါ်မှာ အပြုံးများ လွင့်ပြယ်သွားသည်။ သလင်းဖြူက ပွင့်လင်းလွန်းလှစွာ ပြောနေသည်။

အခြေအနေကို သူ ချက်ချင်း ရိပ်မိလိုက်ပြီ။

''အဲဒီတော့ သလင်းဟာ ကိုယ့်ကို လမ်းခွဲဖို့ ဆုံးဖြတ်ပြီးပြီပေါ့ ... ဟုတ်လား''

နန္ဒ ... သလင်းဖြူမျက်နှာကို မျက်လုံးများ မှေးစင်းကြည့်လျက်က ပြန်မေးလိုက်သည်။





သလင်းဖြူကလည်း ပခုံးများ လှုပစ္စာတွန့်လျက်က အပြုံးဖြင့် ခေါင်းညိတ်ပြကာ ...

''ဟုတ်တယ်၊ ဒါပေမဲ့ ... အဲ့ဒီအတွက် နန္ဒ မနစ်နာစေရပါဘူး''

မနစ်နာစေရပါဘူးတဲ့၊ နန္ဒ ဘာပဲဖြစ်ဖြစ် ကျေနပ်သွားရတော့သည်။

လွင့်ပြယ်သွားသောအပြုံးက နှုတ်ခမ်းများပေါ် ပြန်ရောက်လာရကာ ...

''အိုကေ ... ဒါဆိုလည်း မင်းသဘောအတိုင်းပဲပေါ့၊ မင်းဘက်က သိပ်ကို လမ်းခွဲချင်နေပါပြီဆိုလည်း ကိုယ် မနှောင့်ယှက်ပါဘူး၊ ကိုယ်သိချင်တာက ...''

နန္ဒ စကားစဖြတ်ပြီး မျက်နှာကို ငုံ့ကိုင်းလိုက်သည်၊ သလင်းဖြူ နားရွက်နား နှုတ်ခမ်းများကိုကပ်လျက် ခပ်တိုးတိုးမေးလိုက်သည်။

''မင်းဆီက ကိုယ်ဘာပြန်ရမလဲ''

ထိုမေးခွန်းကို မျှော်လင့်ထားပြီးသား သလင်းဖြူက ချက်ချင်းပင် ပြန်ဖြေလိုက်ပါသည်။

''ယူ့ကို သလင်း သိန်းတစ်ထောင်ပေးမယ်''

''သိန်းတစ်ထောင်''

မျှော်လင့်ထားသည်ထက် များပြားလှသော ငွေကြေးအတိုင်းအတာမို့ နန္ဒ တအံ့တသြ ရေရွတ်သည်။

သလင်းဖြူ နန္ဒ အံ့သြသွားပုံကိုကြည့်ပြီး ခေါင်းမော့



www.burmeseclassic.com

www.burmeseclassic.com



လျက် တဟင်းဟင်း ရယ်သည်။

"ကျေနပ်တယ် မဟုတ်လား"

မေးပုံက အထက်စီးဆန်လှစွာ ...

"အဲ့ဒီ သိန်းတစ်ထောင်အပြင် နောက်ထပ် ပရဲဆင့် တစ်ခုပါ ယူ့ကိုပေးမယ်"

"ဘာ ... ဘာလဲဟင်"

နန္ဒ တမက်တမော မေးသည်။

သလင်းဖြူ နန္ဒနားကပ်လျက် နှစ်ကိုယ်ကြားသာရုံ တီးတိုးပြောလိုက်သည်။

"သံစဉ်ချိုချို ... ကို"

"ဟင်"

နန္ဒ ပိုပြီး အံ့ဩသွားရပြီ။ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။

"ဟော့ ... နောက်ကိုမဆုတ်နဲ့၊ ခုမှ ယူ ရှေ့တိုးရမှာ"

"ဘယ်လို"

"ယူ ... သူ့ကိုသတ်ဖို့ ကြံစည်ရတာ ပင်ပန်းပါတယ် နန္ဒရယ်၊ ဒီမိန်းမက သိပ်အသက်ပြင်းတယ်၊ ကံကလည်း သိပ် ကောင်းလွန်းတယ်၊

ဒီတော့ ယူ သူ့ကိုသတ်ဖို့ မကြိုးစားတော့နဲ့၊ အရုပ် ကလေးကစ်ရုပ်လို အပိုင်ယူပြီး သလင်းနဲ့ အဝေးဆုံးကိုခေါ်သွား တော့၊ ကျန်တာ ယူ့ဆန္ဒအတိုင်းပဲ ... အဟင်း ဟင်း"

နန္ဒ ဘာစကားမှမပြောနိုင်တော့။





အရင်တုန်းကတော့ သလင်းဖြူ စေခိုင်းခဲ့သည့်အတိုင်း သံစဉ်ချိုကို အသွားအပြန်စောင့်ပြီး လူရှင်းသည်နှင့် ကားနှင့် တစ်မျိုး၊ ဆိုင်ကယ်လ်နှင့်တစ်မျိုး၊ ဓာတ်လိုက်အောင်ကတစ်မျိုး၊ သူ့အသက်ကို ခက်ခက်ခဲခဲ ကြံစည်အားထုတ်ခဲ့ရသည်။

သို့သော် ကံကောင်းလွန်းသည့် မိန်းကလေးက လွတ် မြောက်ခဲ့သည်ချည်း။

တကယ်တမ်းမှာ သလင်းဖြူရဲ့မာယာနဲ့ ငွေကြေးကြောင့် သာ ကြံစည်ခဲ့ရသော်လည်း ကလေးတစ်ယောက်လို ဖြူစင်လှ သည့် သံစဉ်ချိုချိုဆိုသော မိန်းကလေးကို သူ သနားမိခဲ့ပါသည်။

ပြီးတော့ ...

သလင်းဖြူခလို ဆေးရောင်ခြယ်အလှတွေနှင့် ညို့အား မကောင်းပေမယ့် ...

ယုန်ကလေးလို အဖြူထည်ဆန်လှသည့် မိန်းကလေးကို ရမည်ဆိုလျှင်တော့ ...

သူ ကျေနပ်စွာ ပြုံးလိုက်မိသည်။

သံစဉ်ချိုချိုရေ ... မင်းကလေးဟာ ငါ့အတွက်တဲ့။

ချိုမြတဲ့ မင်းရဲ့သံစဉ်တွေကို နားဆင်ဖို့ မင်းဆီ ငါလာ ခဲ့မယ်။

နန္ဒ ကြည်နူးစွာ ရင့်ကျူးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အပြင်မှာ မိုးရွာနေသည့်မြင်ကွင်းကိုကြည့်ပြီး သံစဉ့်ရင်ထဲ ဘာကိုလွမ်းမှန်းမသိ။ လွမ်းမောနေမိသည်။

မေမေ့ကို လွမ်းသည်။

ပြီးတော့ . . . သူ။

ဦးရသကိုလည်း . . . သံစဉ် အတွေး၌ပင် ရှက်အမ်းအမ်း ဖြစ်သွားခဲ့ရသည်။

အို . . .

ဘာလို့ သူ့ကို သံစဉ်က လွမ်းရမှာလဲ။

"ဟေ့ . . . သံစဉ် ဖုန်းလာနေတယ်"

ဧည့်ခန်းမှ ဖုန်းခေါ်သံကြောင့် သံစဉ် အလွမ်းတောမှ နိုးထ,လာခဲ့ရသည်။

ဘယ်သူ့ဆီကများပါလိမ့်။

အပြေးအလွှား ဖုန်းကိုင်လိုက်မိသည်။

"ဟယ်လို"

"မိသံစဉ်"





နားစည်ထဲ၌ ခါးသက်သွားသည်။

"ငါ . . . နင်နဲ့ ပြောစရာမရှိဘူး မမသလင်းဖြူ"

"နေဦး . . . ဖုန်းမချလိုက်နဲ့ ငါ နင်နဲ့ အရမ်းအရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ ဘဝနဲ့ချီပြီး အရေးကြီးတယ် မိသံစဉ်"

"ဆောရီးပဲ . . . မမသလင်းဖြူ၊ ဘဝနဲ့ချီပြီးပဲ အရေးကြီးကြီး၊ ကမ္ဘာနဲ့ချီပြီးပဲ အရေးကြီးကြီး ငါ စိတ်မဝင်စားဘူး၊ ငါ နင့်မျက်နှာကို လုံးဝမတွေ့ချင်ဘူး"

သံစဉ် ယတိပြတ်ပြင်းကာ ဖုန်းချလိုက်ဟန် ဆုံးဖြတ်လိုက်သည်။

သို့သော် . . .

သလင်းဖြူရဲ့စကားတစ်ခွန်းက သူမရဲ့ဆုံးဖြတ်ချက်ကို ပြန်ပြီးပြင်ဆင်စေခဲ့သည်။

"နင် . . . သတ္တိမရှိဘူးလား မိသံစဉ်၊ ငါနဲ့မျက်နှာချင်းဆိုင်ရဲတဲ့သတ္တိ နင့်မှာ မရှိဘူးလား"

"ဘာ . . . မမသလင်းဖြူ၊ နင် . . . နင် . . . ဟာ . . . တောက်"

မခံချင်အောင်ဆွပြီး အပြောခံလိုက်ရသဖြင့် သံစဉ် နာကျင်ခံခက်စွာ တောက်ခေါက်လိုက်မိတာ ဖြစ်သည်။

"ဘယ်လိုလဲ"

"ဘယ်မှာတွေ့ချင်လို့လဲ ပြော . . . ခုလာခဲ့မယ်"

သံစဉ် လေသံမာမာနှင့်ပင် စိန်ပြန်ခေါ်လိုက်သည်။

"ဒီလိုမှပေါ့၊ ငါ လာခေါ်ပါ့မယ်၊ နင် တိုက်အောက်က

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေပါ၊ နာရီဝက်အတွင်း ငါလာခဲ့မယ်''

''ကောင်းပြီလေ''

သံစဉ် ဖုန်းချလိုက်ပြီးတာနှင့် ချက်ချင်း အခန်းတံခါးသော့ခတ်ကာ တိုက်အောက်ဆင်းခဲ့သည်။

သံစဉ်ချိုချိုဟာ အရင်လို ပျော့ညံ့ညံ့မဟုတ်တော့ဘူးဆိုတာ အဲ့ဒီမိန်းမ သိစေရမည်။

အရင်လို မတရားတာကို ငုံ့ခံနေတော့မယ့် သံစဉ်ချိုချိုလည်း မဟုတ်တော့ဘူး။

ပါးပျဉ်းထောင်ပြီး အသင့်စောင့်ဆိုင်းနေတဲ့ မြွေဟောက်တစ်ကောင်ဆိုတာ အဲ့ဒီမိန်းမ သိစေရမည်။

သူမ စောင့်နေဆဲမှာပဲ မိုးက တဖွဲဖွဲရွာနေခဲ့ရာမှ သဲသဲမဲမဲ ရွာချလေတော့သည်။

ချက်ချင်း မှောင်မည်းသွားတော့ကာ လမ်းပေါ်၌ လူအသွားအလာလည်း ရှင်းသွားလေသည်။

ထိုစဉ်မှာပင် မီးထိုးပြီး မောင်းလာခဲ့သော ကားတစ်စီးကို တွေ့လိုက်ရတော့သည်။

သံစဉ် သတိထားကြည့်နေဆဲမှာပင် နီးကပ်လာတော့ အဖြူရောင် မာစီးဒီးကားတစ်စီးဖြစ်နေတာ တွေ့လိုက်ရသည်။

သံစဉ် ချက်ချင်းပင် မိုးကာအင်္ကျီကို ရင်ညွန့်စပ်ထိဇစ်ကို ဆွဲတင်ပြီး မိုးထဲ ထွက်လာခဲ့သည်။

မမသလင်းဖြူရဲ့ကား လာခဲ့ပြီ။

ကားက သံစဉ်ရှေ့ ထိုးရပ်သည်။ ကားမောင်းသူဘက်မှ





ပြတင်းမှန်မှ လျှောခနဲ ကျလာလျှင် မမရဲ့အတွင်းရေးမှူး နန္ဒသူဖြစ်နေတာ သိလိုက်ရသည်။

''သလင်းဖြူခ စောင့်နေတယ်၊ ကျွန်တော့်ကို အကြိုလွှတ်လိုက်တာ''

သံစဉ် ဘာမှမေးမနေတော့ဘဲ ကားထဲ ဝင်ထိုင်သည်။

ဒါဟာ ... သံစဉ့်အတွက် ကံကြမ္မာဆိုးတစ်ခုဖြစ်စေခဲ့သည်ဆိုတာ သံစဉ် လုံးဝ မသိနိုင်ခဲ့ပါ။

သံစဉ် တကယ်လည်း မသိ။

အတွေးတွေက ယောက်ယက်ခတ်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့အောင် အတွေးများနေခဲ့မိရာမှ လူနှင့်စိတ် ပြန်ကပ်လာချိန်မှာ ကားက မြို့ပြင်ဘက်ရောက်နေခဲ့တာ သတိထားလိုက်မိသည်။

ဘုရားရေ ...

ရင်ထဲ ဒိန်းခနဲ။

ခေါင်းနားပန်းလည်း ကြီးသွားခဲ့သည်။

သံစဉ် ချက်ချင်းပင် ထိတ်လန့်စွာဖြင့် နန္ဒသူဘက် လှည့်ကာ ...

''မမသလင်းဖြူ ဘယ်မှာလဲ ... ဟင်၊ မမသလင်းဖြူရော''

''ရှိပါတယ်၊ သလင်းဖြူခက မင်းကို စောင့်နေပါတယ်၊ ရောက်တော့မှာပါ''

''ဟင် ... ဒီလောက် အဝေးကြီး''



www.burmeseclassic.com

www.burmeseclassic.com



မမသလင်းဖြူ စောင့်နေပါတယ် ...ဟု ပြောသော်လည်း သံစဉ် နန္ဒသူရဲ့စကားကို မယုံကြည်ရဲ။

"ဟင့်အင်း ...ကားကို ပြန်လှည့်ပေးပါ၊ ကျွန်မကို ပြန်ပို့ပေးပါ နန္ဒသူ"

သံစဉ် နန္ဒသူကို တုန်ယင်ထိတ်လန့်စွာ ပြောလိုက်သည်။

"ဘာမှမစိုးရိမ်ပါနဲ့ သံစဉ်ရယ်၊ သလင်းဖြူခက ခေါ်နိုင်းလို့ ကျွန်တော် ခေါ်လာခဲ့တာပါ၊ သံစဉ် ကျွန်တော့်ကို မယုံသင်္ကာဖြစ်နေတယ် ထင်တယ်"

ဟုတ်တယ် ...မယုံဘူး။

ရှင့်ကို ကျွန်မ မယုံဘူး။

တကယ်တမ်းမှာ သံစဉ် ယောကျ်ားတစ်ယောက်ကို အဲသလို မပြောရဲ။ အတတ်နိုင်ဆုံး စိတ်ကိုထိန်းကာ။

"ဟင့်အင်း ...ကျွန်မ ဒီလောက်အဝေးကြီးမှန်းမသိလို့ လိုက်လာခဲ့မိတာ၊ ကျွန်မကို ပြန်ပို့ပေးပါ နန္ဒသူ၊ ကျွန်မ တောင်းပန်ပါတယ်နော်"

သံစဉ် နန္ဒသူကို မျက်စိမျက်နှာပျက်လျက် တောင်းပန်နေမိသည်။

နန္ဒသူက မှန်ထဲမှတစ်ဆင့် မျက်နှာလေးငယ်ကာ စိုးရိမ်ကြောက်လန့်နေသည့် သံစဉ်ကိုကြည့်ကာ ပြုံးသည်။

ထို့နောက် ...

သံစဉ် ဘယ်လိုမှမျှော်လင့်မထားသော စကားများကို ပြောလေတော့သည်။





"ပြန်မပို့ပါရစေနဲ့ သံစဉ်ရယ်၊ ကိုယ် သံစဉ်ကို ချစ်လို့ပါ"

"ဘာ"

သံစဉ် ကြောက်လန့်တကြား အော်လိုက်မိသည်။

မိန်းကလေးတစ်ယောက်အဖို့ ယောကျ်ားလေးတစ်ယောက်ရဲ့ ချစ်ရေးအဆိုခံရခြင်းဟာ ဒီလောက် ထိတ်လန့်ချောက်ချားစရာ မဟုတ်သော်လည်း ...

မိုးသည်းသည်းရွာနေသည့်အချိန် ကားတစ်စီးထဲမှာ နှစ်ယောက်တည်း လူသူရှင်းပြတ်လှသည့် မြို့ပြင်မှာ မထင်မှတ်ဘဲ မထင်မှတ်သည့်လူတစ်ယောက်ရဲ့ ချစ်သည် အပြောခံရသည့်ကိစ္စကတော့ ကြောက်လန့်တုန်လှုပ်စရာ ကောင်းလှပါသည်။

ပြီးတော့ ...

နန္ဒသူဟာ မမသလင်းဖြူရဲ့ အတွင်းရေးမှူးအဆင့်ထက်ပိုပြီး ပတ်သက်ခဲ့တယ်ဆိုတာ ကုမ္ပဏီတစ်ခုလုံး သိနေခဲ့တဲ့ကိစ္စ။

"တကယ်ပြောတာပါ သံစဉ်ရယ်၊ ကိုယ် တစ်သက်လုံး မြတ်မြတ်နိုးနိုး ပေါင်းမှာပါ၊ အထီးကျန်နေတဲ့ သံစဉ်ဘဝကို ကိုယ်နွေးထွေးမှုတွေပေးပြီး စောင့်ရှောက်သွားမှာပါ"

"ကိုယ်နဲ့ လိုက်ခဲ့ပါ သံစဉ်ရယ် ...နော်"

"ဟင့်အင်း ဟင့်အင်း ...မလိုက်ဘူး၊ မလိုက်နိုင်ဘူး၊ ကျွန်မကို ပြန်ပို့ပေးပါ၊ ကျွန်မကို ခုချက်ချင်း ပြန်ပို့ပေး"

နန္ဒသူ အတင်းခေါ်သကဲ့သို့ သံစဉ်ကလည်း အကြောက်အကန် ငြင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့ပြီ။

"ပြန်ကွေ့ ... ခုချက်ချင်း ပြန်ကွေ့"

ကြောက်လွန်းသဖြင့် သံစဉ် မျက်စိစုံမှိတ်ပြီး အော်သည်။ အော်ဟစ်ရင်းက ကားတံခါးတွေကို ဆွဲဖွင့်သည်။ အချည်းနှီးသာ။

နန္ဒသူ လော့ခ်ချထားသဖြင့် ဖွင့်၍မရ။ သံစဉ် အားကုန်ထည့်၍ တွန်းဖွင့်သည် ... မရ။

"နန္ဒသူ ... ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို ပြန်ပို့ပေးပါ၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ ... ကျွန်မ"

သံစဉ် အထပ်ထပ်အခါခါ တောင်းပန်သည်။

မျက်ရည်များ တတွေတွေကျလျက် တောင်းပန်သည်။ နန္ဒသူကလည်း လုံးဝပြန်မလှည့်။

တောင်းပန်၍မရတော့သောအခါ သံစဉ် အရမ်းကို ကြောက်လန့်မိနေရာမှ ခါးသီးစက်ဆုပ်မိလာလျက် ...

"ပြန်မလှည့်ဘူးလား လူယုတ်မာ ... ကဲဟယ် ... ကဲ"

သံစဉ် နန္ဒသူကို ရှိသမျှ ခွန်အားဖြင့် ကုတ်ခြစ် ရိုက်ပုတ်နေမိသည်။

လူယုတ်မာတစ်ယောက်ရဲ့လက်အောက်မှာ ခေါင်းငုံ့ပြီးတော့ အရှုံးမပေးနိုင်။

ကိုယ့်ရဲ့သန့်စင်လှပသော အပျိုစင်ဘဝကလေးကို အညှိုးနွမ်းမခံနိုင်။

"ဟာ ... တောက် ... မင်း ဘယ်လိုဖြစ်နေလဲ သံစဉ်





ချိုချို"

နန္ဒသူမှာ အသားနာသဖြင့် ဒေါသထွက်လာသည်။

သံစဉ်ဆီမှ အဆက်မပြတ်ဝင်လာသော လက်များကို ရှောင်တိမ်းလိုက်ရာ မျက်နှာချင်းဆိုင်မှလာသော ကုန်တင်ကားကြီးတစ်စင်းနှင့် တိုက်မိမလို ဖြစ်သွားရလေလျှင် ...

နန္ဒသူမှာ ဒေါသများကို မထိန်းနိုင်တော့ ...

"ဟာကွာ"

သံစဉ်ကို လက်ပြန်ရိုက်ချလိုက်သည်။

"အ"

ပူခနဲဖြစ်သွားသော အထိအတွေ့နှင့်အတူ သံစဉ် လဲကျသွားခဲ့ရသည်။

ထို့နောက် ...

သံစဉ် ... ဘာကိုမှ မသိနိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ရုတ်တရက် ထိုးရပ်သွားသောကားကြောင့် ဩရသ အတော်စိတ်ညစ်သွားရသည်။

"ကျွတ် ... ဒုက္ခပဲကွာ"

ညည်းမိသော်လည်း ဘာမှမတတ်နိုင်။

ကိုယ်မှ ညည်းရုံအပြင် ဘာမှမလုပ်တတ်ဘဲ။ ဝပ်ရှော့ကိုသာ ဖုန်းဆက်ခေါ်ရတော့သည်။

ဝပ်ရှော့က ကားလာယူသွားပြီးချိန်တွင် ဩရသ တက္ကစီငှားပြီး ပြန်လာခဲ့တော့သည်။

လမ်းမှာ ...

အမှတ်မထင်ပင် တစ်ဖက်မှလာနေသည့်ကားမှာ ကုန်တင်ကားကြီးတစ်စီးနှင့် တိုက်မိမလိုဖြစ်သွားတာ တွေ့လိုက်ရသည်။

"ဟာ ... ကြည့်စမ်း ကံကောင်းလို့"

"ဟုတ်ပါ့ဗျာ၊ တော်တော်ရမ်းတာပဲ"

သူနှင့်ဒရိုင်ဘာ စကားမစပ် ပြောလိုက်မိသည်။





ပြောနေရင်းမှ သလင်းဖြူရဲ့မာစီးဒီးကားဖြူကြီး ဖြစ်နေသည်ကို သတိထားလိုက်မိလျှင် ...

မြို့ပြင်မှာ တွေ့လိုက်ရသည်မို့ သူ့စိတ်ထဲ ထူးဆန်းသွားမိသည်။

ကားမှာ ကားကြီးနှင့်တိုက်မိသလိုဖြစ်သွားခဲ့ပြီးမှ အရှိန်ပြင်းစွာ ဆက်မောင်းသွားသည်ကို တွေ့လိုက်ရပြန်သည်။

"ဟာ ... ကားထဲမှာ ရုန်းရင်းဆန်ခတ်ဖြစ်နေတာပဲ"

ဒရိုင်ဘာရဲ့စကားကြောင့် သူ အမှတ်မထင်ကြည့်လိုက်မိရာ လှုပ်ရှားနေသော ပုံရိပ်များကိုမြင်လိုက်ရပြီး စိတ်ထဲ မသင်္ကာဖြစ်သွားခဲ့ရသည်။

"ညီလေး ... ကားကိုပြန်ကွေ့ပေးပါလား"

"ခင်ဗျာ ... ဘာဖြစ်လို့လဲ"

"ဟို ... မာစီးဒီးကားဖြူကြီးနောက် လိုက်ချင်လို့"

"ဟို ... ဘာဖြစ်လို့"

ဒရိုင်ဘာကောင်လေးမှာ အနည်းငယ် အင်တင်တင်ဖြစ်နေသည်ကို တွေ့လိုက်ရလျှင် ...

"အစ်ကို့မိတ်ဆွေရဲ့ကားမို့လို့၊ တစ်ခုခုများ အကူအညီလိုသလား သိချင်လို့ပါ"

"ဪ ... ဒါဆိုလည်း လိုက်ပေးမယ်လေ"

သူတို့ စကားပြောရင်း လိုက်ခဲ့ကြသော်လည်း သလင်းဖြူရဲ့ကားမှာ အရှိန်ပြင်းလွန်းသဖြင့် မကြာခဏပင် မျက်ခြည်ပြတ်တော့မလို ဖြစ်သွားခဲ့ရပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



လမ်းသွယ်လေးတစ်ခုထဲ ချိုးကွေ့ဝင်သွားတာ တွေ့လိုက်ရသည်။

"အဲ့ဒီလမ်းလေးထဲ ဝင်သွားတာပဲနေမယ်"

"လိုက်ဝင်ကြည့်ရအောင်"

လမ်းသွယ်ထဲဝင်ပြီး ရှာကြည့်သောအခါ တစ်ထပ်တိုက်ပြာလေးတစ်လုံးရဲ့ ပေါ်တီကိုအောက်မှာ ရပ်ထားသော မာစီးဒီးကားဖြူကြီးကို တွေ့လိုက်ရသည်။

"ဟိုမှာ ... ဟိုမှာ ကားတွေ့ပြီ"

"ညီလေး ဒီကနေ ခဏစောင့်၊ အစ်ကို အခြေအနေကြည့်လိုက်မယ်"

"အိုကေ ... ကျွန်တော် စောင့်နေမယ်အစ်ကို"

ဩရသစိတ်ထဲ သက်ာမကင်းသော ခံစားချက်တစ်မျိုးနှင့်အတူ တခြားအမျိုးအမည်မဖော်ပြတတ်သော ခံစားချက်တစ်မျိုးကိုလည်း ပြင်းပြလှုပ်ရှားစွာ ခံစားနေရသည်မို့ ... လျှင်မြန်စွာတိုက်ဘေးကပ်လျက် အထဲကို ချောင်းကြည့်လိုက်မိသည်။

❖

အေးစက်သည့် ရေစက်ရေပေါက်ကလေးများရဲ့ အထိအတွေ့ကြောင့် သံစဉ် လွန့်လူးလာခဲ့သည်။

"အင်း"





သံရှည်ဆွဲ ညည်းညူရင်း မျက်လုံးများကို အားယူဖွင့်ကြည့်လိုက်သည်။

"ဟင်"

မျက်လုံးများ ပြူးသွားရသည်။

ဘုရားရေ ... ဒါ ဘယ်နေရာလဲ။ ဘယ်နေရာကိုရောက်နေတာလဲ။

အိမ်ခန်းကျယ်ကြီးတစ်ခန်းထဲက ကြီးမားကျယ်ပြန့်သောခုတင်ကြီးတစ်လုံးပေါ်မှာ ပါလား။

သံစဉ် ထိတ်လန့်တကြား ထ,ထိုင်လိုက်မိသည်။

"သတိရလာပြီလား သံစဉ်"

နန္ဒသူရဲ့မေးသံကို ကြားလိုက်ရလျှင် သံစဉ်ခန္ဓာကိုယ်ပင်ဆတ်ခနဲ တုန်သွားရသည်။

"နန္ဒသူ ... ရှင် ... ရှင်"

သံစဉ် ကြောက်ရွံ့စွာဖြင့် လက်နှစ်ဖက်ထောက်လျက်က... နန္ဒသူနှင့် ဝေးရာဆီ ရွေ့ထိုင်သည်။

မျက်တောင်များ စင်းချကာ ရီဝေရွဲစင်းလျက် ကြည့်နေသော နန္ဒသူရဲ့အကြည့်တွေက သံစဉ်ရဲ့ကျစ်လျစ်ပျော့နွဲ့သောခန္ဓာကိုယ်လေးပေါ် စုန်ဆန်ရွေ့လျားကာစားလျက်ရှိသည်။

သံစဉ့်ရင်ထဲ ကြောက်စိတ်က တဒိန်းဒိန်းမြည်ဟည်းနေသည်။

သူက အပေါ်နှုတ်ခမ်းကို တွန့်ကွေးလျက် တစ်ချက်ပြုံးလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး သံစဉ်လေး ... ကိုယ်ရိုက်ချက်နည်းနည်း ပြင်းသွားတယ်၊ ကိုယ် မရည်ရွယ်ပါဘူးကွာ၊ ဒါပေမဲ့ ... မင်းက တစ်အားကြီးကို ဆိုးနေတော့"

နန္ဒသူက ပြောရင်းက စကားစ,ကို ရုတ်တရက်ရပ်ကာ မတ်တတ်ထ,ရပ်သည်။

ထို့နောက် ... ကြောက်စိတ်ဖြင့် ကျုံ့ရုံ့နေရှာသည့် သံစဉ်ခန္ဓာကိုယ်လေးပေါ် မျက်လုံးတွေ ဖြန့်ကြက်ရင်း ရှပ်အင်္ကျီ ကို ကြယ်သီးတွေ တစ်လုံးချင်း ဖြုတ်သည်။

"နန္ဒသူ ... ရှင် ... ရှင်နော်"

သံစဉ် တဆတ်ဆတ်တုန်ယင်နေသည့် လက်ချောင်း ကလေးများကို ဆန့်ကာထားမိသည်။

သူ ဆတ်ခနဲအင်္ကျီအား ဆွဲချွတ်ပစ်လိုက်သောအခါ သံစဉ် မျက်လုံးများကို ကမန်းကတန်း မှိတ်ချလိုက်မိသည်။

ယောကျ်ားတစ်ယောက်ရဲ့ ဗလာကျင်းသွားသော အထက်ပိုင်းအား သူမ မကြည့်ရဲ။

"ဟင်း ... ဟင်း"

မျက်လုံးများ မှိတ်ချကာ ခေါင်းငုံ့ထားသည်။ တဆတ် ဆတ်တုန်နေသော မိန်းကလေးကိုကြည့်ကာ နန္ဒသူ ရယ်သည်။

"ဘာကိုကြောက်နေတာလဲ သံစဉ်လေးရယ် ... ကိုယ်က ဘီလူး မဟုတ်ပါဘူး"

နန္ဒ ရယ်ပြော ပြောသည်။

ဘီလူးထက်ပိုကြောက်စရာကောင်းတဲ့ လူယုတ်မာ ...





ဟု သံစဉ် တွေးလိုက်မိဆဲမှာပင် ... ထိုလူယုတ်မာက ခါးပတ် ကို တစ်ရစ်ဆီ ဆွဲဖြုတ်လိုက်ပြန်သည်။

သံစဉ် ခေါင်းငိုက်စိုက်ချလျက်က နှုတ်ခမ်းကို ပြတ်ထွက် လုမတတ် ကိုက်ထားလိုက်မိသည်။

ကြောက်စိတ်နှင့်အတူ ဝမ်းနည်းစိတ်၊ ကူကယ်ရာမဲ့စိတ် ဖြင့် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ သံစဉ် ငိုချလိုက်မိသည်။

"မငိုပါနဲ့ သံစဉ်ရယ်၊ ကိုယ်က မင်းလေးကို ပျော်ရွှင် အောင် ဖန်တီးပေးမှာပါ"

"ကျွန်မကို ပြန်ပို့ပေးပါ နန္ဒသူ"

"ဟင့်အင်း ... ကိုယ်က သံစဉ်ကို တစ်သက်လုံး အတူ တူနေဖို့ ရည်ရွယ်ထားတာ"

စကားနှင့်အတူ နန္ဒသူ ရှေ့တိုးလာခဲ့သည်။

"ဟင့်အင်း ... ဟင့်အင်း ရှင် ... ရှင် ... ရှေ့မတိုး နဲ့နော် နန္ဒသူ၊ ရှင် လုံးဝရှေ့မတိုးနဲ့"

သံစဉ် မျက်လုံးစုံမှိတ်ကာ အော်သည်။ ကြောက်စိတ်က ရင်တစ်ခုလုံး ဗလောင်ဆူလျက်ရှိသည်။

ဆန္ဒတစ်ခုဖြင့် ပြင်းထန်တောက်လောင်နေသောမျက်နှာ က တစ်စထက်တစ်စ နီးကပ်လာသည်။

"နန္ဒသူ ကျွန်မပြောနေတယ်နော် ... ရှင် ... ရှင်"

သံစဉ့်စကားများ မဆုံးလိုက်ရ။ နန္ဒသူ လက်ဝါးတစ် ဖက်က နှုတ်ခမ်းများကို အုပ်မိုးမိ ပိတ်လိုက်သည်။

ထို့နောက် ...



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်တစ်ခုလို ဆန္ဒများ ပြင်းထန်နေသော ခန္ဓာကိုယ်က ပူလောင်လှစွာ သူမအပေါ် ပြိုဆင်းလာသည်။

ပါးစပ်ပိတ်ထားခြင်း ခံနေရသဖြင့် သံစဉ် ဂူးဂူးဝါးဝါးနှင့် အပြင်းအထန် ရုန်းကန်နေမိသည်။

ထိုစဉ် ...

"ဟော့ကောင်"

ဟိန်းခနဲ မာန်ဖြင့် အော်လိုက်သံနှင့်အတူ အုပ်မိုးထားသော ခန္ဓာကိုယ်မှာ လွင့်စဉ်သွားသည်။

သံစဉ် ချက်ချင်း ထ,လိုက်သည်။

"ဦးသြရသ"

လုံးဝမထင်မှတ်နိုင်အောင် အံ့သြခြင်းနှင့်အတူ အရမ်းကို ဝမ်းသာသွားရသည်။ သူ ဒီကို ဘယ်လိုရောက်လာခဲ့ပါလိမ့်။

အို ... ဘာပဲဖြစ်ဖြစ် သံစဉ် ဒီလူယုတ်မာလက်က လွတ်မြောက်ပြီလေ။

"ခွေးတိရစ္ဆာန်"

ဝမ်းခေါင်းထဲမှ ထွက်လာသော ဒေါသသံက ကြောက်မက်ဖွယ်ရာ ဟိန်း၍နေသည်။

ခွပ်ခနဲ ... ခွပ်ခနဲ အသံနှင့်အတူ နန္ဒသူ မျက်နှာမှာ လည်ထွက်သွားသည်။

နန္ဒသူမှာ ရုတ်တရက် အငိုက်ခံလိုက်ရသဖြင့် နလန်မထူနိုင်။ ဖင်ထိုင်လျက် လဲကျသွားသည်။

"တောက် ... ခွေးကျင့်ခွေးကြံ ကြံတဲ့ကောင် ကော်တော်





အောက်တန်းကျတဲ့ကောင်"

လဲကျနေရာသို့ ပြေးကန်ရင်း သြရသ ဒေါသတကြီး ရေရွတ်သည်။

အရှိုက်ကို လက်နှစ်ဖက်အုပ်ပြီး နန္ဒသူမှာ မထ,နိုင်တော့။

သံစဉ်မှာ မြန်ဆန်လွန်းလှသော အဖြစ်အပျက်ကြောင့် အံ့အားအသင့်ကြီးသင့်ကာ ကြောင်အမ်းနေမိဆဲ။

"လာ ... သွားမယ်"

နွေးထွေးသော လက်များက ဆုပ်ကိုင်ပြီး ခေါ်လိုက်တော့မှ သံစဉ် အသိပြန်ဝင်လာခဲ့သည်။

ခြေလှမ်းကျဲကြီးများနှင့် သူ ဆွဲခေါ်ရာဆီ သံစဉ် ခလုတ်တိုက်လဲလုမတတ် လိုက်ပါလာခဲ့ရသည်။

"ဦး ... ဦးသြရသ ... အခု ... ဟို ... ဘယ်ကို"

သွားမှာလဲ ... ဟူသော သံစဉ့်အမေး စကားမဆုံးလိုက်ရ။

"မင်းကို အိမ်ပြန်ပို့ပေးမလို့ ... ကားငှားလာတယ်"

ဒေါသမပြယ်သေးသောလေသံမာကြီးကြောင့် သံစဉ် ဘာမှဆက်မမေးရဲတော့။

သူ အသင့်ငှားလာခဲ့သော ကားပေါ် သံစဉ် ဘုမသိဘမသိဖြင့်ပင် ဝင်ထိုင်လိုက်ရသည်။

သူက ရှေ့ခန်းမှာမထိုင်ဘဲ နောက်ခန်းမှာ သံစဉ်နှင့်အတူ ဝင်ထိုင်လျှင် သံစဉ် အရမ်းကို အံ့သြသွားရတော့သည်။

ထို့ထက်ပိုပြီး အံ့သြဆန်းကြယ်ရလေသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



သူက သံစဉ့်နံဘေးမှာ ပူးပူးကပ်ကပ်ဝင်ထိုင်လျက် တယုတယပွေ့ပိုက်လိုက်လေလျှင် ... သံစဉ်မှာ ရင်တွေ တဒိန်းဒိန်းခုန်သွားရသည်။

သို့သော် .. ခုနက နန္ဒသူကိုကြောက်သလိုမျိုး ထိတ်လန့်စက်ဆုပ်ခြင်းမဖြစ်မိ။

ဆန်းကြယ်လိုက်တာ။ ရင်တွခုန်လွန်းရသည့်မှာ ပေါက်ကွဲထွက်ရတော့မတတ်။

"ဦးသြရသ ... ဟို ... ဟိုလေ"

သံစဉ် မသိမသာ ရှုန်းဖယ်လိုက်သည်။

"ငြိမ်ငြိမ်လေးနေပါ ကလေးရယ်၊ ကျေးဇူးပြုပြီးတော့"

ခုတော့လည်း သူ့လေသံမှာ ပျော့ပျောင်းနူးညံ့လွန်းလို့နေသည်။ သံစဉ်ကိုယ်တိုင်ကလည်း မရုန်းဖယ်ချင်တော့ပါ။

နွေးထွေးလွန်းလှသော သူ့ရင်ခွင်ကျယ်ကြီးထဲမှာ မျက်ဝန်းများ ဖွေးယှက်လျက် ... ခေါင်းမှီလို့သာ နေချင်မိပါသည်။

"သံစဉ်ချိုချို"

တိုးဖွသောခေါ်သံ ... သံစဉ် ရင်ခုန်လွန်းနေမိသဖြင့် ပြန်မထူးနိုင်။

နှုတ်ခမ်းကလေးကိုက်လျက်သာ နေသည်။

"သလင်းဖြူရဲ့ကားကို မြို့ပြင်မှာတွေ့လိုက်ရလို့ အံ့သြပြီး ကြည့်လိုက်မိတော့ ရှုန်းရင်းဆန်ခတ်ဖြစ်နေတာ တွေ့လို့နောက်ယောင်ခံလိုက်ကြည့်မိရင်း သိလိုက်ရတာ၊

တော်သေးတာပေါ့ သံစဉ်ချိုချိုရယ် .., ကိုယ်နဲ့သာ





မတွေ့ရင် ..."

ဆက်မတွေးရဲ။ တကယ်လို့ သူနဲ့သာ မတွေ့ခဲ့ရင်။

ခုချိန်ဆို သံစဉ်ရဲ့အပျိုစင်ဘဝလေးဟာ လူယုတ်မာတစ်ယောက်ရဲ့ခြေရင်းမှာ နွမ်းကြွေလို့နေမိမှာ။

"ကျေးဇူးအရမ်းတင်ပါတယ် ဦးရသရယ်"

သံစဉ် သူ့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်လိုက်မိသည်။ ပြီးတော့ ... ရင်းနှီးလာမိလျက် နာမည်ကိုတောင် သြ ... တစ်လုံးဖြုတ်ကာ အဖျားဆွတ်ခေါ်လိုက်မိသည်။

ပြီးတော့ ရင်းနှီးခြင်းကို အနည်းငယ်ကျော်လွန်စွာ သံစဉ်သူ့ကို ရင်ထဲက မေးခွန်းတစ်ခုကို မထိန်းချုပ်နိုင်ဘဲ မေးလိုက်မိသည်။

"ဟို ... တကယ်လို့ သံစဉ့်နေရာမှာ မမ သလင်းဖြူဆိုရင်ရော ဦးရသ ကယ်မှာပဲပေါ့ ... ဟုတ်လား"

မေးပြီးမှ ဘာဖြစ်လို့ ဒီလိုနှိုင်းယှဉ်ပြီး မေးလိုက်မိတာလဲလို့ ကိုယ့်နှလုံးသားကိုယ် ပြန်ပြီး ဆန်းကြယ်သွားမိသည်။

"သံစဉ်ချိုချို ... မင်းနေရာမှာ ဘယ်မိန်းကလေးကိုမဆိုကိုယ် ကယ်ပေးခဲ့မှာပဲ"

အို ... သူ့ရဲ့ရှင်းပြတ်လှသော ဖြေပုံကြောင့် သံစဉ်သဘောကျသွားရသည်။ သူ့အပေါ် လေးလည်း လေးစားသွားရသည်။

ဘယ်လောက် ယောကျ်ားပီသလိုက်သလဲ။

"တစ်ခုတော့ရှိတယ် ... သလင်းဖြူကို နောက်ယောင်ခံ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်မိတာ မသက်ာတာရှိလို့ ...တခြားမထင်နဲ့''

''ဟင် ...မမသလင်းဖြူကို ဦးရသက ဘာမသက်ာ တာ ရှိလို့လဲ''

သံစဉ် တအံ့တသြ မေးမိပြန်သည်။

သြရသက ရင်ခွင်ထဲမှ သံစဉ်ကိုငုံ့ကြည့်ရင်း သက်ပြင်း ရှိုက်သည်။

''ကိုယ် ...အားလုံးကို သိပြီးပြီ သံစဉ်ချိုချို၊ မင်းကို သူ မတရားသဖြင့် နေရာချင်းလဲထားတာကိုလည်း ကိုယ်သိ တယ်''

''ဟင်''

''ကိုယ် ...မင်းကို အရမ်းသနားတယ် သံစဉ်ချိုချို၊ မင်းက လောကကြီးကို ညစ်ပတ်ယုတ်မာမှုမှန်သမျှကို အဖြူထည် ခေါင်းငုံ့ခံလိုက်ရတာပဲ၊

ဒါပေမဲ့ မင်း ဘာမှအားမငယ်နဲ့၊ ခုချိန်ကစပြီး မင်းဟာ တစ်ယောက်တည်း မဟုတ်တော့ဘူး၊ မင်းအနားမှာ ကိုယ်အမြဲ ရှိမယ် ...သိရဲ့လား။

ခုချိန်ကစပြီး မင်းကို ဘယ်သူမှ မတရားမလုပ်နိုင် အောင်, ဘယ်သူမှမနှောင့်ယှက်နိုင်အောင် ကိုယ် ကာကွယ်စောင့် ရှောက်သွားမယ်၊ ကိုယ် ကတိပေးတယ်၊ ပြီးတော့ ...''

စကားတွေအများကြီး ပြောခဲ့ပြီးမှ သူ ရုတ်တရက် ရပ် လိုက်လျှင် သံစဉ်မှာ ဘာများဆက်ပြောမလဲ သိချင်ဇောဖြင့် ချက်ချင်း မော့ကြည့်လိုက်သည်။





''အချစ်တွေလည်း ပေးမယ်''

''ရှင် ...ဦး ...ဦးရသ''

သံစဉ် မျက်လုံးကလေးဝိုင်းကာ ထိတ်လန့်တကြားဖြစ် သွားရသည်။

ရင်ခွင်ထဲ ထည့်သွင်းယုယပြီးမှ ချစ်ရေးဆိုလာသော လူကြီးကို သံစဉ် ဘယ်လိုနားလည်ရမှန်းမသိတော့ပြီ။

''ကလေးလည်း ကိုယ့်ကိုချစ်တယ် မဟုတ်လားဟင် ကလေး''

ဘယ်လောက်ဆိုးတဲ့လူကြီးလဲ။ တဟင်ဟင်နဲ့ ကလေး ဆိုးကြီးလို မေးနေပြန်သည်။

ရင်ခုန်သံတွေ ပေါက်ကွဲဆူညံလျက် မျက်နှာလေးတစ်ခု လုံး နီစွေးရဲက်အမ်းနေရသော သံစဉ်ကတော့ ခေါင်းကလေးသာ အတွင်ငုံ့ထားမိသည်။

ကိုယ့်ကို ခုလို ယုယနွေးထွေးစွာ ရင်ခွင်ထဲထည့်ထား ပြီး အနှောင့်အယှက်တွေအားလုံးကို ကာကွယ်စောင့်ရှောက်ပေး မယ်ဆိုတဲ့လူကြီးကို ဘယ်သူက ငြင်းဆန်နိုင်မှာလဲ။

''ဒါဆို ...ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်း ...လို့ ကိုယ် ယူဆလိုက်တော့မယ်နော်''

တိုးရှသောလေသံက နား,နားကပ်လျက် ဖြတ်သန်းသွား သည်။

ထို့နောက် ...

သံစဉ့်နားရွက်ဖျားကလေးမှာ ပင့်သက်လေး နွေးမြ



www.burmeseclassic.com

www.burmeseclassic.com



ရှိက်ခနဲ ...

အိုး ... ကြည့်စမ်း ဆိုးလိုက်တဲ့လူကြီး။

ယုယနွေးထွေးသော နူးညံ့ညင်သာသော အကြင်နာရေစီးထဲ သံစဉ် တငြိမ့်ငြိမ့် မျောပါသွားရတော့သည်။



## အခန်း (၂၅)

သံစဉ်သည် မှန်ရှေ့တွင်ထိုင်ပြီး မှန်ထဲမှ ကိုယ့်မျက်နှာကိုယ် မကြည့်ရဲဖြစ်နေမိသည်။

ဘာဖြစ်လို့မှန်းမသိ။ ကိုယ့်မျက်နှာကိုယ် မြင်ရလျှင် သူ့ရဲ့အနမ်းခြေရာလေးများကိုသာ မြင်ယောင်မိလျက် အရှက်ဖို နေမိသည်။

နီစွေးစွေး ပါးပြင်လေးနှစ်ဖက်ပေါ် လက်နှစ်ဖက်ကို အုပ်မိုးထားလိုက်မိဆဲ။

"တင်းတောင် ... တင်းတောင်"

လူခေါ်ဘဲလ်သံကြားလိုက်ရလျှင် အရူးမလေးတစ်ယောက်လို မှန်ရှေ့ထိုင်နေမိရာမှ ဧည့်ခန်းဆီ အပြေးထွက်ခဲ့မိသည်။

ချောင်းကြည့်ပေါက်ကလေးမှ အပြင်ကိုကြည့်လိုက်တော့

ကြည့်စမ်း ... သူ။ ဆိုးလိုက်တဲ့လူကြီး။

မနေ့ကမှ နလုံးသားချင်း နှောင်ဖွဲ့ချည်ထုံးလိုက်မိသည်။ ပူပူနွေးနွေး ... ချစ်သူ။



www.burmeseclassic.com

www.burmeseclassic.com



ခုမနက် ကိုယ့်အခန်းဆီ ရောက်ချလာခဲ့သည်ဆိုတော့ ခုမှ ချစ်သူထားဖူးသည့် နှလုံးသားက တဝုန်းဝုန်းခုန်သည်။

ဒါပေမဲ့ . . . သူ တစ်ယောက်တည်းလာတာတော့ မဟုတ်။ နောက်မှာ မိန်းမကြီးတစ်ယောက် ပါလာသေးသည်။

သံစဉ် ပူနွေးရှက်အမ်းသည့်မျက်နှာနှင့်ပင် တံခါးကို ဖွင့်လိုက်မိသည်။

"အိပ်ရေး ဝ,ရဲ့လား"

ကြည့် . . . ဘယ်လိုလူကြီးမှန်းမသိ။ နှုတ်ဆက်သည့် စကားကိုက သံစဉ် ဘာမှမဖြေဘဲ ခေါင်းလေးသာ ငုံ့ထားမိသည်။

"ဟို . . . အဲ . . . နေကောင်းရဲ့လား"

သူ့ဆံပင်တွေကိုထိုးဖွပြီး နောက်တစ်ခွန်း ထပ်နှုတ်ဆက် ပြန်သည်။

သူ့ကြည့်ရတာလည်း ဘယ်ကဘယ်လို စကားစ,ရမှန်း မသိသည်မို့ ပါးစပ်ထဲတွေ့ရာ နှုတ်ဆက်ရသည့်ပုံ။

သံစဉ် ရယ်ချင်လာမိလျက် ခေါင်းညိတ်ပြလိုက်ရင်း . . .

"ဘာကိစ္စရှိလို့လဲဟင် အထဲဝင်ဦးလေ"

သံစဉ် စကားစ,တော့မှ သူ နည်းနည်းနေသာသွားသလို ရဲသွားလျက် အထဲဝင်ဖို့ ခြေလှမ်းပြင်သည်။

"ဒေါ်ကြီး . . . လာလေ"

သူခေါ်လာသည့် မိန်းမကြီးကိုပါ လှည့်ခေါ်သည်။ မိန်းမကြီးက မရဲတရဖြင့် ဝင်သည်။

"ဒါက ဒေါ်ဒေါ်စီတဲ့ သံစဉ် အဖော်ရအောင် ခေါ်လာခဲ့





ပေးတာ၊ အစစအရာရာ တိုင်ပင်လို့လည်း ရတယ်၊ လူကြီးတစ် ယောက်ရှိတော့ ဟန့်လည်း ဟန့်တယ်"

ဒေါ်ဒေါ်စီဆိုသည့် အမျိုးသမီးကြီးကို သံစဉ် တစ်ချက် လှမ်းအကဲခတ်လိုက်သည်။

ရိုးသားပြီး သစ္စာရှိတတ်မည့် တောသူတောင်သားရုပ်မို့ သံစဉ် သဘောကျသွားရသည်။

"ကျေးဇူးတင်ပါတယ်"

သိတတ်လွန်းသည့်ချစ်သူကို သံစဉ် လှိုက်လှိုက်လှဲလှဲ ကြီးပင် ကျေးဇူးတင်စကား ဆိုမိပြန်သည်။

"ဘာစားပြီးပြီလဲ"

"ဟင့်အင်း"

ချစ်သူစ,ထားဖူးသည့်အဖြစ်က တစ်ညလုံးလည်း နှစ် နှစ်ခြိုက်ခြိုက်အိပ်မပျော်။ မိုးလင်းတော့လည်း မှန်ရှေ့ငုတ်တုတ် ထိုင်မိကာ ဗိုက်ပင်မဆာတော့သည့်အဖြစ်။

"အပြင်မှာ တစ်ခုခုသွားစားရအောင်၊ ကိုယ်လည်း ဘာမှ မစားရသေးဘူး"

"ဟုတ် . . . အဝတ်သွားလဲလိုက်ဦးမယ်နော်"

"မြန်မြန်လုပ် . . . ဗိုက်ဆာနေပြီ"

သံစဉ် အဝတ်အစားလဲဖို့ အတွင်းခန်းထဲဝင်ဖို့အပြင် . .

"ဩော် . . . ခဏလေး"

သူပဲ မြန်မြန်လုပ်ဆိုပြီး သူပဲ ခဏလေး ပြန်ခေါ်တော့ သံစဉ် ကြောင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာထွက်ရပ်နေသော အဒေါ်ကြီးမကြားရအောင် သူက လေသံနှိမ့်လျက် …

"ကိုယ် … ကလေးကို လက်ဆောင်ပေးမလို့"

"လက်ဆောင်"

"ကိုယ်တို့ ချစ်သူတွေဖြစ်တဲ့အထိမ်းအမှတ်လေ"

သူက သူ့လက်ကောက်ဝတ်မှာပတ်ထားသော ပလက်တီနမ်ဟန်းချိန်းကို ဖြုတ်လိုက်သည်။ သံစဉ် မျက်လုံးကလေး ဝိုင်းသွားရသည်။

လှပဆန်းကြယ်သလောက် လက်ရာမြောက်လှသော သူ့ဟန်းချိန်းမှာ တန်ဖိုးနည်းလှမည်မဟုတ်ပါ။

သူက သံစဉ့်လက်ကို ဖွဖွကလေးဆွဲယူလျက် လက်ကောက်ဝတ်မှာ တယုတယ ဝတ်ပေးသည်။

"ဒီဟန်းချိန်းက ကိုယ့်ဘဝအတွက် အမှတ်တရတစ်ခုပဲ၊ ကိုယ် ဆယ်တန်းအောင်တော့ ဖေဖေက ဆုချတာလေ၊ ကိုယ်က ငယ်ငယ်ကတည်းက ဒီဖိုင်းဆန်းတဲ့ ဟန်းချိန်းလေးတွေတွေ့ရင် အရမ်းသဘောကျတယ်၊ ခရေဇီဖြစ်တယ်၊

အဲ့ဒါကို ဖေဖေက သိလို့ … ကိုယ့်ရဲ့အောင်မြင်ခြင်း အထိမ်းအမှတ်အနေနဲ့ ဆုချထားတာ၊ ကိုယ် အရမ်းကို မြတ်နိုး တယ်၊ ဘယ်တော့မှ မချွတ်ခဲ့ဘူး၊

ဇေ်ဖေ့လက်ဆောင်မို့ ပိုပြီးလည်း တန်ဖိုးထားတယ်၊ အဲ့ဒီအချိန်ကတည်းက ဒီဟန်းချိန်းကို ကိုယ်အရမ်းချစ်တဲ့သူ တွေ့ခဲ့ရင် ပေးမယ်လို့ ရည်ရွယ်ထားခဲ့တာ"





အရမ်းချစ်တဲ့သူ တွေ့ခဲ့ရင် … တဲ့။ အခုန်မြန်လွန်းနေသော ရင်ထဲ ရေတံခွန်လေးတစ်ခု ဖြတ်စီးသွားသလို အေးသွားရသည်။

သူ့အသံမှာ ပိုမိုတိုးဖွသွားလျက် နူးညံ့လွန်းစွာ ဆက်ပြောလေသည်မှာ …

"ကလေး … ဒါဟာ မင်းကို ကိုယ် အမြတ်တနိုး ချည်နှောင်ထားတဲ့ကြိုးပေါ့၊ အချစ်ကြိုးပါ"

"သံစဉ် အမြဲတမ်း ဝတ်ထားပါ့မယ်၊ ပြီးတော့ ဦးရသကို အရမ်းချစ်တယ် သိလား"

သံစဉ် တိုးတိုးနှင့် မြန်မြန်ပြောပြီးသည်နှင့် အခန်းထဲ ပြေးဝင်လာခဲ့သည်။ မရည်ရွယ်ဘဲ ပြောခဲ့မိသည့် စကားလေး တစ်ခွန်းက ရင်ကို ပိုပြီးအခုန်မြန်စေတော့သည်။

သို့သော် … ရင်ခုန်သံကို ဂရုမစိုက်အားသေး။ ဗိုက်ဆာနေပြီဆိုသည့် လူကြီး၊ စိတ်မရှည်မှာစိုးသည်မို့ အဝတ်အစား အမြန်လဲရမည်လေ။

အမြန်လိုပါသည်ဆိုမှ ခြေထောက်က တစ်စုံတစ်ရာနှင့် ထိလိုက်မိသည်မို့ ငုံ့ကြည့်လိုက်မိလျှင် …

"အံမယ်လေး"

သံစဉ် မျက်လုံးစုံမှိတ်ပြီး အော်လိုက်မိသည်။ တဆွေ့ဆွေ့ လည်း ခုန်နေမိသည်။

သံစဉ် မြင်လိုက်ရသည်မှာ လျှောက်ပြေးနေသော ပိုးဟပ် တစ်ကောင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

ဩရသ စိုးရိမ်တကြီးနှင့် အခန်းထဲ ပြေးဝင်မိသည်။ အကြောက်လွန်ပြီး တဆတ်ဆတ်တုန်နေသည့် သံစဉ်ကို တွေ့လိုက်ရလျှင် ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"ဘာဖြစ်လို့လဲ ကလေး"

"ဟို ... ပိုး ... ပိုးဟပ်"

သံစဉ် မျက်လုံးများ မဖွင့်ရဲသေးဘဲ ကြမ်းပြင်ဆီသို့ လက်ညှိုးထိုးရင်းသာ အော်သည်။

"ဩော် ... ပိုးဟပ်များ ဒီလောက်ကြောက်ရတယ်လို့ ကလေးရယ် ... ဟား ဟား"

ဩရသ ချစ်သူလေးရဲ့ ကြဲဖန်ကြောက်တတ်ပုံကြောင့် ရယ်မိသည်။

"မရှိတော့ပါဘူး ကလေးရဲ့"

"ဟင့်အင်း ကြောက်တယ်"

သံစဉ်ကတော့ ကြောက်တယ်သာ တဖွဖွပြောဆဲ။ မျက်လုံးလည်း မဖွင့်ရဲသေး။

ဩရသ ကိုယ့်ရင်ခွင်ထဲမှ မျက်တောင်ရှည်စင်းစင်းကြီးများ မေးယှက်ထားသော ချစ်သူလေးကို ငုံ့ကြည့်မိရင်းက အရိုင်းဆန်နှလုံးသားက တဒိုင်းဒိုင်း ခုန်လာခဲ့သည်။

စိတ်တွေ လှုပ်ရှားလာမိလျက် ဝင်းဖန့်သောနဖူးပြင်လေးကို ဖွဖွကလေး မွှေးလိုက်မိသည်။

လည်ပတ်နေသော သွေးများ နွေးခနဲ။ မျက်တောင်





ကလေးများ တရွရွလှုပ်ခတ်လာသည်။ ပူနွေးသော နှုတ်ခမ်းလွှာများက မျက်တောင်ကလေးများဆီ ရွေ့လျားသွားမိပြန်သည်။

ထို့နောက် ... မှုန်ညက်သော ပါးပြင်နုနုကလေးများ။

ထို့နောက် ... စတော်ဘယ်ရီသီးကလေးလို နီစွေးလုံးစုသော နှုတ်ခမ်းလွှာကလေးများကို မချင့်မရဲ စိုက်ကြည့်နေမိသည်။

သွေးတွေက ပေါက်ကွဲထွက်တော့မလို ဆူထလာသည်။ ဩရသ နှုတ်ခမ်းလွှာကလေးများကို အတန်ကြာစိုက်ကြည့်နေပြီးမှ ... သက်ပြင်းရှိုက်လျက် ချစ်သူလေးကို ရင်ခွင်ထဲမှ ဖြေလျှော့လွှတ်ပေးကာ အခန်းပြင် ချက်ချင်းထွက်လာခဲ့သည်။

အရမ်းချစ်တယ် ကလေးရယ်။

ဖြူစင်ငြိမ်းချမ်းတဲ့ပန်းကလေးမို့ ကိုယ့်ဘက်က မြတ်နိုးချစ်ခြင်းနဲ့ တန်ဖိုးထားခဲ့မိပါတယ်။

ဩရသ ... ရင်ထဲမှသာ စကားဆိုမိသည်။

သို့သော် ...

နှလုံးသားချင်း ချည်နှောင်ထားသည့် ချစ်သူတွေမို့ ချစ်သူ့ရင်ထဲမှစကားကို ကြားရသောသံစဉ်ကလည်း စောင့်ထိန်းနိုင်သော ကိုယ့်ချစ်သူကို ပိုပြီးလေးစားသွားရတော့လျက် အချစ်တွေလည်း ပိုပြီးတိုးမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"သံစဉ် ... အမ်ဒီက စကားပြောချင်လို့တဲ့ ခေါ်နိုင်းလိုက်တယ်''

အိန္ဒွေးလာပြောလျှင် သံစဉ်မှာ ကွန်ပျူတာခလုတ်များပေါ်မှ လက်ချောင်းတွေ ရပ်တန့်သွားရသည်။

မမသလင်းဖြူနှင့်သံစဉ် တစ်ယောက်ကိုတစ်ယောက် ရှောင်နေကြတာ ကြာပြီ။

ရင်ထဲမှာ အငြိုးအတေးကိုယ်စီ၊ အကြံအစည်ကိုယ်စီနှင့်မို့ တစ်ယောက်ခြေလှမ်း တစ်ယောက်စောင့်ကြည့်နေကြတာ ဖြစ်သည်။

ခုလို ခေါ်နိုင်းလိုက်သည်ဆိုတော့ ... သံစဉ် ချက်ချင်း အလုပ်ကို လက်စသတ်ကာ မမသလင်းဖြူရဲ့ရုံးခန်းထဲ ဝင်လိုက်မိသည်။

''ဘာကိစ္စလဲ''

သံစဉ် လေသံပြတ်နှင့်မေးလိုက်သည်။ မော့ကြည့်လိုက်သော မမသလင်းဖြူရဲ့မျက်နှာမှာ တစ်သက်နှင့်တစ်ကိုယ် တစ်ခါ





မှ မတွေ့ဖူးစွာ ညှိုးငယ်၍နေသည်။

''သံစဉ်ရယ် ... ငါ ... ငါလေ''

စကားစ,ရ ခက်သလို၊ ထစ်ငေ့ါနေသော မမသလင်းဖြူကိုကြည့်ပြီး သံစဉ် မျက်မှောင်ကုတ်လိုက်မိသည်။

တစ်ခုခုတော့ လွဲမှားနေပြီ။

''ငါ ... ငါ အခက်အခဲ တွေ့နေတယ် သံစဉ်''

''ဘာ''

''သံစဉ် နင့်ကို နန္ဒ ယုတ်မာတဲ့ကိစ္စမှာ ငါ့ပယောဂ မပါဘူးနော်''

''ဘယ်လို''

''သူ ... ငါ့နာမည်ကို ခုတုံးလုပ်သွားတာ၊ နင် ငါ့ကို အထင်မလွဲပါနဲ့၊ ငါ နင့်အပေါ် အဲ့သလို ဖြစ်စေချင်တဲ့စိတ် လုံးဝမရှိရပါဘူး သံစဉ်ရယ်''

သံစဉ် တွေဝေသွားမိသည်။ သလင်းဖြူမှာ မျက်နှာညှိုးငယ်သလောက် အသံကလည်း ခယကျိုးနွံ၍နေသည်။

ပြီးတော့ အကြီးအကျယ်စိတ်ဆင်းရဲနေရသည့် ရုပ်သဏ္ဍာန်ကြောင့် သံစဉ် တွေဝေသွားရတာ ဖြစ်သည်။

''အခု ... သူ ... ငါ့ကို အကျပ်ကိုင်ထားတယ်''

''ဘယ်သူ ... နန္ဒသူ ... လား''

''ရှူး''

သလင်းဖြူ ထိတ်ထိတ်ပျာပျာဟန့်ပြီး ဘေးဘီဝဲယာကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့လူတွေ ငါ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်"

"ဟင်"

"ငါ့ . . . ငါ့ကို ကူညီပါ သံစဉ်ရယ်၊ သူ့ထောင်ချောက်ထဲက ငါ့ကို လွတ်အောင် ကူညီပါ၊ ငါ့မှာ . . . ငါ့မှာ နင့်ပဲ အားကိုးရမယ့်သူရှိတယ်"

မျက်ရည်များဝဲကာ တောင်းပန်တိုးလျှိုးစွာ ပြောနေသော မမသလင်းဖြူမျက်နှာကိုကြည့်ပြီး သံစဉ်မှာ သနားစိတ်ဝင်လာမိတော့သည်။

နဂိုကတည်းက စိတ်ခတ်နူးညံ့ပျော့ပျောင်းသူမို့ ခုလိုကိုယ့်ရှေ့မှာ မျက်ရည်တွေဝဲပြီး ညှိုးငယ်နေတော့ မာကျောတင်းခံထားသည့် စိတ်ရိုင်းက ချက်ချင်း ပျော့ပျောင်းသွားရတော့သည်။

"ဒီမှာကြည့်ပါဦး . . . သံစဉ်ရယ်"

မမသလင်းဖြူက နဖူးပေါ်မှ အုပ်မိုးထားသော ဆံပင်တွေကို လက်ဖြင့် ဖယ်ရှားပြသည်။

"ဟယ်"

နဖူးပေါ်၌ ကပ်ထားသော ဟန်နီးပလာစတာတစ်ခု။

"ဒီဒဏ်ရာက အဲဒီကောင် နှိပ်စက်ထားတာ"

"မမသလင်းဖြူရယ်"

သံစဉ် လုံးဝ စိတ်မထိန်းနိုင်တော့၊ ရင်ထဲဆို့သွားမိတော့သည်။

မမသလင်းဖြူက သံစဉ်လက်ကို ဖွဖွလှမ်းဆုပ်ကိုင်ကာ





သံစဉ်အဖို့ လုံးဝထင်မှတ်မထားသော စကားတစ်ခွန်းကို ပြောလေသည်။

"နင့်နေရာ နင်ပြန်ယူပါတော့ သံစဉ်ရယ်၊ ငါ ဒီနေရာမှာ ဆက်မနေချင်တော့ဘူး၊ ငါ အရမ်းပူလောင်နေပါပြီ၊ ဘိုးဘိုးကိုလည်း ငါ အားလုံး အမှန်အတိုင်း ဖွင့်ပြောလိုက်တော့မယ်"

"ဟင် . . . ဘယ် . . . ဘယ်လို မမ ဘာပြောလိုက်တယ်"

သံစဉ် မထင်မှတ်နိုင်လွန်းစွာ အရမ်းကို အံ့အားသင့်သွားရသည်။

"သံစဉ် ဒီပြဿနာဟာ သူ့ကြောင့်ဖြစ်ရတာ နင် . . . ငါ့ကို ယုံကြည်ပေးပါ၊ သူ အကျပ်ကိုင်ထားတာကို ဖြေရှင်းဖို့ ငါ နင်နဲ့ တိုင်ပင်မှ ဖြစ်တော့မယ်"

"ပြောလေ မမ . . . သံစဉ် ဘာလုပ်ပေးရမလဲ"

"ဒီမှာ ပြောလို့မဖြစ်ဘူး၊ အပေါ်ဆုံးထပ်မှာ ငါ နင့်ကို စောင့်နေမယ်၊ အဲဒီနေရာမှာဆို ဘယ်သူမှ မရိပ်မိနိုင်ဘူး"

"ဟင် . . . အပေါ်ဆုံးထပ်မှာ"

သံစဉ် မျက်လုံးလေး ပြူးသွားရသည်။ သူမတို့ကုမ္ပဏီရဲ့ အပေါ်ဆုံးထပ်ဆိုတာက ခေါင်မိုးပေါ်မှာ အုတ်ပေါင်တစ်တောင်ခန့်သာ ကာရံထားသော တိုက်ခေါင်မိုးအပြန့်အထပ်ဖြစ်သည်။

ဟာလာဟင်းလင်းကြီးမို့ သံစဉ် နည်းနည်းကြောက်သွားမိပါသည်။ မမကတော့ မသိနိုင်ဘဲ . . .

"အေး . . . စကိုင်း ဗျူး (sky view) လေ၊ ကဲ . . . ငါ



www.burmeseclassic.com

www.burmeseclassic.com



သွားနှင့်မယ်နော်၊ နင် ရှုံးဆင်းရင် တက်ခဲ့''

သံစဉ် ဘာမှမပြောလိုက်နိုင်မီမှာပဲ မမက ဘေးဘီဝဲယာ ကိုကြည့်ကာ မြန်ဆန်စွာ ထွက်ခွာသွားလေတော့သည်။

သံစဉ်မှာ ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေမိတော့သည်။



## အခန်း (၂၇)

သံစဉ် မှာ ရှုံးဆင်းသည်နှင့် မမသလင်းဖြူစောင့်နေမည့် အပေါ်ဆုံးထပ်ဆီ ခြေလှမ်းပြင်မိသည်။

သူက ညနေအတူပြန်မယ်ဟု ပြောထားသည်ကို သတိရသော်လည်း စိတ်စောနေသည်မို့ ဝင်မပြောခဲ့တော့။

ဒီနေ့ နိုင်ငံခြားသားတွေနှင့် တွေ့ဆုံဖို့ သူ့မှာ အရေးတကြီးကိစ္စတွေရှိတာ သံစဉ် သိထားသည်။

သံစဉ့်အတွက် စိတ်ပူနေမှာစိုးသဖြင့် အသိလည်း မပေးချင်တော့။

သံစဉ် မမနှင့်တွေ့ပြီး စကားပြောဖို့ကိုပဲ စိတ်စောလွန်းစွာ ဓာတ်လှေကားဖြင့် တက်လာခဲ့ပြီး ႏႏ အပေါ်ဆုံးထပ်သို့ရောက်လျှင် ဘေးလှေကားမှနေ၍ ခေါင်မိုးပေါ်သို့ တက်လာခဲ့သည်။

''သံစဉ် ရောက်လာပြီလား''

''ဟုတ်ကဲ့ မမ''

သံစဉ် မမဘေးမှာ ဝင်ရပ်လိုက်သည်။ လေက တဟူးဟူးတိုက်နေရာ သံစဉ့်အင်္ကျီများမှာ လွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကာအရံမဲ့သော တိုက်ခေါင်မိုးပေါ်တွင် သံစဉ် ကြာကြာမနေရဲ။

"မမ ... ပြောစရာရှိတာ မြန်မြန်ပြောပါနော်"

"သံစဉ်က ကြောက်လို့လား"

မမက သံစဉ့်လက်ဖျားလေးကိုဆွဲယူပြီး အုတ်ပေါင်ပေါ်တွင် ထိုင်စေသည်။

ထို့နောက် ... သံစဉ်ရဲ့ မျက်နှာချင်းဆိုင်တွင် မမ ဝင်ထိုင်သည်။

သံစဉ်က လှေကားမှတက်လာသောအပေါက်ကို နောက်ကျောခိုင်းအနေအထားဖြင့်ဖြစ်ပြီး မမကတော့ မျက်နှာချင်းဆိုင်ဖြစ်သည်။

"ဒါမှ လူလာရင်မြင်ရအောင်"

မမ အပေါက်ဝဆီ လှမ်းကြည့်ပြီး ပြောလိုက်သည့်ပုံမှာ စိတ်မလုံခြုံသလို။

မမဘာဝ ဘယ်လောက်တောင် ကျဉ်းကျပ်နေရပြီလဲ။ သံစဉ် မမအတွက် စိတ်မကောင်းဖြစ်နေဆဲ မမက သံစဉ့်မျက်နှာကို ငေးရီကာ ...

"သံစဉ်ရယ် ... နင် အရမ်းကံကောင်းတာပဲနော်၊ နင်က ဘိုးဘိုးဦးသူရိန်ခရဲ့မြေးအစစ်လည်းဖြစ်တယ်၊ ပြီးတော့ ငါချစ်တဲ့ ဦးသြရသရဲ့အချစ်ကိုလည်း နင် ပိုင်ဆိုင်ခွင့်ရတယ်၊ နင့်ကို ငါ အရမ်းအားကျတာပဲ၊ တကယ်ပြောတာ သံစဉ်"

မမပြောပုံမှာ တကယ့်ကို အားကျလိုက်လှဲ့စွာ၊ နွမ်းဖျော့





ညှိုးရီနေသော မျက်နှာကိုကြည့်ကာ သံစဉ် ပိုပြီး စိတ်မကောင်းဖြစ်သွားရသည်။ သက်ပြင်းကို ရှိုက်လိုက်မိသည်။

ထိုအချိန်မှာ ... အတူပြန်ရန်ချိန်းထားသည်မို့ သံစဉ့်ကို ကုမ္ပဏီသို့ ပြန်လာခေါ်သော သြရသမှာ တိုက်ဘေးလှေကားမှ ခေါင်မိုးရှိရာအထပ်သို့ တက်သွားသော နန္ဒသူကို ရိပ်ခနဲ လှမ်းမြင်လိုက်ရလျှင် ...

သံစဉ်ရှိတတ်သည့် ကွန်ပျူတာခန်းသို့ အလျင်အမြန်ဝင်ကြည့်လိုက်သည်။ သံစဉ့်ကို မတွေ့ရတော့ စိတ်ပူသွားရတော့သည်။

"အိန္ဒြေး ... သံစဉ်ရော ပြန်သွားပြီလား"

"မပြန်သေးဘူးထင်တယ်ဆရာ၊ အပေါ်ထပ် တက်သွားတာ တွေ့လိုက်မိတယ်"

"ဘာ ... အပေါ်ထပ်ကို ဟုတ်လား၊ တစ်ယောက်တည်းလား"

"ဟုတ် ... တစ်ယောက်တည်းပဲ ဆရာ"

သြရသ,ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။

နန္ဒသူလည်း အပေါ်ထပ်သို့ ခိုးကြောင်ခိုးဝှက်တက်သွားသည်။ သံစဉ်က သူနှင့်အတူပြန်ရန် ပြောထားရဲ့နဲ့ ဘာကြောင့် သူ့ကိုမစောင့်ဘဲ အပေါ်ထပ်သို့ တက်သွားရတာလဲ။

သြရသရင်ထဲမှာ သံစဉ်အတွက် ပူပန်စိတ်က ဗလောင်ဆူနေပြီ။

"မင်းမင်းနဲ့သူရ ငါနဲ့ ခဏလိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဩရသ တပည့်နှစ်ယောက်ကိုခေါ်ကာ အပေါ်ဆုံးထပ်ခေါင်မိုးပေါ်သို့ အလျင်အမြန် တက်လိုက်မိတော့သည်။

✻

သံစဉ်နှင့်စကားပြောနေရင်းမှ သလင်းဖြူ တံခါးဝဆီ မသိမသာလှမ်းကြည့်လိုက်မိသည်။

နန္ဒသူရောက်လာတာ တွေ့လိုက်ရလျှင် ညှိုးဖျော့နွမ်းရိနေသောမျက်နှာမှာ ချက်ချင်းပြောင်းလဲသွားတော့သည်။

ပကတိ သလင်းဖြူခရဲ့မာယာများသော မျက်နှာမှာ ပြန်ပေါ်လာလျက် ... သံစဉ်ကို မုန်းတီးလွန်းစွာ ကြည်လိုက်ရင်းမှ ...

"မိသံစဉ် ... နင်က ဒီဒဏ်ရာကို တကယ်အစစ်လို့ ထင်နေတယ်ပေါ့ ဟုတ်လား ... ဟင်း ဟင်း ဒီမှာကြည့်စမ်း"

ပြောရင်းမှ သလင်းဖြူက မဲ့ပြုံးဖြင့် နန္ဒသူနှိပ်စက်သဖြင့် ရ,ထားသည့်ဒဏ်ရာဟု အတုပြုလုပ်ထားသော နဖူးစောင်းမှ ပလာစတာကို ဆွဲခွာမိလိုက်သည်။

"ဟင် ... ဘာ ... ဘာမှလည်း မရှိပါလား"

သံစဉ် အံ့ဩသွားရပြန်သည်။ တကယ်တော့ .. အဲ့ဒါက သလင်းဖြူနှင့်နန္ဒသူတို့ ကြိုတင်ပြုလုပ်ထားသော အမှတ်အသားပဲ ဖြစ်ပါသည်။





သလင်းဖြူက နဖူးမှ ပလာစတာကိုဆွဲခွာပြလိုက်တာနှင့် အကွယ်တွင်ပုန်းနေသည့် နန္ဒသူမှာ သံစဉ်အား တွန်းချရန် ချက်ချင်း ပြေးထွက်လာခဲ့သည်။

သို့သော် ... သံစဉ်မှာ ဦးဩရသက လက်ဆောင်ပေးထားသော ပလက်တီနမ်ဟန်းချိန်းလေးမှာ နဂိုကတည်းက ယောက်ျားလက်နှင့်မိန်းကလေးလက် ကွာသည်မို့ ခပ်ချောင်ချောင်ဖြစ်နေရာမှ လက်အလှူပ်မှာ လျှောပြီး ပြုတ်ကျသွားသဖြင့် ဖျတ်ခနဲထိုင်ချလိုက်ပြီး ကောက်လိုက်သောအခါ ...

တွန်းချရန်ပြေးလာသည့် နန္ဒသူကိုရှောင်ပေးလိုက်သလိုဖြစ်သွားပြီး သံစဉ်ကို မတွန်းမိတော့ဘဲ မျက်နှာချင်းဆိုင်ထိုင်နေသည့် သလင်းဖြူကို အရှိန်မထိန်းနိုင်ဘဲ တွန်းချလိုက်မိသွားတော့သည်။

"အား"

ခနဲ အသံနက်ကြီးနှင့်အတူ သလင်းဖြူမှာ မြင့်မားလှသော တိုက်ခေါင်မိုးပေါ်မှ ပြုတ်ကျသွားခဲ့ရတော့သည်။

နန္ဒသူမှာ ထင်မှတ်မထားသော လွဲချော်လိုက်မှုကြောင့် ကြောင်သွားရသည်။

သံစဉ်သည် မမသလင်းဖြူ ပြုတ်ကျသွားခဲ့လျှင် ယူကျုံးမရစွာဖြင့် ...

"ရှင် ... ရှင် မမကိုတွန်းချတယ်၊ မမကို ရှင်သတ်ပစ်လိုက်တာပေါ့ ဟုတ်လား နန္ဒသူ၊ ရှင် အတော်ရက်စက်တဲ့လူပဲ"

သံစဉ် ထိတ်လန့်တုန်လှုပ်စွာ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒသူမှာလည်း ကြောက်အမ်းနေရာမှ သတိဝင်လာခဲ့လျှင် သွေးရူးသွေးတန်းဖြစ်ကာ . . .

''မဟုတ်ဘူး . . . ငါ . . . ငါ . . သလင်းကို သတ်တာ မဟုတ်ဘူး၊ သလင်းကို ငါက ဘာလို့သတ်ရမှာလဲ၊ သလင်းက ငါ့ချစ်သူပဲ၊

သလင်းက မင်းကို တွန်းချခိုင်းတာ၊ မင်းထိုင်ချလိုက်လို့ လွတ်သွားပြီး သူ့ကို အရှိန်မထိန်းနိုင်ဘဲ တွန်းချလိုက်မိတာ၊ မင်းကြောင့် . . . မင်းကြောင့်၊

ခုမှတော့ မထူးဘူး၊ ငါ့အကြောင်း သိသွားတဲ့ မင်းကို ငါ သတ်ရမယ် . . . ဟင်း ဟင်း''

နန္ဒသူ အရူးတစ်ယောက်လို လက်တွေကို ဆန့်တန်းပြီး သံစဉ်ဆီ တိုးကပ်လာသည်။

အကာအရံမဲ့သော အုတ်ပေါင်ပေါ်မှာ သံစဉ်အတွက် ပြေးစရာလမ်း မရှိပြီ။ သံစဉ် သူ့လက်မှ မလွတ်မြောက်နိုင်တော့ပြီ။

တဟူးဟူးကြမ်းတမ်းစွာ တိုက်ခတ်သောလေကြောင့် သံစဉ့်ဆံပင်တွေ လေထဲမှာ ဦးတည်ရာမဲ့ လွင့်နေရသည်။

သံစဉ် ကိုယ့်စိတ်ကိုယ် ကိုယ် ငြိမ်သက်အောင် ထိန်းထားလိုက်သည်။

မျက်လုံးများကို မှိတ်လိုက်ပြီး ကိုကိုဟု ရင်တွင်းမှ မြည်းတမ်းလိုက်မိ၏။

ဟန်းချိန်လေးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ နှလုံးသား





တည်ရှိရာ ဘယ်ဘက်ရင်အုံ၌ ကပ်ထားလိုက်မိသည်။

ကံကြမ္မာအတိုင်းသာ ရှိပါစေတော့ရယ်လို့ စိတ်ကို ဖြေလျော့လိုက်မိဆဲ . . .

'ခွပ်'

ခနဲ အားအပြည့်ပါသော အသံတစ်ခုကို ကြားလိုက်ရလေသည်။ မှေးမှိတ်ထားသောမျက်လုံးများကို သံစဉ် ကပျာကယာ ဖွင့်ကြည့်လိုက်မိလျှင် . . .

မ . . ထင် . . မှတ် . . နိုင် . . လွန် . . စွာ။

တုန်ယင်နေသည့် နှုတ်ခမ်းကလေးများ ငရဲခန်းမှ လွတ်မြောက်သွားရသည်မို့ အပြုံးပန်းကလေးများ ဖူးပွင့်သွားရသည်။

''ကိုကို''

အားကိုးတကြီးဖြင့် ချစ်သူရင်ခွင်ဆီ ပြေးဝင်မိတော့သည်။

''ဟော့ကောင်တွေ . . . အဲ့ဒီကောင်ကိုချုပ်ထားလိုက်စမ်း''

ဩရသ တပည့်တွေကို အမိန့်ပေးပြီး မျက်ရည်များဖြင့် ရင်ခွင်ထဲ ပြေးဝင်လာသော ချစ်သူကလေးကို ထွေးပွေ့ထားလိုက်မိသည်။

''မငိုနဲ့တော့ . . . မငိုနဲ့တော့နော်ကလေး၊ အားလုံးပြီးဆုံးသွားပြီ၊ ကလေးမှာ ခုချိန်ကစပြီး ဘယ်လိုကံကြမ္မာဆိုးမှ မရှိတော့ဘူး''

အားပေးနှစ်သိမ့်နေသော ချစ်သူကို သံစဉ် ငေးမော



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးလွန်းလှစွာ မော့ကြည့်လိုက်ပြီး ... လက်ထဲမှ ဟန်းချိန်းလေးကို ပြရင်းက ...

"ကိုကိုပေးတဲ့ ဟောဒီဟန်းချိန်းလေးက သံစဉ်အသက်ကို ကယ်လိုက်တာ၊ ကိုကို့ရဲ့ချစ်ခြင်းက သံစဉ်ကို ကံကြမ္မာဆိုးထဲက ဖယ်ထုတ်ပေးတာပါ ကိုကိုရယ်"

ချစ်သူရဲ့ နွေးထွေးလုံခြုံသော ရင်ခွင်ထဲမှာ ပူလောင်ခါးသက်သော မျက်ရည်စက်တို့ ခန်းခြောက်သွားရလေပြီ။

သည်ရင်ခွင်သည် အထီးကျန်ခြောက်သွေ့သော ဘဝတစ်ခုကို တစ်သက်တာ ချိုမွေ့သာယာခြင်းအတိပြီးစေတော့မည့် ရင်ခွင်၊ ခွန်အားတို့ပေးနိုင်သည့်ရင်ခွင်၊ ငြိမ်းချမ်းသောရင်ခွင်သာ ဖြစ်သည်လေ။

BURMESE CLASSIC .com



## အခန်း (၂၈)

တိတ်ဆိတ်လွန်းသော နေရာ။

ငြိမ်သက်လွန်းသော နေရာ။

ဖြူဖွေးသော အုတ်ဂူတစ်လုံး။

အုတ်ဂူပေါ်၌ ရဲရဲနီသော နှင်းဆီပန်းစည်းများ။ ဖွေးသန့်သော ဂန္ဓမာပန်းစည်းများနှင့် လှပသောပန်းခွေများ။

သို့သော် ... အုတ်ဂူထဲမှာတော့ မလှပသော ဘဝနိဂုံးတစ်ခု။

**ဖသလင်းဖြူ**
**(၂၁) နှစ်**

စာတန်းလေးကို မမိုတ်မသုန် စိုက်ကြည့်နေသည့် သက်ကြီးရွယ်လွန် အဘိုးအိုတစ်ယောက်၏ ဝေဝါးသောမျက်လုံးအိမ်ထဲမှာ စိုစွတ်သော မျက်ရည်စတချို့။

ဦးသူရိန်ခရဲ့မျက်လုံးထဲမှာတော့ အလိုက်သိပြီး အခွင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူအပေါ် ပြုစုဂရုစိုက်ခဲ့သည့် ချစ်စဖွယ်ဆိုးနွဲ့ခဲ့သည့် ပုံရိပ်လေးများကိုသာ မြင်ယောင်နေမိသည်လေ။

"မြေးလေးရယ် . . . မင်းဟာလည်း အဘိုးရဲ့မြေးမလေးပါပဲ၊ သွေးမတော် သားမစပ်ခဲ့ပေမယ့် အထီးကျန်တဲ့အဘိုးဘဝကို စိုပြည်သာယာစေခဲ့တဲ့ အဘိုးရဲ့မြေးမလေးပါပဲကွယ်"

မျက်ဝန်းအိမ်ထဲမှ စီးပြိုလိမ့်ဆင်းလာသော မျက်ရည်စက်များကို ဦးသူရိန်ခ တို့သုတ်သည်။

"မြေးရယ် . . . မြေးမလေးသာ အခုလိုတွေမလုပ်ဘဲ ဘိုးကို ပွင့်ပွင့်လင်းလင်း ခွင့်တောင်းခဲ့ရင် မြေးလေးသံစဉ်နဲ့အတူ မြေးပိုင်ဆိုင်ချင်တဲ့ မက်မောတဲ့အရာတွေကို ဘိုးက ခံစားခွင့်ပေးမိမှာပေါ့၊ မြေးကိုလည်း အဘိုးချစ်ပါတယ် မြေးလေးရယ်"

ဦးသူရိန်ခ လည်ပင်း၌ပတ်ထားသော သဘက်စဖြင့် မျက်ရည်တို့ကို သုတ်သည်။

"ဘိုး . . . မိုးတွေညိုလာပြီ ပြန်ရအောင်နော်၊ မိုးမိနေဦးမယ်"

သံစဉ် အဘိုးဖြစ်သူရဲ့လက်ဖျားကို ဆုပ်ကိုင်ပြီး သတိပေးသည်။

အတူတူနေခဲ့သည့် သံယောဇဉ်များက သွေးမတော်သားမစပ်ပေမယ့် အဘိုးဖြစ်သူကို စိတ်မကောင်းကြီးစွာ ခံစားနေရပေမည်ပေါ့။

အဘိုး ဖြည်းလေးစွာဖြင့် ကားဆီ ပြန်သွားသည်။ သံစဉ်နှင့်သြရသပဲ ကျန်ရစ်ခဲ့သည်။





ဘာတွေပဲဖြစ်ခဲ့,ဖြစ်ခဲ့ နှစ်ယောက်သား ရင်ထဲ၌ စိတ်မကောင်း။ ဘယ်လိုပဲ မုန်းတီးခဲ့ပေမယ့် ခုလိုအဖြစ်ဆိုးမျိုးနှင့်တော့ ဘဝနိဂုံးကို အဆုံးမသတ်စေချင်ခဲ့။

သံစဉ် အုတ်ဂူလေးကို ငေးရီရင်းက တိုးဖျော့စွာပြောနေမိသည်။

"သံစဉ့်ကို ခွင့်လွှတ်ပါ မမရယ်၊ မမရဲ့ဆန္ဒတွေ၊ မမဖြစ်ချင်တာတွေကို သံစဉ် ဖြည့်ဆည်းမပေးနိုင်ခဲ့ပါဘူး၊ ဒါပေမဲ့ . . . မမ တစ်ခုတော့ယုံပါ၊ သံ . . . သံစဉ်လေ မမဆီက ဘာ . . . ဘာတစ်ခုမှ လုမယူခဲ့ပါဘူး"

ရင်ထဲ ဆို့နင့်လှိုက်တက်လာရသည်မို့ သံစဉ် စကားမဆက်နိုင်တော့။

လုမယူခဲ့ပါဘူး . . . ဆိုသော စကားတစ်ခွန်းကိုသာ ရင်တွင်းမှ ကြိမ်ဖန်များစွာ ရေရွတ်နေမိသည်။

"သြော် . . . နှလုံးသားထဲက ပေါက်ဖွားလာတဲ့ အချစ်ဟာ လုယူလို့ မရနိုင်တဲ့အရာဆိုတာ သူ သိသွားမှာပါ ကလေးရယ်"

သြရသူ တိုးဖျော့စွာ ဝင်ပြောမိသည်။

"ကိုကိုရယ် . . . နောက်ဘဝ, နောက်ဘဝတွေမှာ ပြန်ဆုံတွေ့ခွင့်ရမယ်ဆိုရင်လေ မမနဲ့သံစဉ် ခုလို အချစ်အတွက် ပြိုင်ဘက်တွေ မဖြစ်ရပါစေနဲ့လို့ ဆုတောင်းမိတယ်"

ရှိုက်သံလွှမ်းသော ချစ်သူလေးရဲ့စကားကြောင့် သြရသပျော့အိလွင့်ဝဲနေသော ဆံနွယ်လေးများကို ပွတ်သပ်ကာ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



လေးကို နှစ်သိမ့်ပေးလိုက်မိသည်။

"ဟော"

ညို့နေသော ကောင်းကင်ဆီက မိုးတွေ ရွာကျလာလေပြီ။

ချစ်သူနှစ်ဦးအပေါ် လေနအေး သယ်ဆောင်လာသည့် မိုးရေစက်တွေက လွှမ်းခြုံကူးလာတော့သည်။

အေးမြလှသော မိုးရေစက်တွေအောက်မှာ ဩရသက သံစဉ်ကို ရင်ခွင်ရိပ်၌ ထွေးပွေ့လုံခြုံစေလိုက်သည်။

ချစ်သူရဲ့ ရင်ခွင်ရိပ်သည် ...

ချစ်သူတိုင်းအတွက် ...

ကြေကွဲခြင်း အပူတွေ လွင့်ပြယ်ပြီး ...

ငြိမ်းချမ်းအေးမြစေသည် မဟုတ်ပါလား။

နှလုံးသားသည်နေမှ ချစ်ခြင်းများစွာဖြင့်

သက်ပိုင်ရဲ

www.burmeseclassic.com